ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com
အတွဲ(၁၁)၊ အမှတ်(၃၆) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် ၊ ကြာသပတေး၊ (နိုဝင်ဘာ ၁၅ ၊ ၂၀၁၂)

TRI
MEN'S AND LADIES' WEARS



ကျောက်မြောင်းမြို့နယ် မလားကျေးရွာတွင် ငလျင်ဒဏ်ကြောင့် ပြိုပျက်နေသောနေအိမ်နှင့် မြေအက်ကြောင်းများ ဓာတ်ပုံ-မျိုးမင်းဦး

# တစ်ဖန်နိုးထလာသော စစ်ကိုင်းငလျင်ကြော

**သတင်းအဖွဲ့**

နန်းတင်သောင်ပြင်တွင် မြေပဲစိုက်ကာ အသက်မွေးသော ၂၆နှစ်အရွယ် မဂျမ်းစိန်သည် သူမ၏ တစ်နှစ်ခွဲအရွယ် သမီးငယ်ကို ခါးထစ်ခွင်ချီ၊ ခုနစ်နှစ်သမီးနှင့်သုံးနှစ်သားငယ်ကို တစ်ဖက်စီဆွဲကာ နိုဝင်ဘာ၁၁ ရက် နံနက်စောစောက လုပ်ငန်းခွင်ဝင်ရန် သောင်ပြင်သို့ ထွက်လာခဲ့သည်။

မြေပဲခင်းအတွင်း ရောက်ပြီး သိပ်မကြာလှ၊ ကိုယ်ခန္ဓာအား ဆွဲကိုင်လှုပ်ရမ်းလိုက်သလို ခံစားလိုက်ရပြီး သူမရှေ့ခပ်လှမ်းလှမ်းရှိ ဧရာဝတီမြစ်ပြင်က လှိုင်းလုံးများ ရုတ်ခြည်း မြင့်တက်လာသည်ကို မြင်လိုက်ရသည်။ **စာ(၂၈)သို့**



ဧရာဝတီတံတားထိပ်(စစ်ကိုင်းဘက်ခြမ်း)မုခ်ဦးမှ ခြင်္သေ့ရုပ်တု ငလျင်ကြောင့် ပျက်စီးသွားစဉ် ဓာတ်ပုံ-ညီညီဇော်



သပိတ်ကျင်းမြို့မှ ငလျင်ဒဏ်ခံပြည်သူများအား ထမင်းထုပ်ဝေငှနေစဉ် ဓာတ်ပုံ-မောင်တာ

## ရွှေဘိုငလျင် နမူနာယူ၍ ကြိုတင်ကာကွယ်ရန် ပညာရှင်များ တိုက်တွန်း

**သတင်းအဖွဲ့**

**ရန်ကုန်၊နိုဝင်ဘာ-၁၂**

ငလျင်အင်အားနှင့် နှိုင်းယှဉ်လျှင် လူသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုတို့မှာ နည်းပါးပြီး၊ ကံကောင်းခဲ့ခြင်းသာဖြစ်ကြောင်း မြေငလျင်ပညာရှင်များက သုံးသပ်ပြောကြားသည်။

**အချပ်ပို(B)သို့**

**ရွှေဘိုငလျင်အထူးသတင်းပေးပို့ချက်များ**

**စာ၂၈၊၂၉၊ အချပ်ပို B,F,G,H**

## မြန်မာစာ သင်ယူသော နိုင်ငံခြားသားများလာ

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၂**

အစိုးရသစ်တက်လာပြီးနောက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ပြည်တွင်း၌ မြန်မာဘာသာစကား လာရောက်သင်ယူသော နိုင်ငံတကာကျောင်းသားဦးရေမြင့်တက်လာနေကြောင်း ရန်ကုန်နှင့်မန္တလေးမြို့တို့ရှိ နိုင်ငံခြား ဘာသာတက္ကသိုလ်များမှ သတင်းရရှိသည်။ **စာ(၁၂)သို့**


- တရားစွဲခံရသော ပါတီဉက္ကဋ္ဌအပါအဝင် ပုဂ္ဂိုလ်ငါးဦး အာမခံမရ၍ အချုပ်နှောင်ခံရ ၅
- ပြည်ထောင်စုဝန်ကြီး၏သားတစ်ဦးအား အမျိုးသမီးတစ်ဦး တရားစွဲ ၃
- အိုဘားမားခရီးစဉ်အတွင်း သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကိုတွေ့ဆုံမည် ၃




7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# မိုဘိုင်းဖုန်းဖြင့် အင်တာနက်သုံးစွဲသူ ၄၅၀,၀၀၀ ကျော်

**ယုဇနကိုကို၊ ခိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ - ၈**

ပြည်တွင်း၌ မိုဘိုင်းဖုန်းဖြင့် အင်တာနက်အသုံးပြုသူ အရေအတွက်မှာ ၂၀၁၁ နှစ်ကုန်ပိုင်းက ငါးသောင်းကျော်သာ ရှိခဲ့ရာမှ နောက်ဆုံးစာရင်းများအရ လေးသိန်းငါးသောင်းကျော်သို့ရောက်ရှိလာပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဌာန အင်ဂျင်နီယာချုပ် ဦးဌေးဝင်းကပြောသည်။

ထို့ကြောင့်မြန်မာနိုင်ငံ၏ အင်တာနက်အသုံးပြုမှုပုံစံသည် မိုဘိုင်းဖုန်းအင်တာနက်စနစ်သို့ သိသာစွာကူးပြောင်းလာနေပြီဖြစ်ကြောင်း ပြည်တွင်းအခြေစိုက် မိုဘိုင်းဖုန်းလုပ်ငန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူများက ပြောကြားသည်။



**မိုဘိုင်းဖုန်းအသုံးပြုကာ သတင်းဖတ်နေသူတစ်ဦး** ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

မြန်မာ့ဆက်သွယ်ရေးက အင်တာနက်အသုံးပြုခွင့်ကို ချထားပေးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်း မိုဘိုင်းဖုန်းဖြင့် အင်တာနက်အသုံးပြုသူပမာဏသည် သိသိသာသာ တိုးတက်မှုမရှိခဲ့သော်လည်း ၂၀၁၂ နှစ်ဆန်းပိုင်းကာလများတွင် ပြည်တွင်း၌ စမတ်ဖုန်းများစတင်ခေတ်စားလာပြီးနောက် မြန်မာနိုင်ငံ၏ အင်တာနက်အသုံးပြုသူများသည် မိုဘိုင်းဖုန်းဖြင့် အွန်လိုင်းအသုံးပြုသည့်ပုံစံသို့ သိသိသာသာ ကူးပြောင်းလာခဲ့ခြင်းဖြစ်သည်။

ယခုလက်ရှိ မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းဖြင့်အင်တာနက်အသုံးပြုသူဦးရေ ၄၅၀,၀၀၀ ကျော်ပမာဏမှာ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းများနှင့် ဂျီအက်စ်အမ်ဖုန်းလိုင်းနှစ်ခုပေါင်းတွင် အသုံးပြုနေသည့်နှုန်းဖြစ်သည်။

“ယခုနောက်ပိုင်း ဖုန်းကတ်တွေလာဝယ်ရင် အင်တာနက်လိုင်းကိုပါ တစ်ခါတည်း လျှောက်လာကြတယ်။ အရင်လိုလည်း အင်တာနက်လျှောက်တဲ့စနစ်က သိပ်မကြာတော့တာရယ် အင်တာနက်သုံးလို့ကောင်းတဲ့ စမတ်ဖုန်းတွေများလာတာရယ်ကြောင့် ဖုန်းလိုင်းလျှောက်တာနဲ့ အင်တာနက်လိုင်းကိုပါ လျှောက်လာကြတယ်။ အခု နှစ်လယ်လောက်မှာ အင်တာနက် အသုံးပြုတဲ့သူတွေ သိသိသာသာ တက်လာတယ်”ဟု လူကြီးမင်း မိုဘိုင်းဖုန်းဆိုင်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ကိုလင်းလင်းကပြောသည်။

နိုင်ငံတကာတွင် ယှဉ်ပြိုင်မှုပြင်းထန်နေသည့် Apple ထုတ်ကုန် iPhone နှင့် Samsung အစရှိသည့် နည်းပညာအမှတ်တံဆိပ်များ ပိုမိုထွက်ပေါ်လာခြင်း၊ ဈေးသက်သာသော တရုတ်လုပ်ဟန်းဆက်များ ဈေးကွက်အတွင်းသို့

**စာ(၁၂)သို့**

## တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ အမှု ၅၀၀ ကျော် ကိုင်တွယ်ဖြေရှင်းနေကြောင်း ပြည်သူ့ထံပန်ကြား

**ရန်မျိုးနိုင်**

**ရန်ကုန်၊နိုဝင်ဘာ-၁၀**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထဲရေးဝန်ကြီးဌာနများနှင့် ပတ်သက်သည့် အမှုများအပါအဝင် အမှု၅၀၀ ကျော် ဆောင်ရွက်နေသည်ကို သက်ဆိုင်ရာ ပြည်သူများထံ အကြောင်းကြားထားကြောင်း ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။

“ပြည်ထဲရေးက ရဲလုပ်ငန်းနဲ့ ပတ်သက်တဲ့ဟာတွေ၊ကာကွယ်ရေးဘက်ကတော့ ကချင်ဘက်ကကိစ္စတွေပါ”ဟု ၎င်းက တိုင်ကြားစာနှင့်ပတ်သက်၍ ပြောသည်။

ပြည်သူများထံမှ တိုင်ကြားမှုသည် ၂၀၀၀ ကျော်ရှိနေသည်။ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးများနှင့် ပတ်သက်နေသည့် တိုင်ကြားချက်ကိစ္စရပ်များ၊ လယ်မြေသိမ်းဆည်းမှုများ ပါဝင်ပြီး အများစုမှာ တရားစီရင်ရေးနှင့်ပတ်သက်သည့် ကိစ္စများသာဖြစ်ကြောင်း ယင်းကော်မတီထံမှ သတင်းရရှိသည်။

တိုင်ကြားလာမှုများကို စိစစ်ပြီး သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း ဦးဝင်းမြင့်ကဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားသော ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို ပြီးခဲ့သည့်ဩဂုတ်လ၇ ရက်တွင် ပြည်သူ့လွှတ်တော် အဖွဲ့ဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။



# အာဆီယံထိပ်သီးအစည်းအဝေးတွင်မြန်မာအပါအဝင် ဆန်တင်ပို့ထုတ်လုပ်သူများအသင်းဖွဲ့စည်းမည်

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၂**

မြန်မာနိုင်ငံအပါအဝင် အာဆီယံ ဆန်တင်ပို့ထုတ်လုပ်သူများအသင်းကိုမကြာမီကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဖွဲ့စည်းတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်ကပြောသည်။

"သမ္မတကြီးက ကမ္ဘောဒီးယားမှာ လုပ်တဲ့ အာဆီယံ ထိပ်သီးအစည်းအဝေးမှာသဘောတူမယ်။ ပုဂ္ဂလိကကဏ္ဍကလည်း သဘောတူတယ်" ဟု ဦးချစ်ခိုင်က ဆိုသည်။

အာဆီယံနိုင်ငံ ဆန်တင်ပို့ထုတ်လုပ်သူများ အသင်းတွင် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့ ပါဝင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးတိုးအောင်မြင့်က ပြောသည်။

အသင်းဝင်အဖြစ်ပါဝင်ရန် ဆောင်ရွက်ရမည့်စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ပညာရှင်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲပြုလုပ်၍ တင်ပြမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောသည်။



**စပါးခြွေလှေ့နေစဉ်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အဆိုပါအသင်းတွင် အသင်းဝင်ဖြစ်ပါက မြန်မာနိုင်ငံမှ ဆန်တပ်ပို့ရောင်းချနေသူများအတွက် ဈေးကွက်အာမခံချက်ရရှိလာမှာဖြစ်ကြောင်း အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာန စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက ပြောကြားသည်။

အာဆီယံနိုင်ငံများ ဆန်တင်ပို့ထုတ်လုပ်သူများအသင်းဖွဲ့စည်းရန် ထိုင်းနိုင်ငံက စတင်ကြိုးပမ်းနေပြီး ၂၀၁၂ နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့လာရောက်ညှိနှိုင်းခဲ့သည်။

# ပြည်ထောင်စုဝန်ကြီး၏သားတစ်ဦးအား အမျိုးသမီးတစ်ဦး တရားစွဲ

**ဒေအးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ-၈**

အမျိုးသမီးတစ်ဦးအား လူပျိုလူလွတ်၊ အိမ်ထောင်မရှိဟု ပြောဆိုကာလက်ထပ်ပြီး စွန့်ပစ်သွားခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် ပြည်ထောင်စုဝန်ကြီးတစ်ဦး၏ သားဖြစ်သူကို ယင်းအမျိုးသမီးက လိမ်လည်မှုဖြင့် ကျောက်တံတားမြို့နယ်တရားရုံးတွင် တရားစွဲဆိုခွင့်ရရှိသွားပြီဖြစ်သည်။

တရားလို အမျိုးသမီးက ကျောက်တံတားမြို့နယ် တရားရုံးတွင် ဦးတိုက်လျှောက်ထားပြီး တရားစွဲဆိုရာ နိုဝင်ဘာလ ၈ ရက်၌ ပြစ်မှုကြီးအမှတ် ၁၄၀/၂၀၁၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၄၁၇အရ တရားစွဲဆိုခွင့် ရရှိသွားကြောင်း တရားလို မမြနန္ဒာညွန့်နှင့်၎င်း၏ ရှေ့နေများထံမှ သတင်းရရှိသည်။

မမြနန္ဒာညွန့်နှင့် စွပ်စွဲခံရသူ ကိုသီဟအောင်တို့မှာ ၂၀၁၀ ပြည့်နှစ် ဇွန်လ ၁၉ ရက်တွင် ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိ ဒေါ်သီတာစမ်း၏ရှေ့မှောက်တွင် နှစ်ဖက်အသိသက်သေနှစ်ဦးတို့ နှင့်အတူ နှစ်ဦးသဘောတူ ထိမ်းမြားမင်္ဂလာ ကတိသစ္စာပြုလွှာဖြင့် လက်မှတ်ရေးထိုး လက်ထပ်ခဲ့ကြကြောင်း သိရသည်။ "လက်ထပ်ပြီး သူ့မိဘတွေ သွားကန်တော့တော့ သူ့အမေက သူ့သားမှာ မိန်းမနဲ့ ကလေးနှစ်ယောက်ရှိတယ်။ နင့်ကို အသိအမှတ်မပြုနိုင်ဘူးလို့ ပြောတယ်။ လက်ထပ်ပြီး တစ်လပဲ အတူနေလိုက်ရတယ်။ သူ့မိဘအိမ် ခဏပြန်မယ်ဆိုပြီး သွားလိုက်တာ နောက်ပိုင်းလုံးဝကို ကျွန်မဆီပြန်မလာတော့ပါဘူး။ တရားဥပဒေအတိုင်း အဆုံးအထိ ဆက်ရင်ဆိုင်သွားမှာပါ"ဟု မမြနန္ဒာညွန့်ကပြောသည်။

တရားလို မမြနန္ဒာညွန့်မှာ ကိုသီဟအောင်ကို ယခုနှစ် မေလ ၈ ရက်တွင် ကျောက်တံတား တရားရုံး၌ဦးတိုက်လျှောက်ထားခဲ့ပြီး ဩဂုတ် လ ၁၃ ရက်တွင် ကျင့်ထုံးပုဒ်မ ၂၀၃ အရဦးတိုက်လျှောက်ထားမှုကို ပလပ်လိုက်ခြင်းကြောင့် ခရိုင်တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့သည်။ ခရိုင်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ အမှုအားလက်ခံ စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သဖြင့် ကျောက်တံတားမြို့နယ်တရားရုံးတွင်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၄၁၇ အရအမှုကိုလက်ခံစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

"ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ ဆိုရင် အများဆုံးဖြစ်ကြတာက လက်ထပ်မယ်လို့ ယုံကြည်အောင်ပြောဆိုပြီး ကာမကို လိမ်လည်ရယူမှုပါ။ လက်ထပ်စာချုပ်မှာကိုက အိမ်ထောင်မရှိသူ လူပျိုလူလွတ်ဖြစ်ပါတယ်လို့ ကျမ်းကျိန်ပြီး လက်ထပ်ခဲ့တယ်။ ပြီးတော့ ဆက်လက်ပေါင်းသင်းရန် ငြင်းဆန်ရှောင်ကွင်းသွားတယ်။ ဒီအမှုဖြစ်စဉ်နဲ့ တရားစွဲဆို ရင်ဆိုင်မှာပါ"ဟု မမြနန္ဒာညွန့်၏ရှေ့နေ ကိုအယ်လ်ခွန်ရိန်ပန်က 7Day News သို့ ပြောသည်။ **စာ(၁၂)သို့**



7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

## CRIME CORNER မှုခင်းသတင်း

### ချင်းတွင်းမြစ်အတွင်း စက်လှေတိမ်းမှောက်မှု ကိုရင်သုံးပါးနှင့် ခရီးသည်တစ်ဦးပျောက်ဆုံး

ရန်နိုင်ကျော်

မုံရွာ၊နိုဝင်ဘာ-၉

မုံရွာမြို့ သီတင်းကျွတ်ဆုတောင်းပြည့် ဘုရားကြီးပွဲတော်မှ အပြန် မုံရွာမြို့ နန်ချွန်စက်လှေဆိပ်မှ စက်လှေမောင်း မောင်ဝေမိုး (၂၇နှစ်) အမှတ်(၃)ရပ်ကွက် ညောင်ပင်ကြီးကျေးရွာ ဆားလင်းကြီးမြို့နယ် မောင်းနှင်သော ဟွန်ဒါစက်သေးတပ်ဆင်ထားသည့် စက်လှေသည် နိုဝင်ဘာ ၉ ရက် ည ၈ နာရီအချိန်က ချင်းတွင်းမြစ်လယ်တွင် တိမ်းမှောက်သွားခဲ့ပြီး ခရီးသည် ခုနစ်ဦး၊ ရှင်သာမဏေနှစ်ပါးအား ကယ်ဆယ်နိုင်ခဲ့သော်လည်း ရှင်သာမဏေသုံးပါးနှင့် ခရီးသည် တစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

"ပုံမှန်ပြေးဆွဲနေတဲ့ စက်လှေမဟုတ်ပါဘူး။ ကြားပေါက်ပြေးဆွဲနေတဲ့စက်လှေတိမ်းမှောက်တာပါ။ လှေကသေးတော့ ခရီးသည်တင်တာလည်းများတယ်။ ဆိုင်ကယ်တစ်စီးလည်း ပါသေးတယ်ဆိုတော့ လှိုင်းပုတ်ပြီး မှောက်တာဖြစ်နိုင်ပါတယ်"ဟု မုံရွာမြို့ နန်ချွန်ဆိပ်ကမ်း မျက်မြင်ကြုံတွေ့ခဲ့သူတစ်ဦးကပြောသည်။

အဆိုပါ စက်လှေတိမ်းမှောက်မှုကြောင့် ပျောက်ဆုံးသွားသော ရှင်သာမဏေသုံးပါးနှင့် ခရီးသည်တစ်ဦးအား ဆားလင်းကြီးမြို့နယ်နှင့် မုံရွာမြို့နယ်မှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ရှာဖွေခဲ့ပြီး ငွေစင်ရော်စက်လှေအသင်းမှ စက်လှေများဖြင့် ပျောက်ဆုံးသူများအား ရှာဖွေလျက်ရှိကြောင်း သိရှိရသည်။

# တရားသူကြီးအပါအဝင် တရားရေးဝန်ထမ်းခုနစ်ဦးအား ရာထူးမှ ရပ်စဲခဲ့

ညီညီဇော်၊ အေးသူစံ

ရန်ကုန်၊ နိုဝင်ဘာ - ၁၀

မန္တလေးမြို့တွင် မြို့နယ်တရားသူကြီးများအပါအဝင် တရားရေးဝန်ထမ်းခုနစ်ဦးကို ရာထူးမှ ရပ်စဲလိုက်ပြီး ခရိုင်အဆင့် တရားသူကြီးအချို့ကို သတိပေးစာများ ပေးပို့ခဲ့ကြောင်း တရားရေးအသိုင်းအဝိုင်းမှ တရားရေးဝန်ထမ်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီမှ သတင်းရရှိသည်။

ထိုသို့အရေးယူရာတွင် မြို့နယ်တရားသူကြီးနှစ်ဦး၊ ဒုတိယမြို့နယ်တရားသူကြီးနှစ်ဦး၊ ဒုတိယဦးစီးမှူးတစ်ဦး၊ အကြီးတန်းစာရေးတစ်ဦး၊ အငယ်တန်းစာရေးတစ်ဦး စုစုပေါင်း ခုနစ်ဦးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခဲ့သည်။

ထို့အပြင် ခရိုင်တရားသူကြီးတစ်ဦး၊ ဒုတိယခရိုင်တရားသူကြီးတစ်ဦး၊ မြို့နယ်တရားသူကြီးတစ်ဦး၊ အငယ်တန်းတရားသူကြီးတစ်ဦး၊ အကြီးတန်းစာရေးတစ်ဦး၊ အငယ်တန်းစာရေးတစ်ဦးတို့အား စာဖြင့် ပြင်းထန်စွာ သတိပေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး လက်အောက်ရှိ မြို့နယ်ဥပဒေအရာရှိတစ်ဦး၊ အကြီးတန်းစာရေးသုံးဦး၊ အငယ်တန်းစာရေးတစ်ဦးတို့အား စာဖြင့်ပြင်းထန်စွာသတိပေးခဲ့သည်ဟု သိရသည်။

"တချို့တွေက တာဝန်ထမ်းဆောင်ရမယ့်နေရာ အပြောင်းအရွှေ့မှာ နုတ်ထွက်လို့ ထုတ်ပယ်ရတာမျိုးတွေလည်း ရှိတယ်"ဟု မန္တလေးတိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမျိုးတင့်ကပြောသည်။

တိုင်းဒေသကြီးတရားလွှတ်တော်စတင်တာဝန်ယူသော ၂၀၁၁ မတ် ၃၁ရက်မှ ယနေ့အထိ အမှုပေါင်း တစ်သိန်းကျော် စီရင်ဆုံးဖြတ်ခဲ့ပြီး တိုင်စာ ၂၀၀ ကျော်လည်း လက်ခံရရှိခဲ့သည်ဟု တိုင်းဦးစီးမှူးကဆိုသည်။

"ဖြုတ်လိုက်တဲ့ စာထဲမှာတော့ ကျင့်ဝတ်သိက္ခာပိုင်းနဲ့ ဆိုင်တယ်လို့ ရေးထားတယ်" ဟု တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ခိုင်လှဲ့က ပြောသည်။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီသည် မကြာမီရက်ပိုင်းအတွင်းကပင် မန္တလေးမြို့ရှိမြို့နယ်တရားရုံး၊ ခရိုင်တရားရုံးနှင့် တရားလွှတ်တော်တို့ကို သွားရောက်စစ်ဆေးခဲ့ပြီးနောက် ယခုကဲ့သို့ တရားသူကြီးများ ရာထူးမှရပ်စဲခြင်းနှင့် သတိပေးခြင်းများ ပြုလုပ်ခံရကြောင်း သတင်းရရှိသည်။

"တရားသူကြီးတွေကို ဖြုတ်တဲ့ကိစ္စတော့ သိပ်မအံ့သြဘူး။ မန္တလေးမှာ လာဘ်ပေးလာဘ်ယူမှုက အရမ်းကိုကြီးထွားနေတယ်။ အစိုးရလည်းကျေနပ်အောင်၊ လာဘ်ပေးတဲ့သူတွေလည်း ကျေနပ်အောင် အမိန့်တွေကို ချနေတယ်။ ဒါကို သက်ဆိုင်ရာက အရေးယူတာကို မှန်တယ်လို့ သုံးသပ်တယ်။ ကျွန်တော်ကတော့ ဌာနဆိုင်ရာ အရေးယူမှုနဲ့ မကျေနပ်ဘူး။ တရားဥပဒေနဲ့အညီ အပြစ်ပေးဖို့လိုလားတယ်" ဟု တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အဖွဲ့ဝင် ဦးသိန်းညွန့်က ပြောသည်။

"ကျွန်တော်တို့ကော်မတီ စစ်ဆေးပြီးနောက်ပိုင်းမှာ မန္တလေးမှာ တရားသူကြီးတွေ ပြုတ်တဲ့ကိစ္စ သတင်းကြားပါတယ်။ ဘာအကြောင်းကြောင့်လဲဆိုတာတော့ မသိပါဘူး။ ကျွန်တော်တို့ စစ်ဆေးခဲ့စဉ်တုန်းက တရားရုံးတွေမှာ အမှုတွေ ကြန့်ကြာတာတွေ၊ လာဘ်ပေးလာဘ်ယူကိစ္စတွေ တွေ့ခဲ့ရပါတယ်။ အဲဒီအစီရင်ခံစာကို အခု အကြမ်းရေးနေပါပြီ။ လွှတ်တော်ကို တင်တော့မှာပါ" ယင်းကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်က ပြောကြားသည်။

"မန္တလေးတရားစီရင်ရေး ပြိုလဲသွားပြီလို့ ပြောတဲ့အထဲမှာ အခုမန္တလေးဟာ အရင်နဲ့မန္တလေးနဲ့မတူတော့ဘူး။ လူမျိုးခြားတွေ အရမ်းများလာတယ်။ သူတို့က ပိုက်ဆံရှိတော့ ငွေပေးငွေယူကိစ္စတွေ ရှေ့တန်းတင်လာခဲ့အခါ ငွေမှငွေ ဖြစ်လာတယ်။ သမာသမတ်ကျပြီး အမှန်တရားဘက်က ရပ်တည်တဲ့ ရှေ့နေကြီးတွေကလည်း မရှိတော့ဘဲ မျိုးဆက်ပြတ်သလိုဖြစ်သွားတာတွေကြောင့်လို့ မြင်ပါတယ်" ဟု တရားလွှတ်တော်ရှေ့နေ ဦးဝင်းဆွေဦးကပြောသည်။

မန္တလေးမြို့တွင် အိမ်ဈေးမြေဈေးများ အပြောင်းအလဲ မြန်နှုန်းကြောင့် အိမ်မြေကြောင့် ဖြစ်ပွားရသော စာ(၁၂)သို့

# ဆောက်ရွက်ချက်တိုင်းမှာ တိုင်းပြည်နောက်ကြောင်း ပြန်မလှည့်ရန် ရည်မှန်းကြောင်း သမ္မတရုံးဝန်ကြီးပြောကြား

အောင်သူရ

ရန်ကုန်၊ နိုဝင်ဘာ - ၁၀

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရှိရန် ဆောင်ရွက်နေသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဦးအောင်မင်းက ၎င်း၏ဆောင်ရွက်ချက်များသည် နောက်ကြောင်း ပြန်မလှည့်အောင် ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း နိုဝင်ဘာ ၉ ရက်တွင် ပြောကြားသည်။

"လုံးဝဥဿုံ ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်အောင်ကိုလည်း မလုပ်နိုင်ဘူး။ ကိုယ်လုပ်နိုင်တာတစ်ခုပဲရှိတယ်။ နောက်ကြောင်းပြန်မလှည့်အောင်လို့။ နောက်ကြောင်းပြန်မလှည့်အောင် လုပ်ပေးရင် ဒီလမ်းကြောင်းကြီးက တည့်သွားမယ်ပေါ့။ ဒါကိုပဲ ရည်မှန်းချက်ထားပြီး လုပ်နေတာ"ဟု ဝန်ကြီးဦးအောင်မင်းက ပြောသည်။

ထို့ကြောင့် ၎င်းအနေဖြင့် ဒီမိုကရေစီစနစ်အား ကောင်းမွန်သောစနစ်ဟု လက်ခံထားပြီး ထိုစနစ်ကို သွားမည်ဟု ဆုံးဖြတ်ထားသော သမ္မတဦးသိန်းစိန် အလုပ်လုပ်ကိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးမည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း ဦးအောင်မင်းက ဆိုသည်။

"ကျွန်တော်တို့မြင်သမျှကြားသမျှထဲမှာ ဝန်ကြီးဦးအောင်မင်းရဲ့ သဘောထားက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို စိတ်အားထက်သန်တယ်လို့ ယူဆပါတယ်" ဟု ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဂျင်မီက သုံးသပ်သည်။

သို့သော်နောက်ကြောင်းပြန်မလှည့်နိုင်ရန်အတွက်အဖွဲ့အစည်းကြီးများတည်ဆောက်ရန်၊ အရပ်ဘက်အဖွဲ့များအားကောင်းလာရန် လွတ်လပ်သော အသင်းအဖွဲ့များ ခိုင်မာလာရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန် လိုအပ်ကြောင်း ဂျင်မီကပြောသည်။



ပုံစာ

ဝန်ကြီးဦးအောင်မင်း ဦးဆောင်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ငြိမ်းချမ်းရေးဆွေးနွေးရာတွင် (၁၀)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ပြီး ဒီဇင်ဘာ ၃၁ ရက်နေ့မတိုင်မီ တိုင်းရင်းသားအဖွဲ့ (၁၁)ဖွဲ့ပါသော UNFC (တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ)နှင့် နိုင်ငံရေးဆွေးနွေးရန် သဘောတူထားခဲ့သည်။



# တရားစွဲခံရသော ပြည်သူ့ဒီမိုကရေစီပါတီဥက္ကဋ္ဌအပါအဝင် ပုဂ္ဂိုလ်ငါးဦး အာမခံမရ၍ အချုပ်နှောင်ခံရ

**မောင်တာ**

**မန္တလေး၊ နိုဝင်ဘာ - ၁၁**

မန္တလေးမြို့အခြေစိုက် ပြည်သူ့ဒီမိုကရေစီပါတီမှ ပါတီဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌအပါအဝင် ငါးဦးမှာ ပါတီမှ ၁၅ ရက်တစ်ကြိမ် ထုတ်ဝေသည့် ပြည်သူလုပ်သား သတင်းစဉ်တွင် ရေးသားသည့် သတင်းများကြောင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့နယ် တရားရုံးတို့တွင် တရားစွဲဆိုခံရပြီး ချုပ်နှောင်ခံထားရကြောင်း ပြည်သူ့ဒီမိုကရေစီပါတီ အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်က ပြောသည်။

ပြည်သူ့လုပ်သားသတင်းစဉ် အမှုဆောင်အရာရှိချုပ်နှင့် ထုတ်ဝေသူပါတီဥက္ကဋ္ဌ၊ အယ်ဒီတာချုပ် ပါတီဒုဥက္ကဋ္ဌနှင့် အယ်ဒီတာ၊ ဖြန့်ချိရေးတာဝန်ခံများကို ကချင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား အစိုးရအဖွဲ့ရုံး ဒု-ညွှန်မှူး၊ မြစ်ကြီးနား ခရိုင်ထွေအုပ်ရုံးမှ ခရိုင်ဦးစီးအရာရှိ၊ တနိုင်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြစ်ကြီးနားအမှတ်(၁)ရဲစခန်းမှ ရဲအုပ်၊ ကချင်မနောပွဲ ကျင်းပရေးကော်မတီမှ ဥက္ကဋ္ဌတို့က တရားလိုပြုလုပ်၍ ပုဒ်မ-၅၀၀၊ ပုဒ်မ၅၀၅(ခ)၊(ဂ)၊ ၁၉၆၂ ပုံနှိပ်ဥပဒေ ပုဒ်မ-၂၀တို့ဖြင့် မြစ်ကြီးနားမြို့နယ်တရားရုံးနှင့် တနိုင်းမြို့နယ် တရားရုံးတို့တွင် တရားစွဲဆိုထားခြင်းဖြစ်ကြောင်း ပြည်သူ့ဒီမိုကရေစီပါတီဘက်မှ အမှုလိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေ ဒေါ်ခင်ခင်ကပြောသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အား မမှန်စွပ်စွဲခြင်း၊ ခြိမ်းခြောက်ခြင်း၊ အသရေဖျက်သော စာများ ရေးသားဖော်ပြထား၍ တရားစွဲဆိုရခြင်းဖြစ်ကြောင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းက ပြောသည်။

ဦးကျော်ဆန်းက နိုင်ငံရေးပါတီတစ်ခုမှ ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်တစ်စောင် အနေဖြင့် ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား ရပ်တည်ချက်များကိုသာ အဓိကရေးသားထုတ်ဝေရမည်ဖြစ်သော်လည်း ကချင်ပြည်နယ်အစိုးရအဖွဲ့ပေါ်တွင် အပြုသဘောဖြင့် ဝေဖန်ခြင်းမျိုးမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးထိခိုက်မှုများပါရှိလာကြောင်း၊ ရည်ရွယ်ချက်ရှိရှိ ရေးသားချက်များ ပါရှိလာ၍ တရားစွဲဆိုခြင်းဖြစ်ကြောင်း ပြောကြားသည်။

၎င်းတို့အနေဖြင့် ပြည်သူအကျိုးကို ဥပဒေနှင့် အညီ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ ယခု တရားစွဲဆိုခံရမှုအတွက် အားလုံးပြင်ဆင်ထားပြီး တစ်ဆင့်ချင်း လိုအပ်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲများ၊ ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီတို့သို့ တိုင်ကြားစာများပေးပို့ထားပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူလုပ်သား သတင်းစဉ်တို့ ဖြစ်ပွားနေသော အမှုကိစ္စကို ခုံရုံးဖွဲ့စစ်ဆေးဆောင်ရွက်ပေးရန် တောင်းဆိုထားကြောင်း ပြည်သူ့ဒီမိုကရေစီပါတီ အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်ကပြောသည်။

ပြည်သူလုပ်သားသတင်းစဉ် အတွဲ(၁) အမှတ် (၃၊၄၊၅၊၆၊၉၊၁၀) တို့တွင် ကချင်ပြည်နယ် ကားအသင်းကိစ္စ၊ တနိုင်းစက်လှေများကိစ္စ၊ ကချင်ရိုးရာမနောပွဲဖြစ်မြောက်ရေးကော်မတီကိစ္စများ ရေးသား၍ တရားစွဲဆိုခံရခြင်းဖြစ်ကြောင်း ရှေ့နေဒေါ်ခင်ခင်က ဆိုသည်။

တရားစွဲဆိုခံရသည့် ပြည်သူလုပ်သားသတင်းစဉ်မှ တာဝန်ရှိသူ ငါးဦးမှာ အောက်တိုဘာ နောက်ဆုံးပတ်မှ စတင်၍ ချုပ်နှောင်ခံထားရပြီး အာမခံလျှောက်ထားသော်လည်း အာမခံပေးရန် ငြင်းပယ်ခံထားရကြောင်း ရှေ့နေ ဒေါ်ခင်ခင်ကပြောသည်။

ဒေါ်ခင်ခင်က "အမှုတွေကို တစ်ပေါင်းတည်းစစ်ဆေးကြားနာပေးဖို့ရုံးတော်ကိုတင်ထားပါတယ်" ဟု ပြောသည်။

## ဒေါ်အောင်ဆန်းစုကြည်တင်သွင်းသော အဆိုနှစ်ခုစလုံး အောင်မြင်



ဓာတ်ပုံ-သီဟ

**သန်းထူး**

**နေပြည်တော်၊နိုဝင်ဘာ-၉**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန် ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးများအတွက် အရေးကြီးအဆိုနှစ်ခုကို နိုဝင်ဘာ ၉ ရက်တွင် ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေး၌တင်သွင်းခဲ့သည်။

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်အား အဆင့်မီတက္ကသိုလ်တစ်ခုဖြစ်မြောက်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များပါဝင်သည့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဖွဲ့စည်းပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့် အဆိုမှာ လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ပြီး ထောက်ခံမဲ ၂၄၈ မဲ၊ ကန့်ကွက်မဲ ၆၄ မဲ၊ ကြားနေမဲ ၉ မဲဖြင့် လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့အပြင် ရန်ကုန်ဆေးရုံကြီးကိုလည်း ထိုကဲ့သို့ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပမှ အလှူရှင်များ ပါဝင်သည့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်ကလည်းထောက်ခံသည့်အတွက် အဆုံးအဖြတ်ရယူရန်မလိုဘဲ အဆိုကို အတည်ပြုနိုင်ခဲ့သည်။

စာ(၁၂)သို့




Diamond
INYA
Palace
အင်းယားကန်အနီးမှအဆင့်မြင့်နန်းတော်
ခန်းများထည့်ဝါသော အိမ်ရာတစ်ခုတည်းတွင် လူနေမှုပုံစံ(၅)မျိုးကို ရွေးချယ်နိုင်ပါသည်။
Facilities ၄၅% အိမ်ခန်း ဧရိယာ ၅၅% အချိုးနှင့် တည်ဆောက်ပေးထားပါသည်။
Facility များ အနေဖြင့် Restaurant, Shop, Mini Mart, Bakery, Car Wash, Coffee Shop, Business Centre, Banquet, Playground, Squash, Table Tennis, Snooker, Yoga, Fitness Centre, Spa, Corridor, Lift, Stairs, Office, Lobby, Swimming Pool, Pool, Indoor Garden တို့ ပါဝင်မည်ဖြစ်ပါသည်။
Car Parking အဖြစ် ကားအစီးရေ(၅၆၀) ရပ်နားနိုင်ရန် ထည့်သွင်းထားပါသည်။
အမှတ်(၂) ဦးထွန်းမြင့်လမ်း၊ မရမ်းကုန်းမြို့နယ် အင်းယားကန်အနီး၊ ရန်ကုန်မြို့မှာ တည်ရှိပါသည်။
ရန်ကုန်မြို့ရဲ့ အချက်အချာအကျဆုံး၊ အကွက်အကွင်းတစ်ခုမှာ တည်ရှိနေတာကလည်း ထာဝရ အေးချမ်းဆိတ်ငြိမ်မှုကို အထောက်အကူပြုစေပါသည်။
ကမ္ဘာကျော် အင်းယားကန်ရှုခင်းပေါ်မှာ မော်ကြည့်ရှုမျှော်ကြည့်နိုင်တဲ့ Diamond Inya Palace ဖြစ်ပါတယ်။
Diamond Inya Palace သည် လူတစ်ယောက်အတွက် လိုအပ်ချက်တွေကို အသေးစိတ် စိတ်ကျေနပ်ပေးထားတဲ့ ထူးခြားကျယ်ပြန့်သော လူမှုစိတ်ငြိမ်သော နေရာထိုင်ခင်းတစ်ခု ကောင်းမွန်သက်သာသော ဘဝအဆင့်အတန်းတစ်ခုကို ရည်ညွှန်း တည်ဆောက်ထားပါသည်။
Diamond Inya Palace သည် တိုးတက်ပြောင်းလဲလာမည့် မြို့ပြလူနေမှုဘဝကို ကြိုတင်တွက်ဆ၍ အလိုက်ဖက်ဆုံး၊ အထွဋ်မြတ်ဆုံး စိမ်ခံနေရာထိုင်ခင်းတစ်ခုအဖြစ်ရုပ်လုံးပေါ်ထွက်လာတော့မည်ဖြစ်ပါသည်။
MGW
MANDALAY GOLDEN WING
Construction Limited
Yangon Showroom
No (39), 7 Mile, Pyay Road, Mayangone Township, Yangon, Myanmar
Mandalay Showroom
Diamond Plaza (M.G.W Construction Ltd.)
Between 33 x 34, Chanayethazan Township, Mandalay, Myanmar

# မြစ်ကြီးနားရထား တိမ်းမှောက်မီးလောင်မှု သေဆုံးသူ လေးဦးထပ်တိုး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊နိုဝင်ဘာ-၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်ကြီးကျေးရွာအနီးရှိ ချပ်ကြီး ဘူတာအဝင် ပွိုင့်ခွဲတွင်မန္တလေးမြို့ဟောင်းမှ မြစ်ကြီးနားသို့ ပြေးဆွဲသော ဆီသယ်ရထားနိုဝင်ဘာ၉ရက်နံနက်၉နာရီမိနစ်၅၀တွင်တိမ်းမှောက်ခဲ့ရာ မှဖြစ်ပွားသောမီးလောင်မှုတွင်သေဆုံးသူလေးဦးထပ်တိုးလာ၍ နိုဝင်ဘာ ၁၂ ရက်အထိ စုစုပေါင်းသေဆုံးသူ ၂၉ ဦးထိရှိသွားပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မီးလောင်တဲ့ အကြောင်းရင်းက လဲသွားတဲ့ ဆီတွဲတွေနဲ့ သံလမ်းပွတ်တိုက်တဲ့ အပူရှိန်ကနေမီးလောင်မှုဖြစ်ပွားတာပါ။ ရထားတွဲလမ်းချော်တာက သံလမ်းအချိန်းမှာ လမ်းလွဲပြီးဖြစ်တာလို့ လတ်တလော ယူဆထားပြီး အကြောင်းရင်းကိုတော့ ရှာဖွေနေဆဲပါ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

အခင်းဖြစ်ပွားသော အချိန်တွင် ၂၅ ဦး ပွဲချင်းပြီး သေဆုံးခဲ့၍ ကန့်ဘလူဆေးရုံတွင် တက်ရောက်နေသော မီးလောင်ဒဏ်ရာရရှိသည့် လူနာ ၉၀ ကျော်ထဲမှ သုံးဦးသည် နိုဝင်ဘာ ၁၀ ရက်တွင် ထပ်မံသေဆုံးပြီး ၁၁ ရက်တွင် တစ်ဦးထပ်မံသေဆုံးခဲ့သည်။

လမ်းချော်ကာ မီးလောင်မှုဖြစ်ပွားသော ရထားမှာ ခေါင်းတွဲ ခုနစ်တွဲနှင့် ဒီဇယ်တွဲနှစ်တွဲပါသော အမှတ်(၈၀၇) အဆန်ရထားဖြစ်ပြီး ချပ်ကြီးဘူတာအဝင် မိုင်တိုင်(၅၁၁/၈)နှင့်(၅၁၁/၁၃)ကြားတွင် ဆီတွဲများ တိမ်းမှောက်ပြီး ဆီများဖိတ်စဉ်ကာ မီးလောင်ခဲ့ခြင်းဖြစ်သည်။ မီးမှာ လေးနာရီကြာလောင်ကျွမ်းပြီး မွန်းလွဲ ၂ နာရီ ၁၀ မိနစ်မှသာ ငြိမ်းသွားခဲ့သည်။

အဆိုပါ ရထားဆီတွဲမှ လယ်ကွင်းများထဲ ဆီများဖိတ်စဉ်ရာတွင် ဒေသခံရွာသားများက လုယက်ခပ်ယူနေစဉ် မီးလောင်ခံရကာ သေဆုံး၊ ဒဏ်ရာရရှိရခြင်းဖြစ်သည်။ ကျန်ဒဏ်ရာရရှိထားသည့် လူနာများကို ကန့်ဘလူ၊ချပ်သင်း၊ ကျွန်းလှဆေးရုံများတွင် ဆက်လက်ကုသနေကြောင်း သိရသည်။ ယင်းမီးလောင်မှုဖြစ်ပွားစဉ်တွင် ကျွန်းလှမြို့ရှိဝေနေယျသုခ လူမှုကူညီမှုအသင်း၊ မြတ်သုခအသင်း၊ ကန့်ဘလူ ကရုဏာရှင်အသင်း၊ ထန်းကုန်းပြဟွှစိုရ်လူမှုကူညီရေးအသင်း၊ကောလင်းကရုဏာရှင်အသင်း၊ကျွန်းလှမီးသတ်ဦးစီးဌာန၊ ကျွန်းလှမြို့ ဗုဒ္ဓရောင်ခြည်အသင်း၊ ထန်းကုန်းသုခကာရီအသင်း၊ ကန့်ဘလူမီးသတ်နှင့်ရဲဌာနများမှ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

မီးလောင်ဆုံးရှုံးသွားသည့် ဆီတွဲသုံးတွဲတွင် ပါဝင်သော ဆီများ၏ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၆၇၃ သိန်းကျော်ဖိုးရှိကြောင်း ကန့်ဘလူမီးသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# အိုဘားမား၏ နာရီပိုင်းခရီးစဉ်အတွင်း သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို တွေ့ဆုံမည်

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊နိုဝင်ဘာ-၁၁**

နိုဝင်ဘာ ၁၉ ရက်တွင် မြန်မာနိုင်ငံသို့လာရောက်မည့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ၎င်း၏ နာရီပိုင်းခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား တွေ့ဆုံမည်ဖြစ်ကြောင်း သတင်းရရှိသည်။




**မြန်မာလူငယ်တစ်ဦးက ကန်တော်ကြီးပတ်လမ်း ချက်ထရီယမ်ဟိုတယ်အနီးတွင် အိုဘားမားကို ကြိုဆိုကြောင်း ဂရပ်ဖတီရေးဆွဲထားသည်ကို နိုဝင်ဘာ၁၁ရက်က တွေ့ရစဉ်။ သို့သော် ထိုပုံမှာ တစ်ရက်အကြာတွင် ဖျက်ဆီးခံလိုက်ရသည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံမည့်အချိန်နှင့် နေရာကိုမသိရသေးသော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတအိုဘားမားတို့သည် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်နေအိမ်၌ တွေ့ဆုံမည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။


သမ္မတအိုဘားမားသည် နိုဝင်ဘာ၁၇ရက်မှ ၂၀ ရက်အထိ အရှေ့တောင်အာရှခရီးစဉ်အဖြစ် ထိုင်း၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က နိုဝင်ဘာ ၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် သမ္မတအိုဘားမား တို့နှစ်ဦးလုံးတက်ရောက်ကြမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒုတိယသက်တမ်းအတွက် ရွေးကောက်ပွဲတွင် လောလောလတ်လတ် ပြန်လည်ရွေးကောက်ခံရသည့်သမ္မတအိုဘားမား၏ ယခု မြန်မာနိုင်ငံခရီးစဉ်မှာ မြန်မာနိုင်ငံသို့ လာရောက်သည့် ပထမဆုံး အမေရိကန်သမ္မတအဆင့် ခရီးစဉ်အဖြစ် သမိုင်းမှတ်တမ်းဝင်သွားမည်ဖြစ်သည်။

"ရွေးကောက်ပွဲအပြီး အောင်ပွဲခရီးစဉ်အဖြစ် အာရှကိုလာတာမှာ မြန်မာနိုင်ငံပါ ပါဝင်တဲ့အတွက် တကယ့်ကိုအားရစရာပါ။ နှစ်နိုင်ငံကြားဆက်ဆံရေး ပြန်လည်မြှင့်တင်နေချိန်မှာ အခုခရီးစဉ်က နာရီပိုင်းဆိုပေမယ့်တကယ့်ကို အကျိုးရှိမယ့် ခရီးစဉ်တစ်ခုပါ"ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းကပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်အတွင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် သမ္မတအိမ်ဖြူတော်ရှိ ဘဲဥပုံရုံးခန်း၌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့သည်။ "နေပြည်တော်မှာ တွေ့မလား၊ ရန်ကုန်မှာတွေ့မလားဆိုတာပြောလို့မရသေးပါဘူး။ကမ္ဘောဒီးယားကပြန်လာပြီး သမ္မတရဲ့ တွေ့ကြမှာပါ" ဟု နိုင်ငံတော်သမ္မတရုံးညွှန်ကြားရေးမှူး ဦးဇော်ဌေးကပြောသည်။



7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

## ၂၀၁၂ နိုဝင်ဘာ ၁၄မှ ၂၀ရက်ထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း ပင်လယ်ပြင်မှာ လေစိုင်ခဲ တစ်ခုစတင် ဖြစ်ပေါ်နိုင်ပြီးအနောက်ဘက်ဆီကိုသာ ရွေ့လျား သွားနိုင်။ ဘင်္ဂလားပင်လယ်အော်တောင် ပိုင်းတွင်တိမ်များအ သင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန် ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းသာ ဖြစ်ထွန်းပြီး သာ ယာနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

တနင်္သာရီကမ်းရိုးတန်းမှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့် ၂-၃ ပေခန့်ရှိနိုင်။ ကျန်မြန်မာ့ပင်လယ်ပြင် ကမ်းရိုးတန်းနဲ့ကမ်း လွန်ပင်လယ်ပြင်တို့မှာ လှိုင်းအနည်းငယ်သာရှိနိုင်။ လှိုင်းအမြင့် ၁ ပေခန့် ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ် တောင်ပိုင်း၊ ကားပြည်နယ်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့တွင် နေရာကျဲကျဲမှ စိပ်စိပ် မိုးရွာနိုင်ပါတယ်။ ရွာရန် ၆၀ ခန့်ရှိပါတယ်။ ကျန် တစ်ပြည်လုံးတွင်သာယာ နိုင်ပါတယ်။ ကချင်ပြည်နယ်၊ စစ်ကိုင်း တိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း နဲ့အရှေ့ပိုင်းတို့မှာ မိုးရေချိန် ၃-၅ မီလီမီတာခန့်ရွာသွန်းနိုင်ပြီး ကျန်ဒေသများတွင် သာယာ နိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ**

မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုတစ်ပြည်လုံးတွင် အလားအလာ လျော့နည်းနိုင်ပြီး ရာသီဥတုသာယာနိုင်ပါတယ်။

**နေ့အပူချိန်များ**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း နဲ့အရှေ့ပိုင်း၊ တနင်္သာရီတိုင်း တောင်ပိုင်းစွန်းတို့မှာ အပူချိန် များ လျော့နည်းနိုင်ပြီး၊ ကျန်တစ်ပြည်လုံးတွင် အပူရှိန်များမြင့်မား နိုင်။ အထူးသဖြင့် ရှမ်းပြည်နယ်မြောက်၊ ကချင်ပြည်နယ်နဲ့ စစ် ကိုင်းတိုင်းအထက်ပိုင်းတို့မှာ အပူရှိန်များသိသိသာသာမြင့်မားနိုင်။

**ညအပူချိန်များ**

တရုတ်ပြည်မကြီးဘက်မှအရှေ့မြောက်လေအေးများတိုးဝင်လာ မှုကြောင့်မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အထက်ပိုင်းဒေသများမှာ ညအပူချိန်များကျဆင်းနိုင်ပါတယ်။ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း ညအပူချိန်များ ၁၀ ဒီဂရီစင်တီဂရိတ် အောက် စတင် ကျဆင်းနိုင်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်တွင် လေထုမငြိမ်သက်မှုများ ဆက်လက် ဖြစ်ပေါ်နိုင်ပြီး လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်ရာမှ ပိုမိုအားကောင်းလာကာ မုန်တိုင်းတစ်ခုဖြစ်လာနိုင်။ မုန်တိုင်း ဖြစ်ပေါ်မှု နဲ့မိုးရွာသွန်းမှု ပုံမှန်ထက်ကျော်လွန်နိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# မြဝတီနယ်စပ်မှောင်ခိုပပျောက်ရန် ဒေသအာဏာပိုင်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ ပူးပေါင်းမှုလိုအပ်ဟုဆို

**ပြည်သိမ်း၊ သိမ့်သိမ့်စိုး**
**ရန်ကုန်၊**
**နိုဝင်ဘာ - ၁၀**

ထိုင်းမြန်မာနယ်စပ်ကုန်သွယ်ရေး တွင် အဓိကကျသည့် မြဝတီကုန် သွယ်ရေးလမ်းကြောင်း၌ လက် နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့များ နှင့် ဒေသခံအစိုးရအဖွဲ့မှ ပူး ပေါင်းဆောင်ရွက်မှသာ မှောင်ခို ကုန်သွယ်မှု ပပျောက်စေရန် မူဆယ်ကဲ့သို့ ရွေ့လျားစစ်ဆေး ရေးအဖွဲ့များ လုပ်ငန်းစတင်နိုင် မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြော သည်။

လက်နက်ကိုင်ငြိမ်းချမ်းရေး အဖွဲ့များက ကုန်သွယ်ရေးလုပ် ငန်းများကို စစ်ဆေးရာတွင် သီး ခြားဆောင်ရွက်နေခြင်း၊ ဒေသခံ အစိုးရကလည်း ငြိမ်းချမ်းရေးလုပ် ငန်းစဉ်များကြောင့် ထိခိုက်မှုများ ဖြစ်လာမည်ကို စိုးရိမ်၍ ပါဝင် ခြင်းမရှိခြင်းတို့ကြောင့် လုပ်ငန်း စတင်နိုင်ရန် ခက်ခဲနေကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနမှ ဝန်ကြီးရုံး ညွှန်ကြားရေးမှူး ဦးတင် ရဲဝင်းက ရှင်းပြသည်။

"ဒေသအုပ်ချုပ်ရေးအဖွဲ့က လည်း ဥပဒေအတိုင်း ဆောင်ရွက် နေတယ်။ ဝန်ကြီးဌာနအနေနဲ့ တော့ ဒီလိုပြောတာမကောင်းဘူး" ဟု မြဝတီကုန်သွယ်ရေးလမ်း ကြောင်း၏ အဓိကဖြတ်သန်းရ သည့် ကရင်ပြည်နယ်မှ ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းက ဒေသ အာဏာပိုင်များကလည်း ပါဝင်မှု မရှိဆိုခြင်းနှင့်ပတ်သက်၍ ပြော ကြားသည်။

မြန်မာတစ်နိုင်ငံလုံး အသုံး ပြုသည့် ထိုင်းနိုင်ငံထုတ်ပစ္စည်း အားလုံးနီးပါးမှာ မြဝတီနယ်စပ် ကုန်သွယ်ရေးကသာ အဓိက ဝင် ရောက်နေခြင်းဖြစ်သော်လည်း နယ်စပ်ကုန်သွယ်ရေးမှ ရရှိသော အခွန်အကောက်ရရှိမှု စုစုပေါင်း တွင် မြဝတီမှ ၁၅ ရာခိုင်နှုန်းသာ ရှိသည်။ တရုတ်မြန်မာနယ်စပ်မှ အခွန်အကောက်ရရှိမှုမှာ ၇၅ ရာခိုင်နှုန်းရှိကြောင်း စာရင်းဇ ယားများအရ သိရသည်။

"အဓိက ကျွန်တော်တို့ ထိန်း ချုပ်ချင်တာ မူဆယ်မဟုတ်ဘူး။ မြဝတီပဲ" ဟု ဦးတင်ရဲဝင်းက ပြော သည်။

မြဝတီနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွင် တရားမဝင် ဂိတ် ၂၀ ဝန်းကျင်ရှိပြီး ထိုင်း-မြန် မာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ် ရေးတွင် စာရင်းဇယားနှိုင်းယှဉ် စစ်ဆေးပါက များစွာ ကွာခြား နေသည်။ ထိုင်းနိုင်ငံမှ ကုန်သွယ် ရေးစာရင်းများသည် မြန်မာနိုင်ငံ မှ စာရင်းများထက် ၁၇ ဆ ပိုများ နေသဖြင့် မြဝတီနယ်စပ် ကုန် သွယ်ရေးတွင် တရားမဝင် ကုန်စည်ကူးသန်းရောင်းဝယ်နေ သည်မှာ များစွာသိသာနေကြောင်း ဦးတင်ရဲဝင်းကပြောသည်။

"စက်သုံးဆီကို မှောင်ခို လုပ်ပြီး မြဝတီကနေ မန္တလေးကို ဘောက်ဆာနဲ့ပို့ပြီး ရောင်းနေကြ တယ်" ဟု မြဝတီမှ ပို့ကုန်သွင်း ကုန်လုပ်ငန်းရှင် တစ်ဦးက သူ့အ တွေ့အကြုံကို ရှင်းပြသည်။

လက်တွင် တရုတ်မြန်မာ နယ်စပ် မူဆယ် ကုန်သွယ်ရေး လမ်းကြောင်းမှာတော့ တရားမ ဝင် ကုန်သွယ်မှုအား တားဆီး ထိန်းချုပ်ရန် နိုဝင်ဘာ ၁ ရက်နေ့ မှ စတင်၍ ရွေ့လျားစစ်ဆေးရေး အဖွဲ့များဖြင့် စစ်ဆေးနေပြီဖြစ် သည်။

ယခုနှစ်ကုန်သွယ်မှုမှာ ခြောက်လတာကာလအတွင်း ပို့ကုန်သွင်းကုန်ဖိုး အမေရိကန်ဒေါ် လာ ၈၃၀၆ သန်းရရှိထားသည်။ ယင်းပမာဏမှာယခင်နှစ်ကကာလ တူတန်ဖိုး အမေရိကန်ဒေါ်လာ ၈၉၉၁ သန်းနှင့် နှိုင်းယှဉ်ပါက သန်း ၆၀၀၀ ကျော် လျော့နည်း နေသည်ကို ကုန်သွယ်ရေးစာရင်း များအရ သိရသည်။

"မငြိမ်းချမ်းတဲ့ နယ်မြေဆို တော့ တရားမဝင်တာကပိုများ တယ်။ ကိုယ်မှာလိုက်တဲ့ပစ္စည်း က ဈေးနှုန်းဖျက်ထားတာမရှိတဲ့ ပစ္စည်းသစ်၊ အမယ်သစ်တွေဆို ရင် တစ်ပတ်လောက် ဂျူတီ ဆောင်ရင် ကြာတယ်။ ဂျူတီမ ဆောင်ဘဲသွားလည်းကုန်ကျစရိတ် ကတော့ ဒီလောက်ပဲ။ လမ်းမှာ ပေးရတာ ဂျူတီမဆောင်ရင် တစ် မျိုးလေ" ဟု မြဝတီမှ ကုန်သည် တစ်ဦးကပြောသည်။

ပစ္စည်းဈေးနှုန်းများ သတ် မှတ်ရာတွင် နယ်စပ်ကုန်သွယ်ရေး လိုင်စင်ဈေးနှုန်းနှင့် အကောက် ခွန်မှ ကောက်ခံသော ဈေးနှုန်း များမှာ ကွာခြားချက်များရှိနေ၍ အခက်အခဲဖြစ်နေရကြောင်း ကုန် သည်များက ပြောသည်။

လိုင်စင်လျှောက်ထားစဉ်က ပစ္စည်းများနှင့် တင်သွင်းလာသည့် ပစ္စည်းများ အနည်းငယ်လွဲချော် မှု ဖြစ်နေပါကလည်း တင်သွင်း လာသည့်ပစ္စည်းများပေါ်တွင် ကျသင့်သည့် ဂျူတီကြေးကောက် ခံကာ ဆောင်ရွက်ပေးပါက တရား ဝင် ကုန်သွယ်မှုများ ဖြစ်လာနိုင် ကြောင်း ကုန်သည်များက ပြော သည်။

ထို့အပြင် မြဝတီမှ တရား ဝင်အခွန်ဆောင်ရန် ကုန်သွင်းရာ တွင်လည်း ရုံးဖွင့်အလုပ်လုပ် သော အချိန်သတ်မှတ်ချက်နည်း ခြင်းကလည်း မှောင်ခိုတင်သွင်း သော ဖြစ်ရပ်များကို ပိုဖြစ်ပေါ် စေကြောင်း မြဝတီကုန်သည်များ ကပြောသည်။

မြဝတီနယ်စပ်ရှိအကောက် ခွန်ဌာနတွင် နေ့လယ် ၁၂ နာရီမှ ညနေ၄နာရီအတွင်း၌သာဆောင် နိုင်သည့်အတွက်လည်း ကုန် သည်များ အဆင်မပြေဖြစ်ရ၍ One Stop Service လုပ်၍ ၂၄ နာရီ ဂျူတီဆောင်နိုင်ရန် ဖွင့်ပေး သင့်ကြောင်း ကုန်သည်များက အ ကြံပြုသည်။

# တရုတ်မှ ကျန်းမာရေးထောက်ခံချက်မပါသော ကြက်သားနှင့် ကြက်ဆီဘူးများ ဝင်ရောက်နေကြောင်း စစ်ဆေးတွေ့ရှိ

**အောင်သူရ**
**ရန်ကုန်၊နိုဝင်ဘာ-၁၀**

စူပါမားကက်များတွင် ရောင်းချ နေသော တရုတ်နိုင်ငံရှိမွေးမြူရေး နှင့် ကုသရေးဌာနမှ စားသုံးရန် ထောက်ခံချက် မပါသည့် ကြက် သားနှင့်ကြက်ဆီဘူးများ ရွေ့လျား စစ်ဆေးရေးအဖွဲ့(Mobile Team) က စစ်ဆေးတွေ့ရှိကြောင်း စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဦး ဟန်ကပြောသည်။




တရုတ်ဈေးဝယ်စင်တာတစ်ခုတွင်မြင်တွေ့ရသည့် ကြက်သားစည်သွတ်ဘူးကိုတွေ့ရစဉ်

တရုတ်နိုင်ငံမှ တင်သွင်းလာ သော တရားမဝင် ကုန်ပစ္စည်းများ အား စစ်ဆေးရာတွင် သက်ဆိုင် ရာဌာနက စားသုံးရန်ထောက်ခံ ချက်မပါသော ကြက်သားနှင့် ကြက်ဆီဘူးတန်ဖိုးဝက်ခန့်ကို ကိုး ရက်အတွင်း စစ်ဆေးတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

"မွေးမြူရေးနဲ့ ရေလုပ်ငန်း ကို မေးကြည့်တော့ သူတို့က မ ထောက်ခံဘူး။ သွင်းခွင့်မပေးတဲ့ အတွက် မီးရှို့ဖျက်ဆီးလိုက်တယ်" ဟု ညွှန်ကြားရေးမှူး ဦးဦးဟန်က ပြောသည်။

မူဆယ်မြို့အခြေစိုက် ရွေ့လျား စစ်ဆေးရေးအဖွဲ့က စစ်ဆေးရာ တွင် အထည်အလိပ်များ၊ ကလေး စီးဖိနပ်များ၊ စတီးလ်ပစ္စည်းများ နှင့်စာရေးကိရိယာများမှာ တရား မဝင်လမ်းကြောင်းမှ တင်သွင်းနေ သည်ကို တွေ့ရှိရကြောင်း သတင်း ရရှိသည်။

"ဒီအတိုင်း ဆက်လုပ်နေ မယ်ဆိုရင် ၁၅ တန်လောက်တင် တဲ့ကားကို ၅ တန်လောက်ပဲ ဂျူတီ ဆောင်ပြီး သွားနေတဲ့ ကားတွေ အပြည့်ဆောင်လာနိုင်တဲ့အတွက် ကုန်သွယ်မှုပမာဏတက်လာနိုင် တယ်" ဟု မူဆယ်ဒေသခံ ကုန် တစ်ဦးကဆိုသည်။

ရွေ့လျားစစ်ဆေးရေးအဖွဲ့ စတင်ဆောင်ရွက်သော နိုဝင်ဘာ ၁ ရက်မှစ၍ လိုင်စင်လျှောက် ထားရန် စုံစမ်းသူများလာခဲ့ပြီး ကိုး ရက်အတွင်း လိုင်စင်အစောင် ၄၀ ခန့် ပိုမိုလျှောက်ထားလာကြောင်း အဆိုပါ ညွှန်ကြားရေးမှူးက ပြော သည်။

စတင်စစ်ဆေးသည့် နေ့မှ လေးရက်အတွင်း တရုတ်ယွမ်ငွေ ၂၀,၀၀၀ ကျော်ဖိုးရှိကုန်ပစ္စည်းများ ကိုအခွန်ဆောင်၍ တရားဝင်လမ်း ကြောင်းမှ ကုန်သွယ်ရန် ဆောင် ရွက်ပေးနိုင်ခဲ့သည်။

တရားမဝင် တင်သွင်းမှု ဆောင်ရွက်ခြင်းကို ကုန်သည်အ များစုက ထောက်ခံသော်လည်း မူဆယ်ဒေသတစ်ခုထဲတွင်ဆောင် ရွက်နေခြင်းသည် တရားမျှတမှု မရှိကြောင်း ကုန်သည်များကဆို သည်။

စင်္ကာပူနိုင်ငံ ရေနံဓါတု စက်ရုံတွင်လုပ်ရန်
1. Instrument Fitter (G.T.I (E.P/E.C) / B.A/ B.Sc)
(Electrical) SS 525 ~ 600 +
ပြည်ဘိုင်း UAE နိုင်ငံ အဆင့်မြင့် Super Market တွင်လုပ်ရန်
* Cashier/- (၃၀)ဦး: US 600 +
* Bakery/ - (၁၅)ဦး: US 600 +
* Porter/ - (၁၅)ဦး: US 600 +
Housing Allowance: Dhs 800 U.A.E Labour Law
US 600
15% Discount
License No.022/2012
ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

Life
7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# မြန်မာ့ရိုးရာ အစားအစာဆိုင်တွေ ရှားပါးစာရင်းသွင်းရတော့မလား

**ယုဇနကိုကို၊ ထွန်းခိုင်**

နိုင်ငံခြားသား ဧည့်သည်များက မြန်မာ့ရိုးရာမုန့်စားလို၍ မေးမြန်းခံရလျှင် အမြဲခေါင်းခဲရကြောင်း ဝါရင့်ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဦးထွန်းမြတ်ကပြောသည်။ သန့်ရှင်းလတ်ဆတ်ပြီး စနစ်တကျပြင်ဆင်ထားသည့် မြန်မာမုန့်များကို စားသုံးရန်မှာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသွားများအတွက်သာမက မြန်မာနိုင်ငံသားများအတွက်ပင် အခက်အခဲရှိနေပါသည်။



**မုန့်ဟင်းခါးအရောင်းဆိုင်တစ်ဆိုင်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ရှမ်းခေါက်ဆွဲ၊ ရခိုင်မုန့်တီကဲ့သို့သော တိုင်းရင်းသား အစားအစာရောင်းချသည့် ဆိုင်များသည်ပင်လျှင် ရန်ကုန်မြို့၏ လမ်းမများပေါ်တွင် နေရာယူလာကြသော်လည်း မြန်မာတိုင်းရင်းသားများ၏ သရေစာမုန့်များမှာ လွယ်လင့်တကူ ရှာဖွေရန် ခက်ခဲလျက်ရှိသည်။

“ဘယ်ကမ္ဘာလှည့်ဧည့်သည်မဆို နိုင်ငံတစ်နိုင်ငံကို ရောက်ရင် အဲ့ဒီနိုင်ငံရဲ့ ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုနဲ့ ရိုးရာအစားအသောက်တွေကို စိတ်ဝင်စားကြတယ်။ ဥရောပနိုင်ငံအနှံ့မှာ ထိုင်း၊ တရုတ်စားသောက်ဆိုင်တွေရှိတယ်။ ဒါပေမယ့် မြန်မာ့ရိုးရာ အစားအစာဆိုင်တွေကတော့ ဒီနိုင်ငံမှာတောင် အင်မတန်ရှားတယ်” ဟု ဧည့်လမ်းညွှန်ဦးထွန်းမြတ်ကပြောသည်။

၁၉ ရာစုအလယ်ပိုင်းက အင်္ဂလိပ်အုပ်စိုးမှုနှင့်အတူ ပါလာသည်ဟု ဆိုသော အိန္ဒိယနွယ်ဖွားများ၏ လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှုက ယခုလက်ရှိအချိန်တွင် ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် တစ်နေ့တခြား ပိုမိုများပြားလာနေသည်။ အဆိုပါယဉ်ကျေးမှုနှင့်အတူ ယင်းဆိုင်များတွင် စမူဆာ၊ ပေါက်စီ၊ အသားပေါင်းကဲ့သို့သော အရသာရှိလှသည့် တရုတ်၊ အိန္ဒိယအစားအစာများက အလွယ်တကူဝယ်ယူစားသုံးနိုင်ရန် အချိန်မရွေးရှိနေတတ်သော်လည်း မြန်မာ့ရိုးရာစစ်စစ်မုန့်များမှာမူ ဝယ်ယူစားသုံးရန်အတွက် ရှာဖွေရခက်ခဲလှသည်။

ညနေသုံးနာရီခန့်ရောက်ပါက ရန်ကုန်မြို့၏ လမ်းမများအပေါ်သို့ အလျှိုလျှိုထွက်လာကြသည့် လမ်းဘေးစားသောက်ဆိုင်များတွင်လည်း ဆူရှီကဲ့သို့ ဂျပန်အစားအစာများ၊ ဟမ်ဘာဂါကဲ့သို့ အနောက်တိုင်းအစားအစာများ ၊ အစပ်အရသာကဲသော ထိုင်း အစားအသောက်များကို အလွယ်တကူ ဝယ်နိုင်သော်လည်း မြန်မာမုန့်များမှာမူ ဝယ်ယူရန်အတွက် ခက်ခဲလွန်းလှသည်ဟု ရန်ကုန်မြို့ခံများက ညည်းတွားကြသည်။

“ဒီမှာက အသင့်စား အစားအစာတွေ အရမ်းများလာတယ်။ သူများနိုင်ငံက အစားအစာတွေ စားချင်စိတ်တွေဖြစ်လာတယ်။ ဒါဟာလူမျိုးတစ်မျိုးရဲ့ ဥပမိရုပ်ပျောက်သွားခြင်းလို့ ပြောလို့ရတယ်။ မြန်မာရိုးရာမုန့်ဆိုင်တွေ ခုချိန်မှာ ဒီ့ထက်မက ရှိသင့်ပြီ” ဟု စာရေးဆရာမောင်သာချိုက ပြောသည်။

မီးခိုးမထွက်သည့် စက်ရုံများဟု တင်စားခေါ်ဝေါ်သည့် ကမ္ဘာ့လှည့်ခရီးသည်များအား ဆွဲဆောင်ကြသည့် အရာများအနက် တစ်ခုမှာ ဒေသန္တရအစားအစာများဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများက ခရီးသွားများအတွက် ၎င်းတို့ရိုးရာမုန့်များကို စနစ်တကျပြုလုပ်ကာ တည်ခင်းရောင်းချနိုင်ပါက တစ်ဟုန်ထိုး တိုးတက်ဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်မှုအသစ်အဖြစ် ပြုလုပ်နိုင်ကြောင်း ဧည့်လမ်းညွှန်များက ဆိုပါသည်။

အိမ်နီးချင်းထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၏ လမ်းဘေးဝဲယာရှိ ထိုင်းရိုးရာ အစားအစာရောင်းချသည့် ဆိုင်များတွင် နိုင်ငံခြားသားဧည့်သည်များဖြင့် ပြည့်နှက်နေလေ့ရှိသော်လည်း ရန်ကုန်မြို့ လမ်းဘေးမုန့်ဆိုင်များတွင်မူ အခြေခံလူတန်းစားများကသာ အများဆုံး ဝယ်ယူနေကြသည်။

အိမ်နီးချင်းနိုင်ငံများသည်လည်း ၎င်းတို့ ရိုးရာအစားအစာများကို လူတိုင်းခံတွင်းတွေ့စေနိုင်လောက်သည့် အရသာမျိုးရရှိအောင် ပြုပြင်မှုအချို့ ပြုလုပ်ကာ ရောင်းချပြီး အဆိုပါဓလေ့ကို အတုယူသင့်ကြောင်း ဧည့်လမ်းညွှန်များကဆိုသည်။

စာ(၁၁)သို့



## အိုးစလေး ချက်ကြရအောင်

## ချဉ်ပေါင်ပလပ်နီကြော်



ဒီတစ်ပတ်ဝိုက်ဖီပရိသတ်ကြီး ချဉ်ချဉ်စပ်စပ်စားနိုင်ဖို့ ချဉ်ပေါင်နီကို ဝက်သားသုံးထပ်သားလေးနဲ့ ဆီပြန်ကြော်ထားပါတယ်။

ရာသီပေါ် ချဉ်ပေါင်ပလပ်နီ ၁၀ ကျပ်သား၊ ဝက်သားသုံးထပ်သား ၁၀ကျပ်သား၊ ငရုတ်သီးခွဲကြမ်းအနည်းငယ်၊ ငရုတ်သီးစိမ်းတို့ပဲ လိုပါတယ်။

ဝက်သားကိုပြုတ်ပြီးအတုံးသေးသေးလေးတွေလှီးထားပါ့မယ်။ ချဉ်ပေါင်ပလပ်ကိုလည်း ထောင်းထားပါ။ ပြီးရင်ကြက်သွန်ဖြူနီကို ဆီနိုင်နိုင်လေးနဲ့ ဆီသတ်ပါ။ ငါးပိနဲ့ ခွဲစိတ်ကြမ်းလည်း ထည့်ပါမယ်။ အဲဒီနောက်ဝက်သားတုံးလေးတွေထည့်ပါ။ နောက်ဆုံးမှ ထောင်းထားတဲ့ ချဉ်ပေါင်ပလပ်တွေနဲ့ ငရုတ်သီးစိမ်းတွေ ထည့်ပြီး ဆီပြန်လာအောင် မွှေပြီးကြော်ရုံပါပဲ။

အရသာရှိတဲ့ချဉ်ချဉ်စပ်စပ်ချဉ်ပေါင်ပလပ်ကြော်က အသီးအရွက်ကြော်တွေနဲ့ တကယ်လိုက်ဖက်ပြီး ခံတွင်းမြိန်တဲ့ဟင်းတစ်ခွက်ပဲဖြစ်ပါတယ်။

## အရောင်စုံ ပုံတော်ဖိနပ်များ ကတ္တီပါဖိနပ်များ ဝယ်ယူရနိုင်မယ့်နေရာ



ဓာတ်ပုံ-ကျော်ဇင်သန်း

**အိဖြူလွင်**

အခုအချိန်ဟာ မိုးလေကင်းလွတ်သီတင်းကျွတ် အခါသမယကျော်လွန်အပြီး မြန်မာတို့ရဲ့ ထုံးတမ်းအစဉ်အလာအရကျင်းပတဲ့ ပွဲတော်တွေ၊ အလှူမင်္ဂလာပွဲတွေ ပေါများတဲ့အချိန်မဟုတ်လား။

အလှူပွဲလမ်းတွေသွားတိုင်း အများစုက မြန်မာရိုးရာဝတ်စုံကို အများဆုံးဝတ်ဆင်လေ့ရှိကြပြီး ဝတ်စုံမှာ မပါရင်မဖြစ်တဲ့ ရိုးရာ ဖိနပ်ကို ကိုယ့်စိတ်ကြိုက်ပုံစံ မှာယူလို့ရော အသင့်ရှိပြီးသားတွေထဲက ဒီဇိုင်းကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ရုံသာမက ပုံတော် ကတ္တီပါဖိနပ်တွေ ရနိုင်တဲ့ နေရာကို လမ်းညွှန်ပေးလိုက်ပါတယ်။

ဖိနပ်တွေက ပုံတော် ကတ္တီပါကို စိန်၊ ကျောက်၊ ကနုတ်တွေနဲ့ နောက်ဆုံးပေါ် လူငယ်ကြိုက်ဒီဇိုင်းတွေကို ပေါင်းစပ်ထားပေးတဲ့ ဖိနပ်တွေ ဒီဆိုင်မှာရနိုင်ပါတယ်။

ပုံတော်ကတ္တီပါဖိနပ်တွေ ဆိုရင် အရင်က အနက်ရောင်နဲ့ ရှားရှားရောင်လောက်ပဲ စီးခဲ့ကြရာကနေ ခုချိန်မှာ ပန်းရောင်၊ အဝါရောင်တွေထိ ယောက်ျားလေး၊ မိန်းကလေးအားလုံးက စီးလာကြတာမို့ ဒီဇိုင်းတွေကလည်း ခေတ်နဲ့အပြိုင် ဆန်းသစ်လာပါတယ်။

ဒီလိုဖိနပ်တွေက လက်မှုအနုပညာပစ္စည်းဖြစ်တာကြောင့် ဧည့်ခံပွဲတွေ၊ ရှိုးပွဲတွေ၊ အလှူမင်္ဂလာဆောင်တွေမှာ ဆင်တူစီးချင်သူတွေ၊ ချစ်သူစုံတွဲတွေ၊ မင်္ဂလာမောင်နှံတွေ အတွက်ပါ လိုချင်တဲ့ အရောင်နဲ့ ဒီဇိုင်းကို စိတ်ကြိုက် ရွေးချယ်နိုင်တာပါ။

ဖိနပ်တွေက ပုံစံဒီဇိုင်းပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားသလို ကျောက်အနည်းအများ၊ စိန်အနည်းအများပေါ်မူတည်ပြီးတော့လည်း ဈေးနှုန်းကွာခြားတာပါ။ အနိမ့်ဆုံးအနေနဲ့ ၃,၀၀၀ ကျပ်လောက်ကစပြီး ၁၅,၀၀၀ တန်လောက်အထိ ရှိတယ်လို့လည်း သိရပါတယ်။

အခမ်းအနားတက်ဖို့ပုံတော်ကတ္တီပါဖိနပ်တွေကို ဝယ်မယ်ဆိုရင်တော့ အောက်ကြည့်မြင်တိုင်လမ်းမပေါ် ကြည့်မြင်တိုင်ဘူတာအနီးက **ပြေလည်**ဖိနပ်ဆိုင်မှာ ရနိုင်ပါတယ်လို့ လမ်းညွှန်ပေးလိုက်ရပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# ဂျပန်အစိုးရက ဘုန်းတော်ကြီးသင်ကျောင်းများအတွက် ကန်ဒေါ်လာ ၁၈၀,၀၀၀ ကျော်ထောက်ပံ့

**ရန်ကုန်၊ နိုဝင်ဘာ -၉**

ဂျပန်အစိုးရသည် ၎င်း၏အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အရ မွန်ပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးရှိဘုန်းတော်ကြီးသင်ကျောင်းနှစ်ကျောင်းတွင် စာသင်ဆောင်သစ်များ တည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ တစ်သိန်းရှစ်သောင်းကျော်ကို ယခုလ ၈ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း ဂျပန်သံရုံးကထုတ်ပြန်သည်။



ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ခုမှ ကလေးငယ်များကိုတွေ့ရစဉ်

ဆင်းရဲနွမ်းပါးသောမိသားစုများမှ ကျောင်းသား ၁၈၀ကျော် နေရာ အခက်အခဲဖြင့် စာသင်ကြားနေရသည့် မန္တလေးတိုင်းဒေသကြီး၊ တောင်အင်းကျေးရွာ၊ အမှတ် ၁၃ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်းအတွက် အမေရိကန်ဒေါ်လာ ၉၈၅၇၂ကိုလည်းကောင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သီရိမင်္ဂလာရပ်ကွက်၊ မြို့တော်ဦးဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်းအတွက် အမေရိကန်ဒေါ်လာ ၈၂၀၂၁ကိုလည်းကောင်းလှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာအိချိယိုမာယုရာမနှင့်ဘုန်းတော်ကြီးသင်ကျောင်းများမှတာဝန်ရှိသူများက ယခုလ ၈ရက်ကသဘောတူစာချုပ်များလက်မှတ်ရေးထိုးခဲ့ကြသည်။

# ဩစတြေးလျအမျိုးသမီးစာရေးဆရာ မြန်မာကလေးများအတွက် ပညာရေးဖောင်ဒေးရှင်းဖွဲ့မည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

ဩစတြေးလျနိုင်ငံမှ တက်ကြွလှုပ်ရှားသူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားအဖြစ် ထင်ရှားသော အမျိုးသမီးစာရေးဆရာ Di Morrissey က မြန်မာကလေးငယ်များ၏ ပညာရေးပံ့ပိုးကူညီဆောင်ရွက်ရန် The Golden Land Education Foundation ကို ဖွဲ့စည်း တည်ထောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံအကြောင်း ရေးသားထားသော The Golden Land အမည်ဖြင့် စာအုပ်ရေးသားထုတ်ဝေထားသည့် စာရေးဆရာသည် နိုဝင်ဘာလဒုတိယပတ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ပြီး အဆိုပါ ပညာရေးဖောင်ဒေးရှင်းကို စတင်ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ကြောင်း ၎င်း၏ ကိုယ်ရေးအရာရှိဖြစ်သူ Ms. Julia Driscoll ကပြောသည်။

“ကျွန်မမြေးလေးတွေ ရရှိနေတဲ့ အခွင့်အရေးနဲ့ လွတ်လပ်မှုကို ကြည့်မြင်မိတယ်။ မြန်မာကလေးတွေအားလုံးကိုလည်း အဲဒီလိုမြင်တွေ့လိုပြီး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်အပြောင်းအလဲမှာ အထောက်အကူဖြစ်စေချင်ပါတယ်။ ဩစတြေးလျက ကျောင်းသားတွေ၊ ခရီးသွားတွေ၊ အငြိမ်းစားတွေ ဒီစေတနာ့ဝန်ထမ်း စီမံကိန်းမှာ ပူးပေါင်းပါဝင်လာပြီးတော့ လက်တွေ့ကျတဲ့ ဘဏ္ဍာရေးဆိုင်ရာ ထည့်ဝင်လှူဒါန်းကြလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်”ဟု Ms.Di Morrissey က သူမ၏ ဝက်ဆိုက်တွင် ရေးသားထားသည်။

အဆိုပါဖောင်ဒေးရှင်းသည် စာသင်ကျောင်းများ တည်ဆောက်ခြင်း၊ စာအုပ်နှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးကူညီခြင်း၊ မြန်မာဆရာများအတွက် သင်ကြားရေးနှင့် ထောက်ပံ့ကူညီပေးခြင်းနှင့် မြန်မာကလေးငယ်များအတွက် ဩစတြေးလျနိုင်ငံနှင့် အခြားနိုင်ငံများမှ ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်သွားရန် ရည်ရွယ်တည်ထောင်ခြင်းဖြစ်သည်။









7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.36 · NOVEMBER 15 , 2012

## မျက်နှာဖုံး-မြန်မာစာ သင်ယူသော နိုင်ငံခြားသား များလာ မှ

ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်တွင် နှစ်စဉ် နိုင်ငံတကာ ကျောင်းသား ၄၀ ဦးခန့် တက်ရောက်ပညာသင်ယူလေ့ရှိခဲ့သော်လည်း ယခုနှစ်ပိုင်း၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ကျောင်းသား ၈၇ ဦးနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းသား ၁၀၀ ဦးထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

နိုင်ငံခြားသားများသည် သံတမန်ရေးရာလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာနိုင်ငံများတွင် မြန်မာဘာသာစကား သင်ကြားသော ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ရန် ဘာသာပြန်လုပ်ငန်းများဆောင်ရွက်ရန်နှင့်စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုရန် မြန်မာဘာသာစကားကိုသင်ယူနေကြခြင်းဖြစ်ပြီး လာမည့်စာသင်နှစ်တွင် ကျောင်းသားဦးရေ ပိုမိုမြင့်တက်လာနိုင်ကြောင်း ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

မြန်မာဘာသာစကား လာရောက်သင်ယူကြသော နိုင်ငံခြားသားများအနက် တရုတ်နိုင်ငံသားက အများဆုံးဖြစ်နေပြီး ထို့နောက် အများဆုံးစာရင်းတွင် ကိုရီးယားနိုင်ငံသားနှင့် ဂျပန်နိုင်ငံသားတို့ ရှိနေကာ ဗီယက်နမ်နိုင်ငံသားများလည်း လာရောက်သင်ယူမှု မြင့်တက်လာကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်ကတော့ ၁၆ ယောက်၊ လာမယ့်နှစ်အတွက် ကျောင်းသား ၃၇ ဦးတက်ရောက်ဖို့ရှိပါတယ်။ ကျွန်တော်တို့ဆီကိုတော့ တရုတ်နိုင်ငံကပဲ လာကြတယ်။ ကျောင်းလျှောက်ထားတဲ့သူအများစုကိုဝင်ခွင့်ပေးပါတယ်။ တစ်နှစ်ကျွမ်းကျင်မှုသင်တန်းကို အများစုတက်ရောက်ကြတယ်"ဟု မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာဇော်လင်းက ပြောသည်။

ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်တွင် မြန်မာဘာသာစကား လာရောက်သင်ယူနေသော ကျောင်းသားများမှာ ဩစတြေးလျ၊ အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဘရာဇီး၊ တရုတ်၊ အင်္ဂလန်၊ပြင်သစ်၊ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ ကိုရီးယား(တောင်၊မြောက်)၊ လာအို၊ လစ်သူယီးနီးယား၊ မလေးရှား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ရုရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဗီယက်နမ်နှင့် ဩစတြေးလျနိုင်ငံများမှဖြစ်ကြောင်း သိရသည်။

"ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှာ မြန်မာဘာသာစကားအခြေခံသင်တန်းအတွက် တစ်နှစ်နီးပါးလောက် တက်ရောက်ခဲ့ပါတယ်။ တရုတ်ကောလိပ်ကနေ ဝင်ခွင့်စာမေးပွဲအောင်တော့ လူသိနည်းတဲ့ ဘာသာစကားသင်တန်းကို ရွေးချယ်သင်ယူချင်ခဲ့တာပါ။ အဲ့ဒီတုန်းကတော့ လွယ်မယ်လို့ ထင်ခဲ့တာ၊ မြန်မာဘာသာစကား စသင်တဲ့အချိန်ကျမှ ခက်ခဲမှန်းသိသွားတယ်။ ဒါပေမယ့်အခုတော့ အဆင်ပြေနေပြီလို့ ခံစားရပါတယ်။ မြန်မာလူမျိုးတွေကလည်း အရမ်းခင်ဖို့ကောင်းပြီး ဖော်ရွေတယ်လေ"ဟုမြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတွင် တာဝန်ထမ်းဆောင်နေသော အသက် ၂၃ နှစ်အရွယ် တရုတ်အမျိုးသမီးတစ်ဦးက ပြောသည်။

နိုင်ငံခြားသားအများစုသည် မိမိအစီအစဉ်ဖြင့် မြန်မာဘာသာစကားကို လာရောက်သင်ယူနေကြခြင်းဖြစ်ပြီး အစိုးရချင်း ချိတ်ဆက်မှုဖြင့် တက်ရောက်သူများလည်း ရှိနေကာ ကျောင်းလခမှာ ပညာသင်တစ်နှစ်အတွက် အက်ဖ်အီးစီ ၁၅၀၀ သတ်မှတ်ထားကြောင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ သိရသည်။

ဂျပန်နိုင်ငံတွင်လည်းမြန်မာဘာသာစကားသင်ယူရန် စိတ်ဝင်စားမှုမြင့်တက်နေပြီး လူကြီးပိုင်းအရွယ်က အဓိကလေ့လာသင်ယူနေကြောင်း Tokyo University of Foreign Studies ရှိ မြန်မာစာဌာနတွင်မြန်မာစာလက်ထောက်ဆရာမ တာဝန်ထမ်းဆောင်နေသော မထက်ထက်နု‌ဝေးက ပြောသည်။

"မြန်မာဘာသာစကားသင်ယူတဲ့သူတွေ များလာပါတယ်။ လူ ကြီးပိုင်းတွေ သင်ကြတာများတယ်။ လူငယ်ပိုင်းကတော့ အဲ့ဒီလောက် မဟုတ်ဘူး" ဟု သူမကပြောသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင် ပြောင်းလဲရေးအခြေအနေများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများပေါ်ပေါက်လာခြေရှိသဖြင့် ထိုင်းနိုင်ငံတွင်လည်း မြန်မာဘာသာစကားသင်ယူရန် စိတ်ဝင်စားသူဦးရေ မြင့်တက်လာနေကြောင်း Channel News Asia စင်ကာပူအခြေစိုက် သတင်းဌာနမှ ထုတ်ဖော်ရေးသားထားသည်။

## စာ-၅၊ ဒေါ်အောင်ဆန်းစုကြည် တင်သွင်းသော နိုင်ငံအတွက် အရေးကြီးသော အဆိုနှစ်ခုစလုံး အောင်မြင်မှ

အဆိုပါ ဆေးရုံ၏ အခြေခံလိုအပ်ချက်များ ချို့တဲ့နေခြင်းနှင့်ပတ်သက်၍ "ဆေးရုံတစ်ခုရဲ့ အနိမ့်ဆုံးရှိသင့်ရှိထိုက်တာထက်ကို နည်းနေတာ တွေ့ရလို့ ဝမ်းနည်းစရာကောင်းပါတယ်"ဟု ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင်အကြီးဆုံး၊ အရေးအပါဆုံးဖြစ်သော ၎င်းဆေးရုံကြီးတွင် ထိုကဲ့သို့ နိမ့်ကျနေပါက အခြားသော ဆေးရုံများအတွက်မူ ပိုဆိုးမည်သာဖြစ်ကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်ကပင် ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးက အားကိုးနေရသည်ဟုဆိုသော အထက်ပါဆေးရုံကြီးအား ထိုကဲ့သို့ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းပါက ပြည်တွင်းပြည်ပမှ အထောက်အပံ့များရနိုင်ကြောင်း၊ အထောက်အပံ့အတွက် ကတိကဝတ်ပေးထားသော နိုင်ငံများရှိကြောင်းလည်း ယင်းကဆွေးနွေးပြောကြားသည်။

ခုတင် ၁၅၀၀ ဟုသတ်မှတ်ထားသော ရန်ကုန်ဆေးရုံကြီးတွင် လူနာလာရောက်မှုများလွန်း၍ တစ်ခါတစ်ရံခုတင် ၁၈၀၀၊ ၂၀၀၀ အထိ တိုးချဲ့ရသည်များရှိကြောင်း၊ သို့သော်လည်း အခြေခံကုသမှုကို တာဝန်ယူရသည့် လက်ထောက်ဆရာဝန်ခန့်ထားမှု နည်းနေသောကြောင့် မတန်တဆ တာဝန်ယူနေရကြောင်း အဆိုပါဆေးရုံမှ ဆရာဝန်တစ်ဦးကပြောသည်။

လက်ထောက်ဆရာဝန်များမှာ လုပ်သက်နှစ်နှစ်ပြည့်သော်လည်း စာကျက်ချိန်၊ ခွင့်ယူချိန်သာ ရသည့်အတွက် ၉၀ ရာခိုင်နှုန်းခန့် MSC ဝင်၍မရကြောင်း၊ ၎င်းအခြေအနေများကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများဖြစ်ပေါ်လာပြီး ယုံကြည်မှုလျော့နည်းလာကြကြောင်းလည်း အထက်ပါ ဆရာဝန်တစ်ဦးက ပြောသည်။

## စာ-၃၊ ပြည်ထောင်စုဝန်ကြီး၏သားတစ်ဦးအား အမျိုးသမီးတစ်ဦး တရားစွဲ မှ

ယခုအမှုတွင် စွပ်စွဲခံရသူကို သီဟအောင်မှာ လက်ရှိသမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ သားဖြစ်ကြောင်း တရားလိုနှင့် ၎င်း၏ရှေ့နေများက အတည်ပြုပြောကြားသည်။ ယခုအမှုကို မမြနန္ဒာညွန့်ဘက်မှ တရားစွဲဆိုနေစဉ်အတွင်း ကိုသီဟအောင်၏ မိသားစုဘက်မှ ကွာရှင်းရန် ငါးကြိမ်တိတိ လာရောက်ကမ်းလှမ်း ပြောကြားခဲ့ကြောင်း၊ မကွာရှင်းပါက သတင်းစာများတွင် ၎င်းတို့၏ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်ထည့်သွင်းမည်ဟု ပြောကြားခဲ့သည်ဟု ဆိုသည်။ မမြနန္ဒာညွန့်ဘက်မှ တရားစွဲဆိုထားသည့်အတွက် စက်တင်ဘာလ ၂၇ ရက်ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက် ထည့်သွင်းဖော်ပြခဲ့ကြောင်း မမြနန္ဒာညွန့်နှင့် သတင်းစာပါကြေညာချက်များအရ သိရသည်။ "ကျွန်မနဲ့လက်ထပ်ပြီး နှစ်ပတ်လောက်တုန်းကလည်း မိဘတွေရဲ့ပိုင်ဆိုင်မှုကို သားဖြစ်သူက ရောင်းချလက်လွှဲခွင့် မရှိဘူးဆိုပြီး သတင်းစာမှာ ကြေညာပါသေးတယ်။ ကျွန်မ ငွေမလိုပါဘူး။ ငွေမက်လို့ သူ့ကိုလက်ထပ်တာ မဟုတ်သလို တရားစွဲတာလည်း မဟုတ်ပါဘူး" ဟု မမြနန္ဒာညွန့်ကပြောသည်။

အဆိုပါအမှုကိုနိုဝင်ဘာ ၂၁ ရက်တွင် ပြန်လည်ချိန်းဆိုထားပြီး စွပ်စွဲခံရသူ ကိုသီဟအောင်တရားရုံးရှေ့သို့ လာရောက်ရန် သမ္မာန်စာဆင့်ခေါ်ထားကြောင်း သတင်းရရှိသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကိုသီဟအောင်ထံ 7Day News က ဖုန်းဖြင့်ဆက်သွယ်မေးမြန်းရာ "ဘာမှပြောစရာမရှိပါဘူး" ဟု ပြန်လည်ဖြေကြားခဲ့သည်။

## စာ(၄၁) ထားဝယ်အတွက် မာတာပွတ် သင်ခန်းစာ မှ

ရယောင်းဒေသတွင် စက်ရုံများတည်ဆောက်ပြီးနောက်မှ ကိုယ်ခန္ဓာချို့ယွင်းသူများနှင့် မသန်စွမ်းသူများအတွက် နှစ်ဧကကျော်ခန့် ကျယ်ဝန်းမည့် မြေပေါ်တွင်ကျောင်းဆောက်လုပ်ကာ ဖွင့်လှစ်ပေးခဲ့သည်။ ၁၀ နှစ်တာကာလအတွင်း နာမကျန်းဖြစ်သူဦးရေမှာ အဆမတန်မြင့်တက်လာသည့်အတွက် ရယောင်းမှ ဆေးရုံများကို တိုးချဲ့ဆောက်လုပ်လိုက်ရပြီး ဆေးရုံများတွင် ဆေးဝါးမလုံလောက်မှု၊ ကျန်းမာရေးဝန်ထမ်းမလုံလောက်မှုများ ကြုံတွေ့နေရကြောင်း ရယောင်းဒေသ ပြည်သူ့ကျန်းမာရေးဌာနမှ ကျွမ်းကျင်ဝန်ထမ်းတစ်ဦးက ပြောသည်။

"တစ်ဖက်က စီးပွားရေးတိုးတက်ဖို့ လုပ်သလို တစ်ဖက်မှာလည်း အခြားကျန်းမာရေးနဲ့ အရေးကြီးတဲ့ ကိစ္စတွေရှိသေးတယ်။ ဒါကို အချိုးညီညီလုပ်နိုင်ဖို့ အရေးကြီးတယ်။ မြန်မာအစိုးရအနေနဲ့ ထားဝယ်စီမံကိန်းကို မာတာပွတ်က သင်ခန်းစာကို နမူနာယူပြီး ဆက်လုပ်သင့်တယ်လို့ထင်တယ်" ဟု ယင်းကပင် အကြံပြုပြောကြားသည်။

ထားဝယ်ဒေသတွင် ထိုင်းမှ အဓိက ရင်းနှီးမြှုပ်နှံမှုစီမံကိန်းဖြစ်သော ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်စက်မှုစီမံကိန်း ကနဦးစတင်ပြီး မကြာမီမှာပင် အစိုးရက မဂ္ဂါဝပ် ၄၀၀၀ ကျောက်မီးသွေး လျှပ်စစ်စက်ရုံကို ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ဧကငါးသောင်းကျော် မြေနေရာပေါ်တွင် အကြီးစားစက်ရုံ အလုပ်ရုံများကို ဆက်လက်တည်ဆောက်သွားမည်ဟု သတင်းထုတ်ပြန်သည်။

အမေရိကန် ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုနှင့် ၁၀ နှစ်တာအတွင်း အပြီးအကောင်အထည်ဖော်သွားမည်ဟု အစိုးရက သတင်းထုတ်ပြန်ထားသဖြင့် နောင် ၁၀ နှစ်ကျော်ကြာလျှင် ထားဝယ်ကောင်းကင်ပြင်တွင် မာတာပွတ်တွင်ကဲ့သို့ မီးခိုးငွေ့များ ပြန့်ကြဲနေပေလိမ့်မည်။

တစ်ချိန်က ခရီးသွားဆွဲဆောင်မှု တစ်နေရာဖြစ်ခဲ့သော မာတာပွတ်ကမ်းခြေပြာလဲ့လဲ့မှ အမည်းဖတ်၊ အမှိုက်များနှင့် နောက်ကျိနေသောပြာရည်ရောင်ပြောင်းသွားသကဲ့သို့ ထားဝယ်မောင်းမကန်ကမ်းခြေအရောင်ပြောင်းသွားမည်လားဆိုသည်ကတော့မေးခွန်းတစ်ခုဖြစ်နေသည်။

မာတာပွတ် ဒေသခံများက နောက်ကျမှသိခဲ့ရသော စက်ရုံအလုပ်ရုံများမှ ဓာတုအဆိပ်များကြောင့် ယင်းတို့၏ ကျန်းမာရေးနှင့်လူမှုဘဝအထွေထွေကိုဆိုးရွားစွာ သက်ရောက်ခဲ့ရခြင်းကို နည်းမျိုးစုံဖြင့် အားအင်ရှိသမျှ တားဆီးခဲ့သော်လည်း နောက်ဆုံးတွင် အားမတန်မာန်လျှော့ခံရကြောင်း ဒေသခံများက မြန်မာသတင်းသမားများကို ပြောသည်။

"မလုပ်ခင်ကတည်းက ဘာမှမလုပ်စေတာကောင်းတယ်။ အကောင်းဆုံးကတော့ တိုင်တစ်တိုင်တောင်လာအစိုက်မခံနဲ့"ဟု ခံပြင်းဒေါသထွက်နေဟန်ရှိသော ဒွန်ဖယူက မြန်မာသတင်းသမားများမှတစ်ဆင့် ထားဝယ်ဒေသခံများကို စကားပါးလိုက်ပါသည်။

## စာ-၄၊ တရားသူကြီးအပါအဝင် တရားရေးဝန်ထမ်းခုနစ်ဦးအား ရာထူးမှ ရပ်စဲ မှ

အမှုအခင်းများ ပိုမိုဖြစ်ပွားလေ့ရှိပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တိုင်စာများ အသနားခံစာများ တင်ရာတွင် တရားသူကြီးများကိုပါထည့်တိုင်လေ့ရှိသည်ဟုတိုင်းဦးစီးမှူးကပြောသည်။

"တချို့တွေက အမှုက ရဲစခန်းပဲရှိသေးတယ်။ တရားသူကြီးကိုပါ ထည့်တိုင်ထားပြီ။ တရားသူကြီးတွေမှာ သာမန်လိုက်နာရမယ့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေအပြင် သီးခြားလိုက်နာရမယ့် ကျင့်ဝတ်သိက္ခာတွေ ရှိပါတယ်။ ကျွန်တော်တို့က လာဘ်ငွေနဲ့ပတ်သက်ရင် သံသယဖြစ်ဖွယ်တွေ့ရင်ကို အရေးယူပါတယ်"ဟု တိုင်းဦးစီးမှူးကပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်တရားရုံး(၈)ရုံး မြို့နယ်တရားရုံး ၃၂ ရုံးရှိသည်။ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးအတွက် မြို့နယ်၊ ခရိုင်၊ တိုင်း တရားခွင်တိုင်းတွင် အမှုများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆုံးဖြတ်ပေးမည်ဖြစ်ပြီး တရားရုံးဆိုင်ရာလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်၍ လာဘ်ငွေပေးရန်မလိုကြောင်း၊ လာဘ်ငွေတောင်းခံပါက တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဖုန်း ၀၂-၂၄၉၃၅၊ ဖက်စ် ၀၂-၃၃၄၂၄ သို့တိုင်ကြားနိုင်ကြောင်းသတင်းရရှိသည်။

## စာ-၂၊ မိုဘိုင်းဖုန်းဖြင့် အင်တာနက်သုံးစွဲသူ ၄၅၀,၀၀၀ ကျော် မှ

အပြိုင်အဆိုင် ဝင်ရောက်လာခြင်းတို့ကြောင့် ပြည်တွင်းအင်တာနက်အသုံးပြုမှုပမာဏသည် ဆက်လက်တိုးတက်လာမည့် အနေအထားတွင်သာ ရှိနေကြောင်း အဆိုပါ ဈေးကွက်စောင့်ကြည့်သူအချို့က ဆိုကြသည်။

ထို့အပြင် အွန်လိုင်းပေါ်မှ ပြည်တွင်း၊ ပြည်ပ သတင်းများကို သုံးစွဲသူများက အချိန်နှင့်တစ်ပြေးညီ သိရှိလိုမှုများက မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းအင်တာနက်အသုံးပြုမှု ရာခိုင်နှုန်းကို မြင့်တက်လာစေသည့်အချက်ဟုပြည်တွင်းကွန်ပျူတာပညာရှင်အချို့ကဆိုသည်။

သို့သော်မြန်မာ့အင်တာနက်မြန်နှုန်းသည် မိုဘိုင်းဖုန်းများအပေါ် အသုံးပြုရာ၌ စီဒီအမ်အေဖုန်းလိုင်းပေါ် အသုံးပြုရသော အင်တာနက်လိုင်းများက ကောင်းမွန်သော်လည်း ဂျီအက်စ်အမ်ဖုန်းလိုင်းပေါ် အသုံးပြုရသော အင်တာနက်လိုင်းများက အလုပ်မဖြစ်ကြောင်း သုံးစွဲသူများထံမှ သိရသည်။

998 ကရုဏာတိုင်းရင်းဆေးကုခန်း

Health
7DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# ငါးမျိုးစပ်ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ဆေးထိုးပျက်လျှင် ရောဂါငါးမျိုး ကာကွယ်နိုင်ခွင့်ဆုံးရှုံးမည်

**မြတ်စုမွန်၊ မေဝင်းမွန်**
**နေပြည်တော်၊နိုဝင်ဘာ-၅**

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ငါးမျိုးစပ်ရောဂါကာကွယ်ဆေးသစ်ကိုလည်း စတင်ထည့်သွင်းလိုက်ပြီဖြစ်ရာ တစ်ကြိမ်ပျက်ကွက်ပါက ကလေးငယ်များ ရောဂါငါးမျိုးမှ ကာကွယ်နိုင်သည့် အခွင့်အရေးဆုံးရှုံးနိုင်သည်ကို အထူးသတိပြုသင့်ကြောင်း ကျန်းမာရေးဦးစီးဌာန၊ ကူးစက်ရောဂါနှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ကပြောသည်။



**အင်ဒိုနီးရှားနိုင်ငံမှ ဖျားနာနေသောကလေးငယ်တစ်ဦး**

ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါဘီရောဂါ၊ ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါနှင့် အဆုတ်ရောဂါများ ဖြစ်ပွားသေဆုံးမှုကို ကာကွယ်မည့် ငါးမျိုးစပ် (Pentavalent)ကာကွယ်ဆေးအပြင် ဝက်သက်ရောဂါကာကွယ်ဆေးဒုတိယအကြိမ် ဆေးသစ်ကိုလည်း ငါးနှစ်စီမံကိန်းဖြင့် တစ်နှစ်အောက်ကလေးငယ်များအားထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

"ဒီ ငါးမျိုးစပ်ဆေးသစ်ကလုံးဝမထိုးဖူးသေးတဲ့ တစ်နှစ်အောက်ကလေးတွေကိုပဲ ထိုးပေးသွားမှာပါ။ ဆေးထိုးဖို့ တစ်ကြိမ်လွတ်သွားရင် ရောဂါငါးမျိုးစာကာကွယ်ဖို့ လွတ်သွားမှာဖြစ်လို့ ကလေးတွေကို ကာကွယ်ဆေးမှန်မှန်ထိုးပေးပါ။ အရင်ထိုးလက်စရှိတဲ့ကလေးတွေကတော့ အရင်ဆေးတွေကိုပဲ ဆက်ထိုးသွားရတယ်။ အခုအသစ်မှာက အရင်ဆေးဟောင်းတွေလည်း ပါနေတဲ့အတွက် အသစ်ကို ထပ်ထိုးရင်မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေဖြစ်လာနိုင်တယ်။ အသစ်ဆိုပြီး ထိုးချင်တဲ့ မိဘတွေရဲ့ စိတ်မှာ ရှုပ်ထွေးသွားမှာစိုးလို့ပါ"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်ကပြောသည်။

ကလေးငယ်များအတွက် ကာကွယ်ဆေးများကို ယခင်က နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများက ပံ့ပိုးခဲ့သော်လည်း ယခုနှစ်တွင် အဖွဲ့အစည်းများက အစိုးရ၏ပူးပေါင်းပါဝင်မှုနှင့် တာဝန်ခံမှုကို တောင်းဆိုလာခြင်းကြောင့် အစိုးရက ငါးနှစ်စာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်း ထည့်ဝင်လျက် GAVI အဖွဲ့၏ အလှူထည့်ဝင်ငွေဖြင့် ပေါင်းစပ်ကာ ဝယ်ယူထိုးနှံပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် ကလေးငယ်တစ်ဦးတစ်ယောက်မျှ မကျန်စေဘဲ ကာကွယ်ဆေးအားလုံးကို သတ်မှတ်ကာလအပိုင်းအခြားအတိုင်း သတ်မှတ်ကြိမ်ရေပြည့်အောင် ထိုးနိုင်ရန်အတွက်လည်း အများပြည်သူက ပူးပေါင်းပါဝင်ပေးရန်လိုအပ်ကြောင်း ဒေါက်တာစောလွင်ကပြောသည်။

"ဆေးတွေက အရမ်းတန်ဖိုးရှိပါတယ်။ ဒါကြောင့် လူထုကိုယ်တိုင်ကြိုးစားပါဝင်ပေးဖို့ လိုပါတယ်။ ကျေးလက်ဒေသတွေမှာ စားဝတ်နေရေးအတွက် ရုန်းကန်နေရတဲ့အတွက် ကလေးတွေကို ကာကွယ်ဆေးထိုးဖို့ခေါ်မလာဘူး။ အလှူဆိုတာ အမြဲတမ်းရနေမှာ မဟုတ်ပါဘူး။ ရတုန်းမှာ ထိုးထားကြသင့်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ကမ္ဘာပေါ်ရှိ ကလေးငယ် ၁ ဒသမ ၄ သန်းခန့်သည် ကာကွယ်ဆေးများဖြင့် ကာကွယ်နိုင်သောရောဂါများကို ခံစားရကာ နှစ်စဉ်သေဆုံးလျက်ရှိပြီး ကူးစက်ခံရသော်လည်း သေဆုံးမှုမရှိသေးသည့် ကလေးအချို့တွင်လည်း ဆိုးရွားသော နောက်ဆက်တွဲဖြစ်ရပ်များကြောင့် ဘဝတစ်လျှောက်လုံး မသန်စွမ်းဖြစ်ရခြင်းများတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အသိပေးထုတ်ပြန်ချက်အရသိရသည်။

"မြန်မာနိုင်ငံဟာဟေမိုဖီလပ်အင်ဖလူရင်ဇာ(ဘီ) ရောဂါအမျိုးအစားကာကွယ်ဆေးကိုနိုင်ငံတော်အဆင့်ကာကွယ်ဆေးထိုးအစီအစဉ်မှာ ထည့်သွင်းထားတဲ့နိုင်ငံပေါင်း ၁၇၉နိုင်ငံထဲမှာပါဝင်နေပါပြီ။ အသက်ငါးနှစ်အောက်မြန်မာ ကလေးငယ် ၃၅ ရာခိုင်နှုန်းကျော်ဟာ အဆုတ်ရောင်ရောဂါနဲ့ ဦးနှောက်အမြှေးရောင်ရောဂါကြောင့် သေဆုံးနေရပါတယ်။ နှစ်စဉ်မြန်မာနိုင်ငံမှာဦးနှောက် အမြှေးရောင်၊

စာ(၁၄)သို့

# ရုပ်မြင်သံကြား အကြည့်များသူများ အသက်တိုနိုင်

**ဘရစ်ဘိန်း၊နိုဝင်ဘာ - ၉**

အသက် ၂၅ နှစ်ကျော်လာချိန်တွင် ရုပ်မြင်သံကြား တစ်နာရီပိုကြည့်တိုင်းလူ့သက်တမ်း ၂၂ မိနစ် လျော့ကျသွားနိုင်သည်ဟု သြစတြေးလျ သုတေသီများက တွေ့ရှိခဲ့သည်။

ယခုသုတေသနအတွက် သြစတြေးလျနိုင်ငံသားပေါင်း ၁၂,၀၀၀ ၏ကျန်းမာရေးအလေ့အကျင့်များအားမှတ်တမ်းတင်ထားသော စစ်တမ်းမှ အချက်အလက်များကို သုတေသီများက အသုံးပြုခဲ့ကြသည်။ ဆီးချိုရောဂါ၊ အဝလွန်မှုနှင့် ဘဝနေထိုင်မှု ဟန်ပန်ဟုခေါ် သောစစ်တမ်းတွင် ပါဝင်သူများအား ၎င်းတို့၏ အထွေထွေကျန်းမာရေးအခြေအနေ၊ ရောဂါရှိမရှိနှင့် လေ့ကျင့်ခန်းလုပ်ဆောင်မှု၊ ဆေးလိပ်သောက်ခြင်းနှင့် နေထိုင်စားသောက်မှုဆိုင်ရာအလေ့အကျင့်များကို မေးမြန်းခဲ့သည်။

ထို့အပြင် ၎င်းတို့အနေဖြင့် လွန် ခဲ့သော သီတင်းတစ်ပတ်အတွင်း တစ်နေ့လျှင် နာရီပေါင်းမည်မျှ ရုပ်မြင်သံကြား ကြည့်ခဲ့သနည်းဆိုသည်ကိုလည်း သုတေသနက မေးမြန်းခဲ့သည်။

ယင်းလေ့လာမှုအရတစ်နေ့လျှင်ပျမ်းမျှခြောက်နာရီခန့်တီဗီကြည့်သူများသည်မကြည့်သူများထက် ၄ ဒသမ ၈ နှစ် သက်တမ်းတိုကြောင်း ကွင်းစ်လန်တက္ကသိုလ်မှ သုတေသီများက British Journal of Sport Medicine ဂျာနယ်တွင် ရေးသားဖော်ပြထားသည်။ —Ref: UPI






သားသမီး ရရှိရေး ဆိုင်ရာ အထူးကုဌာန (IVF)၊
သားဖွား နှင့် မီးယပ်ဆိုင်ရာ အဏုစိတ်မှန်ပြောင်းသုံး အထူးကုသမှုဌာန၊
အရိုးအဆစ် နှင့် ကြောရိုး အာရုံကြောမကြီး အထူးကုဌာန၊
အစာအိမ်၊ အူလမ်းကြောင်း နှင့် အသည်း၊ သည်းခြေအိတ်ဆိုင်ရာအထူးကုဌာန၊
အလှအပရေးရာ ခွဲစိတ်ပြုပြင်ခြင်းဌာန၊ စသည့်အကျော်ကြားဆုံးဌာနများ+ ဌာနပေါင်း(၄၆) ဌာန

ဝိဘဝတီ Vibhavadi HOSPITAL
နိုင်ငံတကာအဆင့်မီဆေးရုံကြီး၊
ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့




ဝိဘဝတီ ဆေးရုံကြီး မြန်မာပြည်ရုံးချုပ် (ရန်ကုန်မြို့)
အမှတ် (၂၁၄- ပထပ်-ညာ)၊ ဝေဇယန္တာလမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ။
Hot Line - ၀၉-၂၀၁၁-၇၇၂၊ ၀၉-၇၃၁-၆၅၀၄၅ Phone: ၀၉-၇၃၁-၃၈၁၅၃၊ ၀၉-၈၆၂၅၀-၈၆၊
Email: vibhavadimyanmar@gmail.com, www.vibhavadimyanmar.com

မြစ်ကြီးနားမြို့ တာဝန်ခံ
မနီလာကျော်
Ph: ၀၉-၂၄၀-၂၁၄၃

- အသည်းရောင်ရောဂါ (ဗီ)ပိုး ပေးနေရှင်များအတွက် အထူးကုသမှု အစီအစဉ်...
- အရိုး နှင့် ကြောရိုး အာရုံကြောမကြီးဆိုင်ရာ ခွဲစိတ်မှု အထူး အစီအစဉ်...

7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# သကြားရည်ဖြင့် ပလုတ်ကျင်းခြင်းဖြင့် ဆေးလိပ်ဖြတ်ခြင်းကို အထောက်အကူပြုနိုင်



**ဂျော်ဂျီယာ၊နိုဝင်ဘာ-၁၀**

သကြားရည်ဖြင့် ပလုတ်ကျင်းပါက မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု ပိုများလာကြောင်း အမေရိကန်နိုင်ငံ ဂျော်ဂျီယာတက္ကသိုလ်မှ သုတေသီများက ပြောကြားသည်။

မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု စွမ်းရည်အား စမ်းသပ်ရာတွင် သုတေသီများက နည်းလမ်းနှစ်သွယ်ကို အသုံးပြုခဲ့သည်။ ပထမစမ်းသပ်နည်းမှာ ကိန်းဂဏန်းစာရင်းအင်းများဖြင့် ရေထားသော စာအုပ်မှနေ၍ 'E'ဆိုသော စာလုံးကို ကြက်ခြေခတ်ခြင်းဖြစ်သည်။

နောက် စမ်းသပ်မှုတွင်မူ သကြားနှင့် အချိုဖောက်ထားသော သံပရာရည် (သို့မဟုတ်) ဓာတုဗေဒအချိုဓာတ်ဖြင့် ပြုပြင်ထားသော သံပရာရည်ဖြင့် ပလုတ်ကျင်းပြီးနောက် တီဗီဖန်သားပြင်ပေါ်တွင် ပေါ်လာသော စာလုံးများ၏ အရောင်ကို မှန်ကန်စွာခွဲခြားခိုင်းခြင်းဖြစ်သည်။

ဂလူးကို့စ်အချိုရည်အား ခန္ဓာကိုယ်အတွင်း ရောက်ရှိသွားပါက မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု ပိုလာသည်ဟု သုတေသီများက တွေးခေါ် လေ့ရှိသည်။ ထို့အတွက် ယင်းသို့ စမ်းသပ်ခဲ့ခြင်းဖြစ်ရာ အချိုဓာတ်က လျှာတွင်ရှိသော အာရုံခံတစ်ရှူးများကို လှုံ့ဆော်ရာမှ ဦးနှောက်မှ ထိန်းချုပ်ရေးအစိတ်အပိုင်းအား သက်ဝင်လှုပ်ရှားလာစေသည်ဟု ဂျော်ဂျီယာတက္ကသိုလ်မှ ပါမောက္ခမာတင်က ပြောကြားသည်။

*-Ref: Internet*

# ဗြိတိန်နိုင်ငံရှိ ဆေးရုံခွဲစိတ်ခန်းအတွင်း ကြွက်တစ်ကောင် ဝင်ရောက်နေခြင်းကြောင့် ခွဲစိတ်မှု ၄၀ ဖျက်သိမ်းခဲ့ရ

**လန်ဒန်၊နိုဝင်ဘာ - ၉**

ဗြိတိန်နိုင်ငံ နော်တင်ဟမ်ရှိုင်းယားဒေသဆေးရုံ၏ ခွဲစိတ်ခန်းအတွင်းကြွက်တစ်ကောင်ဝင်ရောက်နေသည်ကို တွေ့ရှိခဲ့၍ ခွဲစိတ်မှုပေါင်း ၄၀ ခန့်အား ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

အဆိုပါကြွက်မှာ ခွဲစိတ်ခန်းအားအသုံးမပြုမီ ဝင်ရောက်နေခြင်းဖြစ်ကြောင်း King's Mill ဆေးရုံမှ ပြောခွင့်ရအမျိုးသမီးက ပြောကြားသည်။ ယင်းအတွက် ကပ်ပါးပိုးနှင့် သတ္တဝါများ ရှင်းလင်းရေးအဖွဲ့များကို ခေါ်ယူခဲ့ရပြီး ခွဲစိတ်ကုသမှုပေါင်း ၄၀ အား ဖျက်သိမ်းခဲ့ရသည်။

လူနာများအတွက် အဆင်မပြေမှုဖြစ်ခဲ့ရခြင်းအတွက် ဆေးရုံမှ အကြီးအကဲများက ဝန်ချတောင်းပန်ခဲ့ပြီးယခုအခါတွင်ဆေးရုံမှာပုံမှန်အတိုင်းပြန်လည်ပတ်နေပြီဟုပြောကြားသည်။

ဆေးရုံ၏ ခွဲစိတ်ခန်းအတွင်း ကြွက်တွေ့ရှိကြောင်းကြားသိရပြီး နောက်ထိတ်လန့်တုန်လှုပ်သွားမိကြောင်းဆေးရုံ၏ လုပ်ငန်းလည်ပတ်ရေးဒါရိုက်တာဖြစ်သူ ကာရင်တွန်လင်ဆန်က ပြောကြားသည်။ ခွဲစိတ်ခန်းတွင် ကြွက်ဝင်ရောက်နေကြောင်း သိရှိသည်နှင့်တစ်ပြိုင်နက်ပြင်ပမှ ကျွမ်းကျင်သူများကို ခေါ်ယူရှင်းလင်းစေခဲ့ကြောင်း အခြားနေရာများတွင်မူ မည်သည့်ကြွက်မျှမတွေ့ရှိရကြောင်း မစ္စက်ကာရင်ကဆက်လက်ပြောသည်။

—Ref: BBC

## စာ-၁၃၊ ငါးမျိုးစပ်ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ဆေးထိုးပျက်လျှင် ရောဂါငါးမျိုးကာကွယ်နိုင်ခွင့်ဆုံးရှုံးမည် မှ

အဆုတ်ရောင်ရောဂါကဖြစ်ပွားမှု ၉၆,၀၀၀ လောက်ရှိပြီး သေဆုံးမှုက ၃,၀၀၀ လောက်ရှိတယ်လို့ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားပါတယ်” ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာဌာနကိုယ်စားလှယ် ဒေါက်တာဟားဘတ်တန်နာကွန်းကပြောသည်။

ကျန်းမာရေးဦးစီးဌာနက ၁၉၇၈ ခုနှစ်မှစတင်ကာ မြန်မာတစ်နိုင်ငံလုံးရှိ အသက်တစ်နှစ်အောက်ကလေးများအား အခမဲ့ကာကွယ်ဆေးထိုးပေးလျက်ရှိပြီး နှစ်စဉ် ကလေးငယ်ပေါင်း ၁ ဒသမ ၃ သန်း ထိုးနှံပေးရကြောင်း ဒေါက်တာစောလွင်ကပြောသည်။

**စက်ရုံရောင်းမည်**

ဂုံမင်းမြောင်ကျေးရွာအုပ်စု၊ သာယာဝတီမြို့နယ်ရှိ မြေ ၁၀ ဧက ရှိ မြေနှင့်စက်ရုံ အဆောက်အဦး ရောင်းမည်။

(စာရွက်စာတမ်းအပြည့်အစုံပါရှိသည်။)

**Ph : 09 8627075**



“အဆင့်မြင့်နောက်ဆုံးပေါ်နည်းပညာသုံးစက်ပစ္စည်းများဖြင့် နား/နှာခေါင်း/လည်ချောင်းရောဂါကို စမ်းသပ်ကုသပေးခြင်း”

**အဆင့်မြင့်နည်းပညာရပ်များ .......**

➤ ဂျာမနီနိုင်ငံ၏အတွင်းလိုဏ်ခေါင်းစစ်ဆေးရေးကိရိယာ....
လျှပ်စစ်အတွင်းလိုဏ်ခေါင်းကြည့်မှန်ပြောင်းဖြင့် ရောဂါဖြစ်ပွားသောနေရာကို တိကျစွာဖော်ပြပြီးအဆ(၁၀၀) ပုံကြီးချဲ့၍ကုသရာ၌ပိုမိုသေချာသည်။

➤ အမေရိကန်နိုင်ငံ၏ DNR နည်းပညာဖြင့် လျင်မြန်စွာပြန်လည်ဖွဲ့စည်းပေးခြင်းသည် မျက်မှောက်ခေတ်၏နောက်ဆုံးပေါ် နား/နှာခေါင်း/လည်ချောင်း ကုသနည်းပညာရပ်များဖြစ်၍ သွေးထွက်ဆိုးကျိုးမရှိ ပုံမှန်ဖွဲ့စည်းမှုအာနိသင်များကို မထိခိုက်ပါ။



**အထူးကုသမှုများမှာ .......**

နှာခေါင်းရောင်ယမ်းခြင်း၊ နှာခေါင်းပိတ်ဆို့နေခြင်း၊ နှာခေါင်းတွင်းအသားပိုထွက်ခြင်း၊ ပသီရောင်ခြင်း၊ ပကျိတ်ရောင်ခြင်း၊ နှာသံပါခြင်း၊ အလယ်နားရောင်ယမ်းခြင်း၊ နားပင်းခြင်း၊ နားအူခြင်း၊ နှာချေခြင်း စသည့် နား/နှာခေါင်း/လည်ချောင်းရောဂါများ.......

APOLLO Medical Service Center Contact: ✆ 01-2301171,09-421155967

“အဆင့်မြင့်နောက်ဆုံးပေါ်နည်းပညာသုံးစက်ပစ္စည်းများဖြင့် လိပ်ခေါင်းရောဂါကို ကုသပေးလျက်ရှိပါသည်။”



ပါရဂူကိုယ်တိုင်ကုသခြင်း၊ မခွဲစိတ်၊ မနာကျင်၊ ဆေးရုံတက်ရန်မလို၊ ပြန်လည်ဖြစ်ပွားခြင်းမရှိစေရ။

30% Discount

**ကုသမှုထူးခြားချက်များ**

USA Johnson PPH Micro
USA ၏ HCPT နည်းပညာနှင့် Cook



**ကုသမှုရောဂါများ**

**(လိပ်ခေါင်းပျိုးစုံ၊ ဂေရင်ဂျီနာ၊ အီးအက်ကွဲခြင်း၊ အီးဝယားယံခြင်း၊ ...)**

**ကုသမှုအာမခံချက်ပေးသည်။**

APOLLO Medical Service Center Contact: ✆ 01-2301171,09-421155967

# Regional

7DAY NEWS JOURNAL

Vol.11, No.36 · NOVEMBER 15 , 2012


## ကောင်းမှုတော်ပုထိုးတော်ကြီးကို ထုံးသက်န်းဖြင့်သာဖူးမြော်ရန် ဒေသခံအချို့ဆန္ဒရှိ

**ညီညီဇော်**

**မန္တလေး၊နိုဝင်ဘာ-၁၀**

စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်ကြီးကို ရွှေသက်န်းကပ်လှူပြီးသည်မှာ ၂ နှစ်ပြည့်တော့မည် ဖြစ်သော်လည်း ယခင်အတိုင်း ထုံးသက်န်းဖြင့် ဖူးလိုသည့်ဆန္ဒ ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း စစ်ကိုင်းဒေသခံအချို့နှင့် ဘုရားဖူးအချို့ထံမှ သတင်းရရှိသည်။

စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီတော်ကြီးအနီးတွင် နေထိုင်နေသော စစ်ကိုင်းမြို့သားတစ်ဦးက "ခုရွှေသက်န်းလည်း မကောင်းတာမဟုတ်ပါဘူး။ အရင်လို ရှေးမူမပျက်လေး ဖူးချင်တဲ့သဘောပါ" ဟု သူ၏အမြင်ကို ပြောသည်။ ကောင်းမှုတော်စေတီတော်ကြီးကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာရောက်စဉ် ရွှေသက်န်းကပ်လှူပါကပိုကောင်းမည်ဟု အကြံပြုပြောကြားခဲ့ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။ ဩဝါဒါစရိယဆရာတော်ကြီးများကလည်း သဘောတူခဲ့သောကြောင့် လေးရက်အကြာ ဒီဇင်ဘာ ၂၄ ရက်မှစတင်ကာ ရွှေသက်န်းကပ်လှူသည့်လုပ်ငန်းကို စတင်ခဲ့သည်ဟု ကောင်းမှုတော်စေတီတော်ကြီး ဂေါပကအဖွဲ့ဝင်များထံမှ သိရသည်။ ထိုစဉ်အချိန်က ဝေဖန်မှုများရှိခဲ့သော်လည်း တရားဝင် ကန့်ကွက်ခဲ့ခြင်းမျိုးမရှိခဲ့ဟု ဂေါပကအဖွဲ့က ဆိုသည်။

"ဒါကတော့ ဖြစ်တတ်တာသဘာဝပါ။ ကျွန်တော်တို့နဲ့ ရင်းနှီးတဲ့ သူတွေကိုက ပြောကြတယ်။ ထုံးသက်န်းနဲ့ပဲ မကောင်းဘူးလားပေါ့။ ပြည်တွင်းဧည့်သည်တင်မကဘူး။ ပြည်ပနိုင်ငံခြားသားဧည့်သည်တွေကပါ အရင်လိုမဟုတ်တော့တဲ့အတွက် ပြောကြပါတယ်။ ခုလို ရွှေရောင်ဖြစ်တာကိုလည်း သဘောကျတဲ့သူတွေ ရှိပါတယ်" ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ရွှေသက်န်းကပ်လှူပြီးချိန်တွင် ယခင် ထုံးသက်န်းကပ်လှူချိန်ထက် ဘုရားဖူးပိုလာသည့်အပြင် အလှူငွေများလည်း ပိုမိုတိုးတက်ရရှိလာကြောင်း ဂေါပကအဖွဲ့က ဆိုသည်။

ယခင် ထုံးသက်န်းကပ်စဉ်အချိန်က တစ်လလျှင် အလှူငွေ ကျပ်သိန်း ၁၀၀ အောက်ရရှိပြီး ရွှေသက်န်းကပ်ပြီးချိန်မှစ၍ တစ်လလျှင်ကျပ်သိန်း ၁၅၀ ဝန်းကျင်ရရှိသည်ဟု ဆိုသည်။ ကောင်းမှုတော်စေတီတော်ကြီးကိုရွှေသက်န်းကပ်ရာတွင် ကုန်ကျစရိတ်မှာ စေတီတော်ဝန်းကျင် ပြင်ဆင်စရိတ်နှင့် ပေါင်းပါက ကျပ်သိန်းပေါင်း ၃,၅၀၀ ခန့်ကုန်ကျခဲ့ပြီး ရွှေသက်န်းကပ်လှူသော ကုန်ကျစရိတ်မှာ ကျပ်သိန်းပေါင်း ၂,၀၀၀ ဝန်းကျင်ရှိကြောင်း ဂေါပကအဖွဲ့က ဆိုသည်။ ရွှေအစစ်မဟုတ်ဘဲ ရွှေဆေးဖြင့် ကပ်လှူထားခြင်းဖြစ်ပြီး ဆေးသုတ်သည့်ကုမ္ပဏီက ငါးနှစ်အာမခံထားသည်ဟုဆိုသည်။ ထုံးသက်န်းဖြင့်ဆိုပါက တစ်နှစ်တစ်ကြိမ်ကပ်ရပြီးကျပ်ဆယ့်နှစ်သိန်းခန့် ကုန်ကျလေ့ရှိသည်ဟု သိရသည်။

ကောင်းမှုတော်စေတီတော်ကြီးကို မန္တလေးမြို့မှ သွားရောက်ဖူးလေ့ရှိသူ အမျိုးသမီးတစ်ဦးက "ရွှေသက်န်းပဲဖြစ်ဖြစ်၊ ထုံးသက်န်းပဲဖြစ်ဖြစ် ကြည်ညိုပြီးသားပါ။ ဒါပေမဲ့ အရင်လို ကောင်းမှုတော်ဆိုရင် ထုံးသက်န်းနဲ့ပဲ မြင်နေတဲ့စိတ် မြင်ချင်တဲ့စိတ်က ဖျောက်လို့မရသေးဘူးဖြစ်နေတယ်" ဟု ပြောကြားသည်။

ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီးကို သာလွန်မင်းတရားကြီး သီရိသုဓမ္မာရာဇာ ပဝရအဓိပတိက အင်းဝညောင်ရမ်းခေတ်တွင်တည်ထားကိုးကွယ်ခဲ့သည်။ ဗုဒ္ဓ၏စွယ်တော်၊ ဆံတော်၊ သပိတ်တော်နှင့် ရုပ်ပွားတော်များ၊ စေတီများအပါအဝင် အခြားဓာတ်တော်မွေတော်များ ဌာပနာခဲ့သည်။



ဓာတ်ပုံ-ညီညီဇော်

ကောင်းမှုပုထိုးတော်ကြီးကို ရွှေသက်န်းဖြင့် ဖူးတွေ့ရစဉ်

## မန္တလေးတွင် ဆိုင်ကယ်ဖြင့် အလစ်သုတ်မှု များလာ

**ညီညီဇော်**

**မန္တလေး၊နိုဝင်ဘာ-၁၀**

မန္တလေးမြို့တွင် ဆိုင်ကယ်ဖြင့် အလစ်သုတ်ခံရသည့်ဖြစ်စဉ်များ ပိုမိုဖြစ်ပွားနေကြောင်း သတင်းရရှိသည်။ နိုဝင်ဘာလဆန်းပိုင်းက မန္တလေးမြို့ လူစည်ကားရာ လမ်းမဖြစ်သော ၇၃ လမ်းတွင် ဆိုင်ကယ်စီးရင်း အလစ်သုတ်ခံရကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့သည့် အမျိုးသားတစ်ဦးက ပြောသည်။

၎င်းအမျိုးသားက "ကျွန်တော်နဲ့ ကျွန်တော့်ညီမအလုပ်က ပြန်အလာတာ နောက်ကထိုင်တဲ့ညီမရဲ့လက်ကိုင်အိတ်ကို ဆွဲလုခံရတယ်။ လုသွားတဲ့သူတွေက ကောင်လေးငယ်ငယ်လေးတွေ။ ညီမလက်ထဲလက်ကိုင်အိတ်ကိုင်းပဲ ကျန်ခဲ့တယ်။ ပိုက်ဆံနှစ်သောင်းလောက်နဲ့ ဖုန်းပါသွားတယ်" ဟု ပြောသည်။

လုယက်သူများသည် လူငယ်အများစုဖြစ်ပြီး လူစည်ကားရာ လမ်းမကြီးများဖြစ်သော ၈၄ လမ်း၊ ၇၃ လမ်း၊ ကျုံးဘေးလမ်း ၁၆ လမ်းတွင်လည်းကောင်း၊ လူပြတ်သည့်လမ်းများဖြစ်သော စစ်ကိုင်း-မန္တလေးလမ်းနေရာအချို့နှင့် တောင်သမန်ကန်ပတ်လမ်းအချို့နေရာများတွင်လည်းကောင်း နေရာမျိုးစုံ၌ လုယက်လေ့ရှိကြောင်းကြုံတွေ့ဖူးသူအချို့က ပြောသည်။ အမရပူရမြို့တွင် နေထိုင်နေသောဆိုင်ကယ်ဖြင့် ပိုက်ဆံအိတ်အလုခံရဖူးသူ အမျိုးသမီးတစ်ဦးက "ကျွန်မကျတော့ တောင်သမန်ကန်ပတ်လမ်းမှာ ညနေစောင်းပဲရှိသေးတယ်။ ဆိုင်ကယ်ရှေ့ချိတ်ထားတဲ့ စလင်းဘက်ကို လုပြေးတာ။ ကျွန်မဆိုင်ကယ်လည်း လဲသွားတယ်။ သူတို့လက်ထဲ ကျွန်မအိတ်တော့ ပါသွားတယ်။ လူကလည်းရှင်းနေတော့ အကူအညီမရလိုက်ဘူး။ ဖုန်းနဲ့ ငွေနှစ်သိန်းလောက်ပါသွားတယ်" ဟု ပြောသည်။

မန္တလေး ချမ်းအေးသာစံမြို့နယ်အတွင်း ဆိုင်ကယ်စီးပြီး လုယက်သူများကိုမူ နိုဝင်ဘာ ၆ ရက်က နယ်မြေခံရဲတပ်ဖွဲ့မှ ဖမ်းဆီးမိခဲ့သည်။

စာ(၁၈) သို့

## အရာတော်မြို့နယ်တရားရုံးတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော နွား ၂၁ ကောင် လေလံတင်ရောင်း

**ရန်နိုင်ကျော်**

**မုံရွာ၊နိုဝင်ဘာ-၉**

မုံရွာခရိုင် အရာတော်မြို့နယ် တရားရုံးတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော နွားထီး ၂၁ ကောင်အား ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အိတ်ဖွင့်လေလံစနစ်ဖြင့် နိုဝင်ဘာ ၁၆ ရက်တွင် ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အရာတော်မြို့နယ် တရားရုံးမှာ နွားနဲ့ပတ်သက်ပြီး ပြစ်မှုလေးမှု ဒီနှစ်အတွင်း ဖြစ်ပွားခဲ့တယ်။ ပထမဆုံးနွားအမှုမှာ သက်သေခံနွားတွေက ပျောက်ဆုံးသွားလို့ လေလံမတင်နိုင်ခဲ့ဘူး။ အခုနွားအမှုသုံးမှုအနက် နှစ်မှုက နွား ၂၁ ကောင်ကို လေလံတင်ရောင်းချတာပါ။ နောက်ထပ် နွား ၁၀ ကောင်ပါတဲ့ အမှုတစ်မှုက နွားတွေလည်း မကြာခင် လေလံတင်ရောင်းချသွားမယ်လို့ သိရတယ်" ဟု အရာတော်မြို့နယ်တရားရုံးနှင့် နီးစပ်သူတစ်ဦးကပြောသည်။

"အရောတော်မှာ နွားနဲ့ပတ်သက်တဲ့ အမှု ဒီနှစ်ဆန်းပိုင်းမှာ နွားတွေပျောက်သွားလို့ဆိုပြီး လေလံတင်မရောင်းနိုင်တဲ့နောက်ပိုင်း အရင်တုန်းကလို ကျေးရွာတွေမှာ ပို့မထားရဲတော့ဘူး။ တရားရုံးမှာ ရင်ဆိုင်နေရတဲ့ နွားတွေကို အရာတော်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှာ ထိန်းသိမ်းထားပြီး ရဲတွေက နွားကျောင်း၊ တရားသူကြီးက နွားစာဝယ်ကျွေးနေရတဲ့အဖြစ်ကြုံနေရပြီ" ဟု အရာတော်မြို့ ဒေသခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။ လေလံလျှောက်လွှာတစ်စောင်လျှင် ကျပ် ၁,၀၀၀ ဖြင့် အရာတော်မြို့နယ် တရားရုံးတွင် ဝယ်ယူ၍ နိုဝင်ဘာ ၁၅ ရက်နောက်ဆုံးထား၍ မြို့နယ်တရားရုံးသို့ တင်သွင်းရမည်ဖြစ်သည်။

လေလံလျှောက်လွှာနှင့်အတူ လေလံဝယ်ယူသူနေထိုင်သည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးမှ အဆိုပါရပ်ကွက်/ကျေးရွာတွင် နေထိုင်သူဖြစ်ကြောင်း ထောက်ခံချက်ကို ပူးတွဲတင်သွင်းရမည်။ အသေးစိတ်စည်းကမ်းချက်များ သိရှိလိုပါက အရာတော်မြို့နယ်တရားရုံး ဖုန်း၀၇၁-၆၅၁၀၆၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# မန်းမြို့လယ်ရှိ စတိုးဆိုင်နှင့် ဈေးဆိုင်များတွင် ငွေလိမ်သူများခြေရှုပ်

**ညီညီဇော်**

**မန္တလေး၊နိုဝင်ဘာ-၁၀**

မန္တလေးမြို့ပေါ်ရှိ စတိုးဆိုင်နှင့် ကုန်ပစ္စည်းအရောင်းဆိုင်အချို့တွင် နည်းမျိုးစုံဖြင့် ငွေကြေးလိမ်လည်ရယူသွားသည့် ဖြစ်စဉ်များ ဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲခန့်က မန္တလေးမြို့ လူစည်ကားရာလမ်းမကြီးတစ်ခုဖြစ်သော ၈၄ လမ်းနှင့် ၃၅ လမ်းထောင့်အနီးရှိ အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်တွင်ငွေကြေးလိမ်လည်ခံရသည့် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့သည်။

"အဲဒီနေ့မနက်က ကျွန်မအစ်မနဲ့ ကျွန်မနှစ်ယောက် ရှိနေတဲ့အချိန်မှာ အသက် ၄၅ နှစ်ဝန်းကျင်လောက်ရှိတဲ့ ခပ်ဝဝအမျိုးသမီးတစ်ဦးရောက်လာတယ်။ ကထိန်ခင်းတဲ့နေရာမှာ သုံးချင်လို့ တစ်ထောင်တန်အသစ်လေးတွေ ငါးသိန်းဖိုးလောက် လဲပေးပါလို့ လာပြောတယ်။ ကျွန်မတို့ကလည်း အလှူအတန်းတွေ ခဏခဏလုပ်တော့ ငွေစက္ကူအသစ်လေးတွေ ရှိတတ်တော့ သိလို့လာလဲတာပဲထင်ပြီး လဲပေးမယ်ဆိုပြီးတော့ တစ်ထောင်တန်က အရွက်ကိုးဆယ်၊ ငါးထောင်တန်က ရှစ်ဆယ့်နှစ်ရွက်ပေါင်း ငါးသိန်းပြည့်တယ်။ သူ့ပိုက်ဆံရော ကျွန်မတို့ပိုက်ဆံရော အရောင်းကောင်တာပေါ်မှာတင်ထားကြတယ်။ ကျွန်မတို့လည်း ပိုက်ဆံရေပြီးရော အဲဒီအမျိုးသမီးက တစ်ထောင်တန် မယူချင်တော့ဘူးတဲ့။ ငါးထောင်တန်အသစ်လေးတွေပဲ လိုချင်တယ် လုပ်လာပြန်ရော။ ကျွန်မက မရှိဘူးပြောတော့ နှစ်ရာတန်အသစ်လေးတွေကော မရှိဘူးလား မေးပြန်တယ်။ နှစ်ရာတန်နှစ်သောင်းဖိုးကို ကျွန်မတို့ပေးတဲ့တစ်ထောင်တန်အုပ်ထဲက အစ်မတို့ပဲ ဖြုတ်ယူလိုက်ပါလို့ ပြောတယ်။ အဲဒီလိုနဲ့ ငွေလဲတဲ့ကိစ္စပြီးသွားတယ်။ သူလည်း ကျွန်မတို့ဆီကနေ ကျေးဇူးတင်တဲ့အကြောင်းပြောပြီး ပိုက်ဆံယူပြီးထွက်သွားတယ်။ ကျွန်မတို့ ရေယူထားတဲ့သူ့ပိုက်ဆံကို အံဆွဲထဲပဲထည့်လိုက်တယ်။ ခဏနေတော့ ကျွန်မက မသင်္ကာလာတာနဲ့ သူ့ပိုက်ဆံအုပ် ပြန်ရေကြည့်တယ်။ ပိုက်ဆံက ကျွန်မတို့ ခုနကရေထားသလို တင်းတင်းရင်းရင်းမဖြစ်တော့ပဲပွနေတယ်။ သေချာ ရေကြည့်လိုက်တော့ တစ်ထောင်တန်က အရွက်တစ်ရာ၊ ငါးထောင်တန်က နှစ်ဆယ့်လေးရွက်ပေါင်း၊ နှစ်သိန်းနှစ်သောင်းပဲရှိတယ်။ နှစ်သိန်းရှစ်သောင်းတောင်ပါသွားတာ။ ကောင်တာပေါ်မှာတင်ထားတုန်းကျွန်မတို့ကိုမျက်စိလည်သွားအောင်လုပ်ပြီး ရေပြီးသား သူ့ပိုက်ဆံအထုတ်ကိုပြန်လဲသွားတာ"ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့သည့် ဆိုင်ရှင်အမျိုးသမီးက ပြောသည်။

လာရောက် လိမ်လည်သည့် အမျိုးသမီးသည် ၁၅ မိနစ်ခန့်အချိန်တိုလေးအတွင်း လိမ်လည်သည့်ဖြစ်စဉ်အပြင် ပစ္စည်းတစ်ခုဝယ်ယူပြီး ငွေအကြွေပြန်အမ်းသည့်အချိန် မျက်စိလည်အောင်ပြုလုပ်ကာ လိမ်လည်သည့်နည်းများလည်း အသုံးပြုလေ့ရှိကြောင်း မန္တလေးမြို့မှ စတိုးဆိုင်ရှင်အချို့ကပြောသည်။

မန္တလေးမြို့ ၇၃ လမ်းရှိစတိုးဆိုင်ရှင် အမျိုးသမီးတစ်ဦးက "အမျိုးသမီးတစ်ယောက်လာတယ်။ သုံးရာကျပ်လောက်တန်တဲ့ပစ္စည်းတစ်ခုကို ဝယ်တယ်။ တစ်ထောင်တန်ပေးတယ်။ ပိုက်ဆံအမ်းတဲ့အချိန် ပိုက်ဆံကစုတ်နေလို့ အနုတ်လိုချင်လို့ စတဲ့အကြောင်းအမျိုးမျိုးပြပြီး မျက်စိလည်အောင်လုပ်တယ်။ သူလည်းထွက်သွားရော ပစ္စည်းရော ပိုက်ဆံ ၃၀၀၀ လောက်ရော ပါသွားတယ်။ သေချာကြည့်နေရင်းနဲ့ကို လိမ်သွားတာ ခဏခဏ" ဟု ပြောသည်။

ဆိုင်ရှင်ကိုယ်တိုင် လိမ်လည်ခံရပါက ကိုယ်တိုင်ကြုံတွေ့ခဲ့၍ ပြဿနာရှင်းနိုင်သော်လည်း ဝန်ထမ်းနှင့် ကြုံပါက ငွေကြေးပြန်လည်ပေးလျော်ရမည့်အပြင် မိမိတို့အပေါ် အထင်သေးလာနိုင်၍ လိမ်လည်မှုများ မခံရစေရန် သတိထားလုပ်ကိုင်နေရကြောင်း စတိုးဆိုင်ဝန်ထမ်းအချို့ကပြောသည်။

"ဆိုင်ရှင်အပြင်သွားတုန်းလူတစ်ယောက်ရောက်လာပြီး မင်းအစ်ကိုက (ဆိုင်ရှင်က) ဆီဖိုးပိုက်ဆံတောင်းခိုင်းလိုက်လို့ဆိုပြီး လာတောင်းတာမျိုး ကြုံဖူးတယ်။ မသင်္ကာတာနဲ့ အစ်ကို့ဆီ ဖုန်းဆက်မေးလိုက်မယ်ဆိုမှ လစ်သွားတာမျိုး ကြုံဖူးတယ်။ တော်တော်လေး သတိထားနေရတယ်"ဟု ဈေးချိုအနီးရှိစတိုးဆိုင်တစ်ခုမှ ဝန်ထမ်းအမျိုးသားတစ်ဦးကပြောသည်။




## ပေါက်တောတွင် ရခိုင်တိုင်းရင်းသားနှစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရ

**မောင်ကံ**

**မောင်တော၊**
**နိုဝင်ဘာ-၉**

နိုဝင်ဘာ ၈ ရက်က ပေါက်တောမြို့နယ် စိုးမဲကျီကျေးရွာအနီးတွင် စိုးမဲကျီကျေးရွာနေ ဦးမောင်သန်းဦး(ခ)လပြည့်ဦး(၄၄ နှစ်)နှင့် သားဖြစ်သူ မောင်ဇော်ဝင်းချေ (၉ နှစ်) တို့မှာ သေနတ်ဖြင့် ပစ်ခတ်ခံရသည့်အတွက် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြောင်း သတင်းရရှိသည်။

"ညနေ ၅ နာရီလောက်က ဆံတော်ရှင်ဘုရားကို ဖူးမြော်ပြီး အပြန် ရေမြိုင်ချိုင်ကျေးရွာအနီးရောက်ချိန်မှာ ငါးဆင်းဖမ်းကြပါတယ်။ အဲဒီမှာ ကမ်းစပ်နဲ့ ပေတစ်ရာခန့်အကွာမှာ ခုတ်မောင်းနေတဲ့ စက်လှေနှစ်စီးထဲက တစ်စီးပေါ်က သေနတ်နဲ့ လှမ်းပစ်တာဖြစ်ပါတယ်။ ပစ်တဲ့သေနတ်က ယမ်းထောင်းသေနတ်နဲ့ ပစ်တာဖြစ်ပါတယ်"ဟု ဆေးကုသမှု ခံယူနေသူ မောင်ဇော်ဝင်းချေက ပြောသည်။

သေနတ်ဖြင့် အပစ်ခံရမှုကြောင့် ဦးမောင်သန်းဦး(ခ) လပြည့်ဦး၏ ရင်ဘတ်၊ ဝမ်းဗိုက်၊ ဘယ်ညာလက်ဖမိုးနှင့် ပေါင်နှစ်ဖက်စလုံးတွင် သေနတ်ဒဏ်ရာရရှိခဲ့ပြီး မောင်ဇော်ဝင်းချေ၏ ဘယ်ဘက်နားထင်နှင့် ဘယ်ဘက်ဒူးနားတွင် သေနတ်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါသေနတ်ဖြင့် ပစ်ခတ်သည့် စက်လှေများမှာ ထိုသို့ပစ်ခတ်ပြီးနောက် ပြေးသွားသည်ဟုဆိုသည်။

သေနတ်ဒဏ်ရာရရှိထားသူ သားအဖနှစ်ဦးအား စစ်တွေကြက်ခြေနီအသင်းနှင့် အိုင်စီအာရ်စီအဖွဲ့မှ ယာဉ်များဖြင့် တင်ဆောင်လာကာ စစ်တွေဆေးရုံကြီးသို့ နိုဝင်ဘာ ၈ ရက် ည ၁၀ နာရီခန့်တွင် ရောက်ရှိလာကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဦးမောင်သန်းဦး (ခ) လပြည့်ဦး၏ ဇနီးဖြစ်သူက တိုင်တန်းခဲ့ရာ စစ်တွေအမှတ်(၁)ရဲစခန်းမှ (ပ) ၃၇၃/၁၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# မြန်မာဝမ်ပေါင်ကုမ္ပဏီ ဝန်ထမ်းများ လုပ်ခလစာအပြည့်အဝရရှိရေး တောင်းဆို

**ရန်နိုင်ကျော်**

**မုံရွာ၊နိုဝင်ဘာ-၉**

လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်း ပြောင်းရွှေ့ကျေးရွာလေးရွာမှ မြန်မာဝမ်ပေါင်ကုမ္ပဏီဝန်ထမ်းများစုပေါင်း၍ လုပ်ခလစာအပြည့်အဝရရှိရေး တောင်းဆိုမှုအား နိုဝင်ဘာ ၂ ရက်မှ ခြောက်ရက်ကြာ တောင်းဆိုခဲ့ပြီးနောက် ဝန်ထမ်းအချို့ လစာညှိနှိုင်းရာပြေလည်မှုရရှိခဲ့သော်လည်း အချို့မှာ ပြေလည်မှု မရရှိသေးကြောင်းမြန်မာဝမ်ပေါင်ဝန်ထမ်းများက ပြောကြားသည်။



*နိုဝင်ဘာ ၆ ရက်ညက မြန်မာဝမ်ပေါင်ကုမ္ပဏီရှေ့တွင် အလုပ်သမားများ တောင်းဆိုနေစဉ်*

ဓာတ်ပုံ - ရန်နိုင်ကျော်

ဒေသခံအလုပ်သမား ၁၂၀ ကျော်က နိုဝင်ဘာ ၂ ရက်မှစ၍ တောင်းဆိုမှုများ ဆောင်ရွက်ခဲ့ရာ ပြေလည်မှုမရရှိတဲ့အတွက် နိုဝင်ဘာ ၆ ရက်က စတင်ကာ ဆန္ဒထုတ်ဖော်မှုများ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာဝမ်ပေါင် တာဝန်ရှိသူများနှင့် ဒေသခံအလုပ်သမားများ အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းမှုများလုပ်ပြီးနောက် မြန်မာဝမ်ပေါင်ဝန်ထမ်းအချို့ ပြေလည်မှုရရှိခဲ့သော်လည်း အချို့သောမြန်မာဝန်ထမ်းများမှာ တောင်းဆိုချက်အတိုင်း ခံစားခွင့် မရရှိသေးကြောင်း မြန်မာဝမ်ပေါင်ဝန်ထမ်းများ ပြောကြားချက်အရ သိရှိရသည်။

“ပြေလည်မှုမရသေးတဲ့ ဝန်ထမ်းများက လုပ်ခလစာတိုးမြင့်ခံစားခွင့်ရရှိရေးအတွက် ဆက်လက်တောင်းဆိုသွားမှာဖြစ်ပါတယ်။ ပြောင်းရွှေ့ကျေးရွာတွေအတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေ မြန်မာအမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးအတွက်ပါတောင်းဆိုသွားမှာဖြစ်ပါတယ်” ဟု ပြောင်းရွှေ့ကျေးရွာလေးရွာမှ ဆန္ဒထုတ်ဖော်ခဲ့သော မြန်မာဝမ်ပေါင်ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။

ယခုနှစ်ဇွန်လမှစ၍ လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်း ပြောင်းရွှေ့ကျေးရွာလေးရွာမှ ဒေသခံဝန်ထမ်းတွေကို နေ့စားဝန်ထမ်းအဖြစ် စတင်ခန့်ထားခဲ့ကြောင်း သိရသည်။ ပြောင်းရွှေ့ကျေးရွာများနှင့်လယ်သိမ်းမြေသိမ်း ကျေးရွာဒေသခံ စုစုပေါင်း နေ့စားဝန်ထမ်း ၂၄၂ ဦးရှိကြောင်း သိရှိရသည်။ အောက်တိုဘာ ၁ ရက်မှစ၍ မြန်မာဝမ်ပေါင်ကုမ္ပဏီ နေ့စားဝန်ထမ်း ၂၄၂ ဦးအား လခစားအဖြစ်ခန့်အပ်ခဲ့ပြီး အခြေခံလစာအဖြစ် အက်ဖ်အီးစီ ၁၁၀ နဲ့ ခံစားခွင့်ပေးခဲ့ကြောင်း သိရှိရသည်။ နေ့စားလုပ်သက် ၆ လပြည့်သူကို အက်ဖ်အီးစီ ၁၁၅ နှုန်း၊ ဘွဲ့ရပညာတတ်အလုပ်စဝင်သူများအား အက်ဖ်အီးစီ ၁၂၀ နှုန်းဖြင့် စတင်ခန့်ထားခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၆ ရက်မှစ၍ နေ့ရောညပါ ဆန္ဒဖော်ထုတ်ခဲ့သည့်နောက် နိုဝင်ဘာ ၇ ရက်တွင် မြန်မာဝမ်ပေါင်ကုမ္ပဏီနှင့် ဒေသခံအလုပ်သမားခေါင်းဆောင်များ တွေ့ဆုံညှိနှိုင်းရေးဆောင်ရွက်ခဲ့ရာ ဆန္ဒထုတ်ဖော်သူ ၁၂၀ ဦးအား အထူးအခွင့်အရေးအဖြစ် မူလလစာ အက်ဖ်အီးစီ ၁၁၅ ကို အက်ဖ်အီးစီ ၅ ထပ်ပေါင်း ခံစားခွင့်ပေးလိုက်ကြောင်း သိရသည်။

ကျန်အလုပ်သမားများမှာမူ ယခုအထိ ညှိနှိုင်းပြေလည်ခြင်း မရှိသေးကြောင်း သတင်းရရှိသည်။

# ပြောင်းရွှေ့ကျေးရွာဝန်ထမ်းများနှင့် မြန်မာဝမ်ပေါင်ကုမ္ပဏီအကြား ဆွေးနွေးပွဲသွားသူတစ်ဦး ဆိုင်ကယ်တိမ်းမှောက် သေဆုံး

**ရန်နိုင်ကျော်**

**မုံရွာ၊နိုဝင်ဘာ-၉**

ပြောင်းရွှေ့ကျေးရွာဝန်ထမ်းများနှင့် မြန်မာဝမ်ပေါင်ကုမ္ပဏီ တာဝန်ရှိများအကြား တွေ့ဆုံဆွေးနွေးပွဲအား နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ကျင်းပခဲ့ရာ အဆိုပါဆွေးနွေးပွဲသို့တက်ရောက်ရန် သွားရောက်ခဲ့သော လုံခြုံရေးဝန်ထမ်းတစ်ဦး ဆိုင်ကယ်တိမ်းမှောက်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ဆားလင်းကြီးမြို့နယ် ကံတောကျေးရွာသစ်တွင် နေထိုင်ပြီး မြန်မာဝမ်ပေါင်ကုမ္ပဏီဌာနခွဲ ဆီနိုဟိုက်ဒရိုကုမ္ပဏီ လုံခြုံရေးဝန်ထမ်း ဦးတင်ဝင်း(၄၀နှစ်)သည် နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် မြန်မာဝမ်ပေါင်ကုမ္ပသို့အသွား ညောင်ပင်ကြီး-ယင်းမာပင်လမ်း (ကျော်ရွာအနီး)တွင် ဆိုင်ကယ်တိမ်းမှောက်ခဲ့သဖြင့် မိုင်းလုပ်သားမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေစဉ် နံနက် ၁၁ နာရီခွဲအချိန်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီခွဲဝန်းကျင်မှာညောင်ပင်ကြီး-ယင်းမာပင်လမ်းပေါ်က ကျော်ရွာအနီးတံတားအကွေ့မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့တာဖြစ်ပါတယ်။ ဆိုင်ကယ်တိမ်းမှောက်ပြီးမိုင်းလုပ်သားမြို့က ဆေးရုံမှာ ဆေးဝါးကုသမှုခံယူနေတုန်း သေဆုံးခဲ့ရတာ ဖြစ်ပါတယ်” ဟု ကံတော ကျေးရွာသစ်မှ မြန်မာဝမ်ပေါင်ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။

“ဆိုင်ကယ်တိမ်းမှောက်ပြီး သေဆုံးသူက ဦးတင်ဝင်းပါ။ အသက်က ၄၀ ကျော်ဖြစ်ပါတယ်။ လုပ်ခလစာတိုးမြင့်ရေးဆန္ဒထုတ်ဖော်သူတွေနဲ့ မြန်မာဝမ်ပေါင်ကုမ္ပဏီတာဝန်ရှိသူတွေ တွေ့ဆုံပွဲတက်ရောက်ဖို့ရွာကနေမြန်မာဝမ်ပေါင်ရုံးကို အလာလမ်းမှာ ဆိုင်ကယ်တိမ်းမှောက်သွားတာဖြစ်ပါတယ်။ မြန်မာဝမ်ပေါင်ကုမ္ပဏီရဲ့ လုပ်ငန်းဌာနခွဲဖြစ်တဲ့ ဆီနိုဟိုက်ဒရိုကုမ္ပဏီရဲ့ လုံခြုံရေးဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ သက်ဆိုင်ရာဆီနိုဟိုက်ဒရိုကုမ္ပဏီဘက်ကရော မြန်မာဝမ်ပေါင်ကုမ္ပဏီအနေနဲ့ရော ကရုဏာကြေးထောက်ပံ့ပေးခဲ့ပါတယ်”ဟု မြန်မာဝမ်ပေါင်ကုမ္ပဏီတာဝန်ရှိသူတစ်ဦးကပြောသည်။

# စစ်တွေမြို့ရှိ နယ်စည်းမထား ဆရာဝန်များအဖွဲ့ လုပ်ငန်းများရပ်ဆိုင်း

**မောင်ကံ**

**မောင်တော၊နိုဝင်ဘာ-၉**

ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့နယ်များတွင် အဓိကအခြေစိုက်ကာ ဆေးကုသမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် နယ်စည်းမထားဆရာဝန်များအဖွဲ့(အေဇက်စ်ဂျီ)ရုံးများအနက် စစ်တွေမြို့ရှိရုံးကို ယခုလ နိုဝင်ဘာ ၁ ရက်မှ စတင်ကာ လုပ်ငန်းများ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

စစ်တွေမြို့ရှိ နယ်စည်းမထား ဆရာဝန်များအဖွဲ့(အေဇက်စ်ဂျီ)တွင် ဝန်ထမ်းပေါင်း ၅၀ ခန့်ရှိပြီး လုပ်ငန်းများ ရပ်နားလိုက်သည့်အတွက် ဝန်ထမ်းများမှာလည်း အလုပ်လက်မဲ့ဖြစ်သွားကြောင်း သိရသည်။ အေဇက်စ်ဂျီအဖွဲ့၏ စည်းမျဉ်းများအရ အလုပ်မှရပ်နားခြင်းခံရသည့် ဝန်ထမ်းများကို နစ်နာကြေးငွေများ ပေးဆောင်ရမည်ဟုပါရှိသော်လည်းရရှိမည်မှာ မသေချာကြောင်း အဆိုပါရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ထမ်းတစ်ဦးကပြောသည်။

ရခိုင်ပြည်နယ်အတွင်းကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး စသည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေသည့် အိုင်အင်န်ဂျီအိုအဖွဲ့များမှ ဘင်္ဂါလီဝန်ထမ်းများသည် ဇွန်လ ၈ ရက်က ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားများမှ အဆိုပါအဖွဲ့အစည်းများအပေါ် ယုံကြည်မှုလျော့ကျခဲ့ကာအကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် အိုင်အင်န်ဂျီအိုအဖွဲ့အချို့၏ လုပ်ငန်းများမှ ရပ်ဆိုင်းထားကြောင်း သိရသည်။

# လှိုင်ကော်တွင် ဆိုင်ကယ်အား ခြိမ်းခြောက်လုယက်ထွက်ပြေး

**ကြီးမြင့်နိုင်(လှိုင်ကော်)**

**လှိုင်ကော်၊နိုဝင်ဘာ-၉**

ကယားပြည်နယ် လှိုင်ကော်မြို့နယ်တွင် ဆိုင်ကယ်အား ခြိမ်းခြောက်၍ လုယက်ယူဆောင်ထွက်ပြေးသွားသည်ဆိုကာ တိုင်ကြားမှုကို လှိုင်ကော်ရဲစခန်းက အောက်တိုဘာ ၂၆ ရက်တွင် အမှုဖွင့်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီခွဲအချိန်ခန့်က လှိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာအုပ်စု ကျိုင်းတုံကျေးရွာနေ ဦးပီးယို (၄၀ နှစ်) နေအိမ်၌ ရှိနေစဉ် သားဖြစ်သူ မောင်ချစ်လွင် (၁၈ နှစ်) နေအိမ်သို့ ရောက်ရှိလာပြီး ၎င်း၏ ဆိုင်ကယ်အား အောင်ကျော်ဆိုသူက ခြိမ်းခြောက်ယူဆောင် ထွက်ပြေးသွားကြောင်း ပြောခဲ့သည်ဟုဆိုသည်။

ဦးပီးယိုက မေးမြန်းရာတွင် အောက်တိုဘာ ၁၈ ရက် ညနေ ၅ နာရီခွဲအချိန်က သားဖြစ်သူမောင်ချစ်လွင်သည် ကုန်းသာကျေးရွာမှ လှိုင်လင်ကျေးရွာသို့ လှိုင်ကော်-ဆီဆိုင်-တောင်ကြီးလမ်းအတိုင်း လော့ဂျာ အမျိုးအစား အနက်ရောင်ဆိုင်ကယ်ဖြင့်ပြန်လာရာဒေါတနော‌ကျေးရွာအနီးအရောက် အောင်ကျော်ဆိုသူက၎င်း၏လက်ထဲတွင် ကျောက်ခဲနှစ်လုံးကို ကိုင်ဆောင်လျက်လက်ပြ၍တားဆီးခဲ့ကြောင်း၊ ဆိုင်ကယ်အား ရပ်တန့်ပေးလိုက်စဉ် အောင်ကျော်ဆိုသူက လမ်းခွဲသို့လိုက်ပို့ပေးရန် ပြောဆိုရာမောင်ချစ်လွင်က မအားလပ်၍လိုက်ပါပို့ဆောင်ခြင်း မပြုနိုင်ပါဟု ပြန်ပြောခဲ့ကြောင်း၊ ထိုအခါ အောင်ကျော်ဆိုသူကဆိုင်ကယ်အားနောက်မှလှုပ်ခါပြီး မောင်ချစ်လွင်အား ဆိုင်ကယ်ပေါ်မှ ဆင်းခိုင်းခဲ့ကြောင်း၊ မောင်ချစ်လွင်က ဆိုင်ကယ်ပေါ်မှ ဆင်းပေးလိုက်စဉ် အောင်ကျော်ဆိုသူက ဆိုင်ကယ်အား လှိုင်ကော်မြို့ဘက်သို့မောင်းနှင်ယူဆောင်ထွက်ပြေးသွားကြောင်းပြောကြားသည်ဟုဆိုသည်။

ထိုဖြစ်ရပ်နှင့် ပတ်သက်၍ လှိုင်ကော်ရဲစခန်းက အောက်တိုဘာ ၂၆ ရက်နံနက်တွင်(ပ)၁၃၈/၂၀၁၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၂ အရ အမှုဖွင့်လှစ်ပြီး လှိုင်ကော်မြို့နယ် လှိုင်လင်လေးကျေးရွာအုပ်စု ခုတ်လောကျေးရွာနေ အောင်ကျော် (၂၂ နှစ်) အားဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

# တစ်တင်း ၄,၀၀၀ ကျပ်ကျော်ဖြင့် မိုးစပါး (ကောက်သစ်) ဈေးကွက်ဖွင့်

**သန်းထူး**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၀**

နေပြည်တော်ဒေသတွင် မိုးစပါးများ စတင်ထွက်ပေါ်နေပြီး မနောအုပ်စုဝင် စပါးများတင်း ၁၀၀ လျှင် ကျပ်လေးသိန်းကျော်နှုန်းဖြင့် ဈေးကွက်သို့ ဝင်ရောက်လာပြီဖြစ်ကြောင်း ဒေသခံဆန်စက်လုပ်ငန်းရှင်နှင့် လယ်သမားများက ပြောသည်။

ယခင်နှစ်စပါးပေါ်ချိန်ကတစ်တင်းလျှင် ၂,၅၀၀ ကျပ်ကျော်ဖြင့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင်မူ စပါးသန့်လျှင် ၄,၂၀၀ ကျပ်နှုန်းအထိ ပေးဝယ်လာကြကြောင်း၊ နောက်ပိုင်းတွင်လည်း ဈေးပိုကောင်းလာမည်ဟု မျှော်လင့်ကြောင်း လယ်သမားတစ်ဦးဖြစ်သူ ကိုမျိုးလင်းအောင်က ပြောသည်။ ဈေးကောင်းရသော်လည်း နောက်မိုးမရွာ၍ စပါးအထွက်နှုန်း ထိခိုက်ခဲ့ရကြောင်းလည်း ၎င်းတို့က ဆက်လက်ပြောသည်။ ဆန်စက်လုပ်ငန်းရှင် ကိုနေစိုးကလည်း စပါးဈေးကွက်တာထွက်ကောင်းသည်ဟု ဆိုနိုင်ကြောင်း၊ အစိုးရအနေဖြင့် စပါးဈေးကျသွားအောင် ထိန်းထားနိုင်ပါက လယ်သမားနှင့် ကျေးလက်ပြည်သူများ အကျိုးရှိမည်ဖြစ်ကြောင်း လောလောဆယ်တွင် ဆန်ဈေးမှာ ငြိမ်နေကြောင်းဈေးကွက်၏အခြေအနေကိုပြောသည်။

ဆင်းရဲနွမ်းပါးမှုနှုန်းတွင် မြို့ပြထက် နှစ်ဆခန့်မြင့်မားနေသော ကျေးလက်ဒေသနေ ပြည်သူများအနေဖြင့် ၂ နှစ်ဆက်တိုက် စပါးဈေးနှုန်းမကောင်းခြင်း၊ အထွက်လျော့နည်းခြင်းများ ကြုံတွေ့ခံစားခဲ့ရကြောင်း ယခုနှစ်တွင်မူ အခက်အခဲများမှ အနည်းငယ်ရုန်းထွက်နိုင်မည်ဟု မျှော်လင့်ကြောင်းလည်း ဒေသခံလယ်သမားအများစုက ပြောကြားသည်။

# အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူလျော့ကျ

**အေးမြတ်သူ**

**ရန်ကုန်၊နိုဝင်ဘာ-၁၀**

ရခိုင်ပြည်နယ်အတွင်းပဋိပက္ခဖြစ်ပွားပြီးနောက် အာရှအရှေ့အလယ်ပိုင်း အာရပ်နိုင်ငံများသို့မြန်မာလုပ်သားများ သွားရောက်လုပ်ကိုင်မှု လျော့ကျခဲ့ပြီး အလုပ်ခေါ်ယူမှုများလည်း လျော့နည်းသွားကြောင်းပြည်ပအလုပ်အကိုင်အေဂျင်စီအချို့မှ သုံးသပ်ပြောကြားသည်။

မြန်မာရွှေ့ပြောင်းလုပ်သားများအနေဖြင့် လွန်ခဲ့သည့် ၂ နှစ်ဝန်းကျင်တွင် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မှု အများဆုံးဖြစ်ခဲ့သည်။ သို့သော် ယခုနောက်ပိုင်းတွင် ၎င်းနိုင်ငံများ၏ ရာသီဥတုအခြေအနေကြောင့်သော်လည်းကောင်း၊ ဘာသာရေးတင်းကျပ်မှုတို့အပါအဝင် ရခိုင်ပြည်နယ်အတွင်း လူမျိုးရေး ပဋိပက္ခ ဖြစ်ပွားပြီးနောက် တင်းမာမှုအချို့ကြောင့်သော်လည်းကောင်း သွားရောက်လုပ်ကိုင်မှုနည်းပါးသွားခဲ့ကြောင်း သတင်းရရှိသည်။

"ရခိုင်အရေးအခင်းဖြစ်ပြီးတော့ ဒီကအလုပ်သမားတွေအနေနဲ့ ဟိုကို တရားဝင်စာတင်ပြီးသွားတာမရှိသေးဘူး။ ဟိုမှာ အရင်ကတည်းက ရောက်နေတဲ့သူတော့မပါဘူးပေါ့။ ဒီနှစ်ငါးလပိုင်း၊ ခုနစ်လပိုင်းမှ သွားတဲ့သူမရှိပါဘူး" ဟု နေပြည်တော်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အဆင့်မြင့် အရာရှိတစ်ဦးက ပြောသည်။ ကျောက်တံတားမြို့နယ်အခြေစိုက်ပြည်ပအလုပ်အကိုင်အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာတစ်ဦးက "အခုလည်း ပုံမှန်အလုပ်သွားလုပ်တာ။ အလုပ်ခေါ်တာတွေ ရှိပါတယ်။ ဒီနှစ်ထဲမှာ အရင်နှစ်တွေထက် ခေါ်စာတို့ဒီကသွားတာတို့ကျသွားတာက ပြည်တွင်းက အခြေအနေကြောင့်လည်းပါတယ်။ နိုင်ငံရဲ့ပုံရိပ်ကျရင် အဘက်ဘက်က ကျသွားတာပဲ။ ဒီပြဿနာဖြစ်နေတော့ ဘယ်သူမဆို သူတို့ဘက် ဂယက်ရိုက်မှာစိုးရိမ်ကြတယ်။ အနည်းနဲ့အများရိုက်ခတ်မှုဖြစ်သွားတာပေါ့"ဟု ဆိုသည်။ သို့သော်လက်ရှိကာလတွင် ကူဝိတ်၊ ကာတာ စသောနိုင်ငံများမှ အလုပ်ခေါ်ယူမှု ရှိနေဆဲဖြစ်ပြီး မြန်မာလုပ်သားများအနေဖြင့် တရားဝင်၊ တရားမဝင် ပုံစံနှစ်မျိုးစလုံးဖြင့် သွားရောက်နေကြသည်။ ဟိုတယ်ဆိုင်ရာ လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့အတွက်ခေါ်ယူနေကြခြင်းဖြစ်သည်။

ထို့အပြင် ယင်းနိုင်ငံများသို့သွားရောက်လုပ်ကိုင်ကြသော မြန်မာရွှေ့ပြောင်းလုပ်သားအများစုသည် မိမိသွားရောက်လုပ်ကိုင်မည့် လုပ်ငန်းစဉ်တို့အပါအဝင် နိုင်ငံတွင်းရှိဥပဒေများအပြင် ဘာသာစကား ကျွမ်းကျင်မှုရှိရန်လေ့လာမှု အားနည်းလျက်ရှိကြောင်းပြည်ပအလုပ်အကိုင်အေဂျင်စီအချို့က သုံးသပ်ပြောဆိုသည်။

"ဒီနှစ်ထဲမှာ ရခိုင်အရေးအခင်း ဖြစ်ပြီးနောက်ပိုင်း အဆင်မပြေကြဘူး။ အနှိမ်ခံရတယ်။ ဟိုမှာ တကယ်ပြဿနာဖြစ်လာပြီဆိုရင် ဘာမှ မရှင်းနိုင်ဘူး။ အရှေ့အလယ်ပိုင်းဥပဒေက အလုပ်သမားဘက်ထက် အလုပ်ရှင်ဘက်က ရပ်တည်ပေးထားတာ"ဟု ကျောက်တံတားမြို့နယ်အခြေစိုက် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးက လေ့လာသုံးသပ်ပြောကြားသည်။



**ဒူဘိုင်းတွင် လုပ်ငန်းခွင်ဝင်နေသော လုပ်သားများကိုတွေ့ရစဉ်**

---


## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
သံရုံး Head of Mission ၏နေအိမ်တွင်တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအမျိုးသမီး (၁) ဦး အလိုရှိသည်။ သပ်ယပ်မှုရှိပြီး Presentable ဖြစ်ရမည်။ အသက်(၂၁)နှစ်မှ(၂၈)နှစ်အတွင်း၊ အရပ် ၅ ပေ၊ ၄ လက်မထက် မနိမ့်ရ။
**ဖုန်း - ၀၉၅၀၃၃၇၃၉**
(တနလ်ာမှ သောကြာ၊ နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း)

---

**ဝန်ထမ်းအလိုရှိသည်**
တက္ကသိုလ် ဟန်မင်းဦး
အနုပညာသင်တန်းကျောင်း
Photoshop, Editing ကျွမ်းကျင် မ(၅) ဦး
ပညာသင် မ (၁၀) ဦး
**အမှတ် (၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း - ၂၂၇၁၉၉**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းတစ်ဦး အမြန်အလိုရှိသည်။ တောင်ဒဂုံနှင့် နီးလျှင် ပိုအဆင်ပြေပါသည်။
**ဖုန်း - ၀၉၇၃၀၁၉၀၆၀**

---

**ဝန်ထမ်းအလိုရှိသည်**
အပ်ချုပ်ကျွမ်းကျင် (၄) ဦး
(ကျွမ်းကျင်မှုအပေါ် မူတည်၍ ပေးနှုန်းညှိနှိုင်းပးမည်)
**ဖုန်း - ၀၉၄၃၀၆၅၈၁၂**

---

**ဝန်ထမ်းအလိုရှိသည်**
ရှမ်းလိုင်းကျွမ်းကျင် (၁) ဦး
စားပွဲထိုး (၂) ဦး
ဓားကိုင် (၁) ဦး
**ဖုန်း - ၀၁- ၇၀၄၇၃၈**

---

**ဝန်ထမ်းအလိုရှိသည်**
အချိန်ပိုင်း အချိန်ပြည့် လုပ်နိုင်သူ တိုင်းအတွက်အလုပ်သစ်များ ပေးနေပါပြီ။ ယှဉ်ပြိုင်အရွေးခံရန် မလိုပါ။
**ဖုန်း - ၀၉၄၂၁၀၂၈၃၇၄**

---

**ဝန်ထမ်းအလိုရှိသည်**
တံဆိပ်ရိုက်လုပ်ငန်းအတွက်
အလုပ်သင်ဝန်ထမ်း ကျား (၃) ဦး
ဈေးကွက်ရှာဖွေရေး မ (၂) ဦး
အရောင်းဝန်ထမ်း မ (၂) ဦး
ကွန်ပျူတာစာစီစာရိုက် မ (၂) ဦး
**အမှတ် ၁၃၃၂၊ ဇာတိဂုဏ်လမ်း၊ မြေညီ၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေ။**
**ဖုန်း - ၀၉၇၃၀၆၀၂၅၈**

---

**ဝန်ထမ်းအလိုရှိသည်**
Accountant မ (၂) ဦး
Any Graduate, LCCI Level - II (or) IIIအောင် မြင်ပြီးသူဖြစ်ရမည်။ လစာကောင်းမည်။
**ဖုန်း - ၀၁-၅၅၇၈၈၆**

---

**ဝန်ထမ်းအလိုရှိသည်**
Marketing ကျား (၂) ဦး၊ မ (၂) ဦး
(ဘွဲ့ရ၊ အသက် (၁၈) နှစ်မှ (၂၅) အတွင်း၊ အတွေ့အကြုံ (၁) နှစ်၊ နယ်ခရီးသွားနိုင်သူဖြစ်ရမည်)
**အမှတ် (၃၈/၄၀)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံ မြို့နယ်။**
**ဖုန်း - ၀၁-၃၉၃၀၉၅**

---

**ဝန်ထမ်းအလိုရှိသည်**
Deluxe Formula Indu- strial Co., Ltd
Sales & Marketing Manager ကျား/မ (၂) ဦး
Sale & Marketing Super visor ကျား/မ (၅) ဦး
Maintenance Store Keeper မ (၃) ဦး
Maintenance ကျား (၃) ဦး
Store Keeper ကျား/မ (၃) ဦး
စာရင်းစစ်/စာရင်းကိုင် မ (၃) ဦး
ရောင်း/မောင်း ကျား (၅) ဦး
ယာဉ်မောင်း ကျား (၅) ဦး
No. 29, Pa Din Won U Shwe Bin Street, Industrial Zone (1), Hlaing Thar yar Township, Yangon.
**ဖုန်း - ၀၁-၆၈၅၅၂၆**

---

**ဝန်ထမ်းအလိုရှိသည်**
အရိန္ဒမာ ခရီးသွားကုမ္ပဏီလီမိ တက်၏ ပုဂံမြင်းစီးရပ်နားစီမံကိန်း တွင်
1. Manager (1) M
2. Incharge (2) M
3. Supervisor (1) M
4. Staff (5) M
5.General Labour (5) M
6. Accountant (1) F
7. Storekeeper (1) M
8. Security (2) M
**ဖုန်း - ၉၅၁-၅၄၅၈၃၈**
Room - D, Level-10, Dngon Business Tower, Shwe Gone Daing, Bahan Township, Yangon.

---

**ဝန်ထမ်းအလိုရှိသည်**
တိုင်းရင်းသား စားတော်ဆက်
Chief Cook (2) M
Cashier (2) F
Waiter (2) M (အမြန်)
Waitress (2) F (အမြန်)
**ဖုန်း - ၀၁-၆၆၀၇၉၂**

---

**ဝန်ထမ်းအလိုရှိသည်**
(1) Sale Staff (3) F
(2) Marketing Staff (3) F
(3) English Translator (1) F
(4) Driver (1) M
No.A/10, Uwisaya Road, North Dagon Township, Yangon.
**Ph: 586049**

---

**ဝန်ထမ်းအလိုရှိသည်**
Six Diamond
စက်ချုပ်ကျွမ်းကျင် မ (၂) ဦး
စီးကွင့်ကျွမ်းကျင် မ (၂) ဦး
**ဖုန်း - ၀၉၅၀၀၉၃၃၂**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းအလိုရှိသည်။ အနည်းဆုံးလုပ်သက်(၃)နှစ်၊ အသက်(၅၀)အောက် ကျား (၁) ဦး၊ ရန်ကုန်မြို့တွင်း။
**ဖုန်း - ၀၉၇၃၀၆၃၂၇၈**

---

**ဝန်ထမ်းအလိုရှိသည်**
Media & Advertising လုပ်ငန်းအတွက်
Marketing (3) F
Graphic Designer (2) M
Office Staff (2) M
**ဖုန်း - ၀၁-၂၀၂၈၂၅**

---

**ဝန်ထမ်းအလိုရှိသည်**
ကလေးထိန်း မ (၁) ဦး
အိမ်ဖော် မ (၁) ဦး
**ဖုန်း - ၀၁-၂၀၂၈၂၅**
**သုံးလွှာ (ဘယ်)၊ ၄၇ လမ်း-၄၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမပေါ်၊ ဗိုလ်တထောင်။**

---

**ဝန်ထမ်းအလိုရှိသည်**
THARKI NWE CO.,LTD
(1) Regional Sales Supervisor (2) M
(2) Marketing Staff (3) F/ M
(3) Sales Promotor (5) M
(4) Accountant (1) M
No (47/51) (A), Thu Mingalar Road, Near Junction Zawana & Kan Baw Za Bank, Thingangyun Township.
**Ph: 01-8550168**

---

**ဝန်ထမ်းအလိုရှိသည်**
Sales & Marketing (1) F/M
(Age 20 to 25 years, Welcome the major in pharmacy, Good Communication skills in English, Able to travel oversea
B-1, Room 302, 5th street, Shwegabar Housing, Mindama Road, Myangone T/S
**Ph: 664870**

---

**ဝန်ထမ်းအလိုရှိသည်**
25th Group Co.,Ltd
Manager (3) M
Accountant (2) F
Coordinator (2) F
Office Staff (2) M/F
Security (30) M
**ဖုန်း - ၀၁-၅၂၆၆၄၈**
**(လှည်းတန်းမှတ်တိုင်နှင့် စိုက်ပျိုးရေးမှတ်တိုင်ကြား)**

---

**ဝန်ထမ်းအလိုရှိသည်**
1. Management emplo-yment (10) M/F
2. Chinese-Myanmar-English Translator (10) M/F
3. Admin Officer (5) F
4. Accountant (3) M/F
email- Rita235163@gmail. com
**Ph: 0973166383**

---

**ဝန်ထမ်းအလိုရှိသည်**
Zeyar Phyo Constructi-on Co., Ltd
Structurer လုပ်ငန်းများ အ တွက်
Civil & Architect
Engineer (AGTI,B Tech, BE) (5) M
**ဖုန်း - ၀၁-၈၆၀၃၈၂၂**
**အမှတ်(၀၀၄)၊မြေညီထပ်၊ရွှေသံလွင်ကွန်ဒို၊ အေးရိပ်သာ (၁) လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Tauk Shunn Trading Co.,Ltd
အရောင်းစာရေး (၁၀) တန်း အောင် မ (၁၀) ဦး
ရောင်း/ မောင်း ကျား (၅) ဦး
Accountant မ(၃) ဦး
Office Staff မ (၅) ဦး
Office Secretary မ(၅) ဦး
အိမ်အကူ မ (၃) ဦး
**ဖုန်း - ၀၉-၄၂၀၁၀၂၉၄၃**

---

**ဝန်ထမ်းအလိုရှိသည်**
ရွှေကျားမင်း ရွှေထည်ထုတ်လုပ်ဖြန့်ချိရေး
ယာဉ်မောင်းကျွမ်းကျင် ကျား (၂) ဦး
အရောင်းစာရေး ကျား/မ (၄) ဦး
**ဖုန်း - ၀၉၇၃၉၀၁၃၆၆**
**အမှတ် (၅၀၅)၊ သုံးလွှာ၊ မဟာဗန္ဓုလလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Pink Lotus
1. Tour Operation and Sale (1) Post
2. Reservation Staff (1) Post
**Ph: 377693**
**38th St, Zay Plaza, 1st floor, Kyauktada Tsp.**

---

**ဝန်ထမ်းအလိုရှိသည်**
Sakura Residence
Receptionsit (2) M/F
Waiter/ Waitress (3) M/F
Cook (1) M
Security (2) M/F
**ဖုန်း - ၀၁-၀၁-၅၂၅၀၀၁**
**အမှတ် (၉)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

---

**ဝန်ထမ်းအလိုရှိသည်**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS
နာချင်ရာ နာစမ်း . . .
TIGER BALM
PLASTER
I NEVER GO ANYWHERE WITHOUT MY TIGER.
TIGER BALM PLASTER
TIGER BALM PLASTER-RD
TIGER BALM
Marketed & Distributed by: THUKHA DANA
Head Office - No.84, 12th Street, Lanmadaw Township, Yangon. Ph : 01- 215151, 215252, 215454.
Mandalay - No.141, 34th Street, Between (78th & 79th) Street, Mandalay. Ph : 02-69377, 69388, 69363.




TERUMO JAPAN
THUKHA DANA
Digital Blood Pressure Monitor
သွေးပေါင်ချိန်တိုင်း ကိရိယာ
ES*P311
TERUMO ACTIVITY MONITOR
Check Total Calorie Consumption to Control Meals & Exercise
MEDISAFE™ MINI
Blood Glucose Reader
သွေးချိုတိုင်း ကိရိယာ
TERUMO Ear Thermometer
EM-30CP LB/R
MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seingae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.5/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

Education

7 DAY NEWS JOURNAL

Vol.11, No.36 • NOVEMBER 15 , 2012

# နိုင်ငံတကာ ပညာရေးလမ်းကြောင်း အရွေ့

**နေလင်းထွန်း**

မြန်မာကျောင်းသား အများအပြားသည် အလုပ်အကိုင်အခွင့်အလမ်းဦးတည်ချက်ဖြင့် နိုင်ငံတကာ တက္ကသိုလ်၊ကောလိပ်နှင့်ကျောင်းများတွင် သွားရောက်ပညာသင်နေရာမှ ပြည်တွင်းသို့ပြန်လည်ဦးလှည့်လာနေသည်။

လွန်ခဲ့သောနှစ်များက နိုင်ငံတကာပညာရေးလမ်းကြောင်းသည် ငွေကြေးအတော်အတန်တတ်နိုင်သော ကျောင်းသားများအတွက်ပြည်ပတွင်အလုပ်အကိုင်အခွင့်အလမ်းရရှိစေခဲ့ပြီး စင်ကာပူ၊ ဗြိတိန်၊ ဂျပန် စသည့်နိုင်ငံများသို့မြန်မာကျောင်းသား အမြောက်အမြားရောက်ရှိသွားခဲ့ကြသည်။

လက်ရှိအချိန်သည် နိုင်ငံတကာ၌အလုပ်အကိုင်အခွင့်အလမ်းရရှိရန်ပညာရေးလိုအပ်ချက်မြင့်တက်လာခြင်း၊ ကျောင်းလခ၊ နေထိုင်စားသောက်စရိတ် တိုးမြှင့်လိုက်ခြင်း၊ ကျောင်းဝင်ခွင့်များ တင်းကျပ်လာခြင်းတို့က မြန်မာကျောင်းသားများ၏ နိုင်ငံတကာပညာရေးလမ်းကြောင်းရွေးချယ်မှုကိုအပြောင်းအလဲ ဖြစ်ပေါ်လာစေခဲ့သည်။



**အခမဲ့အင်္ဂလိပ်စာသင်တန်းတစ်ခုမြင်ကွင်း**

ဓာတ်ပုံ-နေလင်းထွန်း

စင်ကာပူနှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာကျောင်းသားများ အလုပ်အကိုင်အခွင့်အလမ်း ရည်မှန်းချက်ဖြင့် အဓိက သွားရောက်နေသော နိုင်ငံများဖြစ်ပြီး မြန်မာကျောင်းသား ဈေးကွက်ဝေစုအများဆုံးရရှိထားသော်လည်း ယခုအခါအဆိုပါ နိုင်ငံများသို့ သွားရောက်သော ကျောင်းသားဦးရေ ကျဆင်းလာနေကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။

"စင်ကာပူမှာ ပိုလီသွားတက်တဲ့ကျောင်းသားဦးရေလည်းကျလာတယ်။ ကြာရင် ပိုလီကလည်း ထိုးနှက်ချက်ဖြစ်လာနိုင်တယ်။ ဟိုတုန်းကကျတော့ မြန်မာနိုင်ငံက ထွက်သွားရရင်ပြီးရော ဒီပလိုမာလေးရပြီးအလုပ်လေးတစ်ခုရရင်ပြီးရောပေါ့။ အခုကျတော့ ပညာရေးလိုအပ်ချက်တောင်းဆိုမှု ပိုများလာတယ်။ ယူကေကထုတ်လိုက်တဲ့ သုတေသနတစ်ခုရှိတယ်။ ၂၀၁၂ နဲ့ ၂၀၁၅ ပတ်ဝန်းကျင်တွေမှာ ဘွဲ့ရတွေအတွက်အလုပ်အကိုင်ရဖို့ခက်ခဲတဲ့ကာလတွေတဲ့၊ ကမ္ဘာမှာဖြစ်လာတာပါ။ အရင်တုန်းကလို အလုပ်တစ်ခုကိုဦးတည်လို့ မရတော့ဘူး" ဟု Crown ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊မန်နေဂျင်းဒါရိုက်တာဦးအောင်ကျော်ဆန်းက ပြောသည်။

ပြည်ပနိုင်ငံများတွင် အလုပ်အကိုင်အခွင့်အလမ်းအတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာခြင်းသည် နိုင်ငံရပ်ခြား၌ သွားရောက်ပညာသင်ကြသော မြန်မာကျောင်းသားများအတွက်အဓိကစိန်ခေါ်မှု တစ်ရပ်ဖြစ်လာနေသည်။

နိုင်ငံရပ်ခြားတက္ကသိုလ်၊ကောလိပ်များတွင် ငွေကြေးကုန်ကျခံ၍ ဒီပလိုမာ၊ ဒီဂရီဘွဲ့သင်တန်းများသင်ယူပြီးနောက် ၎င်းနိုင်ငံများတွင် နေထိုင်အလုပ်အကိုင်ခွင့်ရရှိရန် ကျောင်းသားများအနေဖြင့် ပိုမိုကြိုးစားအားထုတ်ရမှုလိုအပ်လာနေသည်။

နိုင်ငံရပ်ခြားတက္ကသိုလ်များတွင်ပညာသင်ယူပြီးနောက်အလုပ်အကိုင်ရရှိရန် အရေးကြီးသောအချက်မှာ မိမိရရှိထားသော ဘွဲ့နှင့် မိမိတက်ရောက်ခဲ့သောတက္ကသိုလ်ပေါ်တွင် အဓိကမှီတည်နေပြီး အလုပ်အတွက် ပြင်ဆင်ပြိုင်ဆိုင်ရမှုသည် ယခင်ကထက်ပြင်းထန်လာကြောင်း ဂျပန်နိုင်ငံရှိ အာရှပစိဖိတ်တက္ကသိုလ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဘာသာရပ်ဖြင့် ဒီဂရီဘွဲ့သင်တန်းတက်ရောက်နေသောကျောင်းသူတစ်ဦးက ပြောသည်။

"ဘယ်မှာ ဘွဲ့ရတယ်။ ဘယ်လိုဘာသာရပ်လည်းဆိုတာက အလုပ်ရဖို့အတွက် အသေအချာကိုလိုအပ်ပါတယ်။ အလုပ်အကိုင်အတွက် ပြိုင်ဆိုင်ရမှုက လွန်ခဲ့တဲ့ငါးနှစ်ကထက် အများကြီးမြင့်တက်လာတယ်လို့ ကျွန်မထင်တယ်။ ဒီမှာက ကျောင်းမပြီးခင် ပညာသင်နေရင်းနဲ့ အလုပ်ရှာဖို့လည်း စာမေးပွဲတွေ အများကြီးဖြေနေရပါတယ်။ ဒီမှာ ဂျပန်ကုမ္ပဏီတွေက မြန်မာမှာအလုပ်လုပ်ဖို့ ခေါ်နေတာလည်း ရှိတယ်။ ဒီမှာရတဲ့ အခြေခံလစာရဲ့တစ်ဝက်ရရင်တောင် မြန်မာနိုင်ငံမှာပြန်လာလုပ်ချင်ပါတယ်" ဟုသူမကဆိုသည်။

ကျောင်းသားပြည်ဝင်ခွင့် မူဝါဒများတင်းကျပ်လာခြင်း၊ကျောင်းပြီးချိန်တွင် နေထိုင်အလုပ်လုပ်ကိုင်ခွင့်ဆိုင်ရာ မူဝါဒများ အပြောင်းအလဲ ဖြစ်ပေါ်နေခြင်း၊ နိုင်ငံသားများနှင့်ယှဉ်ပြိုင်အလုပ်အကိုင်နိုင်သော အခြေအနေ နည်းပါးနေခြင်းတို့သည် မြန်မာကျောင်းသားများ၏ နိုင်ငံတကာပညာရေးလမ်းကြောင်းရွေးချယ်မှုကို သက်ရောက်မှုရှိနေသည်။

ယခုအခါ နိုင်ငံရပ်ခြားပညာသင်သွားရောက်ရန် ပြင်ဆင်နေသော ကျောင်းသားများတွင် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းကိုမျှော်လင့်သူများရှိလာနေပြီးပြည်တွင်း၌ ပြန်လည်လုပ်ကိုင်နိုင်မည့် ဘာသာရပ်များကို ရွေးချယ်သင်ယူမှုလည်းရှိလာသည်။

"အခုကတော့ အသက်မွေးဝမ်းကျောင်း သင်တန်းတွေ သွားတက်မယ်။ ပြီးရင် မြန်မာနိုင်ငံ ပြန်လာပြီး အလုပ်လုပ်မယ်ပေါ့။ နိုင်ငံခြားမှာအလုပ်လုပ်ဖို့အန်တီ့ကိုသိပ်မမေးကြတော့ဘူး။ နိုင်ငံခြားမှာ အလုပ်ရဖို့ က ခက်လာပြီလေ။ အခုအခြေအနေက ဒီဂရီခေတ်မဟုတ်တော့ဘူးလေ။

**စာ(၃၀)သို့**

## အခြေခံပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ် အားနည်းချက်များရှိနေ

**နေလင်းထွန်း**

**ရန်ကုန်၊**

**နိုဝင်ဘာ - ၉**

ယခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော အခြေခံပညာအဆင့် ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးရရှိသောကျောင်းသားဦးရေနည်းပါးနေပြီး ပညာသင်ဆုကြေးငွေပေးအပ်မှုလည်း နည်းပါးနေကြောင်း အခြေခံပညာရေးကဏ္ဍစီမံကိန်းလုပ်ငန်းဆိုင်ရာ စာတမ်းတစ်စောင်တွင် ဝေဖန်သုံးသပ်ထားသည်။

ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်သည် မြို့နယ်တစ်မြို့နယ်လျှင် အထက်တန်းနှင့် အလယ်တန်းအတွက် ပညာသင်ဆု တစ်ဆုစီသာ ပေးအပ်နေပြီး ပညာသင်ထောက်ပံ့ကြေးအနေဖြင့် ကျောင်းသား ၁၀၀၀ လျှင် ၁ ဒသမ ၄ ဦးခန့်သာ ရရှိနေကြောင်း အခြေခံပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးရေး အစီအစဉ်စာတမ်းတွင် ဖော်ပြထားသည်။

ပညာသင်ဆုစာမေးပွဲများ ဖြေဆိုရာတွင် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် သွားလာနေထိုင်ရေး ခက်ခဲမှုရှိနေပြီး ပညာသင်ဆုအတွက်စစ်ဆေးရွေးချယ်ရေးစရိတ်နှင့် ချီးမြှင့်သည့် ဆုငွေ ပမာဏ အချိုးမညီမျှခြင်းတို့ရှိနေသည်ဟုလည်း ဆိုသည်။

ပညာသင်ဆုချီးမြှင့်နိုင်သော ကျောင်းသားဦးရေနှင့်ပညာသင်ထောက်ပံ့ကြေးပေးနိုင်သော ကျောင်းသားဦးရေ နည်းပါးနေရခြင်းမှာ နိုင်ငံတော်၏ ဘဏ္ဍာငွေခွင့်ပြုချက်ပမာဏအပေါ် မူတည်နေခြင်းကြောင့်ဖြစ်ပြီး ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ပိုမိုချီးမြှင့်နိုင်ရန် ပြည်တွင်း၊ ပြည်ပ စေတနာရှင်များ၏ အကူအညီရယူနိုင်ရန် လိုအပ်နေကြောင်း စာတမ်းတွင် သုံးသပ်ထားသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ အလယ်တန်း ပညာသင်ဆုကို ကျပ်နှစ်သောင်းနှင့် အထက်တန်းပညာသင်ဆုကို ကျပ်သုံးသောင်း တိုးမြှင့်ချီးမြှင့်ရန်နှင့် ပြင်ပစေတနာရှင်နှင့် အဖွဲ့အစည်းများ၏ အကူအညီယူ၍ ပညာသင်ထောက်ပံ့ကြေးပေးအပ်မည့်ကျောင်းသား၊ကျောင်းသူဦးရေတိုးချဲ့သွားရန် ဦးစားပေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မှန်မြတ်ဆေးခန်း**

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

ရန်ကုန်/မော်လမြိုင်

လိပ်ခေါင်းရောဂါကုသခြင်း

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

ဆီးချို၊ သွေးချိုရောဂါကုသခြင်း

**STUDY IN SINGAPORE**

Diploma in Hotel & Resturant Service Management

Nearest Intake DEC

(6) Months THEORY + PARCTICAL + (6) Months On Job Training

** Allowance Available in OJT Period

** Special Promotion for Myanmar Students

Diploma + Advanced Diploma in Hotel Management

Nearest Intake DEC

(9) Months THEORY + PARCTICAL + (6) Months THEORY + PARCTICAL + (6) Months On Job Training

To Contact (Myanmar Office) - Dimensions Education Center

459, Room(302),3rd Floor,New University Avenue Road , Bahan Township, Yangon, Myanmar. PH : 09-450044117 , 09-421076858 Email - dimensions.yangon@gmail.com



# Technology

7 DAY NEWS JOURNAL

Vol.11, No.36 • NOVEMBER 15 , 2012


## Pfingo ခေါ်ဆိုခထက် သက်သာသောနှုန်းဖြင့် Ytalk ဝန်ဆောင်မှုပေးမည်ဟုဆို

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

အင်တာနက်ဆိုင်များမှ ပြည်ပသို့ တယ်လီဖုန်းခေါ်ဆိုမှုတစ်ခုဖြစ်သည့် (Pfingo) နှုန်းထားများထက် သုံးပုံနှစ်ပုံခန့် စျေးနှုန်းသက်သာသည့် Y Talk စနစ်အသုံးပြု၍ ပြည်ပသို့ တရားဝင်ဖုန်းခေါ်ဆိုနိုင်သော ဝန်ဆောင်မှုကို ယခုလ ကုန်ပိုင်းတွင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းသို့ခေါ်ဆိုနိုင်ရန် Android နှင့် iOS Device တို့တွင်ထည့် သွင်းအသုံးပြုနိုင်သည့် Ytalk New Application ဆော့ဖ်ဝဲလိုအပ်သည်။ အဆိုပါ ဆော့ဖ်ဝဲအား အင်တာနက်ပေါ်တွင် အခမဲ့ရယူနိုင်သော်လည်း Account Card ကိုမူ ကျပ်တစ်သောင်းဖြင့် ဝယ်ယူရမည်ဖြစ်ကာ အက်ဖ်အီးစီ ၂၀၊ ၃၀ နှင့် ၅၀ ဟူ၍ သတ်မှတ်ထားသော ငွေဖြည့်ကတ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရမည်ဖြစ်ကြောင်း Ytalk မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အင်တာနက်ဆိုင်တွေကနေပြည်ပခေါ်ဆိုမှုထက် တစ်ဝက်ကျော်ကျော် သက်သာတယ်။ ဥပမာ ပုံမှန်စင်ကာပူနိုင်ငံကို ဖုန်းခေါ်ရင် တစ်မိနစ်ကို ၅၀ ကျပ်ပေးရတယ်။ အခု Ytalk နဲ့ ဖုန်းခေါ်မယ်ဆိုရင် တစ်မိနစ်ကို ၁၂ ကျပ်ပဲကျမယ်။ စျေးသက်သာသွားတာပေါ့"ဟု Y talk စနစ်အား စိတ်ဝင်စားသူ အင်တာနက်ဆိုင်၌ အလုပ်လုပ်နေသော လူငယ်တစ်ဦးက ပြောသည်။

အင်တာနက်ဆိုင်များမှ ပြည်ပသို့ဖုန်းခေါ်ဆိုမှု ကျသင့်ငွေများမှာ တစ်မိနစ်လျှင် စင်ကာပူ- ၅၀ ကျပ်ဝန်းကျင်၊ အမေရိကန်- ၁၀၀ ကျပ်ဝန်းကျင်၊ မလေးရှား- ၁၀၀ ကျပ်ဝန်းကျင်၊ ထိုင်း- ၁၅၀ ကျပ်ဝန်းကျင် ကျသင့်နေရာမှ Ytalk တွင်မူ စင်ကာပူ- ၁၂ ကျပ်၊ မလေးရှား- ၂၄ ကျပ်၊ အမေရိကန်- ၁၂ ကျပ်၊ ထိုင်း- ၂၅ ကျပ်တို့သာ ပေးရမည်ဖြစ်သည်ဟု ဆိုသည်။

" Y Talk ကို သုံးဖို့ ဆော့ဖ်ဝဲကို အင်တာနက်ကနေ အခမဲ့ရယူနိုင်ပါတယ်။ စတင်သုံးစွဲမယ့် အကောင့်ဖွင့်ရင် Account Card ကို ငွေကျပ်တစ်သောင်းနဲ့ ဝယ်ယူရမှာပါ။ အကောင့်ကတ်မှာ User Name နဲ့ Password ပါတယ်။ ဖုန်းမှာ ရိုက်ထည့်ပြီး Ytalk ရဲ့ ငွေဖြည့်ကတ်ထည့်သုံးရုံပါပဲ" ဟု ပရောဂျက်မန်နေဂျာကိုကျော်ဟန်ဆက်က ပြောသည်။

ထိုစနစ်အား အသုံးပြုရန် မိုဘိုင်းဖုန်းတွင် အင်တာနက် ချိတ်ဆက်ထားရန်လိုအပ်ပြီး ဝိုင်ဖိုင်စနစ်ဖြင့်လည်း အသုံးပြုနိုင်ကြောင်း သိရသည်။

## လက်ပ်တော့သုံးမျိုး ကြမ်းခင်းစျေး ကျပ်တစ်သိန်းသတ်မှတ်၍ လေလံတင်ရောင်းမည့် နည်းပညာနှင့် မိုဘိုင်းပြပွဲ

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ-၇**

ပဲခူးတိုင်းဒေသကြီးတွင် ပထမဆုံးအကြိမ်အဖြစ် တောင်ငူမြို့၌ ကျင်းပမည့် အိုင်တီနှင့် မိုဘိုင်းပြပွဲ (IT & Mobile Fair) ၌ လက်ပ်တော့အမှတ်တံဆိပ်သုံးမျိုးမှလက်ပ်တော့များကို ကြမ်းခင်းစျေး ကျပ်တစ်သိန်းသတ်မှတ်ကာ လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဒီပြပွဲမှာ Dota Game ပြိုင်ပွဲပါမယ်။ Lenovo, HP, Acer Brand Laptop တွေကိုကြမ်းခင်းစျေးတစ်သိန်းသတ်မှတ်ပြီး လေလံစနစ်ဖြင့် ရောင်းချပေးမှာပါ။ နယ်ဒေသဆိုတော့ အိုင်တီဖွံ့ဖြိုးမှုက ရန်ကုန်လောက် မရှိဘူး။ နယ်မြို့ကလူတွေအိုင်တီမှာ ပိုမိုစိတ်ဝင်စားလာအောင် စာပေဟောပြောပွဲ၊ အိုင်တီဟောပြောပွဲ၊ အိုင်တီစကားဝိုင်း၊ နက်ဝ့ါခ်စကားဝိုင်းတွေပါမှာပါ" ဟု ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌဖြစ်သူဦးထိုက်လင်းက ပြောသည်။

ပြပွဲတွင်ရောင်းချမည့်လက်ပ်တော့များမှာ အလုံးရေ ကန့်သတ်ချက်ရှိကြောင်း ဦးစားပေးစနစ်ဖြင့်သာ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ကေတုမတီ(တောင်ငူ)မြို့ နန်းတည်နှစ်၅၀၂နှစ်ပြည့်အထိမ်းအမှတ်ပွဲတော်နှင့် အတူ ပြပွဲကို ဘုရင့်နောင်ခန်းမ၌ နိုဝင်ဘာ ၂၃၊ ၂၄ ရက်တို့တွင် နံနက် ၉ နာရီမှ ၆ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မှ ကွန်ပျူတာကုမ္ပဏီ ၂၄ ခု ပါဝင် ပြသမည်ဖြစ်သည်။

"ဒီပြပွဲက တိုင်းဒေသကြီးအနေနဲ့ ပထမဦးဆုံးပါ။ ပဲခူးတိုင်းဒေသကြီးက ကွန်ပျူတာပညာရှင်အသင်းနဲ့ လုပ်ငန်းရှင်အသင်းပူးပေါင်းပြီး တောင်ငူမြို့မှာ ကျင်းပတာပါ"ဟု ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဘဆွေက ပြော သည်။



အိုင်စီတီပြပွဲတစ်ခုတွင် ခင်းကျင်းပြသထားသည့် လက်ပ်တော့များ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## မိုဘိုင်းဖုန်းနံပါတ် အပူးများ လေလံစနစ်ဖြင့် ရောင်းမည်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အစိုးရဝင်ငွေ ပိုမိုတိုးတက်စေရန်အတွက် မိုဘိုင်းဖုန်းနံပါတ်များထဲမှ ဂဏန်းအပူးပါရှိသော နံပါတ်များကို ရွေးချယ်သော လေလံတင်ရောင်းချမည့် အစီအစဉ်တစ်ရပ် ပထမဆုံးအကြိမ်ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ မိုဘိုင်းအင်ဂျင်နီယာချုပ်က ပြောသည်။

ရန်ကုန်နှင့် မန္တလေးတိုင်းဒေသ ကုဒ်နံပါတ်များဖြစ်သော ဂျီအက်စ်အမ်နှင့် ဒဗလျူစီဒီအမ်အေဖုန်းများထဲမှ ရောင်းရန်ရှိသေးသော ဂဏန်းအပူးပါရှိသည့် မိုဘိုင်းနံပါတ်များကို မည်သူမဆို လွတ်လပ်စွာလေလံတင် ဝယ်ယူနိုင်မည်ဖြစ်ပြီး စျေးအမြင့်ဆုံးပေးသူများမှာ အဆိုပါ နံပါတ်ရရှိမည်ဖြစ်သည်။

ရန်ကုန်ကုဒ်နံပါတ်ဖြစ်သည့် ဂျီအက်စ်အမ်နံပါတ် ၂၉ ခုနှင့် ဒဗလျူစီဒီအမ်အေ နံပါတ် ၃၆ ခု တို့နှင့် **စာမျက်နှာ (၂၄) သို့**







## ဘားကမ့် ရန်ကုန် ၂၀၁၃ ဇန်နဝါရီလတွင်ကျင်းပမည်

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ - ၈**

သတင်းအချက်အလက်နှင့်နည်းပညာအကြောင်းအရာများကို အခြေခံ၍ မည်သူမဆို လွတ်လပ်စွာ တက်ရောက်ဆွေးနွေးနိုင်သော စတုတ္ထအကြိမ်မြောက် ဘားကမ့် (၂၀၁၃) ရန်ကုန်ကို ဇန်နဝါရီ ၁၉၊ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ သတင်းရရှိသည်။

မြန်မာဘားကမ့်ဖြစ်မြောက်ရေးအသင်းက ဦးစီး၍ ကွန်ပျူတာပညာရှင်အသင်းနှင့် လုပ်ငန်းရှင်အသင်းများက ပူးပေါင်းကျင်းပသည့် အဆိုပါ ဘားကမ့်အား ယခုတစ်ခေါက်ကျင်းပရာတွင် နှစ်စဉ်ကျင်းပလေ့ရှိခဲ့သော ဖေဖော်ဝါရီလထက် တစ်လစောကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်တွင် ကျင်းပသွားမည်ဖြစ်သည်။

စာမျက်နှာ (၂၃) မှ

## မိုဘိုင်းဖုန်းနံပါတ်အပူးများ လေလံစနစ်ဖြင့် ရောင်းမည်

မန္တလေးတိုင်းကုဒ်နံပါတ်ဖြစ်သည့် ဂျီအက်စ်အမ်နံပါတ် ၃၇ ခု၊ ဒဗလျူစီဒီအမ်အေ နံပါတ် ၂၃ ခုတို့ကို လေလံတင်ရောင်းချသွားမည်ဖြစ်သည်။

"နံပါတ်အပူးတွေကို လိုချင်တဲ့သူတိုင်း လေလံပစ်လို့ရပါတယ်။ အဓိကအချက်က နိုင်ငံတော်ဝင်ငွေတိုးတက်ဖို့ ဖြစ်ပါတယ်။ အများဆုံးပေးနိုင်တဲ့ ဘယ်သူမဆိုရမှာပါ" ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဖုန်းနံပါတ်လေလံပစ်ပွဲကို ရန်ကုန်မြို့တွင် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်နှင့် မန္တလေးမြို့တွင်မူ ယင်းမြို့၏ မြို့တော်ခန်းမတို့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး အများပြည်သူရှေ့တွင် တစ်ရက်တည်းအပြတ် ကျင်းပသွားမည်ဖြစ်သည်။

ယခုကဲ့သို့မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဂဏန်းအပူးများကို လေလံတင်ခြင်းသည် ပထမဆုံးအကြိမ် အများပြည်သူ၏ ရှေ့တွင် ပွင့်လင်းမြင်သာမှုရှိရှိပြုလုပ်ခြင်းဖြစ်သော်လည်း ယခင်ကမူ ယခုကဲ့သို့ နံပါတ်အလှများသည် ဆက်သယ်ရေးဝန်ထမ်းတချို့နှင့် မိုဘိုင်းဖုန်းဆိုင်များသို့ အစိုးသတ်မှတ်ဈေးနှုန်းများထက် ပိုမိုပေးယူသော နည်းလမ်းများဖြင့် ဝယ်ယူခဲ့ရကြောင်း မိုဘိုင်းဖုန်း အသုံးပြုသူများထံမှ သိရသည်။

## ဖုန်းသုံးစွဲသူများအတွက် ဝန်ဆောင်မှုစင်တာ ဖွင့်မည်

**နိုင်ချို**

**ရန်ကုန်၊နိုဝင်ဘာ-၈**



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်းများ၊ ကြိုးဖုန်းများနှင့် ပတ်သက်၍ လိုအပ်သည့်ဝန်ဆောင်မှုများပေးနိုင်ရန် ဖုန်းသုံးစွဲသူများအတွက် ဝန်ဆောင်မှုစင်တာ (Customer Care Service Centre)ကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဖုန်းသုံးစွဲသူ (Users)များ၏ အခက်အခဲများအား အမြန်ဆုံးဖြေရှင်းပေးနိုင်ရန်၊ ဆက်သွယ်ရေးနှင့် ပတ်သက်သည့် မည်သည့်အခက်အခဲမဆို ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ အဆိုပါစင်တာ ဖွင့်လှစ်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးငွေဝင်းကပြောသည်။

"ဒီစင်တာမှာ ဌာနငါးခုရှိမယ်။ အိုင်တီဌာန၊ ပြည်ပရေးရာဌာန၊ မိုဘိုင်းဌာန၊ အော်တိုမိုဘိုင်းဌာန၊ အင်တာနက်ဌာနပေါ့။ ဒီဌာနတွေကနေ ဆက်သွယ်ရေးနဲ့ ပတ်သက်တဲ့ အခက်အခဲတွေကို အခမဲ့တာဝန်ယူဖြေရှင်းပေးမှာပါ"ဟု ဦးငွေဝင်းကပြောသည်။

၂၀၁၃ နှစ်ဆန်းပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းရှိကြေးနန်းရုံး (ယခင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

"ဒါအရမ်းကောင်းတဲ့ကိစ္စပါ။ နဂိုကတည်းက ဒီလို စင်တာတွေ ရှိသင့်တယ်။ မိုဘိုင်းပဲဖြစ်ဖြစ်၊ အင်တာနက်ပဲဖြစ်ဖြစ် Error တစ်ခုခုဖြစ်ရင် ဆက်သွယ်ရေးကို တိုက်ရိုက်သွားလို့ရပြီဆိုတော့ အရင်လို အချိန်ကြန့်ကြာမှု မရှိတော့ဘူး။ ကြားခံဆိုင်တွေ သွားစရာမလိုတော့ အချိန်ကုန်၊ ငွေကုန်သက်သာတာပေါ့"ဟု လူကြီးမင်း မိုဘိုင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကိုလင်းလင်းကပြောသည်။






7DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

ကျွန်တော် လွှန်ခဲ့တဲ့ ၁၉၈၀ ပြည့်နှစ်မှာ ရေနံလုပ်ငန်းကို စတင်ဝင်ရောက်ခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာ့ရေနံကော်ပိုရေးရှင်းပေါ့။ မန်းရေနံမြေမှာ အလုပ်သင်အဖြစ် စတင်ဝင်ရပါတယ်။ အလုပ်ဝင်ခါစ၊ ကျောင်းပြီးခါစ လူပျိုလူလွတ်ဆိုတော့ တော်တော်ပျော်စရာ ကောင်းပါတယ်။ ရတဲ့လစာက ၃၂၀ ကျပ်ဆိုပေမယ့် အပိုကြေးကလည်း တစ်နေ့ ၃/၄ နာရီရပါတယ်။ ဒါ့အပြင် ရေနံလုပ်ငန်းရဲ့ မူလအင်္ဂလိပ်ခေတ်က အစဉ်အလာအတိုင်း စနစ်တကျစည်းကမ်းရှိရှိ ခံစားခွင့်ပေးထားတာတွေကြောင့် လစာဆိုတာ ကျွန်တော်တို့လူပျိုလူလွတ်တွေအတွက် အပိုသက်သက်ပါပဲ။ ကျွန်တော်တို့မှမဟုတ်ပါဘူး။ ကျန်တဲ့ဝန်ထမ်းတွေဆိုတာလည်း သူ့အဆင့်နဲ့သူ ခံစားခွင့်တွေ တရားဝင်ရတာဆိုတော့ အဲဒီကာလက အစိုးရပစ္စည်းအလွဲသုံးစားလုပ်တယ်ဆိုတဲ့သူဟာ တော်တော်သိက္ခာမဲ့တဲ့သူ၊ လောဘအင်မတန်ကြီးတဲ့သူ၊ စာရိတ္တမကောင်းတဲ့သူတွေလောက်ပဲ ရှိပါတယ်။ ကိုယ့်ဝင်ငွေနဲ့ကိုယ် လုံလောက်နေပါရက်နဲ့ လောဘတက်စရာမှမရှိတာ။ လုပ်ငန်းခွင်မှာ ဝန်ထမ်းအားလုံး ကိုယ့်တာဝန်ကိုယ်ယူပြီး တာဝန်သိသိ၊ သစ္စာရှိရှိ၊ ပျော်ပျော်ပါးပါးတာဝန်ထမ်းဆောင်ကြ၊ ခွင့်ရက်စေ့ရင် ငွေအပိုအလျှံတွေစုပြီး မိသားစုဆီအိမ်ပြန်ကြနဲ့ ရေနံဝန်ထမ်းဘဝဟာ အားကျကျေနပ်စရာပါပဲ။



**တီတီဇက်**

# ကျွန်တော်ဖြတ်သန်းခဲ့သော ရေနံဝန်ထမ်းဘဝ

လုပ်ငန်းခွင်မှာနေထိုင်မှု၊စားသောက်မှု အားလုံးအတွက် စနစ်တကျ နိုင်ငံတော်က တာဝန်ယူပေးထားတဲ့အတွက် အရာရာဟာ သူ့စာရင်းနဲ့ သူ့အင်းနဲ့ လုပ်ငန်းအားလုံးဟာ Transparency ရှိရှိ အဆင့်ရှိရှိ၊ နေထိုင်လုပ်ကိုင်ခဲ့ရတာမို့ ဝန်ထမ်းဘဝသိက္ခာရှိလှပါတယ်။ မန်းရေနံမြေက ရေနံအထွက်နှုန်း တစ်နေ့စည် ၂၀,၀၀၀ လောက်ထွက်တဲ့ကာလပေါ့။

၁၉၈၀ ပြည့် လွန်နှစ်များရောက်တဲ့ အခါမှာ အုပ်ချုပ်သူအစိုးရရဲ့ ညံ့ဖျင်းမှုတွေကြောင့် ပြည်သူတွေစားဝတ်နေရေးတွေကျပ်တည်းလာပြီး အစစအရာရာမှာ အဆင်မပြေမှုတွေ များလာပါတယ်။ လုပ်ငန်းခွင်မှာလည်း ခိုးမှု၊ ဝှက်မှု၊ ချစားမှု၊ မတရားမှုတွေ တိုးတိုးလာတာ ကြုံခဲ့ရပါတယ်။ နိုင်ငံတော်ဘက်မှာလည်း ဘဏ္ဍာရေးအခြေအနေ ကျဆင်းလာတာကြောင့် လုပ်ငန်းခွင်မှာ သုံးစွဲခွင့်တွေ ကျပ်ကျပ်လာပြီး အလုပ်ဖြစ်ရုံသာ ဘဏ္ဍာငွေခွင့်ပြုတဲ့အတွက် လုပ်ငန်းတွေ အဆင်မပြေ ၊ ရှိတဲ့စက်ပစ္စည်းတွေလည်း မပြုပြင်နိုင်တော့ တဖြည်းဖြည်းပျက်စီး၊ နိုင်ငံတော်ဝင်ငွေကျဆင်းလာတော့ အလုပ်သမားခံစားခွင့်တွေ တဖြည်းဖြည်းလျော့ကျ ၊ ပြဿနာတွေတိုးလာတော့ စည်းကမ်းတွေအမျိုးမျိုးထုတ် ကြုံရာကျပန်း အလွယ်တကူ ဆုံးဖြတ်ချက်တွေချ၊ ဒီလိုနဲ့ ဝန်ထမ်းတွေရဲ့ဘဝဟာ တဖြည်းဖြည်း အဆင့်နိမ့်ကျလာခဲ့ပါတယ်။ တိုင်းပြည်လည်း မွဲသထက် မွဲလာခဲ့ပြီး အဖက်ဖက်က ကျဆင်းလာခဲ့ပါတယ်။ အုပ်ချုပ်သူရဲ့ အရည်အချင်းမရှိမှုနဲ့ မှန်ကန်တဲ့စနစ်ကို မဖော်ဆောင်နိုင်ခဲ့တဲ့ တစ်ပါတီအာဏာရှင် စနစ်ဆိုးရဲ့ နောက်ဆက်တွဲ ရလဒ်တွေပေါ့။ အထူးသဖြင့် ကျွန်တော်တို့ရေနံဝန်ထမ်းဆိုတာ မိသားစုနဲ့ တစ်ကွဲတပြားဝေးလံခေါင်သီတဲ့ နေရာမျိုးမှာ ပင်ပန်းကြီးစွာ အလုပ်သွားလုပ်ရတာမျိုးဆိုတော့ နောက်ချန်မိသားစု စားဝတ်နေရေးအတွက် ရတက်မအေးဖြစ်ကြရပါတယ်။ အရင်ကစာကို မိသားစုနဲ့ လွှဲခဲ့နိုင်ပေမယ့် တဖြည်းဖြည်း လစာမလုံလောက်တော့ တချို့ကမိသားစုစားအိုးမကွဲအောင် လုပ်ငန်းခွင်မှာ မိသားစုဖြစ်သလို လိုက်နေရတာမို့ ဂုဏ်သိက္ခာမရှိ၊ မလိုအပ်တဲ့ လူမှုရေးကိစ္စပျက်ပြားမှုတွေကြုံ၊ ကလေးငယ်တွေရဲ့ ကျန်းမာရေး၊ ပညာရေး အစစအရာရာ ထိခိုက်၊ တချို့ဆို မိသားစု ဘဝပျက်တဲ့အထိ ဖြစ်ခဲ့ကြရပါတယ်။

နိုင်ငံရဲ့စီးပွားရေး၊ပညာရေး၊ လူမှုရေးတွေ ကျဆင်းလာတော့ တိုးလာတာကတော့ပြဿနာတွေပါပဲ။ ဒါကြောင့် အုပ်ချုပ်တဲ့သူဘက်ကလည်း အရင်ကမရှိခဲ့တဲ့ ဥပဒေတွေ၊အမိန့်တွေ ထပ်ထပ်ပြီး အမျိုးမျိုး ထုတ်လာရတော့တယ်။ စနစ်တစ်ခု စပြီးပျက်ပြီဆိုတာနဲ့ နောက်ဆက်တွဲပုံမှန်မဟုတ်တဲ့အလုပ်တွေက တိုးလာပြီး လုံခြုံရေးတွေ ပိုချလာရပါတယ်။ အင်ဂျင်နီယာက သူခိုးဖမ်းရတာတို့ လုံခြုံရေးကြီးကြပ်ရတာတို့ အစရှိတဲ့ ကိုယ့်ပင်မအလုပ်မဟုတ်တဲ့ အလုပ်တွေအတွက် အင်အားစိုက်အချိန်ပေးလာရပါတယ်။ နိုင်ငံအတွက် အကျိုးရှိစေမယ့်၊ တိုးတက်စေမယ့် အလုပ်တွေထက် နောက်ဆက်တွဲ ပြဿနာတွေသာ နေ့စဉ်ဖြေရှင်းရတာ နေရာတိုင်းမှာ ပိုများလာတာမို့ နိုင်ငံတော်မှာ အဖက်ဖက်မှာ ကျဆင်းလာပါတယ်။

၁၉၉၁ ခုနှစ်လောက်က ကျွန်တော် နယ်ကရေနံတွင်းတူးတဲ့နေရာမှာ တာဝန်ပေးလို့ ရုံးချုပ်မှာ တာဝန်ယူနေရင်းက ခေတ္တသွားပြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ တွေ့ရမြင်ရတာတွေက တော်တော်အခြေအနေဆိုးနေပါပြီ။ ညဘက်သန်းခေါင်အိမ်ဆောင်ကနေ တွင်းတူးစက်ကို အုပ်အခြေအနေဘယ်လိုရှိလဲလို့ သွားကြည့်တော့ အားလားလားဟိုမှာ သူတို့တွေ ဝေစုခွဲနေကြတာကိုး။ ဆီရောင်းရငွေကို ဝေစုပုံပြီး အားလုံးဌာနအလိုက် ခွဲဝေနေကြတာ။ ကျွန်တော့်အတွက်လည်း ပါသေးတယ်ဆိုပဲ။ ကျွန်တော် တော်တော် စိတ်ပျက်မိသွားပါတယ်။ ဒါတောင် ကျွန်တော်မသိတဲ့ ဒီထက်ဆိုးတာတွေ ရှိနေဦးမှာ သေချာပါတယ်။ ရေနံမှာတော့ ဆီထမင်းစားတယ်လို့ ခေါ်ပါတယ်။ ဆီရောင်းပြီးရတဲ့ငွေနဲ့ ထမင်းစားရတာကိုး။ ဝယ်သူကလည်း ရဲနဲ့ ပေါင်းပြီးသားမို့ ဖမ်းမယ့်သူမရှိပါဘူး။ တွင်းတူးစက်များ တာဝန်ကျတဲ့သူထဲက ခွဲတမ်းမယူတဲ့သူဟာ အားလုံးရဲ့ ရန်သူပါပဲ။ အချို့အောက်ကအဆင့်က အထိုက်အလျောက် စားဝတ်နေရေးအဆင်ပြေစေတဲ့ ခွဲတမ်းရသလို အထက်အရာရှိအဆင့်ကတော့ ပိုမို များပြားတဲ့ ခွဲတမ်းပေါ့။ ကျွန်တော့်ဆီက အရာရှိတချို့ကိုအချင်းချင်းမေးကြည့်မိတယ်။ "မင်းတို့တစ်ခေါက်သွားရင် ဘယ်လောက်ကျန်လဲ"ဆိုတော့ပြန်မဖြေဘူး။ တစ်လသွားရင် သိန်းဂဏန်းကျန်တယ်တော့ ပြောကြပါတယ်။ ဒါကြောင့် သူတို့နေရာကို သူများအဝင်မခံချင်ကြဘူး။ ခွင့်ပေးရင်တောင် သိပ်မယူဘူး။ သူ့နေရာအစားထိုးခံရမှာကြောက်လို့။ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်ဒီပတ်ဝန်းကျင်မှာ မနေရတာ တော်တော်ကံကောင်းပါလားလို့ တွေးမိပါတယ်။

ရောဂါတစ်ခုကို သိသိချင်း မှန်ကန်တဲ့ ဆေးကုသမှုပေးရင် လွယ်လွယ်ပျောက်နိုင်ပေမယ့်ကြာလာရင် မလိုအပ်တဲ့ နောက်ဆက်တွဲရောဂါတွေ ဝင်လာပြီး ဘယ်ကစကုရမှန်းမသိတော့ဘဲ ရောဂါကျွမ်းတတ်သလိုပါပဲ။ ပျက်စီးလာတဲ့ ဝန်ထမ်းလောကကို နည်းလမ်းမှန်မှန် မကုစားနိုင်တော့ မူလကစားဝတ်နေရေးမပြေလည်လို့ ခိုးရာကနေ ခိုးမှုဝှက်မှုကို တရားဝင်လုပ်လာကြပြီ။ လောဘမသတ်နိုင်တော့ဘူး။ အတိုင်အတောတွေလည်း များသထက်များ၊ တချို့ဆို အမှုအခင်းဖြစ်သည်အထိ တွေ့ကြုံလာကြပါတယ်။ နိုင်ငံတော်မှာ တဖြည်းဖြည်း ဆုံးရှုံးမှုတွေများလာတယ်။ စီမံကိန်းလုပ်ငန်းတွေ မအောင်မြင်တာတွေ များလာတော့တယ်။ အရင်က အထောက်အပံ့ကို တရားဝင်ပေးတာမို့ အကန့်အသတ်ရှိတယ်။ စာရင်းရှိတယ်။ သိက္ခာရှိတယ်။ အခုတော့ စာရင်းမရှိ၊ အင်းမရှိ အိတ်ထဲရောက်တာများလာတော့ နိုင်ငံတော်မှာ ပိုပြီး ထိခိုက်လာတယ်။ ဝန်ထမ်းတွေလည်း စာရိတ္တ ပိုပိုပျက်လာတယ်။ အဲဒီကတည်းက ပျက်စီးလာလိုက်ကြတာ အခုဆို ဒီအလေ့အကျင့်ဆိုးတွေက အမွေဖြစ်ပြီး နောက်ဝန်ထမ်းသစ်လေးတွေအတွက် အမွေဆိုးကျန်နေပြီ။ အများကြာတော့ အမှန်ထင်နေကြပါပြီ။ ဘယ်လိုပဲပြုပြင်ပေမယ့် ယိုယွင်းသွားတဲ့ စာရိတ္တမဏ္ဍိုင်ကို အချိန်တိုအတွင်း ပြင်ဖို့ခက်ပါတယ်။ ဝန်ထမ်းတွေရဲ့ စာရိတ္တချည့်နဲ့သွားမှုဟာ နိုင်ငံတော်အတွက် ကြီးမားတဲ့ဆုံးရှုံးမှုပါပဲ။ ငွေကြေးဆုံးရှုံးမှုအတွက် အစားထိုးလို့ရနိုင်ပေမယ့် အကျင့်စာရိတ္တ ဆုံးရှုံးမှုအတွက် ဘယ်လိုမှ အစားထိုးလို့ မရနိုင်ပါဘူး။ ဒါဟာ ကိုယ်သိတဲ့ ရေနံဝန်ထမ်းတွေရဲ့ အခြေအနေကို နှိုင်းယှဉ်ပြောပြတာပါ။ ကျန်ဌာနဝန်ထမ်း တော်တော်များများတွေလည်း ထိုနည်းအတိုင်းပါပဲ။ သိက္ခာနဲ့ အလုပ်လုပ်တဲ့သူဆိုတာ တော်တော်ရှားသွားပါပြီ။ စံနစ်တစ်ခုရဲ့ အားနည်းမှုဟာပတ်ဝန်းကျင်တစ်ခုလုံး ပျက်စီးစေနိုင်တယ်ဆိုတဲ့ သာဓကပါပဲ။

၁၉၈၈ နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်ရောက်တော့ သူတို့ရဲ့လူတွေကို အစားထိုးပြီး နေရာယူပါတယ်။ ဌာနဆိုင်ရာတွေမှာ လုပ်ငန်းခွင်အခြေအနေကို သိနိုင်အောင် စစ်တပ်ကလူတွေကို နေရာတိုင်းမှာ ဝင်အစားထိုးပါတယ်။ အစမှာတော့ ဟုတ်သယောင်ပေါ့။ သူတို့လည်းပါးစပ်ပါတဲ့လူတွေပဲလေ။ နောက်တော့လည်း အခြေအနေက တိုးတက်မလာတဲ့အပြင် ပိုဆိုးသွားပါတယ်။ စားပေါက်ချောင်တဲ့ နေရာတွေကို ရအောင်လိုက်ယူတယ်။ လုပ်ငန်းတစ်ခုဆိုတာ စိတ်ဝင်စားပြီး တကယ်ကြိုးစားတဲ့စိတ်ရှိမှ လုပ်ငန်းတိုးတက်တာပါ။ ရေနံလောကမှာ နှစ်ပေါင်းများစွာကြိုးစားပြီး ဒီလုပ်ငန်းအပေါ် သံယောဇဉ်ကြီးကြီးနဲ့ မက်မက်မောမော မိဘအဆက်ဆက်က လုပ်လာခဲ့သူတွေ ရှိကြပါတယ်။ ကျွန်တော်တို့ အလုပ်ဝင်စက တွေ့ခဲ့တဲ့ ဆရာကြီးတွေဆို ရေနံအလုပ်ကို ကိုယ်ပိုင်အလုပ်လို သံယောဇဉ်ကြီးကြီးနဲ့ မိသားစုကိစ္စ အလေးမထားဘဲ နေ့ရောညပါ အလုပ်လုပ်ခဲ့ကြတာပါ။ သူတို့တွေ အနားယူသွားကြပေမဲ့ ဘာမှမည်မည်ရရ ခံစားသွားတာ မရှိပါဘူး။ အဲဒီလို ရာထူးတစ်ခုရဖို့ နိုင်ငံအပေါ် သစ္စာရှိရှိ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်နေတဲ့ သူတွေအပေါ်က မိုးကျရွှေကိုတွေ က ကြားဖြတ်နေရာဝင်ယူပြီး အခွင့်ထူးခံတယ်။ လူတိုင်းခံစားတတ်ကြပါတယ်။ တကယ်လို့များ ကိုယ်ချင်းစာတတ်ရင် သိနိုင်မယ်ထင်ပါတယ်။ ကိုယ့်လမ်းကိုလာပိတ်တဲ့သူကို ဘယ်သူက ကြည်ဖြူနိုင်မှာလဲ။ အဲဒီမှာဝန်ထမ်းတွေရဲ့ စိတ်ဓာတ်ပျက်ပြားမှုတစ်ခု ထပ်တိုးလာပါတယ်။ စာရိတ္တပျက်တဲ့သူက သူစားပေါက်ချောင်ရင်ပြီးရော ဘယ်လိုလူလာလာ ကြည့်ပေါင်းပြီး ကိုယ်အဆင်ပြေရင် ပြီးရောနေပေမယ့် အလုပ်တကယ်ကြိုးစားပြီး လမ်းမှန်ကမ်းမှန် လျှောက်ချင်တဲ့သူတွေမှာ အလွန်ထိခိုက်နစ်နာပါတယ်။ အလုပ်အပေါ်မှာ စေတနာပျက်လာတတ်ပါတယ်။ "မင်းတို့လုပ်နိုင်တုန်း လုပ်ပေါ့ကွာ ငါ့အလှည့်ကြုံဦးမှာပေါ့" ဆိုတဲ့စိတ်ရိုင်း ဝင်လာကြပါတော့တယ်။ ဘယ်အရာမဆို နေရာမှားရင် အမှိုက်ပါပဲ။ သိက္ခာရှိတဲ့ ဘုန်းကြီးတောင်မှ ကိုယ့်ကျောင်းမှာမနေဘဲ ရပ်ကွက်ထဲက ဒကာ၊ ဒကာမအိမ် ကြာရှည်သွားနေရင် လူမကြည်ညိုပါဘူး။ သူ့နေရာမှာ သူနေမှ တန်ဖိုးရှိပါတယ်။ နေရာတိုင်းမှာ သူ့စည်းကမ်း လုပ်ထုံးလုပ်နည်းဆိုတာ ရှိပါတယ်။

ဒီအထဲမှာ ပိုဆိုးတာက အရည်အချင်းမရှိဘဲ အာဏာရှိ သူရဲ့ အရှိန်အဝါနဲ့ ဝင်လာတဲ့အရာရှိဆိုးတွေပါပဲ။ အရည်အချင်းရှိတဲ့လူမျိုး နေရာပေးလို့ လုပ်ငန်းတိုးတက်လာတယ်ဆိုရင် ကိုယ့်အတွက် နစ်နာပေမယ့်ဌာနအတွက်၊ တိုင်းပြည်အကျိုးရှိရင် ခံသာပါသေးတယ်။ ဘာမှအရည်အသွေးမရှိတဲ့ တက်ယောင်ကန်း ယောင်ဝါးတွေကို နေရာပေးလိုက်တာက နိုင်ငံတော် ယန္တရားကို ပျက်စီးအောင် ထည့်ပေးလိုက်သလိုပါပဲ။ ငါပါဝါရှိတုန်းငါ့လူနေရာပေးလိုက်ဦးမယ်ဆိုပြီး ကြားဝင်ထိုးကြတာတွေပေါ့။ ဒီလိုနဲ့ ဌာနပေါင်းများစွာ ပျက်စီးသွားပါတယ်။ ပုံမှန်လည်ပတ်နေတဲ့ လမ်းကြောင်းကို ပိတ်ပစ်လိုက်သလိုပါပဲ။ ရေနံလုပ်ငန်းသာမက ဌာနပေါင်းများစွာ ဒီလိုချည်းပါပဲ။ အာဏာရှိသူနဲ့ နီးစပ်တဲ့သူ၊မကင်းတဲ့သူဆို အပြစ်ကြီးကြီး ဖြစ်တာတောင် ထိရောက်အောင် အပစ်မယူ၊ သာမန်အရပ်သားဆို ဘာမှပြောပတဲ့ အပြစ်မဟုတ်တာကို ပုံကြီးချဲ့ပြီး လိုတာထက် အပစ်ပိုချ၊ သုံးမရတဲ့ သူတစ်ယောက်လို ဝေးဝေးနှင်ထုတ်ခိုင်း၊ ဒီအဖြစ်ဆိုးတွေ ပညာရှင်တွေမှာ ရင်ဆိုင်ရပါတယ်။ လုပ်ငန်းကျွမ်းကျင်တဲ့ ပညာရှင်တစ်ယောက်ဖြစ်ဖို့ဆိုတာ အချိန်အများကြီးပေးရတာပါ။ ခုနိုင်ငံခြားသွားပြီး ဘွဲ့တွေရလို့ သုံးဖြစ်သေးတာမဟုတ်ပါဘူး။ လုပ်ငန်းခွင်မှာ အထက်လူအောက်လူတွေဆီက အများကြီးပညာယူရပါသေးတယ်။ ရေနံရှာတဲ့လုပ်ငန်းလိုမျိုးဆို ပိုတောင်ခက်ခဲပါတယ်။ နိုင်ငံခြားက ပညာရှင်ခေါ်လုပ်ခိုင်းလို့ အောင်မြင်နိုင်တာ မဟုတ်ပါဘူး။ နေရာဒေသရဲ့ သဘာဝ မတူတာတွေ အများကြီးရှိပါတယ်။ လုပ်ငန်းသဘာဝလည်း ဘာမှကောင်းကောင်းနားမလည်၊ ဘာမူမှ တိတိကျကျမရှိဘဲ စိတ်ထင်တိုင်း လုပ်ခဲ့ကြတဲ့အာဏာရှင်စနစ်ဆိုးအောက်မှာ ဝန်ထမ်းတွေရဲ့ဘဝ အောက်ကျခဲ့ရပါတယ်။ အခုအထိ ဒီအကျင့်တွေ ကျန်နေသေးတယ်ဆိုရင် အပေါ်ကစနစ်ပြောင်းပေမဲ့ အောင်မြင်ဖို့မလွယ်သေးပါဘူး။ ဒါတွေ ဘယ်တော့မှ ရပ်တန့်သွားမလဲ ကျွန်တော်စဉ်းစားလို့ မရပါဘူး။ ခေတ်စနစ်ရဲ့ မှားယွင်းတဲ့လမ်းစဉ်နဲ့ လုပ်ငန်းမကျွမ်းကျင်သူတွေရဲ့ စမ်းတဝါးဝါး စီမံခန့်ခွဲမှုအောက်မှာ ဝန်ကြီးဌာနတွေဟာ ကမောက်မကဖြစ်ခဲ့ရပြီး တိုင်းပြည်ချွတ်ခြုံကျခဲ့ ရပြီးပါပြီ။ ဒါဟာ ဘယ်လိုမှ ဖျောက်ဖျက်မရတဲ့ သမိုင်းကြောင်းပါပဲ။

တချို့အောက်ခြေမှာ ဖြစ်ပျက်နေတဲ့ အခြေအနေမှန်ကို ထိပ်ပိုင်းက လူကြီးတွေ အမှန်မသိကြပါဘူး။ အောက်ကတာဝန်ရှိသူတွေကလည်း မကောင်းတဲ့သတင်းကို လူကြီးမသိအောင် ဖုံးကွယ်ထားတာတို့၊ သတင်းအမှန်လူကြီးသိရင် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးတာတို့၊ စသည်ဖြင့်ပေါ့။ တစ်ခါတစ်ရံဆို တကယ့်အဖြစ်မှန်နဲ့ လူကြီးသိနေတာနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတာတွေတောင် ရှိပါတယ်။ ကျွန်တော်တို့ရဲ့ လူကြီးတစ်ယောက်ဆို ဝန်ထမ်းတွေအားလုံးရှေ့မှာ သူတိုင်းပြည်ဘဏ္ဍာငွေကို ဘယ်လိုချွေတာသုံးစွဲကြောင်း၊ သူ့ရုံးကားအတွက် ခွင့်ပြုဆီ ခွဲတမ်းကို အပြည့်ကုန်အောင်မသုံးကြောင်းဂုဏ်ယူစွာ ပြောပြတတ်ပါတယ်။ အမှန်ကိုသိနေကြတဲ့ သူတို့ကားဆရာအချင်းချင်းပြောကြတော့ မင်းအဘကားက ဆီမထည့်တော့ ရေနဲ့မောင်းလို့ရသလားလို့ စကြနောက်ကြတယ်။ တကယ်တော့ အဘကားကို ဘယ်ဆီဆိုင်ကမှ ဆီဘယ်လောက်ထည့်ထည့် ပြောရဲမှာလဲ။ ပြောသလောက်ထည့်ပေးရတာပါပဲ။ စာအုပ်ထဲကစာရင်းတော့ အဆင်ပြေအောင် ကြည့်မှတ်လိုက်တာပေါ့။ ကားဆရာအချင်းချင်းသာ အသိဆုံးပါပဲ။ ဒါသာမန်ကိစ္စလေးတစ်ခု ဥပမာပြောပြတာပါ။ ဒီထက်ဆိုးဝါးတဲ့ကိစ္စတွေ အစိုးရဌာနတွေရဲ့ နေရာတိုင်းမှာ ရှိပါတယ်။ ကိုယ်ရာထူးမြဲရေးအတွက် အထက်က တာဝန်ရှိသူတွေကို လုပ်ငန်းတွေ ဘယ်လိုအောင်မြင်နေပါတယ်ဆိုပြီး စာရင်းလိမ်တွေလုပ်၊ လူကြီးလုပ်တဲ့သူကလည်း အဟုတ်ထင်၊

စာ(၃၁) သို့

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# အဆောင်တံခါးတွေ ပွင့်လာမည့်
# နေ့ရက်များဆီသို့

မင်းသန်းထိုက်(ဒေးဒရဲ)



မကြာခင်မှာ တက္ကသိုလ်စာသင်နှစ်တွေ တစ်နှစ်ပြန်စတော့မည်။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်ထားတဲ့ ကျောင်းသားများအတွက်လည်း ဝင်ခွင့်တွေပြန်ကျဖို့ နီးကပ်လာခဲ့ပြီ။ အထူးသဖြင့် သည်နှစ်မှာမှ ထူးထူးခြားခြားအသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွေရဲ့ အနိမ့်ဆုံးဝင်ခွင့်အမှတ်တွေကို ဂျာနယ်တွေမှာ ဖော်ပြလာတော့ ကိုယ်ဝင်ခွင့်ရနိုင်တဲ့ တက္ကသိုလ်ကို ကိုယ်ရတဲ့ အမှတ်နဲ့ချိန်ပြီး ကျောင်းသားတွေခန့်မှန်းလို့ရနေကြပြီ။ သည်တော့ခုကတည်းက ကြိုပြင်သင့်တာတွေပြင်ကြရပြီ။ သည်ဘက်ခေတ် တက္ကသိုလ်တွေမှာက ပညာသင်ရေးထက် တစ်နှစ်တာနေရေးက ပိုအရေးကြီးနေလေတော့ ကိုယ်တက်ခွင့်ရနိုင်မယ့် တက္ကသိုလ်နဲ့နီးရာမှာ အဆောင်ငှားဖို့တွေ စုံစမ်းကြရပြီ။ ကိုယ့်ရှေ့က တက်သွားကြတဲ့ နောင်တော်တွေ၊ အစ်မတော်တွေဆီမှာ မေးတာတွေ၊ မြန်းတာတွေ လုပ်ကြရပြီ။ ဩော် - နေစရာမရှိဘဲနဲ့ ကျောင်းတက်လို့မှမရနိုင်ဘဲကိုး။

သည်လိုတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူအသစ်စက်စက်ဖြစ်မယ့်သူတွေ၊ သူတို့မိဘတွေဟိုမေးသည်စမ်းလုပ်နေကြတာမြင်ရတော့ မနှစ်က ကိုယ်တိုင်ကြုံရပုံကို ပြန်သတိရမိသည်။ ဩော် ကိုယ်လည်း မနှစ်ကတော့ သူတို့လိုပဲ ဗျာများခဲ့ရတာပါလားလို့ ကိုယ်ချင်းစာမိသည်။ တစ်ဆက်တည်းမှာပဲ နောက်နှစ်နောက်နှစ်တွေမှာလည်း ခုလိုပဲ အသစ်အသစ်သောကျောင်းသား၊ကျောင်းသူတွေ၊ သူတို့မိဘတွေ ဗျာများရဦးမှာလားလို့ သက်ပြင်းမောတွေ အကြိမ်ကြိမ်ချမိသည်။ အဆောင် --- အဆောင်။ ကျောင်းသားကျောင်းသူတွေအတွက် ကျောတစ်ခင်းစာ နေစရာအဆောင်။ စာပေလေ့လာကျက်မှတ်ရန် အသင့်အတင့်အဆင်ပြေမည့်အဆောင် တက္ကသိုလ်ကျောင်းသားကျောင်းသူတစ်ဦးအတွက် အဆောင်သည် လွန်စွာအရေးကြီးလှ၏။

မနှစ်က တက္ကသိုလ်ဝင်ခွင့်အမှတ်တွေက ယခုနှစ်လောက်မမြင့်။ အမှတ် (၄၄၀) ကျော်ရသော ကျွန်တော့်သားသည် ရန်ကုန်က အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခုသို့ဝင်ခွင့်ရသည်။ မအူပင်ထက်စာလျှင် ရန်ကုန်ဆိုတော့ သွားရေးလာရေးအဆင်ပြေသည်ဆိုကာ ကျွန်တော်တို့ တစ်မိသားစုလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ သို့သော် ထိုတက္ကသိုလ်က ပထမနှစ်ကျောင်းသားများအတွက် အဆောင်ရဖို့မလွယ်။ ရသည့်တိုင် ကျောင်းဖွင့်ပြီး တစ်လနှစ်လကြာမှ ရလိမ့်မည်။ အနည်းဆုံး တစ်လ၊နှစ်လတော့အဆောင်ငှားနေရမည်။ ကျွန်တော်တို့မိသားစုသုံးယောက် ထိုတက္ကသိုလ်နှင့်နီးရာနေရာမှာ အဆောင်ရှာပုံတော်ဖွင့်ကြရသည်။ ထိုတက္ကသိုလ်မှာ ၂ နှစ်တက်ပြီးသွားသော ကျောင်းသားတစ်ယောက်၏ လမ်းညွှန်မှုဖြင့်ပေါ့။

ကိုယ်က ကျိုကျိုတက်ချမ်းသာသူလည်း မဟုတ်တော့ တစ်လငါးသောင်း၊ ခြောက်သောင်းပေးရတဲ့ တိုက်ခန်းမျိုးလည်း ငှားမပေးနိုင်။ တစ်လကို တစ်သောင်းခွဲနှစ်သောင်းလောက်သာပေးရသည့် အဖိုးနည်းဝန်ပါ အဆောင်မျိုးလိုက်ရှာရသည်ပေါ့။ တွေ့ပါသည်။ အဖိုးတော့နည်းပါ၏။ သို့သော် "ဝန်ပါ" သော အဆောင်မျိုးတော့ မဟုတ်။ သူတို့ကသာ အဆောင်ဟု ပြောကြသည်။ ကျွန်တော့်စိတ်ထဲအဆောင်ဟုပင်မထင်။ အဆောင်ဟု ဘယ်လိုမှ သတ်မှတ်၍မရ။ အိမ်နောက်ဘက်မှာ အဖီဆွယ်ထားသော တစ်ဖက်ယပ်တဲသာဖြစ်သည်။ ကျောင်းသားတွေနေသော အဆောင်ရောက်အောင် အိမ်မကြီး၏ ခြေရင်းဘက် ကျဉ်းတိကျဉ်းကျပ်လမ်းကလေးအတိုင်း သွားရ၏။ မိုးတွင်းဆိုလျှင် ထိုလမ်းကလေးကား ဗွက်ပေါက်လောက်၏။ အဆောင်ရှေ့ရောက်သွားတော့ ပိုဆိုးသွားသည်။ အဆောင်ထဲဝင်သည့် အပေါက်ရှေ့ ငါးပေ၊ ခြောက်ပေ အကွာလောက်မှာ ကျောင်းသားတွေအသုံးပြုတဲ့ အိမ်သာ။ အဆောင်ထဲမှာ တစ်ဦးစီအတွက် သီးခြားအခန်း ကန့်ပေးမထား။ တစ်ဖက်ယပ်တဲကြီးထဲ တန်းစီအိပ်ကြရသည့် အဆောင်မျိုး။ အဆောင်လခက တစ်လတစ်သောင်းဆိုတော့ဈေးကတော့ ချိုပါရဲ့။ ကျောင်းနဲ့လည်းနီးပါရဲ့။ သို့သော်အဆောင်ရှေ့က အိမ်သာကြီးနှင့် ဘယ်လိုမှ အဆင်မပြေနိုင်။ ဒါနဲ့ နောက်တစ်နေရာ ရှာကြရပြန်သည်။ ကိုယ့်မြို့က ကျောင်းသားကြီးတွေကလည်း ဒေသစိတ်နှင့်ဝိုင်းဝန်းကူညီရှာဖွေပေးကြပါသည်။ တစ်နေရာရောက်လိုက်ဝင်ကြည့်လိုက်ပြန်ထွက်လာလိုက်နှင့် တော်တော်နှင့်အဆင်မပြေနိုင်။ နောက်ဆုံးကျမှ အစိုးရကပေးထားတဲ့ ဝန်ထမ်းတစ်ယောက်နဲ့တွေ့ပြီး အဆင်ပြေသွားရသည်။ လခက တစ်သောင်းခွဲဆိုပေမယ့် အဖီထဲနေရတာထက်စာရင်တော် သေးရဲ့ဟု သဘောထားရ၏။

ကျွန်တော်သည် သားတော်မောင်အတွက် အဆောင်ကိစ္စပြေလည်သွားသော်လည်း စိတ်ထဲမှာတော့ သိပ်ဘဝင်မကျ။ တက္ကသိုလ်ကျောင်းသားဆိုတာ တိုင်းပြည်ရဲ့ အညွန့်အဖူးတွေမဟုတ်လား။ သူတို့အထဲမှာ သမ္မတလောင်းတွေ၊ ဝန်ကြီးလောင်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ၊ ပါမောက္ခလောင်းတွေ၊ ပညာရှင်လောင်းတွေ အို - အများကြီးပါနိုင်ရဲ့မဟုတ်လား။ သည်လိုအညွန့်အဖူးတွေက သူများအိမ်နောက်ဖေးအိမ်သာရှေ့လိုနေရာမျိုးမှာငှားနေပြီး ပညာသင်နေကြရသည်။ တက်လူတွေကို တမင်သက်သက် နာမ်နှိမ်ထားသလိုဖြစ်နေ၏။ ဝမ်းနည်းစရာကောင်းလှသည်။

အင်္ဂလိပ်ကိုလိုနီဘဝကပင် တက္ကသိုလ် ကျောင်းသားတွေကို ပေလျာလကန်မထား၊ ပညာတတ်တစ်ယောက်၏ အဆင့်အတန်းနဲ့ညီအောင်ထားကြောင်း အမျိုးသားပညာဝန် ဦးဖိုးကျား ရေးသော "အမျိုးသားနေ့" ဆောင်းပါးအရ သိရသည်။ ဆရာကြီးဦးဖိုးကျားသည် ယင်းဆောင်းပါးကို ၁၉၃၅ ခု၊ ဇန်နဝါရီလထုတ် တိုးတက်ရေး မဂ္ဂဇင်းတွင် ရေးခဲ့သည်။ ယခုတက္ကသိုလ်ဝင်တန်းလက်ရွေးစင်တွင် ရွေးချယ်ပြဋ္ဌာန်းထား၏။ ယင်းဆောင်းပါးတစ်နေရာတွင် "ကောလိပ်ကျောင်းသားတို့မှာ အထက်တန်းစားနေကြစားကြရ၏။ မွေ့ရာထူထူပေါ်တွင် သက္ကလပ်၊ ကတ္တီပါစောင်တို့ကိုခြုံ၍ ဇာခြင်ထောင်အတွင်း အိပ်လေ့ရှိကြရာသပိတ်မှောက်လာကြသောအခါ ဗဟန်းရပ်ရှိ ဘုန်းကြီးကျောင်း၊ ဇရပ်တန်ဆောင်းတို့၌ နေကြရကုန်၏" ဟု ရေးသားထားရာကိုလိုနီခေတ်ကောလိပ်ကျောင်းသားတို့၏ ကောလိပ်ကျောင်းတွင် နေကြရသည့် အဆင့်အတန်းကို ခန့်မှန်းကြည့်နိုင်သည်။

ဗိုလ်ချုပ်ဆောင်ဆန်းတို့၊ ဦးနုတို့ခေတ် တက္ကသိုလ်ကျောင်းသားများသည်လည်းတက္ကသိုလ်ကျောင်းဆောင်များတွင် အဆင့်အတန်းရှိရှိ နေခဲ့ကြရသည်။ ပဲခူးဆောင်၊ အင်းဝဆောင်စသည့် အဆောင်များသည် ကိုအောင်ဆန်းတို့၊ ကိုနုတို့၊ ကိုသိန်းဖေတို့၊ ကိုကျော်ငြိမ်းတို့မကြာခဏဆုံတွေ့ခဲ့ရာ နေရာများဖြစ်ခဲ့သည်။ သူ့အဆောင်ကိုယ်ကူးလိုက်၊ ကိုယ့်အဆောင်သူလိုက်လာလိုက်နှင့် ပဲခူးဆောင်၊ သထုံဆောင်၊ အင်းဝဆောင်တို့တွင် သမဂ္ဂအဖွဲ့ဝင်များ၏ ခြေရာများထပ်ခဲ့ကြသည်။ တက္ကသိုလ်ဟူသော သီးခြားအသိုက်အမြုံကမ္ဘာလေးထဲတွင် ကျင်လည်ရင်း မြန်မာပြည်လွတ်လပ်ရေးအတွက် နိုင်ငံရေးမျိုးစေ့များကို စတင်စိုက်ပျိုးခဲ့ကြ၏။ သည်အကြောင်းများကို ထိုခေတ်တက္ကသိုလ်ကျောင်းသားများဖြစ်ကြသည့် ဆရာဒဂုန်တာရာ၏ ရုပ်ပုံလွှာဆောင်းပါးများ၊ ဦးနု၏ တာတေစနေသားစာအုပ်များကို ဖတ်ကြည့်လျှင် တွေ့နိုင်ပေသည်။

ကျွန်တော်တို့ခေတ် (၁၉၈၀ ပြည့်လွန်) တက္ကသိုလ်ကျောင်းသားများသည်လည်း ကျွန်တော်ကိုယ်တိုင်က အလုံမြို့နယ်ရှိ အဒေါ်တစ်ယောက်၏ အိမ်တွင်နေကာ ကျောင်းတက်ခဲ့ရသော်လည်း ပဲခူးဆောင်ရှိ သူငယ်ချင်းတစ်ယောက်၏အခန်းမှာ တစ်ခါတစ်ခါ ညအိပ်ခဲ့ရသည့်အတိတ်တွေက ပြန်တွေးလျှင် ခုထိ လတ်ဆတ်နေဆဲပါ။ ကျွန်တော်တို့ကို ဘယ်အရပ်သားကမှ မူးပြီးရန်လာမစ။ အတွင်းဆောင် ကျောင်းသားများ၏ဘဝသည် အေးချမ်းလွတ်လပ်လှပါသည်။

သည်ဘက်ခေတ်တက္ကသိုလ်များတွင်တော့ ကျောင်းသားများစုဝေးမည်ကိုစိုးရိမ်ပြီး တက္ကသိုလ်ကျောင်းဆောင်များ၌ နေခွင့်မပေးတော့။ အသင့်ရှိပြီးသားအဆောင်များကို သည်အတိုင်းပိတ်ထားလိုက်သည်။ ကျောင်းသားများက ပြင်ပအဆောင်များတွင် ငှားနေကြရသည်။ ငွေကြေးတတ်နိုင်သူတို့က အဆောင်ကောင်းကောင်းငှားနေကြသည်။ မတတ်နိုင်သူတို့က ချောင်ဂလောင်နေရာများတွင် ဖြစ်သလိုဆောက်ထားသော အဆောင်များတွင် ငှားနေကြရသည်။ ကျောင်းသားချင်းအဆင့်အတန်းခွဲခြားလိုက်သလိုပင်။ သည်အထဲ အဆောင်တွေကလူနေရပ်ကွက်တွင်းမှာဆိုတော့ အဆောင်ပြင်ထွက်လိုက်တာနှင့် စရိုက်စုံတွေ့နေရသည်။ အရက်အစ လောင်းကစားအလယ် မူးယစ်ဆေးဝါးအဆုံး လိုချင်တာအကုန်လုံးရနိုင်သည်။ တက္ကသိုလ်သွားတက်ပြီး မူးယစ်ဆေးစွဲလာသူ၊ လောင်းကစားကြောင့် ဘဝပျက်လာသူတွေ ကျွန်တော်တို့ပတ်ဝန်းကျင်မှာတွေ့လာရသည်။

ကျွန်တော်တို့ဘွဲ့နှင်းသဘင်တက်စဉ်က ပါမောက္ခချုပ်၏ အမှာစကားထဲတွင် "မောင်တို့မယ်တို့သည် တက္ကသိုလ်ဘွဲ့ရများနှင့် လျော်ညီစွာ နေထိုင်ပြုမူပြောဆိုကြရမည်" ဟု ပါရှိသည်။ ဘွဲ့ရတစ်ယောက်၏ အဆင့်အတန်းနှင့် လျော်ညီအောင် နေထိုင်ပြုမူ ပြောဆိုတတ်ရန် ကျောင်းစာတွေချည်း သင်ကြားပေးရုံနှင့်မရပါ။ တက္ကသိုလ် ကျောင်းဆောင်များတွင် အတူတကွ နေထိုင်ရင်း တစ်ဦးအခက်အခဲကို တစ်ဦးက ကူညီဖြေရှင်း၊ တစ်ဦးခံစားမှုကို တစ်ဦးက နားလည်စာနာ။ သို့မှသာ တက္ကသိုလ်ကဘွဲ့ရပြီးချိန်၌ ပြင်ပလောကနှင့် လိုက်လျောညီထွေရှိမည့် ပညာတတ်များဖြစ်လာပေမည်။ သည့်အတွက် ပိတ်ထားသော အဆောင်တံခါးများ ပြန်ပွင့်လာဖို့ လိုပါသည်။

နောင်တစ်ချိန်တွင် တိုင်းပြည်တာဝန်ကို မလွဲမသွေယူကြရမည့် ကျွန်တော်တို့၏ မျိုးဆက်ရင်သွေးငယ်များ တက္ကသိုလ်ကျောင်းသားတစ်ယောက်၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်းနှင့်အညီ ပညာသင်ကြားခွင့်ရလာမည့် နေ့ရက်များကိုပဲ ကြိုဆိုမျှော်လင့်နေမိပါသည်လေ။ ။

# လေးသောင်းနှင့်
# အရေးကောင်းစေဖို့

မြင့်မိုရ်ဆွေ



လွန်ခဲ့သော ဇူလိုင်လက မြေဈေးကို ကားဈေးကွက်ကဲ့သို့ဖြစ်သွားအောင်လုပ်မည့် အစီအစဉ်တစ်ရပ်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း၏ ပြောကြားချက် သတင်းထွက်ပေါ်လာခဲ့၏။ မြို့ပြနေပြည်သူအများအပြားက အဆိုပါသတင်းကိုလွန်စွာစိတ်ဝင်စားခဲ့ကြ၏။ အိမ်ခြံမြေဈေးကွက်အတွင်း လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ဘယ်လိုအစီအစဉ်များပါလိမ့်ဟု စူးစမ်းကြ၏။ မြေဈေးကျစေလိုသော ပြည်သူများကလည်း အဆိုပါ အစီအစဉ်ကို အားကိုးခြင်းကြီးစွာ ငံ့လင့်ခဲ့ကြကုန်၏။ နောက်တစ်လခန့်အကြာ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှစ၍ မြို့ပြမြေအရောင်းအဝယ်ကိစ္စတွင် ရောင်းသူမှ မူလတံဆိပ်ခေါင်းဖိုးနှင့် အခွန်ငွေ ၁၅ ရာခိုင်နှုန်းပေးဆောင်ခြင်းအစား (၃၇)ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်သည့် အစီအစဉ်ထွက်ပေါ်လာ၏။

ထိုကဲ့သို့ ရောင်းသူမှ အခွန် ၂၂ ရာခိုင်နှုန်း တိုးမြှင့်ပေးသွင်းရန် သတ်မှတ်သည့်အစီအစဉ်ကြောင့် မြေဈေးကွက်မှာအေးသွား၏။ အထူးသဖြင့် ရန်ကုန်မြို့၌ ဆင်ဖြေဖုံးနှင့် မြို့သစ်များတွင် အရောင်းအဝယ်ပို၍ အေးသွားပြီးနေရာအကွက်အကွင်းကောင်းသော မြို့ပြဒေသမြေဈေးနှုန်းမှာမူ တစ်စတုရန်းပေလျှင် နှစ်သိန်းမှ ဆယ်သိန်းအထိ မူလအတိုင်းပင် ရှိနေခဲ့၏။

စာ(၄၀) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.36 • NOVEMBER 15 , 2012

# မျှတစွာ အမွေဘယ်လိုခွဲမလဲ

အေးသူစံ၊ ရန်မျိုးနိုင်၊ အောင်ခိုင်

တရားမမှုအမျိုးအစားထဲတွင် ပါဝင်သည့် အမွေပုံစီမံပေးစေလိုမှုများကို နှစ်ကာလရှည်ကြာ အမှုရင်ဆိုင်နေရခြင်းမှာ တရားမမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၌အားနည်းချက်များရှိနေခြင်းနှင့် တရားသူကြီးများက ပြတ်ပြတ်သားသား တိတိကျကျဆုံးဖြတ်၊ စီရင်ရန်လိုအပ်နေကြောင်း တရားရေးဝန်ထမ်းများနှင့် အမှုသည်များက ထောက်ပြပြောဆိုသည်။

အမွေမှုများမှာ ကြန့်ကြာနေပြီး နှစ်ပေါက်အောင် တရားရင်ဆိုင်ကြရခြင်းကြောင့် အချိန်သာကုန်ပြီး အကျိုးမရှိဖြစ်နေကြောင်းကိုယ်တွေ့ကြုံသူများက ပြောကြသည်။



တံတားဦးလေဆိပ်မရောက်မီတစ်နေရာကို ဝေဟင်မှမြင်ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"မြေကွက်အမွေကျန်ခဲ့တာ မွေးစားသားက သူ့လက်ထဲမှာ ၈ ရန်ရှိတော့ ကန်ထရိုက်ဆောက်လိုက်တယ်။ သက်သေအထောက်အထားတွေနဲ့ သူကပြန်စွဲလိုက်၊ ကိုယ်ကစွဲလိုက်နဲ့ အချိန်ကုန်လူပန်းတာပဲ အဖတ်တင်တယ်"ဟု စမ်းချောင်းမြို့နယ်မှ အမွေမှုတစ်ခုကို လေးနှစ်ကျော် တရားရင်ဆိုင်နေရသူတစ်ဦးကပြောသည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများတွင် မိဘနှစ်ပါးသေဆုံးပါက မိဘများ ကျန်ရှိသည့် ပစ္စည်းများကို ကျန်ရစ်သည့်သားသမီးများက အညီအမျှ အမွေဆက်ခံပိုင်ခွင့်ရှိခြင်း၊ သားသမီးသုံးဦးမက ကျန်ရစ်ပါက သားကြီးဩရသကို လေးပုံတစ်ပုံပေးစေခြင်း၊ သားထောက်သမီးခံမကျန်ရှိပါက အမွေဆက်ခံမှုမှာ အထက်သို့ ဆန်တက်ကာ ညီအစ်ကိုမောင်နှမ သက်ဆိုင်သူများ ရရှိစေခြင်း စသည့် 'မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာဥပဒေ'တွင် ဖော်ပြထားသည်။

မိဘများ မသေဆုံးမီက မိဘများ အလိုကျ ပေးကမ်းလိုသူထံ ပေးနိုင်သော်လည်း မိဘနှစ်ပါး ကွယ်လွန်ပါက အဆိုပါပေးကမ်းခြင်းမှာ တရားဝင်သားသမီးကသာ ဆက်ခံခွင့်ရှိခြင်း၊ မယားပြိုင်များမှ မွေးဖွားလာသည့် ညီအစ်ကိုမောင်နှမများ အချင်းချင်း အမွေပုံပစ္စည်း ခွဲဝေမှုများမှာ ရှုပ်ထွေးလွန်းခြင်း၊ နိုင်ငံခြားသားခံယူလိုက်သည့် ညီအစ်ကိုမောင်နှမများမှ ပြည်တွင်းတွင် နေထိုင်ကျန်ရစ်သည့် မောင်နှမတို့နှင့် အမွေပုံကို ၎င်းတို့၏ကန့်ကွက်မှုကြောင့် စိတ်ကြိုက်စီမံမှုမပြုနိုင်ခြင်း စသည်တို့ကြောင့် အမွေခွဲဝေပေးစေလိုမှုများမှာ အဖြစ်များလာနေသည်။

"ပြဿနာက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမဟုတ်ဘူး။ အဲဒီဥပဒေကို ကိုင်တွယ်နေတဲ့ တရားသူကြီးတွေ တော်တော်များများက ဥပဒေနဲ့မညီဘဲ ဆုံးဖြတ်ခဲ့တဲ့ဟာတွေကြောင့် အမွေအမှုတွေမှာ ပြဿနာတတ်ရတာ။ ဥပဒေမှာက အားနည်းချက်မရှိဘူး။ မျှတတယ်။ ခရစ်ယာန်မှာဆို သေတမ်းစာရေးတဲ့အပေါ် မူတည်တယ်။ သေတမ်းစာမှာပါတဲ့အတိုင်း ပေးရတယ်။ ဗုဒ္ဓဘာသာမှာတော့ အမွေနဲ့ပတ်သက်ရင် အင်မတန် တရားမျှတတဲ့မှုကိုပြဋ္ဌာန်းထားတာပါ"ဟု တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးကော်မတီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကပြောသည်။

"တရားမမှုတွေမှာ အမှုသည်တွေကြောင့်ရော၊ ရှေ့နေတွေကြောင့်လည်းကြာတယ်။ အချို့ရှုံးမယ့် အမှုသည်တွေဆို ရှုံးမှာသိနေတော့ အမှုကို အချိန်ဆွဲတယ်။ တရားသူကြီးတွေကလည်း တရားမမှုတွေရဲ့ ထုံးစံအတိုင်း အချိန်ယူလို့ရတာကိုး။ ကြားထဲမှာ အယူခံတက်တာတို့၊ ဟိုလျှောက်လွှာ ဒီလျှောက်လွှာတို့နဲ့ ကန့်ကွက်လို့ရတာကိုက တရားမမှုရဲ့ ပရိုစီဂျာဖြစ်နေတာကိုး"ဟု တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီမှ အဖွဲ့ဝင် ဦးဝင်းမြင့်ကပြောသည်။

"အမွေဆိုင်အမှုတစ်ခုဖြစ်ပြီဆို အမွေဆိုင်များ ရင်များသလို အမှုက ကြာရှည်တယ်။ တချို့ပြန်ဆောက်မယ့် တိုက်တွေဆို အိုဟောင်းဆွေးမြည့်နေသလိုအမည်ပေါက်ပိုင်ရှင်တွေဆိုလည်း သေလို့အရိုးတောင်ဆွေးပြီ။ အဲဒီမှာတင် ဆွေစဉ်မျိုးဆက်အမွေဆိုင်တွေနဲ့ အမွေမှု အရှုပ်အရှင်းတွေဖြစ်လာရော။ တရားလို စစ်ရ၊ တရားပြိုင်စစ်ရ၊ အမွေဆိုင်အားလုံးက တင်တဲ့သက်သေတွေ စစ်ရ၊ စာရွက်စာတမ်းတင် ဘာညာနဲ့ အဲဒီမှာတင်တဲ့ စာရွက်ကလေးတစ်ရွက်ကိုတောင် တစ်ဖက်ဖက်ကကန့်ကွက်တာနဲ့ အဲဒါကိုအဆင့်ဆင့်အယူခံဝင် ဗဟိုထိတက်နေတော့ လျှောက်လွှာစာရွက် တစ်ရွက်နဲ့တင် အမှုက လေးငါးလကြာသွားနိုင်တယ်" ဟု တရားလွှတ်တော်ရှေ့နေဦးကိုနီကပြောသည်။

"ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၁၅၁ အရ သီးခြားဥပဒေပြဋ္ဌာန်းထားတာမရှိလို့ တရားရုံးရဲ့ ဆင်ခြင်တုံတရားနဲ့ ကြားဖြတ်ဆုံးဖြတ်ပြီးသား အမိန့်တစ်ခုကိုပဲ အဲဒီပုဒ်မရေလဲသုံးပြီး အမှုသည်က ထပ်လျှောက်တယ်။ တရားရုံးက ဒါကို မြန်မြန်အမိန့်ချရမှာကို ကန့်ကွက်ခြင်းများစွာ၊ လျှောက်လွှာပေါင်းများစွာနဲ့ ရုံးချိန်းပေါင်းများစွာ ယူပစ်တော့အမှုကြာတယ်။ တရားရုံးတွေ ပြတ်ပြတ်သားသား ဆုံးဖြတ်စီရင်သင့်ပါတယ်"ဟု တရားလွှတ်တော်ရှေ့နေ ဦးဝင်းဆွေဦးကပြောသည်။

တရားမမှုများ ဖြစ်ပွားပါက စွဲဆိုသူတရားလိုမှ အဆိုပြုလွှာတင်ခြင်း၊ တရားပြိုင်ဘက်မှ ချေပလွှာတင်ခြင်း၊ အဆိုပါအဆိုအချေပေါ် မူတည်ကာ တရားသူကြီးက ငြင်းချက်ထုတ်ခြင်း၊ နှစ်ဖက်ကြားနာချက်လျှောက်လဲပြီးမှစီရင်ချက်ချရခြင်း စသည့် တရားရုံးလုပ်ထုံးလုပ်နည်းများကြားတွင် အဆင့်တစ်ဆင့်ဆင့်၌ တရားလိုဖြစ်စေ၊ တရားပြိုင်ဖြစ်စေ မကျေနပ်ပါက မေးခွန်းလေးတစ်ခုကိုပင် မေးခွင့်မမေးခွင့်အပေါ် နှစ်ဖက်အဆင့်ဆင့် ကန့်ကွက်နိုင်ကာ ကြားဖြတ်အမိန့်တစ်ခုခု ပေါ်နေသမျှကို အယူခံနေသမျှကာလပတ်လုံး မူလရုံးတွင် အမှုစစ်ဆေးခြင်းမရှိဘဲ အမှုရပ်ဆိုင်းထားရခြင်းကြောင့် အမှုများကြန့်ကြာရခြင်းဖြစ်ကြောင်း တရားလွှတ်တော်ရှေ့နေဦးကိုနီကပြောသည်။

မြန်မာ့ဓလေ့ထုံးထမ်းဥပဒေပါ အမွေစီးဆင်းမှုဖော်ပြချက်မှာ ပြုပြင်စရာအားနည်းချက် တစ်စုံတစ်ရာမရှိသော်လည်း တရားလိုတရားပြိုင်များမှာ အမှုဖြစ်နေစဉ်အတွင်း တစ်စုံတစ်ရာ မကျေနပ်ချက်အပေါ် အဆင့်ဆင့်အယူခံတင်နိုင်သည့် အခွင့်အရေး တန်းတူပေးထားရာ တရားဥပဒေပါ အခွင့်အရေးကို အကာအကွယ်မယူဘဲ အခွင့်အရေးယူကာ ကြန့်ကြာအောင်စွဲယူသော အချို့အမှုသည်များကြောင့် ကြန့်ကြာခြင်းဖြစ်ကြောင်း ရှေ့နေများ ကပြောသည်။

နှစ်ပေါင်း လေးဆယ်ကြာယခုထိမပြီးပြတ်သေးသည့် အိမ်ပိုင်ဆိုင်မှုဆိုင်ရာဇာရီမှုတစ်မှုတွင် လိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော်ရှေ့နေ ဦးဝင်းဆွေဦးက "တရားရုံးတွေက တရားမမှုတွေကိုင်တွယ်ရာမှာ ပြတ်ပြတ်သားသားရှိသင့်တယ်။ အခု ကျွန်တော့်အမှုဆို လျှောက်လွှာတွေတစ်စောင်ပြီး တစ်စောင်သာတင်တယ်။ တရားပြိုင်ကို မစစ်ရသေးဘူး။ တချို့စီရင်ထုံးတွေက အမွေခွဲပြီးနောက် ထပ်တောင်းခွင့် မရှိပေမယ့် တချို့စီရင်ထုံးတွေကျတော့ တောင်းခွင့်ရှိနေရော။ ရှေ့စီရင်ထုံးနဲ့ နောက်စီရင်ထုံးတွေကကြောင်းကျိုးမညီညွတ်တော့ လိုသလိုဆွဲယူတဲ့ ရှေ့နေနဲ့ အမှုသည်တွေကြောင့် လည်း ကြန့်ကြာတယ်"ဟုပြောကြားသည်။ မောင်နှမခုနစ်ဦးပိုင် အမွေခွဲဝေပေးစေလိုမှုဖြင့် မောင်နှမသုံးဦးအားကျန်လေးဦးက စွဲဆိုထားသောအမှုတွင် စွဲဆိုသူ လေးဦးအနက် တရားလိုတစ်ဦးက "ကျွန်တော်တို့အမှုဖြစ်တဲ့နှစ်နှစ်အတွင်း တရားသူကြီးက သုံးယောက်ပြောင်းတယ်။ ရုံးချိန်းက အခါငါးဆယ်လောက်ရှိပြီ။ ဒါတောင် ကျွန်တော်တို့က တစ်မိတည်းပေါက်တဲ့ ညီအစ်ကို မောင်နှမတွေ၊ နှစ်ဖက်လုံးကလည်းမှန်တယ်။ တခြားအမွေဆိုင်တွေ အမှုတွေလို တစ်ယောက်ချင်းစီ ပြောဆိုနေတာမဟုတ်ဘဲ ကျွန်တော်တို့ လေးယောက်အတွက် ရှေ့နေတစ်ဦးတည်းကပဲ လိုက်ပါဆောင်ရွက်တော့ သိပ်မရှုပ်ထွေးဘူး။ ဒါတောင်မှတရားရုံးမှာ အဆင့်ဆင့်အရ ဆက်စစ်နေရတယ်။ ကိုယ့်ဘက်က ပိုက်ဆံမပေးနိုင်တော့ တရားရုံးမှာ တစ်ဖက်ကို အရမ်းမျက်နှာသာပေးတာမျိုးတွေ ကြုံရတယ်"ဟုပြောသည်။

အမွေခွဲဝေမှုများဖြင့် ကြန့်ကြာသော တရားမမှုများ အပြင် ယခုခေတ်ကဲ့သို့ကန်ထရိုက်တိုက်များအား မြေရှင်နှင့် အကျိုးတူပူးပေါင်းဆောက်လုပ်ခြင်းများခေတ်စားနေသည့်အချိန်တွင် အများဆုံးဖြစ်ပေါ်နေသည်မှာ အိမ်ရှင်အိမ်ငှားပြဿနာဖြစ်ကြောင်း သိရသည်။ ၁၉၆၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းထားသည့် မြို့ပြဆိုင်ရာ ငှားရမ်းခဥပဒေမှာ အိမ်ငှားများဘက်သို့ တစ်ဖက်စောင်းနင်း အခွင့်အရေးပေးထားသည့်အတွက် အဆိုပါဥပဒေကို အခွင့်အရေးယူကာ အိမ်ငှားများဘက်မှ တရားစွဲဆိုမှုများ ဖြစ်ပေါ်လာကြောင်း တရားလွှတ်တော်ရှေ့နေ ဦးကိုနီကပြောသည်။

"ဒီဥပဒေကတော့ လုံးဝကိုပြင်ဆင်သင့်တဲ့ဥပဒေပဲ။ ဥပဒေပါအချက်အလက်တွေက အိမ်ရှင်တွေက အိမ်ငှားတွေကို မတရားသဖြင့် နှင်မချရအောင် အဖက်ဖက်က ပြည့်စုံအောင် လုပ်ထားတော့ အိမ်ငှားကိုနှင်ဖို့ခက်တယ်။ ဒါကိုသိတဲ့ အိမ်ငှားတွေက ဥပဒေကို အကာအကွယ်မယူဘဲ အခွင့်အရေးယူပြီး နောက်တစ်ခန်းဝယ်နိုင်အောင် တောင်းတော့တာပဲ။ ဒါကြောင့် ကန်ထရိုက်စနစ်နဲ့ပြန်ဆောက်မယ်ဆိုတာနဲ့ အိမ်ရှင်အိမ်ငှား ပြဿနာအတက်များတယ်။ ဒီဥပဒေကို ခေတ်နဲ့အညီပြင်ဆင်သင့်ပါတယ်" ဟု ဦးကိုနီကပြောသည်။

"မြေရှင်က သူ့မြေပေါ်မှာ အခန်း ၁၀ ခန်းငှားထားတယ်။ ကန်ထရိုက်ပေးမယ်ဆိုတာနဲ့ အိမ်ရှင်က အိမ်ငှားနဲ့ညှိရပြီ။ ကန်ထရိုက်ကလည်း သူကိုက်မှသူဆောက်မှာဆိုတော့ မြေညီထပ်မှာနေတဲ့ အိမ်ငှားနဲ့ ပြဿနာဖြစ်ပြီ။ အဲဒီမှာ ၁၉၆၀ အိမ်ရှင်အိမ်ငှားဥပဒေကိုကိုင်ပြီး အိမ်ငှားတွေကညစ်ပတ်တော့တာပဲ။ ဒီဥပဒေကိုတော့ ခေတ်နဲ့အညီပြန်ပြင်သင့်တယ်" ဟု ဦးဝင်းဆွေဦးကပြောသည်။

အမွေပြဿနာများကြောင့် အရှုပ်အရှင်းမဖြစ်စေရန် လုပ်ငန်းရှင် အတော်များများမှာ ရှင်းလင်းပြီးမှ ဝယ်ယူဆောင်ရွက်တတ်ကြပြီး သက်သေအထောက်အထားများကိုလည်း ကြိုတင်စုံစမ်းကြကြောင်း သိရသည်။ "ပိုင်ဆိုင်မှုအထောက်အထား၊ ဆွေစဉ်မျိုးဆက်စာရင်း၊ အရှုပ်အရှင်းကင်း၊ မကင်းကို ရပ်ကွက်ရုံးတို့ ဘေးပတ်ဝန်းကျင်တို့မှာ ကြိုတင်စုံစမ်းတာမျိုး လုပ်ပါတယ်"ဟု Three Friend ဆောက်လုပ်ရေးမှ ဦးကိုလေးက ပြောသည်။ ယင်းသို့ စုံစမ်းထားသော်လည်း အမွေဆိုင်ပြဿနာ ပေါ်ပေါက်လာပါက ဖြေရှင်းနိုင်ရန် စာချုပ်ထဲတွင် ကြိုတင်ထည့်သွင်း ချုပ်ဆိုထားကြကြောင်း သိရသည်။ "အမွေပြဿနာပေါ်လာရင် အရင်ဆုံးနို့တစ်စာပေးပြီး ဖြေရှင်းခိုင်းတယ်။ မရမှ စာချုပ်ထဲကအတိုင်း လုပ်တယ်။ ပဋိညာဉ်စာချုပ်ချုပ်ကတည်းက အရှုပ်အရှင်းကင်းမှချုပ်တယ်" ဟု နိုင်ဂရုဆောက်လုပ်ရေးကုမ္ပဏီမှ ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်ဆွေကပြောသည်။

ယခုနောက်ပိုင်းတွင် ယင်းသို့ အမွေကိစ္စ အရှုပ်အရှင်းများ မဖြစ်ပေါ်စေရန်အတွက် အချို့အမြော်အမြင်ရှိသူ မိသားစုများမှာ သက်ဆိုင်ရာတရားရုံးတစ်ခုခုတွင် 'မိသားစုစီမံခန့်ခွဲမှု'များ ပြုလုပ်လာကြကြောင်း ဦးကိုနီကပြောသည်။ "မိဘတွေက မသေခင်စီမံသွားကြ တာပေါ့။ အမွေရှင်အမွေဆိုင်အားလုံး လက်မှတ်ထိုး၊ အားလုံးသဘောတူရင်တူသလို စိတ်ကြိုက်ခွဲဝေပေးလိုက်တာကို ရုံးတော်က အတည်ပြုတယ်။ မိဘမသေမချင်းတော့မရဘူး။ အမွေဆိုတာက မိဘသေမှ ဖြစ်လာတဲ့ပစ္စည်းကိုး" ဟု ၎င်းကရှင်းပြသည်။

"ဥပဒေကိုက ကောင်းတယ်။ လုပ်ထုံးလုပ်နည်းပဲ စဉ်းစားရမယ်။ ဒါကြောင့်ရှေးလူကြီးတွေက ပြောတယ်လေ။ အမွေမှုဆိုတာ အမွေပုံကုန်မှအေးတယ်တဲ့။ ဥပဒေပြင်ဆင်ပြဋ္ဌာန်းဖို့ကျတော့ ဥပဒေဆိုတာညီညွတ်ရမယ်။ မျှတရမယ်။ မှန်ကန်ရမယ်။ မိသားစုတစ်ခုနဲ့တစ်ခု မတူတော့ ဥပဒေပြင်ဆင်ပြဋ္ဌာန်းဖို့ဆိုတာ အများကြီးစဉ်းစားရမှာ"ဟု ဦးဝင်းမြင့်ကပြောသည်။


အမွေမှုများ မကြန့်ကြာစေရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ တရားမမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ် ပြင်ဆင်ခြင်းသာဖြစ်ကြောင်း အထက်ပါ ရှေ့နေတို့က ပြောကြားသကဲ့သို့ မိသားစုအချင်းချင်း တရားရုံးမရောက်ခင် ညှိနှိုင်းပြေလည်မှုရအောင် လုပ်ခြင်းသည်သာ အဆင်ပြေဆုံးဖြစ်နိုင်ကြောင်း အမှုသည်တို့က ၎င်းတို့၏ အတွေ့အကြုံအရပြောကြားသည်။ ။

7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

မျက်နှာဖုံးမှ

# တစ်ဖန်နိုးထလာသော စစ်ကိုင်း ‌လျှောင်ကြော


သပိတ်ကျင်းမြို့ရှိ ရွှေစင်ကြယ်ဘော်ဒါဆောင်ကို ငလျင်လှုပ်ပြီးနောက် တွေ့ရစဉ်        ဓာတ်ပုံ - မောင်တာ


သပိတ်ကျင်းမြို့နယ်မှ ငလျင်ဒဏ်ခံပြည်သူများ

မတ်တတ်ပြေးသမီးကိုပွေ့ချီ၊ သားနှင့် သမီးကိုဆွဲကာ ကိုယ်လွတ်ရုန်းပြေးသော်လည်း မဂျမ်းစိန် နောက်ကျခဲ့ပါသည်။ တစ်နှစ်ခွဲသမီးနှင့် သုံးနှစ်သားငယ်ကို ငလျင်ကြောင့်ပေါ်လာသောလှိုင်းလုံးများက မျက်စိတစ်မှိတ်အတွင်း ဆွဲခေါ်သွားတော့သည်။

သူမနေထိုင်သော သပိတ်ကျင်းမြို့နယ်ထဲမှ အောက်ပုဏ္ဏားရွာမှာ နိုဝင်ဘာ ၁၁ ရက် အစောပိုင်းက လှုပ်ခတ်ခဲ့သော ၆ ဒသမ ၈ ရစ်ချ်တာစကေးရှိသော အင်အားကြီးငလျင်ကြီး၏ ဗဟိုချက်နှင့် မိုင်အနည်းငယ်သာ ကွာဝေးသည်။

ဆောင်းဦးကာလ နိုဝင်ဘာ ၁၁ ရက်နံနက်ခင်းတွင် ကိုအောင်သိန်းမှာ ယခင်နေ့များကဲ့သို့ နံနက် ၇ နာရီကတည်း လုပ်ငန်းခွင်ဝင်နေသည်။ အသက် ၂၇ နှစ်အရွယ် သံချည်သံကွေးလုပ်သားကိုအောင်သိန်းတို့ ဆောက်လက်စ ရတနာသိဃ်တံတားကြီးမှာ ရုတ်တရက် ပြင်းပြင်းထန်ထန်လှုပ်ရမ်းသွားသည်။

"ငလျင်က ပြင်းပြင်းထန်ထန် လှုပ်တယ်။ ပြေးချိန်လွှားချိန် တောင်မရတော့ဘူး" ဟု ၎င်းက ငလျင်အတွေ့အကြုံကို ဖွင့်ဟသည်။ လုပ်ငန်းခွင်မှလုပ်သားများမှာ ခေတ္တကြောင်သွားပြီးမှ ဦးတည်ရာသို့ ပြေးလွှားကြတော့သည်။ အချို့မှာလည်း တံတား၏ သံတိုင်၊ သံတန်းများကို ဖက်တွယ်၍ လွတ်မြောက်ရန်ကြိုးပမ်းသည်။ အချို့လည်း ဆောက်လက်စတံတားပေါ်မှ ပြုတ်ကျသည်။ ကိုအောင်သိန်းမှာလည်းကံကောင်းထောက်မစွာဖြင့် ငလျင်ကြောင့် အသက်ဘေးမှ သီသီလေး လွတ်ခဲ့သည်။

ထိုငလျင်ကြီးသည်နိုဝင်ဘာ ၁၁ ရက် နံနက် ၇ နာရီ ၄၂ မိနစ်တွင်ရွှေဘိုမြို့မြောက်ဘက်၄၅ မိုင်နေရာကို ဗဟိုပြုလှုပ်ခတ်ခဲ့သည်။ ထိုငလျင်ကြောင့် မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးနှစ်ခုမှ သပိတ်ကျင်း၊ ရွှေဘို၊ စစ်ကိုင်း၊ မန္တလေး၊ အမရပူရ၊ စဉ့်ကူး၊ ကျောက်မြောင်း၊ ခင်ဦး၊ မတ္တရာ၊ ကျောက်ဆည်စသည့်မြို့နယ်များတွင်ဘုရားစေတီပြိုကျပျက်စီးမှုများ၊ နေအိမ်အဆောက်အအုံပြိုကျမှုများနှင့် လူသေကြေပျက်စီးမှုများ ရှိခဲ့သည်။ ထိုငလျင်ကြီးက ၁၉၅၆ စစ် ကိုင်းငလျင်ပြီးနောက် နှစ်၅၀ ကျော်အကြာ တာလေငလျင်အပြီးတစ်နှစ်ကျော်အတွင်း လှုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နိုဝင်ဘာ ၁၁ ရက် ထုတ်ပြန်ချက်အရ သေဆုံးသူ ၁၁ ဦး၊ ပျောက်ဆုံးသူ ၅ ဦး၊ ဒဏ်ရာရသူ ၃၆ ဦးရှိသည်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၎င်းတို့တိုင်းအတွင်းရှိ သပိတ်ကျင်းနှင့် စဉ့်ကူးမှာပင် သေဆုံးသူ ၉ ဦး၊ ဒဏ်ရာရရှိသူ ၅၁ ဦး ရှိကြောင်း နိုဝင်ဘာ ၁၂ ရက်က ထုတ်ပြန်သည်။

သာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမှာ စေတီ/ရုပ်ပွားတော် ၈၉ ဆူ၊ ဘုန်းကြီးကျောင်း၁၉ကျောင်း၊သိမ်ကျောင်းတစ်ကျောင်း၊ စိန်ဖူး/ထီးတော် ၂၆၊ ဘုရားဝင်း/တန်ဆောင်း/ဓမ္မာရုံ ၂၀၊ စာသင်ဆောင်/ကျောင်းတိုက် လေးကျောင်း ရှိခဲ့ကြောင်း အဆိုပါသတင်းကဆိုသည်။ ၎င်းအပြင် ပုဂ္ဂလိက အဆောက်အဦများ ပျက်စီးဆုံးရှုံးမှုမှာ လူနေအိမ် ၃၀ လုံး၊ ဈေးဆိုင်/ဆေးရုံ ၈၊ ရေသန့်စက်ရုံတစ်ရုံ၊ အခမဲ့ဆေးခန်း/ဝန်ထမ်းအိမ်ရာ နှစ်လုံးဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

ငလျင်ကြီးများ၏ သဘာဝအတိုင်း နောက်ဆက်တွဲငလျင် နိုဝင်ဘာ ၁၂ ရက်အထိ လေးကြိမ်လှုပ်ခဲ့သည်။

ငလျင်ကြီးနှင့် နောက်ဆက်တွဲ ငလျင်များကြောင့် ရွှေဘိုမြို့






7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012





ထမင်းစားနေသည်ကို နိုဝင်ဘာ ၁၂ရက်တွေ့ရစဉ်

ဓာတ်ပုံ - မောင်တာ

အနီး ဧရာဝတီမြစ်ကိုဖြတ်ကူးကာ တည်ဆောက်လျက်ရှိသော ရတနာသိဃ်တံတား အစိတ်အပိုင်းအချို့ ပြိုကျကာ လူတစ်ဦးသေဆုံး ငါးဦးပျောက်ဆုံးကာ ၁၈ ဦး ဒဏ်ရာရခဲ့သည်။ ဗဟိုချက်အနီးဆုံး သပိတ်ကျင်းတွင် ဘော်ဒါဆောင်ပြိုကျပြီး ကျောင်းသူတစ်ဦးသေဆုံးကာ ကျောင်းသူ ၁၇ ဦး ဒဏ်ရာရခဲ့ခြင်းများက ငလျင်ဒဏ်ခံရသည့်အထိခိုက်ဆုံးနေရာများ ဖြစ်ခဲ့သည်။

သပိတ်ကျင်းဘော်ဒါဆောင် ပြိုကျမှုတွင် သေဆုံးခဲ့သူမှာ ၁၀ တန်းကျောင်းသူ မသက်ဝေနှင်း ဖြစ်သည်။

“သမီးလေးဆုံးသွားတာဘယ်လိုမှ ယုံလို့မရသေးဘူး”ဟု မိခင် ဒေါ်မျိုးခင်ကပြောသည်။

ငလျင်ဗဟိုချက်နှင့်နီးသည့် နေရာများတွင် ပျက်စီးထိခိုက်မှုနှုန်းပိုများပြီး ဗဟိုချက်နှင့် မိုင်အနည်းငယ်သာဝေးသော သပိတ်ကျင်းမြို့နယ်တွင်ပျက်စီးဆုံးရှုံးမှုများမှာ အခြားနေရာများထက်ပိုသည်။

သပိတ်ကျင်းမြို့ ကံဘဲ့ရပ်ကွက်နှင့် ဧရာဝတီမြစ်ကမ်းဘေးရှိ ဆိပ်ကမ်းရပ်ကွက်တို့တွင် လူနေအိမ်များ လဲပြိုကာ မြို့မဈေးအနီးတွင်မူ နံကပ်တိုက်များက အလဲလဲအပြိုပြိုနှင့် ငလျင်လှုပ်ပြီးစ အချိန်မြင်ကွင်းမှာ အပျက်အစီးများဖြင့်သာ ဝန်းကျင်တစ်ခွင်ပြည့်နေသည်။

ငလျင်လှုပ်ပြီးစ သပိတ်ကျင်းမြို့တွင်းတွင် လူအားလုံးမှာ ထိတ်လန့်တုန်လှုပ်နေကြသည်။ ဈေးဆိုင်အားလုံးလိုလိုလည်း ပိတ်ထားသည်။

“ခေါင်းတွေ မူးနောက်နေတယ်။ ဆေးသောက်ချင်နေတယ်။ ဆေးဆိုင်တွေပိတ်ထားတော့ ဒုက္ခရောက်နေတယ်”ဟု သပိတ်ကျင်းဒေသခံ အသက် ၄၀ အရွယ် ဒေါ်ဝင်းရီက သတင်းထောက်ကိုပြောသည်။

ဧရာဝတီမြစ်သာခြားသော စစ်ကိုင်းမြို့တွင်လည်း ဧရာဝတီတံတားထိပ်ရှိ ‘ဇေယျာရွှေမြေစစ်ကိုင်းတိုင်းမှ ကြိုဆိုပါ၏’ဆိုင်းဘုတ်မှ အင်္ဂတေဖြင့် ထုလုပ်ထားသော ခြင်္သေ့ကြီးတစ်ကောင်ပြိုကျခဲ့ပြီး စစ်ကိုင်းမြို့၏ သင်္ကေတကောင်းမှုတော်၏ စိန်ဖူးတော်တိုင်စောင်းသွားသည်။

ငလျင်ဗဟိုချက်နီးသည့်အတွက် လှုပ်ရှားမှုနှုန်းမှာ ပြင်းထန်ကာ နေအိမ်တွင်း ထုတ်တန်းပြုတ်ကျခြင်း၊ နံရံပိခြင်း စသည်တို့ကြောင့် မြို့ပေါ်တွင် ထိခိုက်ဒဏ်ရာရသူများသလို ကျေးရွာများတွင်လည်း အိမ်များပြိုကျခြင်း၊ တံခါးပြုတ်၊ အမိုးပြုတ်ကျကာ ထိခိုက်ဒဏ်ရာရခြင်းများ အလွန်များသည်။

ငလျင်ဒဏ်ကို သိသာစွာခံစားရပြီး အထပ်မြင့်အဆောက်အအုံများလည်းရှိသည့် မန္တလေးမြို့တွင် ၂၅ ထပ်ရှိ ဈေးချိုမန်းမြန်မာပလာဇာကို ပိတ်ပစ်လိုက်ပြီး အထပ်မြင့်သောနေရာများ၌ နေကြသူများက လမ်းမများပေါ် ထွက်နေကာ နောက်ထပ်လှုပ်လာနိုင်မည့် ငလျင်များကို စိုးရိမ်ထိတ်လန့်ခဲ့ကြသည်။

အင်အားကြီးငလျင်နှင့် ရင်ဆိုင်တွေ့ပြီး ပထမဆုံးညတွင် ငလျင်ဒဏ်သင့်ဒေသခံများမှာ မြေငလျင်များ ထပ်မံမလှုပ်အောင် မြေစောင့်နတ်အား ပူဇော်သည်ဟုဆိုကာ ဖယောင်းတိုင်များ ပူဇော်ထားသည်ကိုလည်း နေရာအနှံ့တွေ့ရသည်။ အချို့မှာလည်း ထိတ်လန့်မှုကြောင့် မအိပ်နိုင်ကြ။

“လူတွေက ငလျင်လှုပ်တော့ အပြင်မထွက်ရဲကြတော့ဘဲ အိမ်ထဲမှာပဲ နေကြပြီး ခိုက်မိတာများတယ်။ ဒီမှာက ငလျင်ပညာပေးမှုတွေ အတော်အားနည်းတယ်”ဟု ငလျင်ဘေးဒုက္ခသည်များကို ကူညီပေးနေသည့် သပိတ်ကျင်းမြို့ သုဇနသဟာယ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးတေဇနိယက မိန့်ကြားသည်။

ထူးခြားမှုမှာ မြေငလျင်လှုပ်ပြီးသည်နှင့် နေ့မကူးမီမှာပင် နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းမှာ ငလျင်ဒဏ်ခံဒေသများသို့ ကွင်းဆင်းအားပေးခဲ့သည်။

ငလျင်ကြောင့်စီးပွားရေးလုပ်ငန်းများလည်း ထိခိုက်ခဲ့သည်။

“စဥ့်ထည်လုပ်ငန်းတွေက မိရိုးဖလာလုပ်ကိုင်လာတာ။ တဖြည်းဖြည်းလျော့နည်းလာတဲ့ အချိန် အခုလို စဥ့်ဖိုတွေ ပျက်စီးဆုံးရှုံးသွားတဲ့အတွက် စဥ့်ထည်လုပ်ငန်းရှင်တွေ ရူးချင်စိတ်တောင်ပေါက်တယ်”ဟု ကျောက်မြောင်းမြို့နယ် မလားကျေးရွာမှ ဦး တင်ထွန်းကရင်ဖွင့်သည်။

“ဧရာဝတီမြစ် နောက်ဘက်ကမ်းမြေနုကျွန်းမှာ လယ်ယာမြေဆယ်ကေနီးပါးလောက်ရှိတာယခု ငလျင်ကြောင့် သုံးဧကလောက်ကမ်းပြိုတဲ့ကြား ပါသွားတယ်”ဟု မလားကျေးရွာမှ ကိုမြင့်စိုးကလည်း ပြောသည်။

စက္ကန့်ပိုင်းသာကြာသော ငလျင်က ကမ်းပါးများကို တိုက်စားခဲ့ပြီး၊ အိုးအိမ်များကို ဖျက်ခြေခဲ့သလိုမဂျမ်းစိန်၏ ရင်နှစ်သည်းချာကလေးနှစ်ဦးကိုလည်း အပြီးတိုင်ခေါ်သွားခဲ့လေပြီ။ နိုဝင်ဘာ ၁၁ ရက်က မဂျမ်းစိန်နှင့်သူမတို့ဒေသမှ လူများအတွက် နေ့ဆိုးတစ်ရက်အဖြစ် ကျန်ရစ်ခဲ့တော့သည်။ ။


**ညီညီဇော်၊ မျိုးမင်းဦး၊ မောင်တာ**
**ကွင်းဆင်းရေးသား၍**
**ရန်ကုန်သတင်းအဖွဲ့ပံ့ပိုးသည်။**



7DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# ပန်းကန်ထဲမှာ ပြောင်တလင်းခါသည်အထိ ကျေးဇူးတရားကို အသိအမှတ်ပြုပါ

**မောင်သာချို**



(တစ်)

စင်ကာပူရောက် မြန်မာလူငယ်တစ်ယောက် ရန်ကုန်မြို့သို့ ခေတ္တခဏရောက်ရှိ၍ လာခဲ့ပြီး ရန်ကုန်ကနေ စင်ကာပူသို့ပြန်အထွက် တစ်နံနက်ခင်း၌ ကျွန်တော့်အတွက် စာအုပ်ကလေးတစ်အုပ်ကို လူကြုံကတစ်ဆင့် လက်ဆောင်အဖြစ်ထားရစ်ခဲ့ပါသည်။ မြန်မာစာရေးဆရာအချို့၊ မြန်မာစာဖတ်သူအချို့နှင့် ထိစပ်ရင်းနှီးပြီးဖြစ် သော စာရေးဆရာတစ်ယောက်၏ စာအုပ်ပဲဖြစ်ပါသည်။ သစ်နတ်ဟန်း (Thich Nhat Hanh) တဲ့။ ဗီယက်နမ် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး။ ဇင်ဘုန်းတော်ကြီး၊ စာအုပ်အမည်က Happiness တဲ့။ ပျော်ရွှင်မှုဟုဆိုကြပါစို့။

ထိုစာအုပ်၌ Family Meals ဟူ၍ မိသားစုထမင်းဝိုင်းနှင့်ပတ်သက်၍ အခန်းတစ်ခန်းပါဝင်ရာ ထိုအခန်း၌ သည်အစားအစာကို ကောင်းကင်၊ မြေကြီး၊ မိုးစက်နှင့် နေရောင်ခြည်အပါအဝင်စကြဝဠာကြီးက လက်ဆောင်ပေးသည်ဟု နှလုံးသွင်းတဲ့။ ရောင်းချသူများ ချက်ပြုတ်သူများ အထူးသဖြင့်တောင်သူလယ်သမားကြီးများ၏ ကျေးဇူးကို နှလုံးသွင်းတဲ့။ စားနိုင်သလောက်ကိုသာပန်းကန်ထဲကို ထည့်တဲ့စသည် စသည်ဖြင့် အချက်ခြောက်ချက် ဖော်ပြထားခဲ့ရာ ကျန်သောအချက်တွေကို ထားလိုက်ပါတော့။ ကျွန်တော့်အတွက်ကတော့ ထိုပထမနှစ်ချက်၊ သုံးချက်၌ပင်လျှင် သစ်နက်ဟန်း (Thich Nhat Hanh) ကိုငြိသွားခဲ့ပါလေပြီ။

(နှစ်)

ကမ္ဘာပေါ်၌ လူလေးယောက်တွင် တစ်ယောက်နှုန်း ဆင်းရဲကာ အစာအာဟာရပြည့်ဝအောင်မစားရသူက ၄ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း ၂၀၁၀ ခုနှစ်တွင် ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရပါသည်။ ဒါဆိုငတ်နေသူက လူ ၁၀၀ မှာ ၅ ယောက်လောက်ဆိုသည့်သဘောပဲပေါ့။ လူတစ်ယောက်အဖို့တစ်ရက်လျှင်ကယ်လိုရီ ၂၃၀၀ လောက်စားသုံးရန် လိုအပ်ပြီး ၂၀၁၀ ခုနှစ် ကုန်စျေးနှုန်းများအရ လူတစ်ယောက်လူအဖြစ် ရှင်သန်နေထိုင်နိုင်ရန် အလို့ငှာ စားသုံးဖို့အတွက် မြန်မာကျပ်ငွေ ၇၆၃ ကျပ်နေ့စဉ်လိုအပ်ပါသည်။ အကယ်၍ မိသားစုငါးယောက်ရှိလျှင် နေ့စဉ် ၃၈၁၅ ကျပ်(သို့မဟုတ်) ၄၀၀၀ ကျပ်ကျသင့်မည်ဆိုသည့်သဘော။ ဒါကစားဖို့ တစ်ခုတည်းအတွက် လိုအပ်ချက်။ ဝတ်ဖို့တွေ၊ နေဖို့တွေ ပညာရေးတွေ ကျန်းမာရေးတွေ၊ သာရေးနာရေးတွေ ဘာတစ်ခုမှ မပါသေး။ မိသားစုတိုင်း မိသားစုတိုင်း စားဖို့တစ်ခုတည်းအတွက် ငွေကျပ် ၄၀၀၀ နေ့စဉ်သုံးနိုင်ကြပါစေ။

ကုလသမဂ္ဂကတော့ လူတစ်ယောက်ချင်း၏ ဝင်ငွေတစ်နှစ်ကို ဒေါ်လာ ၉၀၅ ဒေါ်လာထက် နည်းလျှင် ဆင်းရဲသည်ဟု သတ်မှတ်ပါသည်။ ၂၀၁၁ ခုနှစ်စာရင်းဇယားများအရ ဘရူနိုင်းက လူတစ်ယောက်တစ်နှစ်ကို ဒေါ်လာ ၅၀၇၉၀၊ စင်ကာပူက ဒေါ်လာ ၄၉၇၅၄ တဲ့။ သို့ဖြင့်မလေးရှားက ၁၃၃၈၅ ဒေါ်လာ၊ ထိုင်းက ၇၉၀၇ ဒေါ်လာ၊ အင်ဒိုနီးရှားကတော့ ၃၇၂၈ ဒေါ်လာ၊ ဖိလစ်ပိုင်က ၃၃၈၃ ဒေါ်လာ၊ လာအိုက ၂၀၅၄ ဒေါ်လာ၊ ဗီယက်နမ်က ၁၅၈၉ ဒေါ်လာ၊ ကမ္ဘောဒီးယားက ၁၈၁၈ ဒေါ်လာ စသည်စသည်ဖြင့် ဆင်းသွားလိုက်ရာ မြန်မာက ၁၀၄၀ ဒေါ်လာဖြင့် အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှာ စာရင်းပိတ်ပါသည်။

ဤတွင် ကုလသမဂ္ဂက ၉၀၅ ဒေါ်လာပဲ သတ်မှတ်ထားတာတို့များ၁၀၄၀ ဒေါ်လာကြီးများတောင်ဟု အလောတကြီး ဘဝင်မြင့်မသွားလိုက်ပါနှင့်ဦး။ တစ်ဦးချင်းဝင်ငွေဆိုသည် ကလေးကိုဖြင့် သတိကလေး ကပ်ထားလိုက်စေချင်ပါသည်။

ယခုလောလောလတ်လတ် ငွေကြေးတန်ဖိုးအရ တစ်ဒေါ်လာကို ၈၅၀ ကျပ်ဟုဆိုရာ မြန်မာတို့၏ တစ်ဦးချင်းဝင်ငွေ ၁၀၄၀ ဒေါ်လာကို ၈၅၀ နှင့်မြှောက်လိုက်တော့ ၈၈၄,၀၀၀ ကျပ်။ ဒါကို ၁၂ နှင့်စားလိုက်တော့ တစ်လကို ခုနစ်သောင်းကျော်ကျော်။ သည်ခုနစ်သောင်းကျော်ကို မိသားစုဝင်ဦးရေနဲ့သာမြှောက်လိုက်ပေတော့။ ယင်းသည် တစ်လဝင်ရမည့် မိသားစုဝင်ငွေ။ ဝင်သလား မဝင်ဘူးလားဆိုသည်ကတော့ ကိုယ်တိုင်သာ ဖြေကြည့်ကြပေတော့။

ဆိုလိုတာက ကျွန်တော်တို့ အဆင်မပြေကြပါဘူးဆိုတာပဲ ဖြစ်ပါသည်။ ကျွန်တော်တို့မှသာမဟုတ်ပါ။ အာဖရိကမှာ၊ လက်တင်အမေရိကမှာ၊ အာရှတိုက်ကြီးထဲမှာ ကမ္ဘာအနှံ့အပြား ဆင်းရဲသူတွေ ဆင်းရဲသူတွေ။ လူလေးယောက်မှာ တစ်ယောက်ဆင်းရဲ၍ လူ ၁၀၀ တွင် ၄ ဒသမ ၈ ယောက် ငတ်သည်ဟုဆိုခဲ့ပြီးမဟုတ်လော။

(သုံး)

တစ်ခါက ရန်ကုန်မြို့တစ်နေရာရှိနာမည်ကျော်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဆီသို့ရောက်သွားခဲ့ရာ ဘူဖေး (buffet) ပုံစံဖြင့် နေ့လယ်စာကျွေးပါသည်။ ကိုယ်တိုင်ယူငင်စားသုံးသည့် စနစ်။ ထမင်းဟင်းလျာတွေက ခုံတန်းရှည်ကြီးပေါ်မှာ အလျှိုပယ်။

ဟိုနံရံ၊ သည်နံရံများရှိရာသို့အကြည့်ရောက်သွားတော့ဆရာတော်ဘုရား၏ သတိပေးစာတန်းများကို တွေ့ရာ ယင်းအပေါ်၌ ရိုသေလေးစားစိတ်ဖြစ်ရပါသည်။

"ကြိုက်သလောက်စား၊ ကုန်သလောက်ထည့်" တဲ့။ ဟုတ်ပါသည်။ ကိုယ့်ခန္ဓာကိုယ်၏ လိုအပ်ချက်အရ ကြိုက်သလောက်စား၍ ရပါသည်။ တစ်ခါက်နှင့်မဝသေးလျှင် နောက်တစ်ခါက်။ နောက်တစ်ခါက်နှင့်မဝသေးလျှင်နောက်ထပ်တစ်ခါက်။ ကြိုက်သလောက်ထည့်ကြိုက်သလောက်စား။ သို့သော် အလိုရမ္မက်ကြီးကြီးနှင့် ခူးခပ်ထည့်ထားပြီး မကုန်နိုင်မခန်းနိုင်ထားပစ်ခဲ့တာမျိုးကိုတော့ ကျောင်းကအလွန်အထင်သေးပြီး အလွန်စက်ဆုပ်ပါသည်။

လူလေးယောက်၌ တစ်ယောက်ဆင်းရဲကာ လူ ၁၀၀ မှ ၅ ယောက်လောက်ငတ်နေသည့်ကမ္ဘာ၌သည်လိုဖြုန်းတီးခဲ့ခြင်းသည် လူ့အဖွဲ့အစည်းကို မထီမဲ့မြင်လုပ်မှု၊ စိုက်ပျိုးထုတ်လုပ်ချက်ပြုတ်သူတို့၏ သွေးနှင့်ချွေးကို စော်ကားမှု။

(လေး)

ဂျပန်အတွေ့အကြုံ ကြွယ်ဝသူများနှင့် စကားဝိုင်းဖွဲ့သည့်အခါ အံ့မခန်း ပြောကြလေ့ရှိသည်က ဂျပန်တို့ စားသောက်ကြပုံဟန်ပန်တစ်ကွက်ဖြစ်ပါသည်။ ဂျပန်တွေဟာ ထမင်းကို အကုန်မစားဘဲနဲ့ ပန်းကန်ထဲမှာ ချန်ထားခဲ့တာမျိုးကို ဘယ်တော့မှ မလုပ်ကြဘူးလို့ ဆိုပါလား။ ချန်ထားသူကို အထင်သေးလေသတဲ့။ ထမင်းမစားခင်မှာ သူတို့ပြောကြမြဲဖြစ်တာက အီတာရာကိမာ့စ် (itakimasu)တဲ့။ ဤအသက်ခန္ဓာရှင်သန်ရန်အတွက် စားရသည့် အစာအာဟာရအတွက် ကျေးဇူးတင်ပါကြောင်း ဆိုလား။

သူတို့လူမျိုးတွေရဲ့ စိတ်နေသဘာဝတွေက ကြက်သီးမွေးညင်းထစရာကောင်းလိုက်တာ။ ကျေးဇူး။ ကျေးဇူး။ ကျေးဇူး။ တင်တတ်ရင် တင်လို့ရတဲ့ ကျေးဇူး။

ထမင်းပဲစားစား၊ ထမင်းကြော်ပဲစားစား ပန်းကန်ထဲမှာ ထမင်းတစ်စေ့မှ မကျန်သည်အထိ ကျွန်တော်စားဖြစ်နေခဲ့သည်မှာ ကြာလှပါပြီ။ တောင်သူလယ်သမားကြီးတို့ရဲ့ ချွေးတွေသွေးတွေကိုကျွန်တော်အားနာလို့။ ချို့တဲ့ ငတ်မွတ်သူတို့ရဲ့ မျက်နှာတွေကို ကျွန်တော်မလုံမလဲဖြစ်လို့။

အလှူတွေ၊ မင်္ဂလာဆောင်တွေ၊ ညှော်ခံပွဲတွေ၊ တတ်နိုင်သူတွေရဲ့ထမင်းဝိုင်းကြီးတွေဆီက ပေါပေါလောလောဖောဖောသီသီ စွန့်ပစ်လိုက်တဲ့ ထမင်းလုံးပေါင်းထောင်သောင်းသိန်းသန်းကုဋေကုဋာကို ကျွန်တော် နှမြောလိုက်တာ။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်တတ်နိုင်လို့ လွှင့်ပစ်တာဘာဖြစ်သလဲလို့များ ပြောကြလေမလားမသိ။

ကျွန်တော်ကတော့ ကိုယ်မစားနိုင်ဘဲနဲ့အလဟဿစွန့်ပစ်ခဲ့သူ၊ ငွေပေးပြီး ဝယ်ထားတာမို့ ဘယ်သူ့မှကျေးဇူးတင်စရာမလိုဘူးဟု သဘောထားရှိသူ မှန်သမျှကို လူနှင့်လူ့အဖွဲ့အစည်းအား စော်ကားနေသူများဟု စွပ်စွဲလိုက်ချင်သည်။

သစ်နက်ဟန်း (Thich Nhat Hanh) ပြောသလို ထမင်းပန်းကန်ထဲက ထမင်းစေ့များစွာကိုကြည့်ရင်းသည်ထမင်းဖြစ်လာဖို့ ပေးဆပ်သူများအားလုံးကို ကျွန်တော်ကတော့ ကျေးဇူးတင်ပါသည်။ မွတ်သိပ်ဆာလောင်သူတို့၏ ဘဝများစွာကိုအားနာစွာဖြင့် တစ်စေ့မှ မကျန်သည် အထိလည်းကျွန်တော်စားသုံးပါသည်။

တတ်နိုင်တာပဲဟူသော စိတ်ဓာတ်ဖြင့် ဘယ်တော့မှ သွန်မပစ်စတမ်း။ မှောက်မပစ်စတမ်း။ ။

## စာ(၂၅) ကျွန်တော်ဖြတ်သန်းခဲ့သော ရေနံ့ဝန်ထမ်းဘဝ မှ

မဟုတ်မှန်းသိရင်တောင်မှ မျက်စေ့မှိတ်ပြီး အထက်လူကြီးအဆင့်ဆင့် ဆက်လိမ်၊ လူကြီးအိမ်ကို နောက်ဖေးပေါက်ကဝင်၊ ကိုယ်မျက်နှာရအောင်၊ နေရာရအောင်လုပ်၊ စေတနာထားပြီး အမှန်တင်ပြတဲ့သူဆိုရင် ဖျက်လိုဖျက်ဆီးလုပ်တယ်ဆိုပြီး အမုန်းခံရ။ လူကြီးကျေနပ်အောင် အကြိုက်ပေးပြောပြီး အိတ်ထဲထည့်ဖို့ကြိုးစား။ ဒီလိုနဲ့ ကိုယ့်အိတ်ထဲရောက်အောင်လုပ်တဲ့သူတွေ ဝန်ထမ်းလောကမှာ များလာတော့တိုင်းပြည်လည်းမွဲပြီပေါ့။

စာရေးဆရာ ဦးအောင်သင်း ပြောခဲ့တဲ့ စကားလေးကို သတိရနေမိပါတယ်။ လူဆိုတာ မရသင့်တာကိုမယူဘူးဆိုတဲ့စာရိတ္တသတ္တိကိုမွေးနိုင်ရမယ်တဲ့၊ ဒါပေမဲ့ လူတွေစိတ်မှာ မရသင့်တာမရှိဘူး။ ဘာမဆို ရအောင်ယူမယ်ဆိုတဲ့ စိတ်ဓာတ်တွေသာ တိုးလာတာမို့၊ ကိုယ့်နေရာ ကိုယ်နားမလည်နိုင်တော့ပဲရသလောက်ယူချင်တဲ့စိတ်ဓာတ်သာရှိလာကြတော့တယ်။ ဒီစိတ်ဓာတ်ကြောင့် အဆင်းရဲဆုံးတိုင်းပြည်ဘဝကို ရောက်ခဲ့ရတာပါပဲ။

အဲဒီစိတ်တွေဟာ အသက် ၁၅ နှစ်လောက် အထက်လူငယ်လူကြီးတွေရဲ့ စိတ်ထဲမှာ ကြာရှည်ကိန်းအောင်းနေခဲ့ပါပြီ။ နိုင်ငံအတွက် အင်မတန်ကြီးမားတဲ့ ဆုံးရှုံးမှုကြီးတစ်ခုပါပဲ။ တိုင်းပြည်ရဲ့သယံဇာတတွေကြောင့် တိုင်းပြည်ချမ်းသာလာနိုင်ပေမယ့် စာရိတ္တဆင်းရဲတဲ့ တိုင်းပြည်ဘဝက လွတ်မြောက်ဖို့ အတော့်ကိုရုန်းကန်ကြရအုံးမှာဖြစ်ပါတယ်။

ဒါတွေရှောင်နိုင်ဖို့ ကိုယ်ခံအားကောင်းနေဖို့ အရေးကြီးပါတယ်။ ကိုယ်ခံအားကောင်းဖို့ဆိုတာလည်း တခဏလေ့ကျင့်လို့ရတာမျိုး မဟုတ်ပါဘူး။ အချိန်ပေးရပါတယ်။ ကိုယ်ခံအားကောင်းဖို့ ပညာရေးစနစ်ကလည်း အရေးကြီးပါတယ်။ စာသင်ကျောင်းတွေမှာ မူလတန်းကစပြီး ဒီစိတ်ဓာတ်တွေ လေ့ကျင့်ပေးဖို့လိုပါတယ်။ ငယ်စဉ်ကတည်းက ရင်ထဲအသည်းထဲအထိ စိတ်ဓာတ်ကောင်းတွေ ကိန်းအောင်းနေမှသာ တစ်ချိန်မှာ နိုင်ငံအတွက် အားကိုးထိုက်တဲ့ သားကောင်းတွေဖြစ်လာမှာပါ။ နိုင်ငံအတွက် ဝန်ထမ်းကောင်းတွေ မွေးမြူနိုင်မှာပါ။ ငါဟာ နိုင်ငံ့ဝန်ထမ်းကောင်းဖြစ်တယ်ဆိုတဲ့ ယုံကြည်မှုအပြည့်နဲ့ ဂုဏ်ယူနိုင်ခြင်းမျိုးဟာ မိမိရဲ့ စိတ်ဓာတ်အင်အား တစ်ခုပါပဲ။ ငွေကြေးပြည့်စုံမှုထက် ပိုမိုကြီးမားတဲ့ လူ့တန်ဖိုးတစ်ခုပါပဲ။

ဝန်ထမ်းလောက မှန်ကန်တဲ့လမ်းကြောင်းပေါ် ရောက်ဖို့ အများကြီး ပြုပြင်ရပါလိမ့်မယ်။ ဒါတွေပြုပြင်ဖို့ လစာတိုးပေးတာနဲ့တင် မရပါဘူး။ ပျက်နေတဲ့ စာရိတ္တတွေ၊ မမှန်ကန်တဲ့ စေတနာတွေ၊ အလေ့အကျင့်တွေအတွက် အချိန်အများကြီးပေးပြီး ပြင်ရမှာပါ။ ပညာရှင်တွေမွေးထုတ်ရအုံးမှာပါ။ စနစ်တကျ ပြုပြင်နိုင်အောင် နားလည်တတ်ကျွမ်းသူတွေနဲ့ အစီအစဉ်တွေ ရေးဆွဲရမယ်။ အတွေ့အကြုံရှိသူတွေရဲ့ အကြံဉာဏ်တွေ ယူရမယ်။ လက်ရှိတာဝန်ရှိနေတဲ့ လူကြီးတွေကလည်း ကိုယ့်မှာကိန်းအောင်းနေတဲ့ ခေတ်ဟောင်းက စိတ်ဓာတ်တွေ အလေ့အကျင့်တွေကို ပြောင်းလဲပစ်ရပါမယ်။ ပြည်သူ့ကိုယ်စားလှယ်တွေအနေနဲ့ လူထုနဲ့တစ်သားတည်းနေတတ်အောင်၊ ပြည်သူ့အသံနားစွင့်တတ်အောင် လေ့ကျင့်ရပါမယ်။ ပြည်သူ့ဝန်ထမ်းတွေကို ပြည်သူအလေးထားအောင် လေးစားအောင် အဆင့်အတန်းရှိအောင် ထိုက်တန်တဲ့ အခွင့်အရေးရအောင် မသမာမှုမရှိရအောင် ပြုပြင်ကြဖို့ အားလုံးမှာ တာဝန်ရှိပါတယ်။ အမိန့်နဲ့စည်းကမ်းနဲ့ ပြောလို့မရရင် အရေးယူပါမယ်။ အဆင့်ဆင့်လုပ်ပိုင်ခွင့် ပေးရပါမယ်။ ဝန်ထမ်းတစ်ယောက်ရဲ့ ရှိသင့်တဲ့ ခံယူချက်ရှိအောင်၊ ကိုယ့်အလုပ်အပေါ် ဂုဏ်ယူတတ်အောင်၊ ပြည်သူ့အတွက် ဝန်ထမ်းကောင်းများ ဖြစ်အောင် ဖောင်ကြီးနဲ့ ဆီးပင်ကြီးမှာတင် သင်တန်းတွေပို့ချပေးရုံနဲ့ မလုံလောက်ပါဘူး။ ဒီအတွက် ကုန်ကျမယ့် စရိတ်ကို မကြည့်သင့်ပါဘူး။ လူငယ်တွေကို စာရိတ္တ ပြန်လည်ထူထောင်မှုတွေ အဖက်ဖက်က လုပ်ယူရပါမယ်။ တွန်းတွန်းတိုက်တိုက် အတွေးအခေါ်သစ်ကိုပြောင်းလဲယူရပါမယ်။ ကိုယ့်ဝန်ထမ်းရဲ့ အဆင့်အတန်းကို မြှင့်တင်ပေးနိုင်အောင်၊ သိက္ခာရှိအောင်၊ လုပ်ငန်းကျွမ်းကျင်အောင်၊ တာဝန် ရှိသူတွေက လုပ်ပေးရပါမယ်။ ဝန်ထမ်းတွေဘက်ကလည်း ပြုပြင်စရာတွေ ပြုပြင်ရပါမယ်။ အခွင့်အရေးနဲ့ အပြစ်ပေး အရေးယူမှုဆိုတာ တစ်ပြိုင်တည်းပါလာရမှာပါ။ လုပ်ငန်းတွေကို တိတိကျကျ မူဘောင်ရှင်းရှင်းလင်းလင်း ဖော်ပြပြီး အဆင့်ဆင့် အာဏာမပြဘဲ တာဝန်ကျေကြဖို့၊ စည်းကမ်းသိက္ခာရှိကြဖို့၊ နောင်လာနောက်သားတွေအတွက် လမ်းမှန်ပေါ် လျှောက်နိုင်အောင် ခြေလှမ်းပြင်သင့်ပြီဖြစ်ပါတယ်။

ကျွန်တော်တို့ဝန်ထမ်းတွေ စားဝတ်နေရေးပြေလည်စေချင်ပါတယ်။ သိက္ခာရှိရှိ တာဝန်ထမ်းဆောင်ချင်ပါတယ်။ ပြည်သူ့ဝန်ထမ်းဆိုတဲ့ နာမည်ကောင်း လိုချင်ပါတယ်။ နိုင်ငံတော်အတွက် တန်ဖိုးရှိတဲ့ ပြည်သူတစ်ယောက် ဖြစ်ချင်ပါတယ်။ ကိုယ့်တိုင်းပြည်အတွက်၊ ကိုယ့်ဌာနအတွက် ကိုယ့်အလုပ်အပေါ် ဂုဏ်ယူချင်ပါတယ်။ အဲဒီအတွက် နိုင်ငံတော်သမ္မတရဲ့ အဖိုးတန်တဲ့ ပြုပြင်ရေးမိန့်ခွန်းများ မကြာခဏ ကြားလိုပါတယ်။ သမ္မတရဲ့ လမ်းညွှန်မှုအောက်မှာ ပြီးခဲ့တဲ့အမှားများစွာကို သင်ခန်းစာယူပြီး စစ်မှန်တဲ့ အပြောင်းအလဲများ၊ စေတနာပါသော အမြော်အမြင်ကြီးသော စသောစိတ်ဓာတ်ကောင်းများနဲ့ တိုင်းပြည်ကို ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းလုပ်ကိုင်လိုပါတယ်။ ။


ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းငွေ၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်မောင်၊ ရန်မျိုးနိုင်၊ အေးမင်းထက်၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ်၊ |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၁၆၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

**Hotline : 0973032006**



# သဒ္ဓါစိတ်သာ ထက်သန်ပါစေ

**ဦးအေးကို**

၂၁. ၁၀. ၂၀၁၂ရက်ည၁၁ နာရီ ၄၅ မိနစ် အချိန် ဖြစ်ပါသည်။ ကျွန်တော်နှစ်နှစ်ခြိုက်ခြိုက်ဖြင့် အိပ်မောကျနေသည်ဟု ထင်သည်။ ကျွန်တော်ကဲ့သို့ပင် အခြား လူများလည်း အိပ်ကောင်းနေကြမည်မှာ မလွဲပါ။ သက်ကြီးရွယ်အိုများ ကျောင်းသူ၊ ကျောင်းသားများ။ အလုပ်သမားများ စသည်ဖြင့် တစ်နေကုန်ပင်ပန်းခဲ့သမျှကို အိပ်စက်နားနေခြင်းဖြင့် နောက်တစ်နေ့အလုပ်ခွင်ဝင်ရန်၊ ကျောင်းတက်ရန်အတွက် အားပြန်ဖြည့်နေသော ထိုကဲ့သို့အချိန်တွင် ကျွန်တော်၏နားထဲသို့အင်္ဂလိပ်သီချင်းသံအကျယ်ကြီးက ဆူညံစွာဖြင့် ဝင်ရောက်လာသည်။ ကျွန်တော်လန့်သွား၏ ဘာသံလဲ ဘာဖြစ်တာလဲဆိုပြီး အိပ်ရာမှ ကမန်းကတန်းထကာ အိမ်ရှေ့ဝရန်တာမှ ထွက်လာပြီး အောက်ကို ငုံ့ကြည့်လိုက်သောအခါ လှည်းပေါ်မှာ ဆောင်းဘောက်တွေကိုတင်ပြီး သီချင်းကို ကျယ်လောင်စွာ ဖွင့်ထားကာ ထိုလှည်းကို တွန်းလာသော လူတစ်စုကိုတွေ့ရသည်။ ထိုလှည်း၏ ရှေ့တွင်လည်း ဦးမင်းကျော်နတ်ဝတ်စုံဖြင့် လူတစ်ယောက် စကပ်ဂါဝန်ဝတ်ထားသော အခြားသူတစ်ဦးနောက်တစ်ဦးကလည်း သရုပ်ပျက်အဝတ်အစားကို ဝတ်ဆင်ထားပြီး ဘာမှန်းမသိသော အင်္ဂလိပ်သီချင်းဖြင့် ဘာမှန်းမသိသော အကတို့ကနေသည်ကို ထိုသူတို့ လှည်းမှာပင် တပ်ဆင်ထားသာ မီးချောင်းအလင်းရောင်ဖြင့် မြင်နေရသည်။

လူအများ အိပ်စက်အနားယူနေသော အချိန်တွင် သူတို့တွေဘာအတွက်နဲ့ ဒီလိုပုံစံတွေနဲ့ ဖြစ်နေရတာလဲဆိုပြီး နားစွင့်ကြည့်မိသည်။ လေ့လာကြည့်မိသည်။ ထိုအချိန်မှာပဲ အလှူခံပုဂ္ဂိုလ်ပြောလိုက်သော စကားတို့က ကျယ်လောင်စွာဖြင့် နားထဲသို့ဝင်ရောက်လာပြန်သည်။ "ကျွန်တော်တို့က ---ရပ်ကွက်က ----ဆွမ်းလောင်းအသင်းဖြစ်ကြောင်း၊ ယခုဆွမ်းအောင်ပွဲအတွက်စာရေးတံမဲကျင်းပပြုလုပ်မှာဖြစ်သည့်အတွက် အလှူခံလာရောက်ရခြင်းဖြစ်ကြောင်းတို့ကို ပြောကြားပြီး အင်္ဂလိပ်သီချင်းသံကိုကျယ်လောင်စွာ ဖွင့်လိုက်ပါတော့သည်။ ကျွန်တော် ဉာဏ်မီသလောက် စဉ်းစားကြည့်မိသည်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ လူမျိုးတွေက အလှူအတန်းအပေးအကမ်းကိုဝါသနာထုံကြသည်။ အလှူခံလာလျှင် လက်ကအိပ်ထဲသို့နှိုက်ပြီးသား ဘယ်သူမှ မနှိုးဆော်ရ။ လှူလျှင် ယခုဘဝမှာ၊နောက်ဘဝမှာ ဘယ်လိုအကျိုးတွေကို ခံစားရမည်ကို သိပြီးသားဖြစ်သည်။

အလှူရေစက် လက်နှင့်မကွာသော ကျွန်တော်တို့လူမျိုးကို ဘယ်လိုလူမျိုးမှ မီမည်မထင်။ သဒ္ဓါတရား ထက်သန်သော၊ အပေးအကမ်းမှာ ရက်ရောတတ်သော ကျွန်တော်တို့ လူမျိုးအကြောင်းကို အကျယ်ချဲ့မပြောလိုသော်လည်း ယခုကဲ့သို့အလှူခံပုံစံမျိုးကိုတော့ ပြောမှဖြစ်မည်။ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများကလည်း ကိုယ့်ရပ်ကွက်ထဲသို့ ဝင်ရောက်လာသော သရုပ်ပျက်ယဉ်ကျေးမှုအကများ ကပြီး ဘုရားမကြိုက်သော အပျော်အပါးအသောက်အစားများဖြင့်ဝင်ရောက်အလှူခံခြင်းကို စိစစ်ကြပ်မတ်ရမည်။ အလှူခံပုဂ္ဂိုလ်များမှာလည်း အခြေအနေနှင့် အချိန်အခါကို သိဖို့လိုသည်။ စည်းကမ်းတကျ တည်တည်ငြိမ်ငြိမ် ခန့်ခန့်ညားညား အလှူခံစေချင်သည်။ ယခုလိုပုံစံမျိုးဖြင့် အလှူခံမှ ထည့်မည်မဟုတ်ပါ။ ဘယ်လိုဖြစ်ဖြစ် အကြောင်းအကျိုး တိုက်ဆိုင်လျှင် တစ်ရာနှစ်ရာမှအစ ငါးရာ၊ တစ်ထောင်လှူနေကြတာကို နားလည်ဖို့လိုသည်။ ထိုကဲ့သို့ သရုပ်ပျက်အလှူခံပုံစံမျိုးကို အပြင်းအထန်ကန့်ကွက်တားမြစ်ရပါမည်။

ယခုခေတ်မှာ အလှူခံပုံစံတွေကို အမျိုးမျိုးတွေ့လာရသည်။ အမှန်အကန်လား၊ အကြံအဖန်လားဆိုတာ ကျွန်တော်တို့ မသိနိုင်။ သေသေချာချာ စိစစ်လျှင်တော့ အဖြေတစ်ခု ရနိုင်သည်။ ကျွန်တော် သတိထားမိသော အလှူခံအဖွဲ့တစ်ဖွဲ့၊ နှစ်ဖွဲ့ရှိသည်။ သူတို့တွေက အမျိုးသမီးများသာ၊ သုံးယောက်မှ ငါးယောက်အထိရှိသည်။ မောင်းထောင ချိုင့်လေးတွေကိုင်းလို့ အရုဏ်ဆွမ်းအတွက် အလှူခံထည့်သွားပါဦး။ တနင်္ဂနွေ ဆွမ်းပတ်အတွက်ပါ စသဖြင့် အကြောင်းအမျိုးမျိုးပြကြသည်။ သူတို့တွေ ဘယ်မှာနေသည်ကို မသိသော်လည်း နေရာပေါင်းစုံမှာ တွေ့ရသည်။ အင်းလျားကန်ပေါင်ပေါ်အထိ အလှူတက်ခံသည်။ ကန့်တော့ပါလို့ ပြောလိုက်လျှင် သာဓုပါ၊ သာဓုပါ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုပြီး ငေါ့ပြောတာကို ခံရသည်။ သူတို့တွေပြောသည့် ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုသည့် စကားလုံးအသံကို ကျွန်တော်သိသည်။ ရွဲ့ပြောမှန်း အသိသာကြီးဖြစ်၏။ ထိုကဲ့သို့သော၊ နေ့တိုင်းအလှူခံထွက်နေသော အမျိုးသမီးအဖွဲ့ကို ဘယ်လိုတာဝန်ရှိသူတွေကထိန်းသိမ်းပါမည်လဲ။

နောက် ရဟန်းသံဃာတွေရှိသေးသည်။ ဖိနပ်ပြတ်တစ်ဖက်ကို ကိုင်လို့ သွားရင်းလာရင်း ဖိနပ်ပြတ်သွားလို့ ဖိနပ်ဖိုးလေး ဒါနရှိသလောက် လှူဒါန်းသွားပါဆိုသည့် သံဃာအတုတွေ၊ စာမေးပွဲအတွက် ဘောပင်ဖိုး၊ စာအုပ်ဖိုးအလှူခံသည့်သံဃာတွေသွားရင်းလာရင်း လမ်းစရိတ်ပြတ်သွားလို့ ဒါနရှိသလောက် လှူဒါန်းသွားပါဆိုသည့် သံဃာတွေ အမျိုးမျိုးတွေ့ရသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အထွတ်အမြတ်ထားသော ဗုဒ္ဓ၏ သားတော်များသည် သီလ၊ သိက္ခာ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံလျှင် ပစ္စည်းလေးပါး ဒါယိကာ၊ ဒါယိကာမအဖြစ် လှူချင်နေကြသော အလှူရှင်တွေနောက်မှာရှိနေတယ်ဆိုတာကိုထိုသံဃာတွေသိစေချင်သည်။ ထိုသံဃာအတုသံဃာယောင်တွေကိုလည်း ထိန်းသိမ်းကြပ်မတ်ဖို့ လိုသည်။

နောက်တစ်ဖွဲ့က နည်းနည်းအဆင်မြင့်သည်။ သူတို့က ကားတွေနှင့် လာကြသည်။ ပဲခူးဘက်က၊ မှော်ဘီဘက်က၊ မိဘမဲ့ကလေးများအတွက် ထမင်းတစ်ဝိုင်းကိုဘယ်လောက်၊ တစ်နပ်စာဘယ်လောက်၊ တစ်နေ့စာ ဘယ်လောက်ဆိုပြီး သောင်းဂဏန်းဖြင့် အချီကြီး အလှူခံသည်။ အချို့ကလည်း သိမ်ကျောင်းဆောက်လုပ်ရန်အတွက်၊ အဝိစိတွင်းတူးရန်အတွက် စသည်ဖြင့် အလှူခံနေကြတာကို တွေ့နေရသည်။ ပြောသည့် လူပုဂ္ဂိုလ်တွေကလည်း အပြောကောင်းသည်။

ထိုသို့ အလှူခံလျှင် ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပထမဦးစွာ ဝင်ရောက် သတင်းပို့ခွင့်ပြုချက် တောင်းပြီး စစ်မှန်ပါမှ အလှူခံခွင့်ပြုရန် သာသနာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည်ကြားရသော်လည်း အုပ်ချုပ်ရေးမှူးများထံ သတင်းမပို့ဘဲ ထင်သလို အလှူခံနေကြသည်ကိုသာ တွေ့ရသည်။

ထိုကဲ့သို့ အလှူခံအဖွဲ့များကိုလည်း စိစစ်ကြပ်မတ်လိုက်လျှင် အဖြေတစ်ခုရရှိနိုင်သည်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေ၊ သံဃာအဖွဲ့အစည်းတွေက အမှန်အတိုင်းဖြေရှင်းပေးမည်ဆိုလျှင် အမှန်တကယ်လှူဒါန်းသည့် ပုဂ္ဂိုလ်များသည် ကုသိုလ်ရမည်။ တကယ်လိုအပ်နေသော မိဘမဲ့ကလေးငယ်များ၊ သိမ်၊ ကျောင်း၊ ဇရပ် အဝိစိတွင်းများလည်း ပြည့်စုံပေလိမ့်မည်။ အမှန်တကယ် အလှူခံအဖွဲ့အစည်းအစစ်များ ဖြစ်စေရန် ရည်ရွယ်ရင်းဖြင့် စိတ်ထဲမှာ အတွေးများရင်း ရေးမိပါသည်။

ယခု တန်ဆောင်မုန်းလကထိန်ရာသီရောက်တော့မည်။ ယခင်နှစ်တွေတုန်းက သင်္ကြန်ကထိန်ဖြစ်သွားတာကို လူတွေသတိမထားမိကြ။ တဖြည်းဖြည်းနှင့် ကထိန်လသည် သင်္ကြန်ကာလနှင့် တူလာသည်။ ယခုသိသည့် အချိန်မှစ၍ ပြုပြင်မှသာ တော်ကာကျမည်။ လူ၊ လေး၊ ငါးယောက်ကလည်း ကထိန်အတွက်ဆိုပြီး အလှူခံသည်။ သရုပ်ပျက်အဝတ်အစားဝတ်ပြီး ကကြသည်။ ခုန်ကြသည်။ ထို့အတူ လူအများကြီးဆောင်းဘောက်တွေ အကျယ်ကြီးဖွင့်ကာ မိန်းမ၊ ယောကျ်ားည ၁၀ နာရီ ၁၁ နာရီအထိ အကမျိုးစုံဖြင့် အလှူခံလာတာကိုလည်း တွေ့ရသည်။ တချို့အဖွဲ့က အမေနံကရိုင်း၊ ကျွဲနတ်ဖြင့် ကကြသည်။ တချို့ အဖွဲ့က ယောကျ်ားများ မိန်းမလို မလုံ့တလုံဝတ်ကာ ကကြသည်။ ပုံသဏ္ဍာန် အမျိုးမျိုးဖြင့် ကထိန်အတွက် အလှူခံထွက်ကြသည်ကိုလည်း တွေ့ရသည်။ သဒ္ဓါတရား ပေါက်အောင် ထိုသို့အလှူခံမှရသည်ဟု ထင်နေကြပြီလား မသိ။

ဤသို့ကြောင့်ပင် ဘာသာရေးနှင့် အမှန်တရားအတွက် အမုန်းခံကြစေချင်သည်။ အမှန်ကို မြင်စေချင်သည်။ ကျွန်တော်တို့တွေ အမျိုး၊ ဘာသာ၊ သာသနာအတွက် အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ရင်းဖြင့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ ထေရဝါဒ ဗုဒ္ဓသာသနာ၊ ကမ္ဘာတည်သရွေ့ ထွန်းလင်းတောက်ပနေစေရန် ရည်ရွယ်ရင်း အလှူခံအတုများ၊ ဘာသာရေးအယူအဆ အလွဲများကို ရှောင်ရှားရင်းဖြင့် ဗုဒ္ဓသာသနာ ပြုကြပါစို့ဟု အဓိဋ္ဌာန်ပြုလိုက်ပါသည်။ ။

# Business

7DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

## နှစ်ကုန်ပိုင်း ပဲဈေးကောင်းနိုင်ဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ နိုဝင်ဘာ - ၈**



*ဘုရင့်နောင်ဈေးကွက်တွင် ရောင်းချနေသော ပဲမျိုးစုံ* **ဓာတ်ပုံ - ကျော်ဇင်သန်း**

ပြည်တွင်းဈေးကွက်တွင် ပဲမျိုးစုံ ဈေးနှုန်း လတ်တလော ကျဆင်းနေသော်လည်း နှစ်ကုန်ပိုင်းတွင် အဝယ်ပြန်လိုက်လာပြီး ပြန်မြင့်တက်နိုင်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သတင်းရရှိသည်။

အိန္ဒိယနိုင်ငံတွင် ပဲစိုက်ပျိုးမှု တစ်လခွဲခန့် နောက်ကျခဲ့ခြင်း၊ ပဲရိတ်သိမ်းချိန်တွင် ပိုးမွှားကျရောက်ခဲ့ခြင်းကြောင့် အထွက်နှုန်းများ ထိခိုက်လျော့နည်းနေကြောင်း အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ လက်ရှိ ပဲမျိုးစုံ ဝယ်လိုအား ရုတ်တရက်ကျဆင်းရခြင်းမှာ ဒေပါဝလီပွဲနီးကပ်လာသည့်အတွက်ဖြစ်သည်။ အဆိုပါပွဲတော်အတွက် အိန္ဒိယနိုင်ငံမှဝယ်လိုအား မြင့်တက်ခဲ့ပြီး ဈေးနှုန်းလည်းတစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။

"ဒီနှစ်က ကမ္ဘာ့စီးပွားရေးကလည်း ဆုတ်ယုတ်တယ်။ အိန္ဒိယနိုင်ငံမှာလည်းစီးပွားရေးမှာအခက်အခဲတွေရှိတော့ဝယ်လိုအားမနည်းပေမယ့်ဈေးကမရဘူး"ဟုအထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ပြည်ပသို့ ပဲတင်ပို့မှုမှာ ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်လျှင် ပမာဏတူညီသော်လည်း ဈေးရရှိမှုမှာ ၂၆ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။ ပဲပို့ကုန် ရငွေလျော့နည်းခြင်းမှာ နှစ်စမှစတင်၍ ပဲမျိုးစုံ ဈေးရခဲ့ခြင်းမရှိသည်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်မှ ပဲကုန်သည်တစ်ဦးကဆိုသည်။

ပြည်တွင်းပဲဈေးကွက်တွင် မတ်ပဲဈေးသည် ယခုရက်ပိုင်း၌ အနိမ့်ဆုံး တစ်တန်လျှင် ကျပ်လေးသိန်းရှစ်သောင်း ငါးထောင်ဝန်းကျင်ရှိသည်။ အောက်တိုဘာလကုန်က ၎င်းမတ်ပဲ အမျိုးအစားမှာ တစ်တန်လျှင် ကျပ် ၅၂၅,၀၀၀ ဝန်းကျင် ဈေးရှိသည်။ အောက်တိုဘာ လဆန်းပိုင်းကဆိုလျှင် တစ်တန်လျှင် ကျပ် ခုနစ်သိန်းထိ ဈေးမြင့်သွားခဲ့သည်။

"ပဲက ပေါ်ချိန်ဈေး အခြေအနေပေါ်မူတည်တယ်။ အဲဒီမှာမှ ဈေးမရရင် ရှေ့နှစ်တွေဆို အခြားဟာပြောင်းလုပ်ကြဖို့ ရှိနေတယ်"ဟု ပန်းတနော်မြို့နယ်မှ လယ်သမားကြီး ဦးစိန်ဝင်းက ပြောသည်။

ယခုနှစ်ပဲပေါ်ချိန်တွင် ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးခဲ့ပြီး ဈေးနှုန်းမှာလည်း ယခုအချိန်ထိ ဈေးကောင်းမရသေးပေ။ မတ်ပဲ တစ်တင်းကိုစပေါ်ချိန်မှာ ၁၂,၅၀၀ ကျပ်ဝန်းကျင်မှာ ယခုချိန်ထိ အပြောင်းအလဲမရှိသေးပေ။ ပဲမျိုးစုံ ဈေးနှုန်း ရုတ်တရက် မြင့်တက်ချိန်က တစ်တင်းလျှင် ကျပ်နှစ်သောင်းဝန်းကျင်ဖြင့် ၁၀ ရက်ခန့် မြင့်တက်ခဲ့ပြီး မူလဈေးနှုန်းတိုင်း ပြန်လည်ကျဆင်းခဲ့သည်။

---

## ရေကြောင်းလိုင်း ၁၃ လိုင်း တိုးချဲ့ပြေးဆွဲမည်

**မိုးညို**

**ရန်ကုန်၊ နိုဝင်ဘာ-၈**

အစိုးရသင်္ဘောလိုင်းအချို့ အရှုံးပေါ်နေသော်လည်း လိုင်းသစ်၁၃ လိုင်းအား တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာက ပြောသည်။

အနာဂတ်တွင် ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းနိုင်ရန် လှိုင်သာယာ-ရန်ကုန် မြစ်ကြောင်းသွား ခရီးစဉ်အပါအဝင် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းတို့အတွက် ခရီးစဉ်သစ်များလည်း ပြေးဆွဲမည့် ခရီးစဉ်များတွင် ပါဝင်သည်။

တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားသော သင်္ဘောခရီးစဉ် ၁၃ လိုင်းမှာ လှိုင်သာယာ-ရန်ကုန်၊ ရန်ကုန်-မော်ကျွန်း(လူစီးအမြန်)၊ မန္တလေး-ဗန်းမော်(လူစီးအမြန်)၊ မန္တလေး-စစ်ကိုင်း-မင်းကွန်း၊ မန္တလေး-ပုဂံ၊ မန္တလေး-တကောင်း၊ မုံရွာ-ဟုမ္မလင်း(လူစီးအမြန်)၊ စစ်တွေ-တောင်ကုတ်(လူစီးအမြန်)၊ စစ်တွေ-ဘူးသီးတောင်(လူစီးအမြန်)၊ စစ်တွေ-မြောက်ဦး(လူစီးအမြန်)၊ စစ်တွေ-မင်းပြား(လူစီးအမြန်)၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းတို့အတွက် လိုင်းသစ်များ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ထုတ်ပြန်ထားသည်။ သို့သော် ခရီးစဉ်သစ်များ ပြေးဆွဲမည့်အချိန်ကိုမူ မထုတ်ပြန်သေးပေ။

ထို့အပြင် ပြည်တွင်းရေကြောင်းပိုင်သင်္ဘောလိုင်းအချို့မှ ရောဝတီဌာနခွဲနှင့် မြစ်ဝကျွန်းပေါ်ဌာနခွဲ နှစ်ခုကို ပုဂ္ဂလိကနှင့် တွဲဖက်လုပ်ကိုင်ရန် အစီအစဉ်မရှိသေးကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူးက ဆိုသည်။

**စာမျက်နှာ (၃၄) သို့**

---

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၄၃ | ၈၅၁ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၄၃ | ၈၅၁ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၈၇ | ၆၉၉ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၇၃ | ၁၀၉၁ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂၅ | ၂၇. ၃ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၁ | ၁၃၃ | ကျပ် |

၂၀၁၂ နိုဝင်ဘာ ၁၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၈၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၈၆၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၄၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၄၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၅၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၄၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၇. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၆၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၆၃၂. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၀၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၀၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၈၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၁၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၅၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၆ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၃၀. ၉၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၄၀ |
| ငွေ | ၁ အောင်စ | ၃၂. ၆၀ |
| ကြေးနီ | ပေါင် | ၃၄၄. ၅၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ နိုဝင်ဘာ ၁၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




Hot Line – ၀၉-၄၃၀.၂၂၂.၂၅ ၀၉-၈၁.၀၀၀.၇၅၃၊ ၀၉-၅၅-၂၂-၁၂၃ ၊ ၀၉-၇၃၀-၁၇၀-၇၃၊ ၀၉-၅၀၂-၁၁-၄၄

7DAY NEWS JOURNAL
Vol.11, No.36 · NOVEMBER 15 , 2012

# လူငယ်များအတွက် လူမှုစီးပွားရေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၀**

စီမံခန့်ခွဲမှုပညာနှင့် လူမှုစီးပွားရေးလုပ်ငန်းဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးမည့် အလုပ်ရုံဆွေးနွေးပွဲအား ဒီဇင်ဘာ ၂၃ နှင့် ၃၀ ရက်တို့တွင် မြန်မာအင်ဖိုတက်ခ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း PS စီးပွားရေးသင်တန်းကျောင်းမှ ကိုမျိုးမင်းကပြောသည်။


လူမှုပတ်ဝန်းကျင်အား အထောက်အကူဖြစ်စေလိုသည့် ဆန္ဒရှိသော အသက် ၁၈ နှစ်မှ ၃၀ နှစ်အရွယ် လူငယ်တစ်ရာကို နှစ်ရက်ကြာ သင်ကြားပို့ချဆွေးနွေးသွားမည်ဖြစ်ပြီး လူထုအကျိုးပြုလုပ်ငန်းများအား လူမှုစီးပွားရေးလုပ်ငန်းအသွင်ဖြင့် လုပ်ဆောင်သော အလေ့အထတွင်ကျယ်လာစေရန် ရည်ရွယ်သည်ဟုဆိုသည်။

"စီးပွားရေးလုပ်ငန်းတစ်ခုလုပ်တဲ့အခါမှာ အကျိုးအမြတ်တစ်ခုတည်းကို ကြည့်တာမဟုတ်ဘဲ လူမှုရေးအကျိုးရှိမှုကိုလည်း ကြည့်ရှုစေဖို့ဆန္ဒရှိတဲ့လူငယ်တိုင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်နိုင်ပါတယ်"ဟု ကိုမျိုးမင်းက ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် Business Environment၊ Business Model ၊ Social Problem၊ Impact Assessment နှင့် Presentation Skills ဘာသာရပ်များကို ဆွေးနွေးသင်ကြားပို့ချမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲ တစ်ပတ်အလိုတွင် PS စီးပွားရေးသင်တန်းကျောင်း၌ ကျပ်တစ်သောင်းဖြင့် စာရင်းပေးသွင်းတက်ရောက်ရမည်ဖြစ်သည်။

လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လုပ်ကိုင်နေသူနှင့် လူမှုစီးပွားရေးလုပ်ငန်းကို စိတ်ဝင်စားသူအချို့ကို အလုပ်ရုံဆွေးနွေးပွဲသို့ အခမဲ့တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ကိုမျိုးမင်းကပြောသည်။

လူမှုစီးပွားရေးလုပ်ငန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတက်ရောက်ပြီးပါက လူမှုစီးပွားရေးလုပ်ငန်းပြိုင်ပွဲ (Social Enterprise Challenge)တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး လာမည့်နှစ်ဖေဖော်ဝါရီလတွင် အဆိုပါပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။




# ရွှေအရောင်းအဝယ် ပြန်သွက်လာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၈**

အမေရိကန် ရွေးကောက်ပွဲအပြီးတွင်ပြန်တက်လာသော ကမ္ဘာ့ရွှေဈေးနှင့်အတူ ပြည်တွင်းရွှေဈေးကွက်လည်း ဈေးတက်လာပြီး ဝယ်လိုအားများ မြင့်တက်နေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

"ရွှေဈေးက ပြန်တက်လာတော့ အထည်နဲ့ဖြတ်စ ဈေးကွက်မှာ ဝယ်လိုအားက ထက်ဝက်လောက်ကိုဒီရက်တွေမှာပြန်တက်လာတယ်။ အပိုင်းဈေးကွက်မှာလည်း ဝယ်လိုအား တက်လာတယ်" ဟု အောင်သမာဓိရွှေဆိုင်မှ ဆိုင်တာဝန်ခံ ဦးဝင်းငယ်က ပြောသည်။

ဖြတ်စနှင့်အထည်ဈေးကွက်တွင် ရွှေရောင်းအားသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အခု ၄၀ ခန့်သာ ရောင်းနေရသော်လည်း ယခုရက်ပိုင်းတွင် အခု ၈၀ ဝန်းကျင်ထိ ရောင်းလာရကြောင်း ၎င်းက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် ပြီးခဲ့သည့် ရက်ပိုင်းက တစ်အောင်စလျှင် ၁,၆၇၃ ဒေါ်လာ ကျဆင်းသွားရာမှ ၁,၇၂၃ ဒေါ်လာထိ ပြန်လည်မြင့်တက်လာသဖြင့် ပြည်တွင်းရွှေဈေးနှုန်းများသည်လည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၅၅,၀၀၀ ကျပ်ထိ ကျဆင်းသွားရာမှ ၇၆၈,၀၀၀ ကျပ်သို့ ပြန်လည်မြင့်တက်လာခဲ့သည်။

"အပြင်ဈေးက မြင့်နေတယ်ဆိုပေမယ့် ရွှေဈေးက အတက်အကျများ ထားတယ်ဆိုတော့ အရောင်းအဝယ် သိပ်မလုပ်ရဲကြဘူး။ ပြီးခဲ့တဲ့ တစ်ခေါက်ဈေးကျသွားတုန်းက အရှုံးများထားတော့ အရောင်းအဝယ် မလုပ်ကြသေးဘူး။ ဈေးကွက်အေးနေသေးတယ်" ဟုအပိုင်းဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်သူတစ်ဦးက ပြောသည်။

လတ်တလောတွင် ရွှေဈေးအတက်အကျများထားသောကြောင့် ဈေးကွက်စောင့်ကြည့်သူများနေသော်လည်း ရွှေဈေးနှုန်းသည် လက်ရှိဈေးများထက် များစွာ ကျဆင်းသွားခြင်း မရှိနိုင်ဟု ခန့်မှန်းထားသဖြင့် တစ်ကျပ်သားလျှင်၆၅၀,၀၀၀ကျပ်အောက်သို့ကျဆင်းခြင်း မရှိနိုင်ဟု ခန့်မှန်းထားကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

TRADEMARK CAUTION
Sirijaya Industries Sdn. Bhd. a company incorporated in Malaysia at No.9, Lebuh Perusahaan Klebang 9, IGB International Industrial Park, 31200 Chemor, Perak, Malaysia is the Owner and Sole Proprietor of the following Trademarks:-

Super Saver
Reg: 4/11937/2012

SJ LITE
Reg: 4/11942/2012

In respect of : Int'l class 11 : "FLUORESCENT LIGHTS AND PARTS AND FITTINGS".
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 15.Nov.2012

စာမျက်နှာ (၃၃) မှ

## ရေကြောင်းလိုင်း ၁၃ လိုင်း တိုးချဲ့ပြေးဆွဲမည်

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလက်အောက်တွင် ပြေးဆွဲနေသော ဌာနခွဲ ၅ ခုရှိပြီး အရှုံးပေါ်၍ ပိတ်သိမ်းခဲ့ရသည့် ကူးတို့လိုင်းပေါင်း ၂၂ လိုင်းရှိသည်။ နှစ်စဉ် အစိုးရပိုင် သင်္ဘောလိုင်း အများစုမှာ ကျပ်သန်း ၂၀ ကျော် အရှုံးပေါ်လျက်ရှိသဖြင့် ပုဂ္ဂလိကနှင့် ရေယာဉ်တွဲဖက်ပြေးဆွဲခြင်းလုပ်ငန်းများအပြင် သင်္ဘောကျင်းလုပ်ငန်းနှင့် ဌာနပိုင်မြေများကို ငှားရမ်း၍ ဌာနအတွက် လိုအပ်သည့်ဝင်ငွေများကို အမိကရှာဖွေသွားမည်ဖြစ်ကြောင်းလည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူးက ဆိုသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများကို ၁၈၅၂ အင်္ဂလိပ်ကိုလိုနီလက်ထက်မှစတင်၍ ပြေးဆွဲခဲ့ပြီး ၁၈၆၅ ခုနှစ်တွင် အင်္ဂလိပ်ပိုင် ဧရာဝတီဖလော်တီလာကုမ္ပဏီက လွှဲပြောင်းရယူကာ လွတ်လပ်ရေးရပြီးနောက် ၁၉၈၉ ခုနှစ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအမည်ဖြင့် သင်္ဘောသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ဧရာဝတီဖလော်တီလာကုမ္ပဏီကိုပြည်သူပိုင်ပြုလုပ်ခဲ့ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဘုတ်အဖွဲ့ကိုဖွဲ့စည်းကာ နိုင်ငံပိုင် သယ်သူပို့ဆောင်ရေး အဖွဲ့အစည်းအဖြစ် ရပ်တည်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# Commodity Watch

## မြို့သာစက်မှုနယ်မြေစီမံကိန်းမှ ဒေသတွင်းအလုပ်အကိုင် သောင်းဂဏန်းထိ ဖန်တီးပေးနိုင်မည်ဟုဆို

မောင်တာ

**မန္တလေး၊နိုဝင်ဘာ-၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မြို့သာမြို့အနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်မြို့သာစက်မှုနယ်မြေ (Industrial Park)စီမံကိန်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်း သောင်းဂဏန်းအထိ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်ကပြောသည်။

တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်များနှင့် ပြည်သူလူထုမှ ယုံကြည်အားကိုးသောကောင်းမွန်သော အစိုးရအဖွဲ့ဖြစ်ရန် လုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့် အပါအဝင် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် မန္တလေးမြို့ အခြေစိုက်နိုင်ငံရေးပါတီရှစ်ခုမှ တာဝန်ရှိသူများ နိုဝင်ဘာ ၉ ရက်တွင် မန္တလေးမြို့ တ. ယ. က ရုံးဟောင်း၌ တွေ့ဆုံဆွေးနွေးရာတွင် ဦးရဲမြင့်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့သာစက်မှုနယ်မြေ စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပြီး စက်မှု နယ်မြေတွင် စက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်များ ပါဝင်မည်ဖြစ်ကြောင်း၊ မြင်းခြံမြို့နှင့် ငါန်းဇွန်မြို့ကြား ဆီမီးခုံတွင်လည်း ဧရာဝတီမြစ်ပေါ်တွင် အကောင်းဆုံးဆိပ်ခံတံတားတစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း၊ ထိုစီမံကိန်းများကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊မန္တလေးတိုင်းဒေသကြီးသည် ရန်ကုန်တိုင်းဒေသကြီးပြီးလျှင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အများဆုံး လုပ်ဆောင်နိုင်သော တိုင်းဒေသကြီး ဖြစ်ကြောင်း ဦးရဲမြင့်က ဩဂုတ်လအတွင်း မန္တလေးမြို့ ကနောင်ခန်းမ၌ပြုလုပ်သောအလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် မန္တလေးမြို့ခံ စက်မှုလုပ်ငန်းရှင်များကို ပြောကြားခဲ့သည်။

ဦးရဲမြင့်က "ကျွန်တော်တို့နိုင်ငံဟာ လယ်ယာကဏ္ဍကို အခြေခံထားပေမယ့် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်ဖို့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်နိုင်ဖို့လိုပါတယ်"ဟုပြောသည်။

မြို့သာ စက်မှုနယ်မြေစီမံကိန်း (Industrial Park) အကောင်အထည်ဖော်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ဦးရဲမြင့်ကပြောသည်။

မန္တလေးမြို့မှ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံရာတွင် ဦးရဲမြင့်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်ရှစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ပြည်သူလူထု စားဝတ်နေရေး၊ သွားလာရေး၊ အလုပ်အကိုင်ရရှိရေး အဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးနေမှုများကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး ယခုကဲ့သို့ လုပ်ဆောင်နေမှုများကြောင့် ပြည်သူလူထုမှ ယုံကြည်အားကိုးသော အစိုးရအဖွဲ့ဖြစ်လာရန် မျှော်လင့်ကြောင်းပြောကြားပြီး တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းလုပ်ဆောင်လိုကြောင်း ပြောသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မန္တလေးမြို့ အခြေစိုက်နိုင်ငံရေးပါတီများအနေဖြင့် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လေ့လာခွင့်ရရန်၊ မန္တလေးအခြေစိုက် နိုင်ငံရေးပါတီအားလုံးအတွက် ရုံးခန်းတစ်ခုဖွင့်လှစ်ပေးရန်၊ ပြည်သူလူထုမှ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုင်ကြားသော တိုင်ကြားစာများကို အလျင်အမြန် အကြောင်းပြန်ပေးရန်၊ ထောက်ခံချက်များ တောင်းခံရာတွင် ဌာနတစ်ခုနှင့်တစ်ခု လွှဲဖယ်နေပြီး ကြာမြင့်နေမှုများကို ဖြေရှင်းပေးရန် တင်ပြဆွေးနွေးကြသည်။

အစိုးရ အဖွဲ့သစ်အဖြစ် ဆောင်ရွက်သည့်တစ်နှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၉၆၃ ရွာမှ တောင်သူလယ်သမားမိသားစု တစ်သိန်းကျော်ကို ကျေးလက်ဒေသဆင်းရဲမွဲတေမှုလျှော့ချရေး လုပ်ငန်းစဉ်ရှစ်ရပ် အကောင်အထည်ဖော်သည့်အနေဖြင့် စားဝတ်နေရေး၊ သွားလာရေး၊ အလုပ်အကိုင်ရရှိရေး ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ဦးရဲမြင့်က ပြောသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 110,000 |
| Galaxy GIO | 130,000 |
| Galaxy Ace | 162,000 |
| Galaxy Ace Plus | 195,000 |
| Galaxy Ace 2 | 232,000 |
| Galaxy S Advance | 262,000 |
| Galaxy S2 | 332,000 |
| Galaxy Note | 380,000 |
| Galaxy S3 | 458,000 |
| Galaxy Note II | 537,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| Explorer | 113,000 |
| Wildfire S | 127,000 |
| Desire VC | 245,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 1,025,000 |
| iPhone 5 (16 GB) | 885,000 |
| iPhone 4S (64 GB) | 650,000 |
| iPhone 4S (32 GB) | 625,000 |
| iPhone 4S (16 GB) | 605,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 116,000 |
| C 8810 | 114,000 |
| U 8661 | 85,000 |
| T 8600 | 84,000 |
| C 8825 D | 147,000 |
| U 8836 D | 185,000 |
| U 8825 D | 123,000 |
| U 8830 Pro | 120,000 |
| Ascend P1 | 280,000 |

နိုဝင်ဘာ(၉) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 200,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 265,000 |
| Toshiba (TV) | LZE 21-28 | 80,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| I-MAX | DVD-SR81220XDM2 | 28,500 |
| EVD (AEK) | 8TMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 180,000 |
| Mitsubishi | 1.0HP | 228,000 |
| Samsung | 1.0HP | 190,000 |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၁၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၂၈၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၁၀)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၇၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၄၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၅,၅၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၈,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၅၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၀၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၂၀၀-၃၅,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၀၀၀-၃,၅၅၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၇၀၀ |

နိုဝင်ဘာ(၁၀)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Nov(4) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(5) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(6) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(7) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(8) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(9) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(10) | 3,650 | 3,950 | 4,000 | 4,000 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1347,900 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6" | 580,800 |
| Intel Pentium B970, 2GB DDR3,500 HDD, 1GB VGA,14" | 412,200 |
| Intel Core i5-3377UM, 4GB DDR3,500 HDD, 1GB VGA,14" | 563,900 |
| **msi** | |
| Intel Core i7 2.3GHz, 8GB DDR3, 750HDD,2GB VGA,15.6" | 969,400 |
| Intel Core i3 2.3GHz, 2GB DDR3, 500HDD, HD, 14" | 395,300 |
| Intel N2800 1.86GHz, 2GB DDR3, 320 HDD,WS VGA, 10.1" | 252,000 |
| Intel Pentium B950 2.1GHz, 320 HDD,1GB VGA, 14" | 403,700 |
| **hp** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1022,400 |
| Intel Core i5 2.5GHz 4GB DDR3, 640 HDD,1GB VGA,14" | 616,000 |
| Intel Core i5 1.7GHz 6GB DDR3,500 HDD, HD, 14" | 781,600 |

7Day NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

မစ္စတာစီကျင်ပင်းကို တစ်ခါမှ မကြားဖူးဘူးဟုဝန်ခံရခြင်းမှာ စိတ်အနှောင့်အယှက်ဖြစ်စရာ မဟုတ်ပါ။

# မစ္စတာစီကျင်ပင်း၊ တရုတ်နိုင်ငံနှင့် ကွန်မြူနစ်ပါတီ

■ ကြည်နေဝင်းမင်း



Photo - AFP

အမှန်တကယ်ပင် တရုတ်နိုင်ငံမှ လူအများစုသည်နောက်ထပ်ဆယ်စုနှစ်တစ်ခု ၎င်းတို့၏ ခေါင်းဆောင်ဖြစ်လာရန် သေချာသလောက်ရှိသည့်လူတစ်ယောက်အကြောင်း မသိသလောက်ပင်ဖြစ်သည်။ အဘယ်ကြောင့်နည်း။

တရုတ်နိုင်ငံမှာ (သေတ္တာမည်း) အစိုးရစနစ်ဟု ခေါ်ဆိုနိုင်သော ပုံစံတစ်ရပ်ကို ကျင့်သုံးပါသည်။ ယင်း စနစ်တွင် အုပ်ချုပ်ခံများအား ပိတ်ထား ပါသည်။ ယင်းစနစ်မည်သို့မည်ပုံ လည်ပတ်သနည်း၊ မည်သူကလီဗာဆွဲသနည်းဆိုသည်ကိုမြင်တွေ့ရန် အလွန်ခက်ခဲပါသည်။ ကွန်မြူနစ်ပါတီက တရုတ်နိုင်ငံ၏ ဘဝမျက်နှာစာတိုင်း အားလုံးနီးပါးကို မောင်းနှင်သည် သို့မဟုတ်ပါက ပါဝင်ဖြည့်ဆည်းသည်။

ယင်းပါတီမှာ အဖွဲ့ဝင်ပေါင်း သန်း ၈၀ ဖြင့် ဖွဲ့စည်းထားရာ ကမ္ဘာပေါ်တွင်အကြီးမားဆုံး နိုင်ငံရေးပါတီဖြစ်ပါသည်။ သို့သော် တရုတ်နိုင်ငံမှာ ကြီးမားကျယ်ပြန့်လွန်းသည်ဖြစ်ရာ ပါတီဝင်များမှာ နိုင်ငံ့လူဦးရေ၏ ၆ ရာခိုင်နှုန်းကိုသာ ကိုယ်စားပြုသည်။ ယင်း ၆ ရာခိုင်နှုန်းမှာ ၎င်းတို့၏ ကျေးရွာ၊ မြို့နယ်၊ ခရိုင်ဒေသမှ မည်သူမည်ဝါသည် ထောင်နှင့်ချီ၍ မတူညီသောပါတီအဖွဲ့အစည်းများ၌ အပေါ်သို့တက်ခွင့်ရှိမည်ကိုတစ်စုံတစ်ရာပြောပိုင်ခွင့်ရှိသူများ ဖြစ်သည်။ ပိရမစ်ပုံစံ သက်ရောက်မှုအရပို၍ နည်းပါး၊ နည်းပါး၍ လာသောလူများက ၎င်းတို့အထက်တွင် ရှိနေမည့်သူကိုထောက်ခံပေးသည်။

ရှေ့လာမည့်ရက်သတ္တပတ်အတွင်း လက်တစ်ဆုပ်စာ လူအနည်းငယ်ကသာ ထိပ်ဆုံးကလူအတွက် ၎င်းတို့၏ ထောက်ခံအားပေးမှုကို ကြေညာပါလိမ့်မည်။ ထိပ်ဆုံးကလူမှာ မစ္စတာစီကျင်ပင်းပင် ဖြစ်ပါသည်။ ထို့အတွက်ကြောင့်ပင် မစ္စတာစီကျင်ပင်းမှာမည်သူနည်း၊ မည်ကဲ့သို့ပုံပန်းသဏ္ဌာန်ရှိသနည်း၊ ၎င်း၏ရပ်တည်ချက်မှာ ဘယ်သို့နည်း၊ ကမ္ဘာ့လူဦးရေအထူထပ်ဆုံး နိုင်ငံအားမည်သည့်လားရာသို့ဦးဆောင်သွားမည်နည်းဆိုသည်ကို အလွန်နည်းပါးသောလူအချို့သာသိရှိကြသည်။

သို့ဖြစ်လင့်ကစား အသက်၅၉ နှစ်အရွယ် မစ္စတာစီကျင်ပင်းမှာ လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကျော်ကပင် (အာဏာကို) ဆက်ခံရန်အလားအလာရှိသူအဖြစ် ပါတီခေါင်းဆောင်ပိုင်းတွင် ထင်ကြေးပေးခံထားရသူဖြစ်သည်။ ကွန်မြူနစ်ပါတီမှာ ၎င်း၏ ခေါင်းဆောင်များ ရာထူးအဆင့်မြင့်လာခြင်းအတွက် ထိန်းချုပ်နိုင်စွမ်းနှင့် ဆန္ဒသဘောထားတွင် တစ်မူထူးခြားသည်ဟုပင် ဆိုနိုင်ပါသည်။ ထိပ်တန်း နေရာများအတွက်အလားအလာရှိသူများအား နှစ်ပေါင်းများစွာ ပြုစုပျိုးထောင်ထားသည်။

ယခုရက်သတ္တပတ်ခေါင်းဆောင်မှု လွှဲပြောင်းခြင်းမှာ တစ်ကြိမ်တစ်ခါ အဖြစ်အပျက်မဟုတ်ဘဲနှစ်ပေါင်းများစွာ စနစ်တကျ စီစဉ်ထားမှု၏ ရလဒ်ဖြစ်သည်။

လွန်ခဲ့သော ဆယ်စုနှစ် ကျော်ကရေးသားခဲ့သော စာအုပ်များနှင့် ဆောင်းပါးများကို ဖတ်ကြည့်ပါက ၂၀၁၂ ခုနှစ် ထိပ်တန်းနေရာအတွက်ဖြစ်နိုင်ခြေရှိသူအဖြစ် မစ္စတာစီကျင်ပင်း၏ နာမည်ကိုဖော်ပြထားသည်ကို တွေ့နိုင်သည်။ ဥပမာအားဖြင့် ၂၀၀၂ ခုနှစ် နောက်ဆုံးခေါင်းဆောင်အပြောင်းအလဲမတိုင်မီရေးသားခဲ့သော 'တရုတ်နိုင်ငံ၏ အုပ်ချုပ်သူအသစ်များ' စာအုပ်၌ မစ္စတာစီကျင်ပင်းနှင့် ၎င်း၏လက်ထောက်ဖြစ်လာမည်ဟုမျှော်လင့်ရသူမစ္စတာလီကီကျန်းတို့အကြောင်း အခန်းတစ်ခန်း ရေးသားထားသည်။ ယင်းစာအုပ်ရေးသားပြီးနောက် ဆယ်နှစ်လုံးလုံးပင် ကွန်မြူနစ်ပါတီက ထိုပုဂ္ဂိုလ်များအား ပုံသွင်းနေခဲ့သည်။ ယနေ့အချိန်အခါတွင် ခေါင်းဆောင်များအဖြစ် လွှဲပြောင်းရယူရေး သေချာစေရန်ထိန်းချုပ်နိုင်သမျှ ထိန်းချုပ်ခဲ့သည်။ ဒါတကယ်ပဲ အလုပ်ဖြစ်ခဲ့သည်။

ဤသို့ဆိုလျှင် မစ္စတာစီကျင်ပင်းမှာမည်သူမည်ဝါနည်း။ သုတေသန အနည်းငယ်လုပ်ရုံဖြင့် မစ္စတာစီကျင်ပင်း အကြောင်းအနည်းငယ် သိရှိနိုင်ရန် လွယ်ကူသည်ဟု ဆိုနိုင် ပါသည်။ သို့သော် အားလုံးပေါင်းစပ် လိုက်ပါက ၎င်း၏အမြင် (ခံယူချက်) အနှစ်သာရတစ်စုံတစ်ရာ ပေါ်လွင်ခြင်းထက် အချက်အလက်အများအပြားကိုသာ ရရှိနိုင်သည်။

မစ္စတာစီကျင်ပင်းမှာ မထင်မရှားမင်းသား တစ်ဦးဖြစ်ပါသည်။ ကွန်မြူနစ်ပါတီ တည်ထောင်ရာတွင် ပါဝင်ခဲ့သူ မစ္စတာစီဟောင်ဆွန်၏ သားဖြစ်သည်။ မစ္စတာ ဆီဟောင်ဆွန်မှာ ကွန်မြူနစ်သူပုန်စစ်ကဲတစ်ဦးဖြစ်ပြီး ပါတီဥက္ကဋ္ဌမော်စီတုန်းနှင့်အတူ ကွန်မြူနစ်ပါတီကို ဆက်လက်ထူထောင်ခဲ့သူဖြစ်သည်။ ယင်းနောက်တွင် မစ္စတာစီနှင့် ဥက္ကဋ္ဌမော်တို့ သဘောထားကွဲလွဲခဲ့ကာ မစ္စတာစီဟောင်ဆန်မှာ နှိပ်စက်ခံရပြီး နှစ်ပေါင်းများစွာ ထောင်သွင်းအကျဉ်းချ ခံထားခဲ့ရသည်။

မစ္စတာမော်စီတုန်း၏ ခေါင်းဆောင်မှုအောက်၌ တရုတ်နိုင်ငံသား သန်းပေါင်းများစွာ သေဆုံးခဲ့သော ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း မစ္စတာစီတို့ မိသားစုမှာ အခြားလူအများအပြားကဲ့သို့ပင် လယ်သမားများအဖြစ် စုပေါင်းလူ့အဖွဲ့အစည်းများတွင် နေထိုင်ရန် ပို့လွှတ်ခံရသည်။ ရှားရှားပါးပါးနှင့် မကြာသေးမီက ပြုလုပ်ခဲ့သောအင်တာဗျူးတွင် သူ့ဘဝ၌ခက်ခဲသော ထိုအချိန်များအကြောင်းကို မစ္စတာစီကျင်ပင်းက ပြောပြပြီး ယင်းအချိန်များမှာ ၎င်းအားပိုမိုကြံ့ခံသန်စွမ်းစေခဲ့သော ရုန်းကန်မှုဟုရည်ညွှန်း ပြောဆိုသည်။

မစ္စတာစီနှင့် ယခုအခါ ၎င်းအားဝန်းရံနေသူများမှာယဉ်ကျေးမှုတော်လှန်ရေး ကာလအတွင်း ကလေးများအဖြစ် ဖြတ်သန်းပြီး လက်တွေ့အခက်အခဲများကြုံခဲ့ရသည့် ပထမဦးဆုံးမျိုးဆက်များပင် ဖြစ်သည်။ ယင်းမှနေ၍ ဆင်းရဲချမ်းသာကွာဟမှုကြီးထွားလာခြင်းကို မည်သို့ကိုင်တွယ်မည်နည်းဆိုသည့် အပေါ် ၎င်း၏ခေါင်းဆောင်မှုကို ပုံသွင်းပေးလိမ့်မည်ဟု မျှော်လင့်ကြသည်။

ယဉ်ကျေးမှုတော်လှန်ရေး ရှုပ်ထွေးမှုများ ကျော်လွန်ပြီးနောက်မစ္စတာစီကျင်ပင်းသည်ဘေဂျင်းသို့ပြန်လည်ပြောင်းရွှေ့ပြီး ဆက်လက်ပညာသင်ယူသည်။ ပညာတတ်အဖြစ်ကွန်မြူနစ်ပါတီတွင်ပါဝင်လာပြီး ရာထူးများအလျင်အမြန်တိုးတက်ရရှိခဲ့သည်။ ပထမတွင်ဟီဘေးခရိုင် ဒေသကြီးအားတာဝန်ယူကာ နောက်ပိုင်းတွင် ဖူကျန်းခရိုင် (ပြည်နယ်)၌ တာဝန်ယူသည်။ ၂၀၀၀ ပြည့်နှစ်တွင် ဖူကျန်းပြည်နယ် အုပ်ချုပ်ရေးမှူး အဖြစ် ခန့်အပ်ခံရပြီး ၂၀၀၂ ခုနှစ်တွင် ဇီကျန်းပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ်ဆက်လက်တာဝန်ထမ်းဆောင်သည်။ ယင်းပြည်နယ်နှစ်ခု၏ စီးပွားရေးအား ဟောင်ကောင်နှင့်ထိုင်ဝမ်တို့ထက်ကြီးမားအောင် စွမ်းဆောင်ခဲ့သည်။

မစ္စတာစီ၏ သမီးမှာဟားဗတ်တွင်ပညာသင်ကြားနေပြီး ဇနီးသည်မှာ၎င်းထက်ကျော်ကြားသူ နာမည်ကြီးကျေးလက်အဆိုတော် ပင်လီယွမ်ဖြစ်သည်။ မစ္စက်ပင်လီယွမ်မှာ အင်္ဂလိပ်စကားကျွမ်းကျင်ပြီး ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တွင် ဗိုလ်မှူးချုပ်တစ်ဦးလည်း ဖြစ်သည်။

ရှေ့လာမည့် ဆယ်နှစ်တာကာလအတွင်း "ပြုပြင်ပြောင်းလဲမှု" ဆိုသည်မှာ တရုတ်နိုင်ငံအတွက် သာမန်လူများကို ဆွဲဆောင်မည့်စကားစုဖြစ်ပါလိမ့်မည်။ ၁၉၉၀ ခုနှစ်များအတွင်း နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ပြီးနောက် မစ္စတာဟူကျင်တောင်နှင့် ၎င်း၏လက်ထောက် မစ္စတာဝမ်ကြားပေါင်တို့လက်ထက်တွင်နိုင်ငံရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုများရှိလိမ့်မည်မျှော်လင့်ခဲ့ကြသည်။ ဖြစ်မလာခဲ့။ ယခုအခါ တရုတ်နိုင်ငံမှာ လမ်းဆုံလမ်းခွတွင် ရောက်နေပါသည်။ မစ္စတာဟူကျင်တောင်နှင့်မစ္စတာဝမ်ကြားပေါင်တို့က စီးပွားရေးအရ တရုတ်နိုင်ငံအားမျှော်မှန်းချက်များအားလုံးထက် ကျော်လွန်အောင်မြင့်တင်ခဲ့သည်။ ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးဖြစ်လာစေခဲ့သည်။

သို့သော် စီးပွားရေးတစ်ဟုန်ထိုးဖွံ့ဖြိုးမှုနှင့်အတူ အနောက်နိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့မှု အကျဘက်ယိုင်လာခြင်း တွဲဖက်လာခဲ့ရာ ပေါက်ကွဲနိုင်သောပြဿနာ အများအပြားကိုပေါ်ထွက်စေခဲ့သည်။

ဆင်းရဲချမ်းသာ ကွာဟမှုမှာ ကြုံခဲ့သမျှ အကြီးမားဆုံးဖြစ်နေသည်။ ခြစားမှုမှာလည်း ကျယ်ပြန့်သည်။ မြို့ကြီးများမှာကမ္ဘာပေါ်တွင် အညစ်ညမ်းဆုံး ဖြစ်နေသည်။ စက်ရုံကုန်ထုတ်လုပ်မှုများနှေးကွေးလာနေသည်။

ယင်းကို ယခင်ကထက်ပိုပြီး ဒေသတစ်ခုမှတစ်ခုသို့လှုပ်ရှားသွားလာနိုင်သော၊ နည်းပညာဖြင့်ချိတ်ဆက်မှု ပိုများလာသော ပို၍ပို၍စိတ်မရှည်နိုင် ဖြစ်လာသည့် လူထုကြီးနှင့်ပေါင်းစပ်လိုက်ပါက မစ္စတာစီကျင်ပင်းဦးဆောင်ရမည့် တရုတ်နိုင်ငံကြီး ပေါ်ထွက်လာပါသည်။ မစ္စတာစီကျင်ပင်းအနေဖြင့် သူသည် ပြုပြင်ပြောင်းလဲရေးသမားတစ်ဦးလော၊ သဘောထားတင်းမာသူ ရှေးရိုးစွဲတစ်ဦးလော ဆိုသည်ကိုမည်သည့်အချိန်ကမျှ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။ ၎င်းရွေးချယ်သော လားရာက တရုတ်နိုင်ငံ၏ကံကြမ္မာကို အဆုံးအဖြတ်ပေးပါလိမ့်မည်။—*Ref: Xi Jinping, China And The Communist Party: Sky News*

**The 3MDG Fund**
**Maternal, newborn & child health programme**

Call for expressions of interest
**Deadline 22nd November 2012**

The Fund Board of the
Three Millennium Development Goals Fund (3MDG)
requests eligible organisations to express their interest
to implement activities for the Fund's
maternal, newborn and child health programme.

**Chin State, Magway Region and Shan State are under consideration in the first phase.**

Further information, eligibility criteria and
Expression of Interest forms are
available on the Three Diseases Fund (3DF) website, 3dfund.org

Specific questions can be directed to: info@3mdg.org
or to Hnin Su Mon at the 3DF Communications Unit, 01 534498.

**TRADEMARK CAUTION**

SOMPO JAPAN INSURANCE INC. a company incorporated in Japan at 26-1, Nishi-Shinjuku 1-chome, Shinjuku-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademark:-

**NKSJ Holdings, Inc.**

**Reg: 4/5682/2009**

in respect of : Int'l Class 36:" Life insurance brokerage; Life insurance underwriting; Agencies for non-life insurance; Claim adjustment for non-life insurance; Non-life insurance underwriting; Insurance premium rate computing; Providing stock market information; Company credit investigation".

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL.
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 15.Nov.2012

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# အမေရိကန်ထောက်လှမ်းရေးအကြီးအကဲ ရာထူးမှ နုတ်ထွက်

**ဝါရှင်တန်၊နိုဝင်ဘာ - ၁၀**

အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)၏ ဒါရိုက်တာ မစ္စတာဒေးဗစ်ပီးထရေ့စ်သည် အိမ်ထောင်ရေးဖောက်ပြန်မှုရှိခဲ့ကြောင်းဝန်ခံပြီးနောက် ရာထူးမှနုတ်ထွက်သွားကြောင်းဘီဘီစီသတင်းတွင် ဖော်ပြသည်။

နိုင်ငံ၏ အဓိကထောက်လှမ်းရေးအေဂျင်စီကြီး၏ အကြီးအကဲအဖြစ် မိမိ၏အပြုအမူမှာ လက်ခံနိုင်စရာမရှိကြောင်း မစ္စတာပီးထရေ့စ်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။ မစ္စတာပီးထရေ့စ်သည် ၎င်း၏ အတ္ထုပ္ပတ္တိရေးသားသူ မစ္စပေါလ်ဘရော့ဝဲလ်နှင့် အိမ်ထောင်ရေးဖောက်ပြန်ခဲ့ခြင်းဖြစ်သည်ဟု အမည်ဖော်ပြမထားသော အရင်းအမြစ်များက ပြောကြားသည်။

မစ္စတာ ပီးထရေ့စ်သည် အီရတ်နှင့် အာဖဂန်နိုင်ငံတို့၌ နိုင်ငံတကာတပ်ဖွဲ့များကို ဦးဆောင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် စီအိုင်အေ၏ အကြီးအကဲဖြစ်လာသည်။ ၉/၁၁ တိုက်ခိုက်မှုအလွန်နှစ်ကာလများအတွင်း ကြီးလေးသော တာဝန်အများအပြားထမ်းဆောင်ခဲ့သူ နာမည်ကြီး စစ်ဘက်အရာရှိတစ်ဦးဖြစ်သည်။ အီရတ်နှင့်အာဖဂန်နစ္စတန်နိုင်ငံတွင် တာဝန်ယူခဲ့သော ၎င်း၏ အခန်းကဏ္ဍများအတွက် ချီးကျူးဂုဏ်ပြုမှု အများအပြားရရှိခဲ့သည်။

အိမ်ဖြူတော်သို့ နိုဝင်ဘာ ၈ ရက်က သွားရောက်၍ နုတ်ထွက်စာတင်ခဲ့ပြီး နိုဝင်ဘာ ၉ ရက်တွင် သမ္မတက နုတ်ထွက်စာကို လက်ခံခဲ့ကြောင်း ၎င်း၏ စီအိုင်အေလုပ်ဖော်ကိုင်ဖက်များအတွက်ရေးသားထားသော စာတွင် မစ္စတာပီးထရေ့စ်က ထည့်သွင်းရေးသားခဲ့သည်။

*—Ref: BBC/ Internet*




# အိန္ဒိယသို့ ဘဏ္ဍာရေး အကူအညီပေးခြင်း ဗြိတိန်ရပ်ဆိုင်းမည်

**လန်ဒန်၊ နိုဝင်ဘာ - ၁၀**

ဗြိတိန်နိုင်ငံသည် ၂၀၁၅ ခုနှစ်အရောက်တွင် အိန္ဒိယနိုင်ငံသို့ ဘဏ္ဍာရေးအကူအညီပေးအပ်ခြင်းကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအတွင်းဝန် ဂျပ်စတင်းဂရင်းနင်းက ပြောကြားသည်။

ဗြိတိန်အစိုးရ၏ ပေါင်သန်း ၂၀၀ အထိရှိသည့်ထောက်ပံ့ကူညီမှုများအားအဆင့်ဆင့် လျှော့ချသွားမည်ဖြစ်ပြီး နည်းပညာနှင့် နည်းစနစ်ပိုင်း အကူအညီပေးခြင်း၌ ပိုမိုအာရုံစိုက်သွားမည် ဖြစ်သည်။

ကွန်ဆာဗေးတစ်ပါလီမန်အမတ်များကြားတွင် ရေပန်းစားမည့်ယခုလုပ်ဆောင်မှုမှာ အိန္ဒိယ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရပ်တည်ချက် မြင့်မားလာခြင်းကို အသိအမှတ်ပြုခြင်း ဖြစ်သည်ဟု မစ္စက်ဂရင်းနင်းက ပြောကြားသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆယ်လမန်ခါရှစ်က အကူအညီဆိုသည်မှာအတိတ်မှာကျန်ခဲ့ပြီး အနာဂတ်တွင်ကုန်သွယ်ရေးကို အားထားရမည်ဟု တုံ့ပြန်ပြောကြားသည်။

သို့သော် အကူအညီပေးရေးအဖွဲ့များကမူ အထောက်အပံ့ပေးခြင်းရပ်ဆိုင်းခြင်းမှာ အချိန်မတန်သေးကြောင်းနှင့်ယခုလုပ်ဆောင်မှုကြောင့် အဆင်းရဲဆုံး အိန္ဒိယပြည်သူများသာ အများဆုံးဒုက္ခရောက်လိမ့်မည်ဟု သတိပေးပြောကြားသည်။ အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့် သုံးနှစ်အတွင်း ဗြိတိန်နိုင်ငံမှတိုက်ရိုက်ဘဏ္ဍာရေးအကူအညီ တစ်နှစ်လျှင် ပေါင် ၂၂၇ သန်း ရရှိခဲ့သည်။ *—Ref: BBC*

# ၂၀၁၃ ဥရောပသမဂ္ဂဘတ်ဂျက် ဆွေးနွေးပွဲ ပျက်သွား

**ဘရပ်ဆဲလ်၊ နိုဝင်ဘာ - ၁၀**

ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများမှ ဆွေးနွေးညှိနှိုင်းသူများသည် ၂၀၁၂ ခုနှစ်အတွက် အပိုရန်ပုံငွေများ ကိစ္စကို သဘောမတူနိုင်ဖြစ်ခဲ့ကြပြီးနောက် ၂၀၁၃ ခုနှစ်အတွက် ဥရောပသမဂ္ဂ ဘတ်ဂျက်ဆွေးနွေးမှုများလည်း ပျက်သွားခဲ့သည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၂၀၁၃ ခုနှစ် ဘတ်ဂျက်အတွက် ၆ ဒသမ ၈ ရာခိုင်နှုန်းတိုးမြှင့်ပေးရန် အီးယူကော်မရှင်နှင့် ဥရောပပါလီမန်တို့က တောင်းဆိုခဲ့သည်။ သို့သော် ဥရောပသမဂ္ဂအဖွဲ့ဝင်အစိုးရအဖွဲ့ အများစုက ဘတ်ဂျက်တိုးမြှင့်ပေးမှုအား ၂ ဒသမ ၈ ရာခိုင်နှုန်းသာ ကန့်သတ်ထားလိုသည်။

ယခုဆွေးနွေးပွဲ ပျက်ပြားသွားခဲ့ခြင်းအတွက် ယခုလအတွင်းဆွေးနွေးရန်လျာထားသည့် ၂၀၁၄-၂၀၂၀ ဘတ်ဂျက်သဘောတူညီရေး မျှော်လင့်ချက်များကို ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း သတင်းပေးပို့သူများက ပြောကြားသည်။

အဓိက အငြင်းပွားမှုမှာ ၂၀၁၂ ခုနှစ်အတွက်အရေးပေါ်ရန်ပုံငွေယူရို ၉ ဘီလီယံနှင့် ပတ်သက်သည်။ ယင်းရန်ပုံငွေအား ပညာရေး၊ အခြေခံအဆောက်အအုံနှင့် သုတေသနစီမံကိန်းများအတွက်သုံးစွဲရန် ရည်ရွယ်သည့် ဘတ်ဂျက်ငွေဖြစ်သည်။

သို့သော်ဂျာမနီ၊ ပြင်သစ်နှင့် အခြားအစိုးရအများအပြားက ယင်းရန်ပုံငွေ သတ်မှတ်ခြင်းအပေါ် မေးခွန်းထုတ်ခဲ့ပြီး ၈ နာရီခန့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သော်လည်း သဘောတူညီချက်တစ်ရပ်ပေါ် ထွက်မလာကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

*—Ref: BBC*



## 7DAY BOOK REVIEW

# စမ်းချောင်း အင်းစိန် ဟားဗတ်
**(မသီတာ - စမ်းချောင်း)**




*အချိန်မြင့်ကြာ*
*သောအခါ၌ ငါ ပြန်လာပြီ*
*သီကာရီတည့် မိုးရေစွတ်စို*
*နှုတ်ခမ်းညိုနှင့်တစ်ကိုယ်လုံးခိုက်*
*မုန်တိုင်းရိုက်၍ . . . (တင်မိုး)*

အတိတ်စာမျက်နှာများကို ပြန်လှန်လိုက်တော့ နာကြည်းခါးသီးမှုတွေ၊ ကြွေးကြော်သံတွေ၊ ပြင်းပြသည့် တက်ခေါက်သံတွေ၊ ရှိုက်ကြီးတငင် ငိုကြွေးသံတို့ဖြင့် ရောပြွမ်းနေပါသည်။ အဝါရောင်ယှက်သန်းနေသော စာအုပ်ငယ်လေးထဲမှာ မသီတာ(စမ်းချောင်း) သည် ဘဝကို အတင်းဖိသိပ်ထိုးထည့်ထားသည်။ ထိုစာအုပ်တွင် ခေတ်တစ်ခေတ်၏ အကန့်တစ်ခု၊ လူတစ်ယောက်၏ တစ်ပိုင်းတစ်စ ရုပ်ပုံလွှာ၊ အဖွဲ့အစည်းကြီး (ဝါ) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ကနဦး နေ့ရက်များ၊ စနစ်ဆိုး၊ စနစ်ပျက်ကြီး တစ်ခုအောက် ဒလိမ့်ခေါက်ကွေး မျောပါသွားရင်း ချောက်ကမ်းပါးကြီးထဲမကျရောက်သွားစေရန် မြဲမြံဆုပ်ကိုင်ထားသောလက်များ တွဲဆက်ချိတ်ထားခြင်းကို မြင်ရသည်။ ဝတ္ထုမဟုတ်သော ထိုစာအုပ်ငယ်လေးထဲတွင် နှစ်ပေါင်း ၂၀ကျော်ကြာကာလရှည်ကြီး တစ်ခုက တစ်နံတစ်လျားကြီး စောင့်ကြိုနေပါမည်။ ဆရာဝန်၊ စာရေးဆရာမ၊ အင်္ဂလိပ်စာနှင့် မြန်မာ အင်္ဂလိပ်ဒီပါတီတည်ထောင်စဉ် အစောဆုံးကာလများက တက်ကြွပါဝင် လှုပ်ရှားခဲ့သူ၊ နိုင်ငံရေး လှုပ်ရှားမှုများကြောင့် စစ်အစိုးရ၏ ထောင်ဒဏ်နှစ် (၂၀) ချမှတ်ခံရပြီး အင်းစိန်ထောင်ထဲ ခြောက်နှစ်ကျော်ကြာ နေပြီးကာမှ ပြန်လည်လွတ်မြောက်လာသူ၊ ကုသိုလ်ဖြစ် အခမဲ့ ဆေးရုံကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်သူ၊ မဂ္ဂဇင်းအယ်ဒီတာ၊ လူငယ်များနှင့် သက်ဆိုင်သော အကြောင်းအရာများကို ဟောပြောဆွေးနွေးရေးသားသူ မသီတာ (စမ်းချောင်း) ၏ ပင်ကိုရေး တစ်ပိုင်းတစ်စ အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ စာအုပ်တွင် ဖော်ပြပါအတိုင်း မသီတာသည် ၎င်းနေထိုင်ရာ စမ်းချောင်းအရပ်ကို အခြေပြု၍ ပညာသင်ယူခဲ့ပုံ၊ ယင်းမှ မဂ္ဂဇင်းစာမျက်နှာများကိုဖြတ်သန်းခဲ့ပုံ၊ ဆေးတက္ကသိုလ်တက်စဉ် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးကြုံတွေ့ကာ ကျရာကဏ္ဍမှ ပါဝင်ခဲ့ပုံ၊ အင်န်အယ်လ်ဒီဖွဲ့စည်းသောအခါ စစ်အစိုးရ၏ သံဖိနပ်အောက်ဒေါ်အောင်ဆန်းစုကြည်၏ ရော၀တီခရီးနှင့် အခြားနယ်လှည့်ခရီးစဉ်များ၌ လိုက်ပါခဲ့ပုံ၊ ထိန်းသိမ်းခံရပြီးနောက် အင်းစိန်ထောင်ထဲ ကြုံရပုံများ၊ ပြန်လည်လွတ်မြောက်လာပြီး လုပ်ဆောင်ချက်များနှင့်ဟားဗတ်တက္ကသိုလ်ရောက်ရှိစဉ် ယခုစာအုပ်အား ရေးဖြစ်ပုံအထိ ပကတိရိုးရှင်းစွာ ဖတ်ရှုရပါမည်။

စစ်အစိုးရ၏ သံဖိနပ်အောက် ပြားပြားမှောက် အသက်မသေဘဲ လွတ်မြောက်လာပြီးနောက် ဒေါ်အောင်ဆန်းစုကြည်နှင့်ပြန်လည်ဆုံစည်းပုံကို **အစ်မနှင့်ပြန်အဆုံ** အခန်း၌ "အစ်မကို ခေတ္တထိုင်စောင့်ခဲ့ရစဉ်မှာ အစ်မနှင့်ဝေးကွာခဲ့သောကာလချိန်တာကို ပြန်တွက်ဆနေမိသည်။ ဆယ်နှစ်နီးပါး ကိုးနှစ်ကျော်ကျော်။ အစ်မအားတော့ နှစ်ယောက်တည်း အေးအေးဆေးဆေးပြောကြပါဆိုပြီး ဘဘဦးအောင်ရွှေတို့က အခန်းပြင်ထွက်ပေးကြသည်။ ပြောချင်တာတွေများပြီး ရုတ်တရက်ပြောမထွက် နောက်ဆုံးတော့ အမှတ်စိတ်တွေလည်း မကပ်နိုင်ဘဲ မျက်ရည်မိုးတွေ ဖြိုင်သွားမိသည်။ အစ်မလည်းမနေနိုင်တော့၊ မျက်ရည်တွေလိုက်ကျလာသည်။ ကျွန်မတို့နှစ်ယောက်လုံး မငိုဘဲနှင့် မျက်ရည်တွေ ကျဖြစ်ကြသည်" ဟု ရေးသားထားသည်။ စာအုပ်ကို ငါတို့စာပေက တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ဒေါက်တာမာတင်ဖိနပ်တွေရဲ့ သမိုင်းကိုသိသလား

ဒေါက်တာမာတင်ဖိနပ်(သို့မဟုတ်) ဒေါက်မာတင် Doc Martens ဖိနပ်ဟု လူသိများသည့် ဘွတ်ဖိနပ်များကို ကလော့က်စ် မာတင်ဆို သူဂျာမန်စစ်တပ်ဆရာဝန်တစ်ဦး ကဒုတိယကမ္ဘာစစ်ကာလအတွင်း စတင်တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ဒေါက်တာမာတင်သည် ထိုစဉ်က ၁၉၄၅ တွင် တပ်မှထွက်ပြီးနောက် ဘာဗေးရီးယန်းတောင်တန်း၌ စကိတ်စီးစဉ် ခြေထောက်ဒဏ်ရာရခဲ့သည်။

ထို့ကြောင့် ၎င်းသည် ဒဏ်ရာပြန်ကောင်းအောင် ဆေးကုသနေစဉ်အတွင်း နူးညံ့သည့် သားရေ၊ တာယာများဖြင့် ပြုလုပ်သော လေအိတ်ငယ်များပါသည့် ဆိုးလ်ပြားတို့ဖြင့် ပေါင်းစပ်ကာ စီးရသည်မှာ ထူးခြားကောင်းမွန်သော ဘွတ်ဖိနပ်များ တီထွင်ချုပ်လုပ်ခဲ့သည်။ ၎င်းသည် ဖိနပ်များကို ကိုယ်တိုင်ထုတ်လုပ်ရောင်းချသော်လည်း အောင်မြင်မှုသိပ်မရသေးဘဲရှိစဉ် ၁၉၄၇ ၌ မိတ်ဆွေဟားဗတ်ဖန့်ခ်နှင့် တွေ့ဆုံမိကာ ဖိနပ်ဒီဇိုင်းသစ်ကိုရေးဆွဲခဲ့ပြီး ကုမ္ပဏီတည်ထောင်၍ ထုတ်လုပ်သည်။


ထိုစဉ်မှစ၍ အသက် ၄၀ ကျော်အမျိုးသမီးများက စီးနင်းရာတွင် သက်သောင့်သက်သာရှိလှသော ဖိနပ်များကို အလုံးအရင်း ဝယ်ယူအားပေးကာ လူကြိုက်များခဲ့သည်။ ၁၉၅၂ တွင် ထုတ်လုပ်မှုနိုင်နင်းရန် မြူနစ်၌စက်ရုံတည်ထောင်ထုတ်လုပ်သည်။ ၁၉၅၉ တွင်မူ နိုင်ငံတကာဈေးကွက်တင်ပို့ရန်ပြင်ဆင်ပြီး ဗြိတိသျှ ဖိနပ်ကုမ္ပဏီအာရ်ဂရစ်စ်က ဗြိတိန်နိုင်ငံ၌ ထုတ်လုပ်ရောင်းချခွင့်ရရှိသည်။ ယခုအခါစာရင်းများအရ ၁၉၆၀မှ ၂၀၁၀ပြည့်နှစ်အထိ ဒေါက်တာမာတင်ရှူးဖိနပ်ပေါင်း အရန်သန်း ၁၀၀ ခန့်ကို ရောင်းချခဲ့ရပြီးဖြစ်သည်။ ဂရစ်ကုမ္ပဏီသည် ၂၀၀၉ နှင့် ၂၀၁၁ ခုနှစ်ကြားတွင် ဗြိတိန်၊ အမေရိကန်၊ ဟောင်ကောင်တို့တွင် ဒေါက်တာမာတင်စတိုးဆိုင်များဖွင့်လှစ်ခဲ့ပြီး ၂၀၁၁ တွင် အဝတ်အစားများပါ ထပ်မံထုတ်လုပ်ခဲ့သည်။

—Ref: Examiner

# တစ်ပတ်တာကံကြမ္မာ


**နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက် အထိ**

စံဇာကျော်ဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ဘဝအခြေအနေသစ်တစ်ခုသို့ကူးပြောင်းမည်။ အပြိုင်အတိုက်အခံများကို ကျော်လွှားပြီး မိမိအလိုရှိသော လမ်းကြောင်းကို အကောင်အထည်ဖော်နိုင်မည်။ သူတစ်ပါးအခက်ကြုံနေသော ကိစ္စများကို လိုက်လံ ကူညီဖြေရှင်းပေးရမည်။ အရောင်းအဝယ်ကိစ္စ၊ ငွေကြေးပေးယူကိစ္စများ သတိနှင့်ဆောင်ရွက်ပါ။ မိသားစုအတွင်း အလုပ်မရှိသူ အလုပ်ရမည်။ အလုပ်ရှိသူတိုးတက်မည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အညှာကင်းစင်၍ အရာရာအဆင်ပြေမည်။ အလုပ်သစ်၊ အကြံသစ်၊ စီးပွားသစ်များ လုပ်ကိုင်အောင်မြင်မည်။ အပြိုင်အဆိုင် အတိုက်အခံများကို ကျော်လွှားပြီး တိုးတက်မှုများရရှိမည်။ စိတ်ကူးရည်ရွယ်ချက်နှင့် ဘဝအိပ်မက်တို့ကို လက်တွေ့အကောင်အထည်ဖော်နိုင်သော အခြေအနေသို့ရောက်မည်။ လက်လွှဲထားသော ငွေကြေးများ ပြန်ရမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ ဆောင်ရွက်ရမည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ကြန့်ကြာနေသော လုပ်ငန်းကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်လိမ့်မည်။ အလုပ်အကြံအစည်တစ်ခုလုပ်ကိုင်ရန် ကြံစည်နေဆဲ နောက်လုပ်ငန်းတစ်ခုအား လုပ်ကိုင်ရန် ပေါ်ပေါက်လာလိမ့်မည်။ တစ်ပါးသူနှင့် တွဲဖက်လုပ်သောကိစ္စများမှ ထူးခြားသော အောင်မြင်မှုရမည်။ မိတ်ဆွေအကြီးအကဲထံမှ အကြံဉာဏ်ကောင်းများရရှိမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

စိတ်အနှောင့်အယှက် ဖြစ်စရာများကြုံမည်။ အထင်လွဲမှုများဖြေရှင်းရမည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်မည်။ အတွင်းလူ သစ္စာဖောက်၍ စိတ်ရှုပ်ရမည်။ မိမိအပေါ် လှည့်စားသူများနှင့် တွေ့မည်။ ကာလရှည်ကြာလိမ်ညာ ဖုံးကွယ်ထားပြီး ပြဿနာဖြစ်မှ ကိုယ့်ဆီက အစအဆုံးလိုက်လံဖြေရှင်းပေးရလိမ့်မည်။ မက်လုံးပေး၍ လိမ်ညာသူများနှင့် တွေ့မည်။




### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ဖြစ်ပေါ်လာသော အပြောင်းအလဲများကို အခြေတည်၍ ဘဝတိုးတက်မည်။ ပိုင်ဆိုင်သော ပစ္စည်းများ စနစ်တကျသိမ်းဆည်းပါ။ မေ့ကျန်ခဲ့၍ ပျောက်ခြင်းမှအစ ခိုးဝှက်၍ ပျောက်ခြင်းများ ဖြစ်တတ်သည်။ နေအိမ်နေရာဆက်ဆံသောဝန်းကျင်အတွင်း ကောင်းသော အပြောင်းအလဲများဖြစ်မည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်မည်။




### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

၅၂၈၊ ၁၅၀၀ မေတ္တာအထူးကောင်းသော အနေအထားရှိသည်။ လူချစ်လူခင်ပေါများမည်။ ပျို့ရွယ်နေသူများအဖို့ဝေးကွာနေသော ချစ်သူနှင့် ပြန်လည် ဆုံစည်းမည်။ အထူးသဖြင့် အသက် ၃၀ အထက် ရင့်ကျက်သောအပျိုကြီး လူပျိုကြီးများအဖို့ ဤကာလတွင် ပေါ်ပေါက်သော စန်းသည် လာမည့်အနာဂတ်တွင်ပါ ဆက်လက်ကောင်း၍ အိမ်ထောင်ရေးအထိ ဆုံးဖြတ်နိုင်သည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အညှိအဆိုးများ ကင်းလွတ်သွားမည်။ လုပ်ကိုင်နေသမျှ ကိစ္စမှန်သမျှ မှန်ကန်သော လမ်းကြောင်းအပေါ် တည့်တည့်မတ်မတ် ကျရောက်နေသည်။ ဖြောင့်ဖြောင့်တန်းတန်း ရှေ့တိုးဆောင်ရွက်ပါ။ မိမိလိုလားချက်များကို မလွဲမသွေ သေချာပေါက်အောင်မြင်မည်။ နေအိမ်နေရာ ဆက်ဆံရသောဝန်းကျင် အပြောင်းအလဲကြုံမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ မိမိအပေါ် အထင်အမြင်သေးသူများ အံ့ဩသွားလောက်အောင် အစွမ်းပြနိုင်မည်။ အချစ်ရေးမေတ္တာရေးညံ့မည်။ စကားများ၊ ရန်ဖြစ်ရမည်။ ကျန်းမာရေးအညံ့အနည်းငယ်ရှိမည်။ အနေအထိုင် မဆင်ခြင်၍ ဝေဒနာဟောင်း ပြန်ပေါ်မည်။ အစာအိမ်၊ ဝမ်းဗိုက်ဒုက္ခပေးမည်။ အကြီးအကဲများ၏ အထောက်အကူရမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

နာမည်ကောင်းသတင်းနှင့် လူသိများမည်။ ကိုယ့်အကြောင်း သူတစ်ပါးနှုတ်ဖျားမှ ပြောဆိုရသော အနေအထားကျရောက်မည်။ ကိုယ်ပိုင်အရည်အသွေးထက်မြက်မည်။ ပညာအတတ်နှင့် ဘဝတိုးတက်မည်။ တစ်ပြိုင်နက်တည်း တစ်ခုထက်ပိုသော လုပ်ငန်းများ လုပ်ရမည်။ မိသားစုအကြီးအကဲကျန်းမာရေးချူချာမည်။ ခရီးကိစ္စအဆင်ပြေမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လူမျိုးကွဲ အကျိုးပေးမည်။ လုပ်ငန်းခွင်အတွင်း မူလလုပ်ငန်းနှင့်မတူသော လုပ်ငန်များ သက်ဆိုင်ပတ်သက်မှုမရှိသော အလုပ်များအား အပိုဆောင်း၍ လုပ်ကိုင်ရမည်။ အများကိစ္စ အဖွဲ့အစည်းကိစ္စများ ဆောင်ရွက်ရမည်။ ဆောင်ရွက်မည့်ကိစ္စအား ကြိုတင်ကြေညာပြောဆိုခြင်း မပြုရ။ တစ်ပါးသူမှ လက်ဦးလုပ်ဆောင်သွားမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

မေတ္တာရေးကံကောင်းသည်။ မိတ်ဆွေကောင်း အကူအညီရမည်။ စုပေါင်းလုပ်ငန်းများ မလုပ်မဖြစ်လုပ်ရမည်။ သီးသီးသန့်သန့် မည်မျှနေထိုင်စေ လာရောက်ပတ်သက်မှုများရှိမည်။ အရွယ်လွန်လူလွတ်များ မေတ္တာရေးစန်းပွင့်၍ ဘဝတစ်ခုလုံး အတွက်အရေးပါသော အိမ်ထောင်ရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခရီးသွားရမည်။ မရောက်ဖူးသော အရပ်ဒေသများသို့ သွားလာရောက်ရှိမည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့် ပတ်သက်ဆက်နွယ်ပြီး ဆောင်ရွက်ရသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်အကျိုးပေးမည်။ အလုပ်အကြံအစည်များ ဆောင်ရွက်အောင်မြင်မည်။ ခြံ၊ ကား၊ အခန်းလဲလှယ်အပြောင်းအလဲများ ပြုရမည်။

7DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# စာ(၂၆) လေးသောင်းနှင့် အရေးကောင်းစေဖို့ မှ

ထိုကဲ့သို့ အခွန်တိုးသော်လည်း ဈေးမကျသည်မှာအဘယ်ကြောင့်နည်းဟု မန္တလေးမှ အိမ်ခြံမြေအရောင်းအဝယ်ပါ ပြုလုပ်သောဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးတစ်ဦးနှင့် တွေ့ဆုံစဉ် မေးမြန်းခဲ့ရာ ၎င်းက “အကွက်အကွင်းကောင်းတဲ့ နေရာတွေမှာဆိုရင် တိုးလာတဲ့အခွန်ကို ကျုပ်တို့က ရောင်းဈေးမှာထည့်ပြီး မြှင့်ပေးလိုက်တာပါပဲ။ နောက်ထပ်ပြီး အခွန်တိုးလာရင်လည်း ရောင်းဈေးကို ထပ်မြှင့်တဲ့နည်းကို ကျင့်သုံးရုံပဲ။ ဒီတော့ကျုပ်တို့လည်းအရှုံးခံပြီး လျှော့ရောင်းဖို့ မလိုဘူး။ အစိုးရလည်း အခွန်ပိုရတာပေါ့ဗျာ” ဟု မြေဈေးကွက်အခြေအနေကိုလက်တွေ့ကျကျ ဖွင့်ဆိုပြလေ၏။ ပြည်ထောင်စုဝန်ကြီးအား ၎င်းပြောကြားခဲ့သည့်အတိုင်း ဩဂုတ်လမတိုင်မီက မြေဈေးနှင့် လက်ရှိအခွန်ငွေတိုးမြှင့်ပြီး မြေဈေးကို နှိုင်းယှဉ်ပြီး ကားဈေးကွက်လိုဖြစ်မဖြစ် ပြန်လည်သုံးသပ်ပါဦးဟု အကြံပြုလိုပါသည်။ ဒီမိုကရေစီနိုင်ငံတိုင်းတွင် မည်သည့်လုပ်ငန်းနယ်ပယ်၌မဆို စနစ်သစ်တစ်ရပ်(သို့မဟုတ်) မူသစ်တစ်ရပ် ချမှတ်လုပ်ဆောင်လေတိုင်း အကျိုးသက်ရောက်မှုကို ပြန်လည်၍ သုံးသပ်ကြမြဲမဟုတ်ပါလော။

ထူးခြားသည့် ဖြစ်စဉ်မှာ ရန်ကုန်မြို့ကို နှစ်ပေါင်းသုံးဆယ်အတွင်း မြေကေလေးသောင်းအထိတိုးချဲ့ရန် နိုင်ငံတော်သမ္မတကခွင့်ပြုကြောင်း သတင်းတစ်ရပ်စက်တင်ဘာလတွင် ထွက်ပေါ်လာပြီးနောက် ဒလမြို့မှ မြေဈေးများတက်သွားခြင်းဖြစ်၏။ ၂၂ ရာခိုင်နှုန်း အခွန်တိုးသည်ကိုလည်း လုံးဝမမှုတော့ပေ။ သီလဝါနှင့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းဝန်းကျင် မြေဈေးများလည်း အလားတူ ခုန်တက်သွားကြောင်းကြားသိရ၏။ ကေလေးသောင်းကြောင့် ဈေးကောင်းလက်ငင်းရသွားလေသူများ ရန်ကုန်မြို့ပတ်ဝန်းကျင်တွင်ပေါ်ထွက်လာကြကုန်၏။

ရန်ကုန်မြို့ကို တိုးချဲ့မည့် အထက်ပါ အစီအစဉ်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် စတုတ္ထအကြိမ် တိုးချဲ့မှုဖြစ်ပေသည်။ ၁၉၅၈ ခုနှစ်က တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် သာကေတမြို့များ တည်ဆောက်၍ ပထမအကြိမ် တိုးချဲ့ခဲ့၏။ ၁၉၆၅ ခုနှစ်တွင် သုဝဏ္ဏမြို့သစ်တည်၍ ဒုတိယအကြိမ်တိုးချဲ့ပြန်၏။ ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အတွင်း ရွှေပြည်သာ၊ လှိုင်သာယာ၊ ရွှေပေါက်ကံ၊ ဒဂုံမြို့သစ် (မြောက်)၊ ဒဂုံမြို့သစ် (တောင်)၊ ဒဂုံမြို့သစ်(အရှေ့)နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) ဟု မြို့သစ် ၇ မြို့ တည်၍ တတိယအကြိမ် တိုးချဲ့ခဲ့၏။ အဆိုပါ တိုးချဲ့မှုသုံးကြိမ်စလုံးမှာ တပ်မတော်အစိုးရအုပ်ချုပ်သည့် ကာလများအတွင်း တိုးချဲ့ခဲ့ခြင်းဖြစ်၍ ယခုစတုတ္ထအကြိမ် တိုးချဲ့မည့် အစီအစဉ်မှာမူ ဒီမိုကရေစီအစိုးရသစ်လက်ထက် ပထမဆုံးအကြိမ် တိုးချဲ့မှုဖြစ်လေသည်။

ဒီမိုကရေစီခေတ် အရုဏ်ဦးတွင် ပထမဦးဆုံးအကြိမ် ရန်ကုန်မြို့ကို တိုးချဲ့ခြင်းနှင့် ပတ်သက်၍ အချက်သုံးချက် ဆွေးနွေးတင်ပြလိုပါသည်။ ပထမအချက်မှာ လက်ရှိရန်ကုန်မြို့ ပတ်ဝန်းကျင်တွင် တိုးချဲ့မည့်မြို့ပြဧရိယာကေလေးသောင်းမှာ လယ်မြေများ အများဆုံးဖြစ်ခြင်းကြောင့် ပြည်သူတို့၏ အဓိကစားနပ်ရိက္ခာဖြစ်သော ဆန်စပါးထုတ်လုပ်မှုကို မလွဲမသွေထိခိုက်စေမည်ဖြစ်၏။ လယ်ယာမြေအတွက် လယ်သမားများအား လျော်ကြေးပေးခြင်း၊ အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အိမ်ရာမြေချထားပေးခြင်း လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည်ထားဦး၊ ဆုံးရှုံးသွားသော စားနပ်ရိက္ခာကို ရေတိုကာလအတွင်း အစားထိုးဖြည့်ဆည်း၍ ရနိုင်မည်မဟုတ်ပေ။ ကေလေးသောင်းလယ်မြေများသည် တစ်ဧကလျှင် အနည်းဆုံး စပါးတင်း ၅၀ ထွက်သောလယ်များဖြစ်၏။ ထို့ကြောင့် တစ်ဧကလျှင် ဆန်တင်း ၂၀ ပျမ်းမျှအထွက်နှုန်းရှိ၏။ စုစုပေါင်း မြေကေလေးသောင်းမှ နှစ်စဉ် ဆန်တင်း ရှစ်သိန်းထွက်ရှိမည်ဖြစ်ရာ လူတစ်ဦးလျှင် တစ်နေ့ ဆန်နို့ဆီဗူး နှစ်ဘူးနှုန်းဖြင့် မြန်မာနိုင်ငံလူဦးရေ သန်း ၅၀ ခန့်အား တစ်ရက်ကျွေးမွေးနိုင်မည့် ရိက္ခာကို နှစ်စဉ်ဆုံးရှုံးသွားမည်ဖြစ်၏။ သို့ဖြစ်၍ ဖွံ့ဖြိုးဆဲ နိုင်ငံတိုင်းတွင် လယ်မြေကိုမြို့ပြစီမံကိန်းအတွက် မလွှဲမရှောင်သာ သိမ်းယူရာ၌ အနည်းဆုံး သိမ်းယူမှု (Minimize the Land acquisition) ဖြစ်ရေးကို အခြေခံမူအဖြစ် သတိပြုဆောင်ရွက်ကြရပေသည်။

၁၉၈၉ ခုနှစ် ယခင်တပ်မတော် အစိုးရလက်ထက် မြို့တိုးချဲ့ရန်အတွက် လည်းကောင်း၊ အခြားစီမံကိန်းများအတွက်လည်းကောင်း၊ နိုင်ငံတစ်ဝန်း မြေသိမ်းမှုများတွင် ထက်ပါ အခြေခံမူနှင့် မကိုက်ညီဘဲ လိုသည်ထက် ပိုမိုသိမ်းယူမှုများရှိခဲ့ကြောင်း တွေ့ရှိနိုင်ပေသည်။ အဆိုးရွားဆုံးမှာ လယ်မြေများ သိမ်းယူပြီး နောက် နှစ်ပေါင်းများစွာ မူလလယ်သမားများကို သီးစားပြန်လည်ချထားခြင်းဖြင့် စီးပွားရေးအရ အမြတ်ထုတ်မှုကိုပါ ပြောင်ပြောင်တင်းတင်းကျူး လွန်ခဲ့ကြခြင်း ဖြစ်ပေသည်။ ဤအမှားများကို သင်ခန်းစာယူ၍ နောင်အစဉ်ရှောင်ကြဉ်ကြရမည့်အပြင် ရေရှည်တွင် သက်ဆိုင်ရာတိုင်းဒေသကြီးအတွင်း လျော့နည်းဆုံးရှုံးသွားသော စားနပ်ရိက္ခာ ဆန်တင်းပေါင်း ရှစ်သိန်းကို နှစ်စဉ်ပြန်လည် အစားထိုးဖြည့်ဆည်းရေး အစီအစဉ်များပါ အကောင်အထည်ဖော်နိုင်ရန် လိုအပ်မည်ဖြစ်ပေသည်။

ဒုတိယအချက်မှာ မြို့ပြမြေအဖြစ် အသွင်ပြောင်းပြီးနောက် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ရာ၌ မြေတစ်ဧကတိုင်း၏ ကြီးမားသော တန်ဖိုးအရင်းအနှီးကို ကောင်းစွာနှလုံးသွင်း၍ ထိရောက်သော မြေအသုံးချမှု (Effective Land Utilization) ဖြစ်ထွန်းစေရေးဖြစ်ပါသည်။ အိမ်ရာအတွက် မြို့သစ်များ တည်ဆောက်မှုစီမံကိန်း (Site and Services Scheme) သည် မြေကွက်ချထားသော ဖွံ့ဖြိုးမှုစနစ် (Plotted Development) ဖြစ်၍ မြေဧရိယာ အလွန်ကျယ်ဝန်းစွာ အသုံးပြုရ၏။ အထပ်မြင့်နှင့် အထပ်နိမ့်အဆောက်အအုံများ ဆောက်လုပ်၍ အိမ်ခန်းချထားသော ဖွံ့ဖြိုးမှုစနစ် (Flatted Development) မှာ မြေဧရိယာ အနည်းငယ်အတွင်း အိမ်ထောင်စုများအတွက် အိမ်ခန်းပေါင်းများစွာ ချထားပေးနိုင်၏။ ၁၉၈၉ ခုနှစ်ကမြို့သစ်ခုနစ်မြို့တည်ဆောက်မှုစီမံကိန်းသည် အိမ်ရာမြေကွက်များစွာ ချထားပေးနိုင်ခဲ့သော်လည်း ရေရှည်တွင် မြို့ပြပြန့်ကြဲမှု (Urban Sprawl) ကြောင့် အခြေခံအဆောက်အအုံများမှာနှစ်ပေါင်း (၂၀) ကြာမြင့်သည့်တိုင်အောင် မြို့ အင်္ဂါရပ်နှင့်ညီညွတ်မှုရှိသော အဆင့်ကိုမရောက်ရှိနိုင်သေးပေ။ “မြေကုန်ငွေပန်း” ဖြစ်ရသည်ဟုပင် ဆိုနိုင်ပေမည်။ သို့ဖြစ်၍ ယခုမြို့တိုးချဲ့တည်ဆောက်ရာတွင် မြေကွက်ဖော်ထုတ်မှုနှင့် အိမ်ရာဖော်ထုတ်မှုကို ပေါင်းစပ်တည်ဆောက်ရန်နှင့် အချို့သောနေရာတွင် အထပ်မြင့်အဆောက်အဦးများ (High Rise Buildings) ကိုပါ ထည့်သွင်းဆောက်လုပ်ခြင်းဖြင့် စီမံကိန်းမြေကို ပိုမိုထိရောက်စွာ သုံးစွဲနိုင်မည်ဖြစ်ပေသည်။

တတိယအချက်မှာမူ ရန်ကုန်မြို့ကို ထပ်မံတိုးချဲ့မည့် အစီအစဉ်နှင့် တစ်ပါတည်းယှဉ်တွဲ၍ လက်ရှိမြို့လယ် (Down Town) နှင့် ဆင်ခြေဖုံးဒေသများ၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၈ ခုနှစ်နှင့် ၁၉၈၉ ခုနှစ်များတွင် အသီးသီးထပ်မံတိုးချဲ့ခဲ့သည့် မြို့များရှိ အခြေခံအဆောက်အအုံများ၏ အခြေအနေကိုလည်းပြန်လည်သုံးသပ်သင့်ပါသည်။

မျက်မှောက်ကာလ၌ လွန်စွာ စည်ကားသော ရန်ကုန်မြို့လယ်ဒေသသည်ပင် လမ်းပျက်များ၊ ပိတ်ဆို့နေသော ရေမြောင်းများ၊ ပလက်ဖောင်းအကျိုးအပျက်များ၊ ရေလွှမ်းမိုးမှုများနှင့် အမှိုက်အညစ်အကြေးများ ဖုံးလွှမ်းသောဘဝမှ လွတ်မြောက်နိုင်ခြင်း မရှိသေးပေ။ ရေမီးစနစ်များကိုလည်း အဆင့်မြှင့်ရန် လိုအပ်၏။ ၁၉၈၉ ခုနှစ်တွင် နောက်ဆုံးတိုးချဲ့ တည်ဆောက်ခဲ့သော မြို့သစ်များ၏ အခြေခံအဆောက်အအုံများမှာလည်း အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်ရန် လွန်စွာ အလှမ်းဝေး၍ ကျေးရွာအဆင့်ပင် မပီပြင်သော ရပ်ကွက် အမြောက်အမြား ရှိနေပေသည်။ ထပ်မံ၍ ရန်ကုန်မြို့ကြီးကို ကေလေးသောင်းမချဲ့မီ “အပေါ်ဟာနေပါအုံး - အောက်ကို လုံအောင်ဖုံး” ဆိုသကဲ့သို့ ညံ့ဖျင်းလှသည့် လက်ရှိလူဦးရေ ငါးသန်းမှီတင်းရာ အခြေခံ အဆောက်အအုံများနှင့်တကွ ယိုယွင်းဟောင်းနွမ်းလျက်ရှိသော အိမ်ရာရပ်ကွက် (Shanty Town) များကိုပါ အဆင့်မြှင့်တင်ပေးမည့် စီမံချက်များကို တာဝန်ရှိသည့် ဌာနအသီးသီးပူးပေါင်း၍ ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးစေလိုပါသည်။ သို့မှသာလျှင် တည်ဆဲမြို့ဧရိယာများသာမက နောင်နှစ်ပေါင်း သုံးဆယ်အတွင်း တိုးချဲ့မည့် “ကေလေးသောင်းနှင့် အရေးကောင်းသော” မြို့တော်ကြီး အစစ်အမှန် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသတည်း။ ။

## JOKE

### အင်အားသုံးမယ်

လူသစ်တန်း ရဲတပ်ဖွဲ့ဝင်တစ်ဦးအား စစ်ဆေးသူတပ်ကြပ်ကြီးက “မင်းရဲ့ အဖေကို ပြန်ပြီးဖမ်းဆီးရမယ်ဆိုရင် ဘယ်လိုလုပ်မလဲ” ဟုမေးမြန်းသည်။ လူသစ်ကလည်း မဆိုင်းမတွပင် “အင်အားဖြည့်ဖို့ လူထပ်ခေါ် လိုက်မယ်” ဟု ဆိုပါသည်။

### အရေးပေါ်အခြေအနေ

ဂျော့ချ်တစ်ယောက် အိပ်ရာဝင်ရန် ပြင်ဆင်နေစဉ် ဇနီးဖြစ်သူက သူတို့၏ အိမ်နောက်ဖေးစတိုခန်းအား သူခိုးများ ဖောက်ထွင်းရန် ကြိုးစားနေကြောင်း ပြောသည်။ ဂျော့ချ်က ရဲတပ်ဖွဲ့အား ချက်ချင်း ဖုန်းလှမ်းဆက်သည်။ ရဲက “သူတို့အိမ်ထဲရောက်နေပြီလား” မေးရာ ဂျော့ချ်က မဝင်ရသေးကြောင်းပြောသောအခါ တစ်ဖက်မှ ရဲအရာရှိက ရဲကင်းလှည့်ကားများ အားလုံးမအားလပ်သေးကြောင်းနှင့် အိမ်တံခါးကိုသာ အလုံပိတ်ပြီးအတွင်း၌ နေရန်၊ ကင်းလှည့်ကားတစ်စီးစီးရရှိနိုင်ပါက လွှတ်ပေးလိုက်မည်ဖြစ်ကြောင်း ပြန်ပြောပါသည်။

ဂျော့ချ်ကဖုန်းချလိုက်ပြီး စက္ကန့် ၃၀ စောင့်လိုက်သည်။ ယင်းနောက် ရဲစခန်းသို့ ထပ်မံဖုန်းဆက်ပြီး “ဟယ်လို၊ ကျွန်တော့်ခြံထဲမှာ သူခိုးတွေရောက်နေတယ်လို့ ခုနကပဲ ဖုန်းဆက်တာကျွန်တော်ပါ။ ဒါပေမဲ့ ရဲမှူးတို့ မပူပါနဲ့တော့။ ကျွန်တော်သူတို့ကို သေနတ်နဲ့ ပစ်ထည့်လိုက်ပါပြီ” ဟုဆိုကာ ဖုန်းချလိုက်သည်။

ဂျော့ချ်ဖုန်းချပြီး ငါးမိနစ်အတွင်းမှာပင် ရဲကင်းကားနှစ်စီးနှင့် အရေးပေါ် လူနာတင်ယာဉ်တစ်စီး ဂျော့ချ်အိမ်သို့ရောက်ရှိလာပြီး သူခိုးများကိုလည်းလက်ရဖမ်းဆီးလိုက်နိုင်ပါသည်။ ရဲတပ်ဖွဲ့ဝင် တစ်ဦးက ဂျော့ချ်အား “မင်းသူတို့ကို ပစ်သတ်လိုက်တယ်လို့ ပြောလိုက်သလားလို့” ဟုပြောရာ ဂျော့ချ်ကလည်း “အေးလေ။ ခင်ဗျားတို့ဘက်ကလည်း ဘယ်သူမှ မအားဘူးပြောသလားလို့” ဟု ပြန်ပြောပါတော့သည်။




မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၊ ကွာလာလမ်ပူ အထွေထွေရောဂါကု ဆေးရုံကြီးမှ စိတ်ကျန်းမာရေး အထူးကု ဆရာဝန်ကြီး၊ တွဲဖက်ပါမောက္ခ၊ ဒေါက်တာ ခင်ဥမ္မာနိုင်သည်၊ ရန်ကုန်မြို့သို့ ၁၇. ၁၁. ၂၀၁၂ မှ ၁၈-၁၁. ၂၀၁၂ အထိလာရောက်ပြီး၊ လူနာများကို ကြည့်ရှုဆွေးနွေးကုသပေးမည် ဖြစ်ပါသဖြင့် လူနာဟောင်း၊ လူနာသစ်များ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၄၅၀၀၅၄၂၁၀၊၀၉-၄၄၈၀၁၆၈၂၁

Environment

7 DAY NEWS JOURNAL

Vol.11, No.36 • NOVEMBER 15 , 2012

# ထားဝယ်အတွက် မာတာပွတ် သင်ခန်းစာ

အေးမြကျော်

**တစ်** ဝီးဝီးလည်နေတဲ့ အားပြင်းပန်ကာနှစ်ခုရဲ့ ခပ်လှမ်းလှမ်းမှာ ရပ်ကာအသက်ကို တစ်ချက်တစ်ချက် ခပ်ပြင်းပြင်းရှိုက်ရှုလိုက်ရင်း အသက် (၆၃) နှစ်အရွယ် ထိုင်းအမျိုးသမီးကြီးမီဖဆိုင်ဒွန်ဖယူက သူမအတွေ့အကြုံများကို မြန်မာပြည်ကလာသော သတင်းသမားများကိုဝေငှနေသည်။ သူမတို့နေထိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်တွင် သူမအပါအဝင် အနီးအနား၌ နေထိုင်သောဒေသခံထိုင်းလူမျိုး ၁၀ ယောက်ကျော်လည်း စုဝေးရောက်ရှိကာ သူတို့ခံစားနေရသော မာတာပွတ်စက်ရုံများအကြောင်းကိုပြောပြရန် စိတ်ထက်သန်နေကြသည်။

အဖြူရောင်သမ်းနေသော ဆံပင်တိုတိုနှင့် ရှပ်အင်္ကျီခပ်နွမ်းနွမ်းဝတ်ဆင်ထားသော သူမကရှေ့တွင် ထိုင်နေကြသော ၁၂ ယောက်သော မြန်မာသတင်းသမားများကို"ထားဝယ်မှာနောင်ဖြစ်လာမယ့် ပြဿနာတွေကို ဖြေရှင်းလို့ရတဲ့ အခွင့်အရေးရှိတယ်။ အဲဒါကတော့ မာတာပွတ်ရဲ့ သင်ခန်းစာကိုနမူနာယူဖို့ပဲ"ဟုဒွန်ဖယူကလက်ကိုမြှောက်ကာပင့်ကာ ပြောသည်။

ထိုင်းအမျိုးသမီးကြီး ဒေါ်ဖယူတို့ နေထိုင်သော နွမ်ဝိုင်းရပ်ကွက် ငါးနေရာမှာ ရယောင်းပြည်နယ်၊ မာတာပွတ် ဒေသတွင်ရှိပြီး ထိုင်းနိုင်ငံ၏အကြီးဆုံးစက်မှုလုပ်ငန်းစီမံကိန်းကို ကားဖြင့် ၁၀ မိနစ်ခန့်မောင်းလျှင် ရောက်နိုင်သည့်နေရာလည်းဖြစ်သည်။

မာတာပွတ်စက်မှုလုပ်ငန်း စီမံကိန်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ က အစပျိုးခဲ့ပြီး ယခုအခါ မြေဧက ၁၆၀၀ ပေါ်တွင် စက်ရုံပေါင်း ၆၅ ရုံကျော်တည်ဆောက်ပြီးစီးလည်ပတ်နေပြီဖြစ်သည်။ အရှိန်ကောင်းကောင်းလည်ပတ်နေပြီး ထိုစက်ရုံများမှ ထွက်သော မီးခိုးငွေ့များကိုမာတာပွတ်ကောင်းကင်တစ်ခွင် အတိုင်းသားမြင်တွေ့နိုင်သည်။



*စားသောက်ဆိုင်တစ်ခုအနီး မာတာပွတ်စက်မှုဇုန် စက်ရုံတစ်ခုမှ မီးခိုးများထုတ်လွှတ်လျက်ရှိသည်ကို နိုဝင်ဘာ ၂ ရက်က တွေ့ရစဉ်*

ဓာတ်ပုံ - အေးမြကျော်

လေထုကို အကြီးအကျယ်ညစ်ညမ်းစေသော သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဓာတ်အားပေးစက်ရုံ၊ ရေနံဓာတုစက်ရုံ၊ ပလတ်စတစ်စက်ရုံ၊ ကျောက်မီးသွေးစက်ရုံ၊ ရေနံချက်စက်ရုံများက နိုင်ငံဝင်ငွေကို တိုးပွားစေသလို ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့သလို ကင်ဆာရောဂါဝေဒနာရှင်အသစ်များနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဝေဒနာရှင်အသစ်များကိုလည်း တစ်ပါတည်းဖန်တီးပေးခဲ့သည်။

လွန်ခဲ့သော ၁၀ နှစ်ကာလအတွင်း မာတာပွတ်စက်ရုံများအနီးတွင် နေထိုင်သူများတွင် ကင်ဆာရောဂါများ ဖြစ်ပွားလာပြီး ၁၉၉၇ မှ ၂၀၀၅ ခုနှစ်အထိ ထိုင်းကျန်းမာရေးဌာနက ပြုလုပ်ထားသော စာရင်းများအရ ကင်ဆာဖြစ်ပွားမှုနှုန်းမှာ သုံးဆနီးပါး မြင့်တက်လာပြီး ယခုနောက်ပိုင်းနှစ်များတွင် ဆက်လက်ပြုလုပ်သော စာရင်းအတိအကျမရှိသော်လည်း ကင်ဆာဖြစ်ပွားမှုနှုန်းမှာ ယင်းဒေသတွင် သိသိသာသာမြင့်တက်လာသည်ဟု ထိုင်းပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးလုပ်ငန်းကျွမ်းကျင်သူ မစ္စတာ သာမန်နွန်းအပ်ချရီရာမတ်က မြန်မာသတင်းသမားများကို ပြောကြားသည်။

"မြန်မာမှာလည်း ဆင်တူတဲ့ ပြဿနာတွေ ကြုံတွေ့လာလိမ့်မယ်" ဟု မစ္စသာမန်နွန်းက ပြောကြားသည်။

မစ္စတာသာမန်နွန်းဆိုလိုသည်မှာ မြန်မာနိုင်ငံတွင်လည်း ထိုင်းနိုင်ငံ ရယောင်းဒေသရှိ မာတာပွတ်စက်မှုဇုန်စီမံကိန်းကဲ့သို့အလားတူစီမံကိန်းတစ်ခု ထားဝယ်ဒေသတွင် အစပျိုးနေခြင်းကို ရည်ရွယ်လိုခြင်းဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းတွင် ထိုင်းအစိုးရနှင့် မြန်မာအစိုးရတို့ သဘောတူညီထားသည့် စီမံကိန်းကို စတင်ရန် မြေနေရာရှင်းလင်းရေးများ၊ ဒေသခံများအား ရွှေ့ပြောင်းခြင်းများ စတင်လုပ်ဆောင်နေပြီး အဓိကရင်းနှီးမြှုပ်နှံသောအီတာလျံထိုင်းကုမ္ပဏီက ၂၀၁၉ တွင် စီမံကိန်းအပြီး အကောင်အထည်ဖော်မည်ဟု ပြောထားသဖြင့် ၂၀၁၉ အလွန်တွင် စီမံကိန်းမှာ အကောင်အထည်ပေါ်လာပေလိမ့်မည်။

ထားဝယ်ရေနံဆိပ်ကမ်း စီမံကိန်းတည်ဆောက်ရေးကို စောင့်ကြည့်လေ့လာသူများအဆို အရ ထားဝယ်စီမံကိန်းမှာ မာတာပွတ်ထက် ၁၀ ဆကြီးမည့် စီမံကိန်းဖြစ်ပြီးစက်ရုံများမှ စွန့်ထုတ်သောမီးခိုးငွေ့များနှင့် သဘာဝပတ်ဝန်းကျင်သို့ သက်ရောက်ပျက်စီးမှုမှာလည်းအဆပေါင်းများစွာ ပိုများနိုင်သည်ဟု ယင်းတို့က ခန့်မှန်းကြသည်။

ထားဝယ်ရေနက်စီမံကိန်းကို တည်ဆောက်ရန် စတင်သဘောတူစဉ်ကာလက ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်သော မစ္စတာအဘီဆစ်က ထိုင်းသတင်းဌာနများကို "ထိုင်းနိုင်ငံအတွင်း တည်ဆောက်ရန် မသင့်တော်သောစက်မှုဇုန်များကို ထားဝယ်ဒေသသို့ပြောင်းရွှေ့တည်ဆောက်သွားရန် ဆုံးဖြတ်လိုက်သည်" ဟု ပြောကြားခဲ့ဖူးသည်။

ရယောင်းဒေသတွင် မွေးကတည်းကနေထိုင်ပြီး အသက် ၆၅ နှစ်ရှိပြီဖြစ်သော နွမ်ဝိုင်းရပ်ကွက်၅ အုပ်ချုပ်ရေးမှူး ဟူဒုန်ဆလီဖက "အခုကျွန်တော်ကိုယ်တိုင်လည်း ကင်ဆာရောဂါခံစားနေရတယ်။ ဆေးတွေကို ဈေးကြီးပေးဝယ်သောက်နေရတယ်" ဟု သူ၏ကိုယ်တိုင်တွေ့ကြုံခံစားနေမှုများကိုဝေငှသည်။

သူ၏ အိမ်တွင်းဧည့်သည့်များရှေ့တွင် ချထားသော အားပြင်းလှသည့် ပန်ကာများကို ပိတ်ပစ်၍ မဖြစ်ကြောင်း အဘယ်ကြောင့်ဆိုသော် ပန်ကာလေများက ချဉ်စူးစူးအနံ့အသက်များနှင့် တစ်ချက်တစ်ချက် လေအဝှေ့တွင် အက်ဆစ်နံ့လိုလို စူးရှရှအနံ့များမရအောင်ကာကွယ်ပေးနိုင်၍ ဖြစ်သည်ဟု သူက ဧည့်သည်များကို ရှင်းပြသည်။

ရယောင်းဒေသမှာ စက်မှုလုပ်ငန်းကြီးများ ရောက်မလာမီက ဥယျာဉ်ခြံစိုက်ပျိုးခြင်း၊ ငါးဖမ်းလုပ်ငန်းများဖြင့် အသက်မွေးကြသော ဒေသတစ်ခုဖြစ်ပြီး လွန်ခဲ့သော နှစ် ၃၀ ခန့်က နိုင်ငံ၏ အကြီးမားဆုံးသော စက်မှုလုပ်ငန်းစီမံကိန်းကြောင့်ဥယျာဉ်ခြံမြေများစွာကွယ်ပျောက်ခဲ့ရကြောင်း ဒေသခံများက ပြောသည်။

ဒူးရင်း၊ ပင်မှည့်၊ သရက်စသည့်အပင်များ စိုက်ပျိုးကာဝင်ငွေရှာဖွေခဲ့သောထိုဒေသတွင် နှစ် ၃၀ ကြာလာသော ယနေ့အချိန်အခါတွင်တော့ အပင်များမှာ ပိုးကျခြင်း၊ အသီးများအချိန်မတိုင်မီ ကြွေကျခြင်းများ ဖြစ်လာပြီး မဖြစ်ထွန်းတော့ဘဲ ထိုသို့ဖြစ်ရခြင်းမှာ မာတာပွတ်စက်ရုံများမှ ထွက်သော ဓာတုအဆိပ်များကြောင့် ဖြစ်ကြောင်း ဒေသခံများက ထစ်ချယုံကြည်ကြသည်။

"မိုးရေတွေဟာလည်း အရင်လိုမသန့်တော့ဘူး။ မိုးရေတွေထဲမှာမည်းမည်းအဖတ်တွေအမြဲပါတယ်။ မိုးရေထိတဲ့ သူတွေလည်း အရေပြားယားယံတာတွေ အမြဲဖြစ်တယ်"ဟုရယောင်းဒေသတွင် နေထိုင်သော ဒေသခံတစ်ဦးက ပြောသည်။

စာ(၁၂) သို့

ENVIRONMENT Cartoon






Tourism
7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# ၂၀၁၃ တွင် ကမ္ဘာလှည့်ခရီးသွား ကိုးသိန်းကျော် မြန်မာနိုင်ငံလာရောက်ရန် မျှော်မှန်း

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ-၈**

မြန်မာနိုင်ငံတွင် ခရီးသွားအရင်းအမြစ် အပြည့်အစုံရှိခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း(Eco-Tourism)ဖွံ့ဖြိုးလာမှုကြောင့် လာမည့် ၂၀၁၃ ခုနှစ်တွင် ခရီးသွားဧည့်သည်ကိုးသိန်းကျော်ဝင်ရောက်ရန် မျှော်မှန်း ထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သုံးသပ်သည်။

"ခရီးသွား ကိုးသိန်း ၂၀၁၃ မှာ ဖြစ်လာနိုင်ပါတယ်။ ပိုရင်တောင်ပိုသွားလိမ့်မယ်။ ကိုးသိန်းက မကြာခင်ဖြစ်လာမှာပါ။ ၂၀၁၃ မှာ ကိုးသိန်းဖြစ်လာရင် ၂၀၁၄ မှာ ၁ ဒသမ ၄ မီလီယံဖြစ်လာမှာပါ။ ၁၅ ရာခိုင်နှုန်း တိုးတက်မှုနဲ့ သွားရင် ဒီအတိုင်းဖြစ်လာမှာပါ" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အောက်တိုဘာ ၂၉ ရက်တွင်ပြုလုပ်ခဲ့သောသဘာဝအခြေခံ ခရီးသွားလုပ်ငန်းသင်တန်းဆင်းပွဲ၌ပြောကြားခဲ့ကြောင်း အောက်တိုဘာ ၃၀ ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်။

ခရီးသွားနှင့်ပတ်သက်သည့် အရင်းအမြစ်များ ရှိခြင်းကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများအနေဖြင့် ပွင့်လင်းရာသီတွင် ထိုကဲ့သို့သော ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ကြောင်း၊ အရေးပေါ် အခြေအနေများမရှိပါက မျှော်မှန်းသည့်အတိုင်းဖြစ်လာနိုင်ကြောင်း သုံးသပ်သည်။

"Eco-Tourism, Natural Base Tourism မှာ ဒီလို Tour တွေက အခု ပွင့်လင်းရာသီမှာ စဝင်လာပြီ။ ဥပမာ ဖိုးကျားဆင်စခန်းက တစ်ခုပေါ့။ ပြည်ထောင်စုဝန်ကြီး မှန်းထားတဲ့အတိုင်း ဖြစ်လာနိုင်ပါတယ်။ ဒီနှစ်မှာဆို ရာခိုင်နှုန်းအနေနဲ့ ၅၀ ရာခိုင်နှုန်း တက်လာတယ်။ အရေအတွက်နဲ့ဆို ဧည့်သည်အဝင်က ခြောက်သိန်းကျော်ရှိတယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးကျော်ထွန်းက ပြောသည်။

သဘာဝအခြေခံ ခရီးသွားရာသီစတင်ချိန်တွင် သဘာဝပတ်ဝန်းကျင်ကို လေ့လာလိုသူများ၊ မြန်မာနိုင်ငံတွင်းရှိ ငှက်မျိုးစိတ်ကြည့်လိုသူများ၊ သစ်ပင်မျိုးရင်းစိတ်ဝင်စားသူများနှင့် လိပ်ပြာကြည့်ရှုလိုသူများ လာရောက်ကြကြောင်း၊ အများစုမှာ အနောက်နိုင်ငံသားများဖြစ်ကြောင်း၊ ရုရှားလူမျိုးများလည်း ပါဝင်ကြောင်း ၎င်းကပင် ဆိုသည်။

ဝင်ရောက်လာသော ဧည့်သည်များအား ပုံရိပ်ကောင်းကောင်းဖြင့် အကောင်းဆုံး ဝန်ဆောင်မှုပေးရန်လိုအပ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် မြန်မာနိုင်ငံ၏ ခရီးသွားဝင်ရောက်မှုမှာ နည်းပါးနေသေးကြောင်း၊ နိုင်ငံခြားသားခရီးသွား ဧည့်သည်ဝင်ရောက်မှုတွင် လေကြောင်းလိုင်းများသည်လည်း အဓိက အခန်းကဏ္ဍမှပါဝင်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

# အင်းသားများဆုံစည်းရာနေ့ နိုဝင်ဘာ ၁၇ တွင် ကျင်းပမည်

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ-၇**

ဒုတိယအကြိမ်မြောက် အင်းသားဆုံစည်းရာနေ့ကို မြန်မာသက္ကရာဇ် နိုဝင်ဘာ ၁၄ ရက် (၁၃၇၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်) တွင် အင်းသားလူငယ်များဦးဆောင်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

အင်းသားဆုံစည်းရာနေ့ကို အစိုးရသစ်လက်ထက် ၂၀၁၁ တွင် အင်းရေပြင်ဗိုလ်တဲ၌ကျင်းပခဲ့ပြီး ယခုနှစ်တွင် အင်းလေးဖောင်တော်ဦးစံကျောင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးအဖွဲ့မှ တာဝန်ရှိသူက ပြောသည်။



*၂၀၁၁ ခုနှစ် အောက်တိုဘာလက ကျင်းပခဲ့သော အင်းသားများဆုံစည်းရာနေ့မြင်ကွင်း*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"ဒီပွဲကျင်းပရခြင်းက အင်းလေးကန်ရေရှည်တည်တံ့ဖို့၊ အင်းသူ၊ အင်းသားတွေ ပိုမိုစည်းလုံးဖို့၊ အင်းသားလူမျိုးတွေရဲ့ ရိုးရာဓလေ့၊ ထူးခြားတဲ့လုပ်ဆောင်မှုတွေကို နိုင်ငံခြားသားခရီးသွား ဧည့်သည်တွေ ပိုပြီးသိလာအောင်ပါ" ဟု အင်းလေးအထူးဒေသဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးရေအေးက ပြောသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်း အထောက်အကူပြုကြောင်း၊ ခြေဖြင့် လှေလှော်သည့် အင်းသားများ၏ ရိုးရာအစဉ်အလာကို ကမ္ဘာကပိုမိုသိရှိနိုင်ရန် ရည်ရွယ်ကြောင်း ၎င်းကဆိုသည်။

"ပြီးခဲ့တဲ့နှစ် အင်းသားဆုံစည်းရာနေ့မှာ နိုင်ငံခြားသား ဧည့်သည်အဝင်မဆိုးဘူး။ ဖေါင်တော်ဦး ဘုရားပွဲနီးပါးလောက် စည်တယ်။ ဒီလိုပွဲမျိုး နှစ်တိုင်းလုပ်သွားမယ်ဆိုရင် ခရီးသွားလုပ်ငန်းအတွက်ရော၊ ဟိုတယ်လုပ်ငန်း အတွက်ပါ အကျိုးရှိတယ်" ဟု အင်းလေးကန်ရှိ ရွှေကျွန်းမျှော (၂)ဟိုတယ်မှ တာဝန်ခံမန်နေဂျာတစ်ဦးဖြစ်သူဦးခွန်မောင်နီက ပြောကြားသည်။

ရာကျော်လှေကြီးများဖြင့် စုစည်းညီညာစွာ နိုင်ငံတော် အလံသယ်ယူခြင်း၊ စုပေါင်း အလေးပြုခြင်း၊ လူထုအစည်းအဝေးပြုလုပ်ခြင်း၊ ရာကျော် လှေကြီးများကို အားမာန်အပြည့်ဖြင့် လှော်ခတ်အလှပြခြင်း၊ အင်းသားရိုးရာရေယာဉ်အကများ ကပြခြင်း၊ အင်းသွေးသစ်အဖွဲ့မှ တေးသီချင်း သီဆိုဖျော်ဖြေတင်ဆက်ခြင်း စသောဖျော်ဖြေရေးအစီအစဉ်များ ထိုနေ့တွင် ပါဝင်မည်ဖြစ်သည်။

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ပထမဆုံးအကြိမ် မယ်ပြိုင်ပွဲ ထည့်သွင်းကျင်းပမည်

**နိုင်ချို** **ရန်ကုန်၊ နိုဝင်ဘာ - ၉**

တောင်ကြီးမြို့တွင် နှစ်စဉ်ကျင်းပသော တန်ဆောင်တိုင်မီးပုံးပျံပွဲနှင့် မြို့လုံးကျွတ်မဟာဘုံကထိန်ပွဲတော်အား နိုဝင်ဘာ ၂၁ မှ ၂၉ ရက်(တန်ဆောင်မုန်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်) အထိ ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ်တွင် တန်ဆောင်တိုင်အလှမယ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဒီနှစ်တန်ဆောင်တိုင်ပွဲကို အရင်နှစ်ကထက် ထူးထူးခြားခြားပိုပြင်ထားပါတယ်။ Miss တန်ဆောင်တိုင်ပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမှာပါ။ ဒီပြိုင်ပွဲက ဒီနှစ်မှ ပထမဦးဆုံးအကြိမ် ကျင်းပတာပါ" ဟု ပွဲဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


တောင်ကြီးတန်ဆောင်တိုင်ပွဲကို အဝေရာကုန်း၌ ကျင်းပမည်ဖြစ်သည်။ ပွဲတော်ကာလအတွင်း နေ့လွှတ်အရုပ်မျိုးစုံ(ခြေနှစ်ချောင်း၊ ခြေလေးချောင်း၊အုပ်စုလိုက်၊ တစ်ကောင်ချင်း၊သင်းကွဲ၊ ရေသတ္တဝါ)ပြိုင်ပွဲ၊ ညမီးပုံးပျံ(ညမီးကြီးယမ်းဖောက်ခွဲအလှ)၊စိန်နားပန်ရောင်စုံမီးပဒေသာသရုပ်ဖော်)ပြိုင်ပွဲများ၊မီးပဒေသာအလှပြိုင်ပွဲနှင့်မြို့လုံးကျွတ်ဘုံကထိန်လှည့်လည်ပွဲများဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အားကစားပြိုင်ပွဲများ၊ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲများ၊ စူဠာမုနိဘုရားကုန်းတော်အတွင်းမသိုးသင်္ကန်းရက်ပြိုင်ပွဲ၊အလွတ်တန်းဓာတ်ပုံပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်သည်။

"တောင်ကြီးတန်ဆောင်တိုင်ပွဲအတွက် လက်မှတ်ကြိုတင်မှာကြတာ အခုဆိုတော်တော်ရောင်းရတယ်။ တောင်ကြီးပွဲက ပြင်ဦးလွင်ပွဲထက်လူသိပိုများတယ်။ကျွန်မတို့ဆီကငါးညအိပ်ခြောက်ရက်ခရီးစီစဉ်ပေးတယ်" ဟုစိန်ဝင်းနှင့် ရောင်းရင်းများခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲမှာ ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများလည်း စိတ်ဝင်စားသောမြန်မာ့ရိုးရာပွဲတော်တစ်ခုဖြစ်ကြောင်း၊ယခုနှစ်တွင်ခရီးသွားများပိုမိုလာရောက်နိုင်ကြောင်း Tun Myanmar ကုမ္ပဏီမှ ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဦးထွန်းမြတ်က ပြောသည်။



# Cartoon

The Cartoon Logo

























7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012







Photo - AFP

## တရုတ်-ဂျပန် အငြင်းပွားမှုများကြောင့် ဘေဂျင်း မာရသွန်ပြိုင်ပွဲတွင် ဂျပန်အပြေးသမားများ ပိတ်ပင်

**တိုကျို၊ နိုဝင်ဘာ - ၁၀**
ဘေဂျင်းမာရသွန်ပြိုင်ပွဲ စီစဉ်သူများသည် တရုတ်နှင့် ဂျပန်နှစ်နိုင်ငံအကြား ပိုင်နက်အငြင်းပွားမှုပြဿနာများကြောင့် ဂျပန်အပြေးသမားများကို လုံခြုံရေးအရ စိုးရိမ်ရ၍ ဘေဂျင်းမာရသွန်တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်လိုက်ကြောင်း သိရသည်။

ဂျပန်သတင်းစာ အဆာဟိရှင်ဘွန်း၏ အွန်လိုင်းသတင်းတွင် နိုဝင်ဘာ ၂၅ ၌ ကျင်းပမည့် ဘေဂျင်းမာရသွန်နှင့် ပတ်သက်၍ "သူတို့အနေနဲ့ တရုတ်လူမျိုးတွေ အပါအဝင် ပြိုင်ပွဲမှာ တခြားနိုင်ငံသားတွေကိုလည်း ပြိုင်ကြဖို့ ရွေးချယ်တယ်ဆိုရင် ဂျပန်အပြေးသမားတွေလည်း ပါဝင်နိုင်မှာပါ" ဟု ထောက်ပြထားသည်။

သို့သော် ဘေဂျင်းမာရသွန်ပြိုင်ပွဲကျင်းပရေးကော်မတီသည် အားကစားသမားများ၏ လုံခြုံရေးအတွက် ယခုဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆာဟိရှင်ဘွန်း သတင်းစာ၏ အဆိုအရ ဘေဂျင်းမာရသွန်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လူပေါင်း ၂၆,၀၀၀ ဦး စာရင်းပေးထားကြောင်း သိရသည်။

—*Ref: AFP*

## သီရိလင်္ကာအကျဉ်းထောင် ထကြွမှု လူ ၂၇ ဦး သေဆုံး

**ကိုလံဘို၊ နိုဝင်ဘာ - ၁၀**
သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘိုရှိဝဲလီကာဒါအကျဉ်းထောင်၌ အကျဉ်းသားများနှင့် အကျဉ်းထောင်အစောင့်ကြပ်သူများအကြားတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ရာအနည်းဆုံးလူ ၂၇ ဦးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အကျဉ်းထောင်အရာရှိများက တရားမဝင်ပစ္စည်းများအားရှာဖွေနေစဉ် လုံခြုံရေးယူထားရန် ရဲတပ်ဖွဲ့ကွန်မန်ဒိုများ ရောက်ရှိလာချိန်တွင် အကြမ်းဖက်မှုများ စတင်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အကျဉ်းသားအချို့က လက်နက်များရယူခဲ့ပြီးနောက်ပိုင်း ပစ်ခတ်မှုများဖြစ်ပေါ်လာခဲ့ပြီးအကျဉ်းထောင် အစောင့်အကြပ်များကလည်း ထွက်ပြေးရန်ကြိုးစားသော အကျဉ်းသားများကို ပစ်ခတ်ခဲ့သည်ဟု မျက်မြင်သက်သေများက ပြောသည်။

ယင်းတိုက်ခိုက်မှုများအတွင်း သေဆုံးသူအများစုမှာ အကျဉ်းသားများဖြစ်ပြီး ဒါဇင်နှင့်ချီသောလူများလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ ယခုအခါတွင် အခြေအနေကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း အကျဉ်းထောင်မှ အာဏာပိုင်များက ပြောကြားသည်။ သို့ရာတွင် အစိုးရဝန်ကြီးတစ်ဦးက ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသားများအားရှာဖွေနေပြီဖြစ်ကြောင်း ပြောသည်။

အဆိုပါ အကျဉ်းထောင်တွင် အကျဉ်းသား ၄,၀၀၀ ခန့်ထိန်းသိမ်းထားပြီး ယခင်ကလည်း ပြဿနာတက်ခဲ့ဖူးသည် ။ အကျဉ်းထောင်အတွင်းဝင်ရောက်လာသော ရာနှင့်ချီသည့် ရဲတပ်ဖွဲ့ကွန်မန်ဒိုများအား အကျဉ်းသားများက ဝန်းရံမိသွားချိန်တွင် ပြဿနာစတင်ဖြစ်ပွားခဲ့ပြီးကွန်မန်ဒိုများက မျက်ရည်ယိုဗုံးများအသုံးပြုရာမှလက်နက်လုယက်တိုက်ခိုက်မှုများရှိလာကာ ယင်းသို့ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

—*Ref: BBC*

## ပါတီတွင်းခြစားမှု ပြဿနာ ကိုင်တွယ်ရမည်ဟု သမ္မတ ဟူကျင်တောင် ပြောကြား

**ဘေကျင်း၊ နိုဝင်ဘာ - ၁၀**
ကျင်းပလျက်ရှိသော တရုတ်ကွန်မြူနစ်ပါတီ ကွန်ဂရက်တွင် ရာထူးမှအနားယူတော့မည့်လက်ရှိပါတီ ခေါင်းဆောင် သမ္မတဟူကျင်တောင်က ပါတီတွင်းခြစားမှု ပြဿနာကို သေချာစွာကိုင်တွယ်ရမည်ဖြစ်ကြောင်း ထောက်ပြပြောဆိုသွားသည်။



ဘေကျင်းရှိ ပြည်သူ့ခန်းမဆောင်ကြီးတွင် ပြုလုပ်လျက်ရှိသောပါတီကွန်ဂရက် သို့တက်ရောက်လာသည့် ကိုယ်စားလှယ်ပေါင်း ၂,၂၀၀ ကျော်အားမိန့်ခွန်းပြောကြားရာ၌ ဟူက "ကျွန်တော်တို့ ဒီကိစ္စကို ကောင်းကောင်းမကိုင်တွယ်ရင် ပါတီကို သေလောက်အောင်ဒဏ်ရာရစေပြီး ပါတီပြိုလဲမှု၊ နိုင်ငံတော်ကျဆုံးမှုတို့ ဖြစ်သွားနိုင်ပါတယ်" ဟုပြောသည်။ သို့သော် ၎င်း၏ ပါတီသို့ တင်သွင်းသည့်အစီရင်ခံစာတွင်ပြုပြင်ပြောင်းလဲရေးအတွက်ရှေ့တိုးဆောင်ရွက်မှု အနည်းငယ်သာ ပါဝင်ကြောင်း ဆန်းစစ်သူများကဆိုသည်။

တရုတ်အရှေ့ပိုင်းရှန်တုန်တက္ကသိုလ်မှ အငြိမ်းစားပညာရှင်ဆွန်ဝမ်ကွမ်က "ပါတီဟာ ပိုပြီးခြစားလာနေပါတယ်။ ခြစားမှုအပြင် ငွေကြေးလာဘ်ထိုးမှုနဲ့လာဘ်စားမှုတွေကပါတီရဲ့ပုံရိပ်ကိုထိခိုက်ခဲ့ပါတယ်။ ပါတီဟာရင်ဆိုင်နေရတာကို ဖြေရှင်းနိုင်တဲ့အာဏာ မရှိဘူးဆိုရင် လူမှုအကျပ်အတည်းတစ်ရပ်၊ စီးပွားရေးအကျပ်အတည်း (သို့မဟုတ်) နိုင်ငံတကာ အကျပ်အတည်းတစ်ရပ် ဆီတောင်ဦးတည်သွားစေပါလိမ့်မယ်" ဟုအေအက်ဖ်ပီသို့ပြောသည်။

ယခုအခါ ဟူကျင်တောင်၏ ဦးဆောင်မှု သက်တမ်းအပြီး ၎င်း၏နေရာဆက်ခံဖွယ်ရှိသည့် စီကျင်းပင်သည် ပြည်ပပို့ကုန်နှင့် ရင်းနှီးမြှုပ်နှံမှုတို့အပေါ် မှီခိုနေရသော နိုင်ငံ၏စီးပွားရေးကိုပုံစံသစ်ဖြင့် အားကောင်းအောင်လုပ်ရေး၊ ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားလာခြင်းနှင့်အခြားပြဿနာများကို ဆက်ခံရင်ဆိုင်ရဖွယ်ရှိသည်ဟု ဆန်းစစ်သူများက ပြောကြားသည်။

—*Ref: AFP*

## တိုယိုတာကုမ္ပဏီ အင်ဒိုနီးရှားတွင် ငါးနှစ်အတွင်း ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ထပ်မံမြှုပ်နှံမည်

**တိုကျို၊ နိုဝင်ဘာ - ၁၀**
ဂျပန်တိုယိုတာကုမ္ပဏီအုပ်စုသည် အင်ဒိုနီးရှားနိုင်ငံတွင် ၎င်း၏မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းကိုတိုးချဲ့သည့်အနေဖြင့် လာမည့်ငါးနှစ်အတွင်း ရူပီးယား ၁၃ ထရီလီယံ (ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ) ခန့်ရင်းနှီးမြှုပ်နှံသွားမည်ဟု ပြောကြားသည်။ ယင်းအုပ်စုမှ ထုတ်ပြန်သော ကြေညာချက်၌ တိုယိုတာ မော်တာကုမ္ပဏီနှင့် ၎င်း၏ကုမ္ပဏီခွဲ ငါးခုသည် အင်ဒိုနီးရှားဈေးကွက်အတွင်း မကြာသေးမီနှစ်များက တိုးတက်မှုမြင်တွေ့ရ၍ ထိုသို့ရင်းနှီးမြှုပ်နှံရန် စဉ်းစားခဲ့ကြောင်း ဆိုသည်။

တိုယိုတာ၏ ယခုရင်းနှီးမြှုပ်နှံမှုသည် အလုပ်အကိုင်သစ်ပေါင်း ၉,၀၀၀ ခန့် ဖန်တီးပေးနိုင်မည်ဖြစ်ကာ အင်ဒိုနီးရှား၌ တိုယိုတာ၏ စုစုပေါင်းလုပ်သားဦးရေ ၄၁,၀၀၀ ခန့် ရှိလာစေမည်ဖြစ်သည်။

တိုယိုတာ၏ အင်ဒိုနီးရှားကုမ္ပဏီခွဲ တိုယိုတာမော်တော်ယာဉ်ထုတ်လုပ်ရေး အင်ဒိုနီးရှား (TMMIN) သည် ဂျကာတာအပြင်ဘက် ကာရဝမ်၌ စက်ရုံနှစ်ရုံတည်ထားပြီး ယင်းမှ တစ်နှစ်လျှင်ကားစီးရေ ၁၁၀,၀၀၀ ခန့် ထုတ်လုပ်နေသည်။ အင်ဒိုနီးရှားသည် အရှေ့တောင်အာရှ၏အကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်ပြီး ယခုနှစ် တတိယသုံးလပတ်ဘဏ္ဍာရေးကာလတွင် စီးပွားရေးတိုးတက်မှု ၆ ဒသမ ၂ ရာခိုင်နှုန်းရခဲ့ကြောင်း ကြေညာခဲ့သည်။

—*Ref: AFP*





# Leader's Profile

## Yahoo! ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် မေယာ

ရဲမင်း

မာရစ်ဆာ၊ အန်း၊ မေယာသည် အမေရိကန်စီးပွားရေးအမှုဆောင်အရာရှိတစ်ဦးဖြစ်ပြီး အင်တာနက်လုပ်ငန်း ကုမ္ပဏီကြီး Yahoo! ၏လက်ရှိ အမှုဆောင်အရာရှိချုပ် ဖြစ်သည်။ ယင်းမတိုင်မီက မစ္စက်မာရစ်ဆာသည် ဂူးဂဲလ်ကုမ္ပဏီ၏အလုပ်အမှုဆောင်နှင့် ပြောရေးဆိုခွင့်ရှိသူအဖြစ်အချိန်ကြာမြင့်စွာ လုပ်ဆောင်ခဲ့သည်။ Fortune 500 ကုမ္ပဏီတစ်ခု၏ အငယ်ဆုံး အမှုဆောင်အရာရှိချုပ်လည်းဖြစ်သူ မစ္စက်မာရစ်ဆာသည် ၂၀၁၂ ခုနှစ်အတွင်း အမေရိကန်နိုင်ငံ၏ ဩဇာအကြီးမားဆုံးအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်စာရင်းတွင်နံပါတ်(၁၄) နေရာ၌ ရပ်တည်နေသည်။

မာရစ်ဆာကို ၁၉၇၅ ခုနှစ် မေလ ၃၀ ရက်က အမေရိကန်နိုင်ငံ ဝစ်ကွန်ဆင်ပြည်နယ် ဝေါင်ဆောမြို့၌ မွေးဖွားခဲ့သည်။ မာရစ်ဆာ၏ဖခင်မှာ အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး မိခင်မှာ ဖင်လန်မျိုးနွယ်အနုပညာဆရာမဖြစ်သည်။ မာရစ်ဆာသည် ၁၉၉၃ ခုနှစ်တွင် ဝေါင်ဆောအထက်တန်းကျောင်းမှ အောင်မြင်ခဲ့ပြီး ဝစ်ကွန်ဆင်ပြည်နယ်အား ကိုယ်စားပြု၍ အမျိုးသားလူငယ်သိပ္ပံစခန်းသွင်း လေ့ကျင့်မှုအစီအစဉ်တွင်ပါဝင်ခွင့်ရရှိခဲ့သည်။ ပြည်နယ်တစ်ခုလျှင် နှစ်ဦးသာ ရွေးချယ်ခံရသည့်အစီအစဉ်ဖြစ်သည်။

ယင်းနောက် မာရစ်ဆာသည် စတန်းဖို့ဒ် တက္ကသိုလ်မှ သိပ္ပံဘွဲ့ရရှိပြီး နောက်ပိုင်းတွင် မာစတာဘွဲ့လည်းထပ်မံရရှိခဲ့သည်။

မာရစ်ဆာသည် ၁၉၉၉ ခုနှစ်တွင် ဂူးဂဲလ်ကုမ္ပဏီ၌ ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ဂူးဂဲလ်၏ ပထမဦးဆုံး အမျိုးသမီးအင်ဂျင်နီယာတစ်ဦးဖြစ်သည်။ မာရစ်ဆာသည် ဂူးဂဲလ်ကုမ္ပဏီတွင် ၁၃ နှစ်ကြာ လုပ်ကိုင်ခဲ့ပြီး အင်ဂျင်နီယာ၊ ဒီဇိုင်နာ၊ ထုတ်ကုန်မန်နေဂျာ၊ အမှုဆောင်အရာရှိစသည့် တာဝန်များ အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။

ထို့အပြင် မာရစ်ဆာသည် Google Search, Google Images, Google News, Google Maps, Google Books, Google Product Search, Google Toolbar, Google and Gmail စသော ဂူးဂဲလ်၏ ကဏ္ဍအများအပြားတွင် အရေးပါသော နေရာမှ ပါဝင်၍ တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စက်မာရစ်ဆာသည် ဂူးဂဲလ်ကုမ္ပဏီမှ မထွက်ခွာမီ Local, Maps and Location Services ဌာန၏ ဒုတိယဥက္ကဋ္ဌ၊ Search Products and User Experience ဌာန၏ ဒုတိယဥက္ကဋ္ဌ အဖြစ်တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဂူးဂဲလ်ကုမ္ပဏီ၌အလုပ်မဝင်မီ ဆွစ်ဇာလန်နိုင်ငံ UBS သုတေသနနှင့်အမေရိကန်နိုင်ငံ SRI International ကုမ္ပဏီများတွင်လည်း အလုပ်လုပ်ကိုင်ခဲ့သူ မစ္စက်မာရစ်ဆာသည် ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၆ ရက် တွင် Yahoo! ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်နှင့်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသည်။

မစ္စက်မာရစ်ဆာသည်ရှေ့နေနှင့်ရင်းနှီးမြှုပ်နှံသူ ခင်ပွန်းသည် ဇာချာရီဘိုဂေးနှင့် ၂၀၀၉ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး သားတစ်ဦးထွန်းကားထားသည်။

*—Ref: Wikipedia*

နောက်ကျောဖုံး မှ

## ဘီဘီစီသတင်းဌာန အကြီးအကဲ နုတ်ထွက်

"ထုတ်လုပ်ရေးမှူးအဖြစ် ၂၃ နှစ် အတွေ့အကြုံရှိပြီး ဘီဘီစီရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သူ ကျွန်တော့်ကို ညွှန်ချုပ်ရာထူးအတွက် ခန့်အပ်လိုက်တဲ့ အချိန်တုန်းက အမှုဆောင်လူကြီးတွေဟာ ဒီနေရာအတွက် အကောင်းဆုံးလူကို ရွေးချယ်ခဲ့တယ်။ ရှေ့မှာတွေ့ရမယ့် အခွင့်အရေးတွေ၊ စိန်ခေါ်မှုတွေအတွက် အသင့်တော်ဆုံးလူကို ရွေးချယ်ခဲ့တယ်လို့ ကျွန်တော် ယုံကြည်ခဲ့ပါတယ်"ဟု ၎င်းကပြောကြားသည်။

"သို့သော်လည်း လွန်ခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်ကတစ်မူထူးခြားတဲ့ အဖြစ်အပျက်တွေကနေပြီးဘီဘီစီဟာခေါင်းဆောင်အသစ်တစ်ဦး ရွေးချယ်သင့်တယ်လို့ အပြီးသတ်ဆုံးဖြတ်ခဲ့ပါတယ်" ဟု မစ္စတာအန့်ဝှစ်တယ်ကပြောကြားသည်။ ဘီဘီစီသတင်းဌာန၏ အယ်ဒီတာချုပ်လည်းဖြစ်သူ မစ္စတာအန့်ဝှစ်တယ်သည် ညွှန်ကြားရေးမှူးချုပ်အဖြစ် ၅၄ ရက်သာ တာဝန်ထမ်းဆောင်ရသေးစဉ် နုတ်ထွက်သွား၍ ဘီဘီစီ၏ သက်တမ်းအတိုဆုံးညွှန်ချုပ်အဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

*—Ref: Time/Internet*

နောက်ကျောဖုံး မှ

## အစ္စရေး-ဆီးရီးယား တင်းမာမှုများ အရှိန်မြင့်လာနိုင်ကြောင်း ဘန်ကီမွန်း သတိပေး

ဂိုလန်ကုန်းမြေမြင့်တွင်ရှိသော အစ္စရေးစခန်းတစ်ခုဆီသို့ ဆီးရီးယားဘက်မှ မော်တာကျည်ဆန်ကျရောက်ခဲ့ပြီးနောက် အစ္စရေးက ဆီးရီးယားနိုင်ငံတွင်းသို့ သတိပေးပစ်ခတ်မှုများဖြင့် တုံ့ပြန်ခဲ့သည်။

"တင်းမာမှုတွေ မြင့်တက်လာမှာကို အတွင်းရေးမှူးချုပ်က စိုးရိမ်ပူပန်နေပါတယ်"ဟု ကုလပြောရေးဆိုခွင့်ရှိသူ မာတင်နီဆာကီကပြောကြားသည်။ အတတ်နိုင်ဆုံး ချုပ်တည်းကြရန် မစ္စတာဘန်ကီမွန်းက ပြောကြားပြီး ကုလသမဂ္ဂတပ်ဖွဲ့များ ကင်းလှည့်စောင့်ကြည့်နေသည့် စစ်ရေးကင်းမဲ့ဇုန်ရှိရာ အပစ်အခတ်ရပ်စဲထားသည့် ဒေသအတွက် ၁၉၇၄ ခုနှစ် သဘောတူညီချက်အား နှစ်ဖက်စလုံးက လိုက်နာစောင့်ထိန်းကြရန် ၎င်းကတိုက်တွန်းထားသည်။

အပစ်အခတ်ရပ်စဲရေး မျဉ်းတစ်လျှောက် မည်သည့်ပစ်ခတ်မှုမျိုးကိုမဆို ရပ်ဆိုင်းထားရမည်ဖြစ်ကြောင်း မစ္စတာဘန်ကီမွန်းက ထပ်လောင်းပြောကြားသည်။ လပေါင်း ၂၀ ကြာမြင့်လာသော ဆီးရီးယားပဋိပက္ခသည် အိမ်နီးချင်း အစ္စရေး၊ လက်ဘနွန်နှင့် တူရကီနိုင်ငံများသို့ လျှံထွက်လာနိုင်ကြောင်း မစ္စတာဘန်ကီမွန်းက အကြိမ်ကြိမ်သတိပေးထားသည်။

*—Ref: AFP*

နောက်ကျောဖုံး မှ

## တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ ပိုင်ဆိုင်မှု ကြေညာသည့်အစီအစဉ် ချမှတ်ဖွယ်ရှိ



ကွန်ဂရက် ဆွေးနွေးပွဲအတွင်း နိုင်ငံခြားသတင်းထောက်တစ်ဦး၏မေးခွန်းကိုဖြေကြားရာ၌မစ္စတာဝမ်ယန်က "တရုတ်အရာရှိတွေဟာ ဗဟိုစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပိုင်ဆိုင်မှုတွေကို အများသိအောင် တစ်ဆင့်ချင်းထုတ်ဖော်သွားတော့မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"ဟု ပြောသည်။

ရှန်ဟိုင်းပါတီအကြီးအကဲ ယူကလည်း ရှန်ဟိုင်းတွင် အာဏာပိုင်များ၏ ပိုင်ဆိုင်မှုများကို တရားဝင်ကြေညာသည့်စနစ် ပြုလုပ်မည်ဟုပြောသည်။

တရုတ်အာဏာရကွန်မြူနစ်ပါတီခေါင်းဆောင်များသည် လာဘ်ပေးလာဘ်ယူမှု၊ ချမ်းသာကြွယ်ဝစွာနေထိုင်မှု ဘဝဟန်ပန်၊ အမြောက်မယ်များစွာရှိခြင်းစသည့် စွပ်စွဲချက်များနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ၎င်းတို့၏ အာဏာဆုပ်ကိုင်ထားမှုအပေါ် တာဝန်ခံမှုရှိရန် တောင်းဆိုမှုများ ပိုများလာခဲ့သည်။ မကြာသေးမီက ကွန်ဂရက်၌ ပြောကြားသော မိန့်ခွန်းတွင်လည်း သမ္မတဟူကျင်တောင်က အကျင့်ပျက်ခြစားမှုသည် ပါတီကိုထိခိုက်ပြိုလဲစေနိုင်ကြောင်း ပြင်းထန်စွာသတိပေးခဲ့သည်။ ယခုနှစ် အစောပိုင်းက ဘလွန်းမ်ဘတ်ဂ်သတင်းတစ်ခုတွင်ကွန်ဂရက်၌ပါတီအကြီးအကဲသစ်ဖြစ်လာရန် သေချာနေပြီးလာမည့်နှစ်တွင် သမ္မတဖြစ်လာဖွယ်ရှိသည့် ဒုသမ္မတ ရှီကျင်းပင်၏ ပိုင်ဆိုင်မှုများမှာ ကန်ဒေါ်လာ ၃၇၆ သန်းခန့်ရှိကြောင်း ခန့်မှန်းဖော်ပြခဲ့သည်။

*—Ref: AFP*

စာမျက်နှာ (၄၆) မှ

## တိုင်းမ်မဂ္ဂဇင်း၏ ဘေဂျင်းပြူရိုအကြီးအကဲ ဟန်နာဘိချ်နှင့် တွေ့ဆုံခြင်း

**တရုတ်ပြည်ရဲ့ Weibo လူမှုကွန်ရက် ဝက်ဘ်ဆိုက်အကြောင်း နည်းနည်းပြောပြနိုင်မလား။**

ဒီဆိုက်က (အမေရိကန်က လူမှုကွန်ရက်) Twitter လိုပါပဲ။ ဒါပေမဲ့ပိုကောင်းတယ်။ အဲဒီထဲက လူများစုက ပြဿနာတွေကို မဖြစ်စေဘဲ အားကစားနဲ့ ဖျော်ဖြေရေးအကြောင်း ပြောချင်ကြရုံသက်သက်ပါ။ တရုတ်ခေါင်းဆောင်ပိုင်းအတွင်းမှာလည်း လူမှုမကျေနပ်မှုပြဿနာရှိတယ်ဆိုတာ သိနားလည်ထားကြပြီး ဒီလူတွေဟာ ဒါကိုဖြေလျှော့ဖို့ နည်းလမ်းတွေလိုတယ်ဆိုတာ သိထားကြပါတယ်။ Weibo ကဒါမျိုးကို လုပ်ပေးဖို့ပါ။ အဲဒါက လူတွေကို ကိုယ့်ကိုယ်ကိုယ် ဖော်ပြစေပြီး အင်တာနက်သုံးတာ ဖိအားလျှော့ချစေတယ်။ ပြဿနာရှိတာက ဒါဟာ လှုပ်ရှားမှုတစ်ခုကို လှုံ့ဆော်နိုင်တာပါ။ Weibo ဟာအရေးကြီးတယ်။ ဘာ့ကြောင့်လဲဆိုတော့ သာမန်လူတစ်ဦးဟာ ဒေသခံအာဏာပိုင်တစ်ယောက်လာဘ်စားတာနဲ့ပတ်သက်လို့ ရေးသားနိုင်သလို အဲဒါကလည်း အပြောင်းအလဲကို တကယ်အကျိုးသက်ရောက်စေနိုင်ပါတယ်။ ဒါပေမဲ့ ဒီမှာရှိနေတဲ့ အမြင်မှားတစ်ရပ်က ခြစားမှုကိစ္စဟာ အောက်ခြေပြဿနာဖြစ်တယ်။ အစိုးရရဲ့ အမြင့်ပိုင်းအဆင့်ကို မရောက်ဘူးဆိုတာပေါ့။ ပိုရှီးလိုင်အမှုက ပြလိုက်တာကတော့ ခြစားမှုဟာ အဆင့်တိုင်းမှာ ရှိနေတယ်ဆိုတာပါပဲ။ တရုတ်ခေါင်းဆောင်ပိုင်းကတော့ ခြစားမှုအကြောင်း လူတွေအွန်လိုင်းမှာ ပြောလို့ ဗဟိုခေါင်းဆောင်မှုကို တိုက်ရိုက်ထိခိုက်မှာတော့ စိုးရိမ်ကောင်းစိုးရိမ်မှာပါ။

*—Ref: Behind the Story: Time Hannah Beech Discusses Unina's Next Lader, Xi Jinping. Time.*

နောက်ကျောဖုံး မှ

## အငြင်းပွားကျွန်းတစ်ခုပေါ်တွင် အခြေခံအဆောက်အအုံ ဆောက်လုပ်မှုများ တရုတ်အစိုးရ တိုးမြှင့်မည်

အဆိုပါကျွန်းမှာ အငြင်းပွားနေသော ပါရာဆယ်ကျွန်းစုမှ တစ်ခုဖြစ်သည့် ရောင်ရှင်းကျွန်းဖြစ်ကာ ထိုကျွန်းတွင် ဆန်ရှာမြို့တော်သစ်အတွက် ရေသွင်းရေထုတ်စနစ်များ၊ လမ်းများဖောက်လုပ်တည်ဆောက်မည်ဟု ဟိုင်နန်ပြည်နယ်တောင်ပိုင်း ကွန်မြူနစ်ပါတီအတွင်းရေးမှူး လွှာပေါင်မင်းက ပြောသည်။ မစ္စတာလွှာက ဘေဂျင်းအစိုးရသည် ဒေသတွင်း၌ ၎င်း၏တရားဝင်ရပိုင်ခွင့်များကို ရယူသွားမည်ဖြစ်ကြောင်း ပြောသည်။ တရုတ်အစိုးရသည် ဇူလိုင်လက ဆန်ရှာကျွန်းတွင် မြို့တော်သစ်တစ်ခုနှင့် စစ်တန်းလျားများ တည်ဆောက်သွားမည်ဟု ကြေညာခဲ့မှုကြောင့် ကျွန်းပိုင်ဆိုင်မှု အငြင်းပွားနေသော ဗီယက်နမ်နိုင်ငံကို ဒေါသထွက်စေခဲ့သည်။ ဟိုင်နန်ပြည်နယ်၏ ထိန်းချုပ်မှုအောက်တွင်ရှိနေသော ထိုကျွန်းသည်နိုင်ငံများစွာနှင့်အငြင်းပွားနေသောစပရက်တလေကျွန်းစုများနှင့် ပါရာဆယ်ကျွန်းများ၊ မက်ကလက်စ်ဖီးလ်ကမ်းခြေတို့ ပါဝင်နေသော ဒေသဖြစ်၍ အုပ်ချုပ်ရေးအရ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ဟိုင်နန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး လွှာပေါင်မင်းက "တောင်တရုတ်ပင်လယ်ထဲမှာ ကျွန်တော်တို့ရဲ့ တရားဝင်အခွင့်အရေးတွေ လုံခြုံစိတ်ချဖို့အတွက် အခုအခါမှာ သက်ဆိုင်ရာဌာနတွေကြားပူးပေါင်းဆောင်ရွက်ပြီး စုစည်းညီညွတ်တဲ့ ထိရောက်မှုရှိတဲ့ ဥပဒေပြဋ္ဌာန်းရေးအဖွဲ့တစ်ခု တည်ထောင်ဖို့လုပ်ဆောင်နေပါတယ်" ဟုပြောသည်။

တရုတ်အစိုးရသည်သင်္ဘောလမ်းကြောင်းများရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ ရှိနိုင်သည်ဟုယူဆရသောတောင်တရုတ်ပင်လယ်ကို ပိုင်ဆိုင်သည်ဟုဆိုထားသည်။ ထိုင်ဝမ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘရူနိုင်းနှင့် မလေးရှားနိုင်ငံတို့ကလည်း ယင်းပင်လယ်၏ နယ်မြေအချို့ကို ပိုင်ဆိုင်ကြောင်းဖြင့် တရုတ်အစိုးရနှင့် အငြင်းပွားနေကြသည်။

*—Ref: AFP*

7DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012



# “ တရုတ်ခေါင်းဆောင်မှု အပြောင်းအလဲရဲ့ ရလဒ်က ကမ္ဘာတစ်ဝန်းလုံးအတွက် အရေးကြီးတယ်

## တိုင်းမ်မဂ္ဂဇင်း၏ ဘေဂျင်းဗြူရိုအကြီးအကဲ ဟန်နာဘိချ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

Photo - Wikipedia

အမေရိကန်သမ္မတရွေးကောက်ပွဲအပြီးကမ္ဘာက ထပ်မံစောင့်ကြည့်ရတဲ့ခေါင်းဆောင်မှု အပြောင်းအလဲနောက်ထပ် ဖြစ်လာနိုင်ဖွယ်ရှိတဲ့ နိုင်ငံကြီးတစ်နိုင်ငံကတော့ ကမ္ဘာ့လူဦးရေအများဆုံး ကွန်မြူနစ်တရုတ်ပြည်မှာပါပဲ။ ယခုအခါ တရုတ်အာဏာရကွန်မြူနစ်ပါတီရဲ့ (၁၈) ကြိမ်မြောက် ပါတီကွန်ဂရက်ကို နိုဝင်ဘာ ၈ ရက်ကစတင်ကျင်းပခဲ့ပြီး နိုင်ငံရဲ့ဆယ်စုနှစ်တစ်ခုမှာ တစ်ကြိမ်ခေါင်းဆောင်မှုအပြောင်းအလဲ စတင်တော့မှာဖြစ်လို့ကမ္ဘာတစ်ဝန်းမှလေ့လာစောင့်ကြည့်မှုတွေ တိုးပွားနေပါတယ်။ တရုတ်ပြည်ဟာ ဆက်လက်တိုးတက်နေပေမယ့်ကြွယ်ဝမှုအရာမှာ မညီမျှခြင်း၊ လူထုဆန္ဒပြမှုများ တိုးပွားလာခြင်း၊ လူငယ်မျိုးဆက်သစ်တွေ ဟာလည်းကြွယ်ဝမှုနဲ့အတူ ပိုကောင်းတဲ့ နိုင်ငံရေးလွတ်လပ်ခွင့်ကို ရယူဖို့ ဆန္ဒပိုပြင်းပြလာနေကြပါတယ်။ ဒီအတောအတွင်း မကြာမီသမ္မတအဖြစ်က အနားယူတော့မယ့်ပါတီအထွေထွေအတွင်းရေးမှူးချုပ် ဟူကျင်တောင်နေရာကို ဗဟိုစစ်ကော်မရှင်ဒုဥက္ကဋ္ဌ၊ နိုင်ငံတော်ဒုသမ္မတဖြစ်သူ စီကျင်းပင်ကဆက်ခံပြီး ဝန်ကြီးချုပ်ဝမ်ကြားပေါင် (ပါတီပေါ်လစ်ဗြူရိုကော်မတီဝင်) နေရာကို (အခြားကော်မတီဝင်တစ်ဦးဖြစ်သူ) ဒုဝန်ကြီးချုပ်လီကီကျန်းက ဆက်ခံဖို့ ရှိတယ်လို့လည်း သုံးသပ်နေကြပါတယ်။ ဒ့ါကြောင့် တိုင်းမ်မဂ္ဂဇင်းဟာ ၎င်းတို့မဂ္ဂဇင်းရဲ့ တရုတ်ဗြူရိုအကြီးအကဲ ဖြစ်ပြီး အရှေ့အာရှသတင်းထောက်လည်းဖြစ်တဲ့ဘေဂျင်းအခြေစိုက် တရုတ်ရေးရာကျွမ်းကျင်သူ ဟန်နာဘိချ်နဲ့ တွေ့ဆုံကာတရုတ်ရဲ့နောက်တက်မယ့်ခေါင်းဆောင်သစ် ဖြစ်လာနိုင်ခြေရှိသူ စီကျင်းပင်းအကြောင်းဆွေးနွေးမေးမြန်းထားတဲ့ အင်တာဗျူးကို ဖော်ပြခဲ့ပါတယ်။ ယခုအင်တာဗျူးကတစ်ဆင့် ကောက်နုတ်ဖော်ပြလိုက်ပါတယ်။

**အခုဒီခေါင်းဆောင်မှုအာဏာအလွှဲအပြောင်းဟာ တရုတ်ပြည်မကြီးကို အုပ်ချုပ်နေကြပုံနည်းလမ်းမှာအရေးကြီးတဲ့ ကာလတစ်ခုဖြစ်လာနိုင်ပါသလား။**

ပြောင်းလဲလာလိမ့်မယ်လို့တော့ ကျွန်မတို့မျှော်လင့်ပါတယ်။ ဒီဇာတ်လမ်းမှာ အရေးကြီးတဲ့တစ်ချက်ကတော့ စီးပွားရေးအရဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်လာတာ (စီးပွားရေးအရ တစ်ကမ္ဘာလုံးလွှမ်းခြုံပတ်သက်လာတာ) ဖြစ်ပါတယ်။ အနာဂတ်မှာလည်းတရုတ်မှာ နိုင်ငံရေးအပြောင်းအလဲ တစ်မျိုးမျိုး ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်တာလည်း ရှိနေကြပါတယ်။ မေးခွန်းက ဘယ်အချိန်၊ ဘယ်လိုဖြစ်မလဲဆိုတာရယ်ပါ။ ကွန်မြူနစ်ပါတီဟာ ထိန်းချုပ်မှုတွေလျှော့ပေးပြီး တခြားသောပြုပြင်ပြောင်းလဲမှုတွေဖော်ဆောင်မှာလား။ အဆိုးဆုံးအနေအထားမှာတောင် ရုတ်တရက် အပြောင်းအလဲလည်းဖြစ်မှာပါ။ တရုတ်ဟာလည်း တော်လှန်ရေးလှုပ်ရှားမှုနဲ့ ပြည့်ဝသွားမှာပါ။ တိုင်းပြည်ဟာ စီးပွားရေးအရပိုလွတ်လပ်လာပေမယ့် ပြီးခဲ့တဲ့ ၁၀ နှစ်လောက်က ထက်ပိုမများပေမယ့် ဖိနှိပ်မှုရှိနေဆဲပါ။ စီကျင်းပင်းမှာ ပုဂ္ဂိုလ်ရေးအရပြုပြင်ပြောင်းလဲရေး စွမ်းရည်တို့စစ်မှန်တဲ့ အပြောင်းအလဲတစ်ခုခုကို အကျိုးသက်ရောက်စေမယ့် ဩဇာအာဏာ ဒါမှမဟုတ် သင့်တော်တဲ့ အရည်အချင်းတွေရှိလာမလားဆိုတာ ကျွန်မတို့ အခုထိမသိရသေးပါဘူး။

**တရုတ်ရဲ့ ဒီခေါင်းဆောင်မှုအသွင်ကူးပြောင်းရေးဟာ နိုင်ငံတကာအဆင့်မှာ ဘယ်လောက်အရေးကြီးပါသလဲ။**

တရုတ်အစိုးရက ဒီအပြောင်းအလဲကို လူတွေကို သတိမထားမိစေချင်ကြဘူး။ သူတို့က ဒီတက်ကနိုကရက် (နိုင်ငံကိုဦးဆောင်သူ ကျွမ်းကျင်ပညာရှင်တစ်စုရဲ့) အာဏာလွှဲပြောင်းမှုကို ဖြစ်နိုင်သမျှ သပ်သပ်ရပ်ရပ်ဖြစ်စေချင်ကြတာပါ။ အခြားသော အပြောင်းအလဲကာလတွေနောက်မှာ လိုက်လာတဲ့ အကြမ်းဖက်မှုတစ္ဆေကို သူတို့ကြောက်လန့်ခဲ့ကြတယ်လေ။ ဒီလိုပေးထားတဲ့ သတင်းစကားကဆိုလိုတာကတော့ ကွန်မြူနစ်ပါတီအာဏာကိုင်စွဲထားသရွေ့ ဘယ်သူက ခေါင်းဆောင်တယ်ဆိုတာတကယ်ပဲ အရေးမပါတော့ပါဘူး။ ဒီအပြောင်းအလဲရဲ့ ရလဒ်က တရုတ်ရော၊ ကမ္ဘာတစ်ဝန်းလုံးအတွက်ပါ သိပ်အရေးကြီးတယ်ဆိုတာက တရုတ်ဟာ ကမ္ဘာမှာ ဒုတိယအကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်နေလို့ပါ။ နိုင်ငံရေးအရလည်း အရေးကြီးပါတယ်။ အကြောင်းကတော့ တရုတ်ဟာ (အိမ်နီးချင်းနိုင်ငံတွေနဲ့) နယ်မြေပိုင်နက်အငြင်းပွားမှုတွေမှာ ပိုပြီးအသံကျယ်လာသလို သူရဲ့ နိုင်ငံတကာဆိုင်ရာ အသံကိုလည်း ကုလသမဂ္ဂမှာ များများပိုသုံးလာနေလို့ပါ။

**တရုတ်နိုင်ငံမှာဆန္ဒပြမှုတွေနဲ့ဆက်နွယ်နေတဲ့ကိစ္စအရေအတွက်တွေ ပိုများလာတယ်လို့ ခင်ဗျားရေးဖူးတယ်နော်။ ဘာ့ကြောင့် အခုကျမှ လူတွေက ဒီအန္တရာယ်ကို ယူကြဖို့ ဆန္ဒရှိလာနေတာလဲ။**

တချို့လူတွေအတွက်တော့ သူတို့ဟာ ဘယ်လို ရင်းမြစ်မျိုးမှ မတွေ့ရတော့လို့ သိပ်စိတ်ဓာတ်ကျကြရတယ်။ ဆန္ဒမပြဘူးဆိုရင်လည်း ကိုယ့်သဘောထားအမြင်တွေကို ဖော်ထုတ်ဖို့ တကယ်ပဲ တခြားဘယ်နည်းမှ မရှိဘူး။ အင်တာနက်က လူတွေကို စုစည်းဖို့ အတူတကွရှိဖို့ စွမ်းဆောင်ရည်ပေးရာမှာကြီးမားတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်။ ပိုချမ်းသာလာလို့ ဝွကျရတဲ့ကိစ္စကတော့ အဲဒါက လူတွေကို စိတ်ကျေနပ်မှုရအောင် မလုပ်ပေးနိုင်တာပါ။ ဒီတော့ အခြေခံအခွင့်အရေးတွေရဖို့ ဒါကတိုက်ပွဲဝင်ရမယ့် မေးခွန်းတစ်ခုဖြစ်လာတယ်။ လူတွေဟာ ဒီအခွင့်အရေးတွေနဲ့ သူတို့ထိုက်တန်မှန်း သဘောပေါက်လာနေကြပါတယ်။

**တရုတ်နိုင်ငံမှာနေပြီး သတင်းတွေရေး၊ ပို့နေတာ ဘယ်လောက်ကြာပြီလဲ။**

ကျွန်မက ဟောင်ကောင်မှာ မွေးတာပါ။ ကျွန်မအမေက ဂျပန်လူမျိုး၊ ဒါပေမဲ့ နောက်ထပ်ဘာသာစကားတစ်ခု ကျွန်မသင်ချင်တယ်။ မန်ဒရင်းစကား (နိုင်ငံတကာသုံး တရုတ်စကား) ကိုအဲဒီတုန်းကတော့ အနာဂတ်ရဲ့ ကမ္ဘာသုံးစကားဖြစ်လာမယ်လို့ ဘယ်သူမှမထင်ခဲ့ကြဘူး။ ကျွန်မက ကျွန်မရဲ့ကျောင်းသူဘဝကို နန်ကျင်းမှာကုန်ဆုံးခဲ့တာပါ။ အဲဒီမှာ နိုင်ငံခြားကျောင်းသားတွေ အများကြီးရှိတယ်လေ။ ကျွန်မရဲ့အခန်းဖော်တစ်ဦးဟာလည်း ခုဆိုဘေဂျင်းက အကျိုးဆောင်ကုမ္ပဏီတစ်ခုရဲ့ အကြီးအကဲ ဩစတြေးလျအမျိုးသမီးတစ်ဦးပါပဲ။ တိုင်းမ်မဂ္ဂဇင်းနဲ့က ၁၉၉၇ မှာ ဟောင်ကောင်မှာ စလုပ်ဖြစ်တယ်။ ဟောင်ကောင်ဟာ တရုတ်နဲ့ပြန်မပေါင်းခင် ခြောက်လအလိုမှာပေ့ါ။ ဒီနောက် ၁၉၉၉ ခုနှစ်က စပြီး ဘေဂျင်းမှာတိုင်းမ်အတွက် လုပ်တယ်။ ရှန်ဟိုင်းနဲ့ ဘန်ကောက်မှာလည်း လုပ်ဖူးတယ်။ ဒီနောက်ပြီးခဲ့တဲ့ ၂ နှစ်ကစလို့ ဘေဂျင်းကို ပြန်ပြောင်းရပါတယ်။

**တရုတ်ပြည်လိုနေရာမျိုးမှာခင်ဗျားမိသားစုနဲ့ အတူနေရတာ ဘာနဲ့များ တူနေမလဲ။**

ကျွန်မမှာ သားနှစ်ယောက်ရှိပြီး သူတို့ကျောင်းမှာ မန်ဒရင်းစာသင်နေတာကို ကျွန်မကံကောင်းတယ်လို့ ခံစားရပါတယ်။ မိသားစုအမြင်ကကြည့်ရင်တော့ တစ်ဖက်မှာ ကလေးတွေခုလို ဒီမှာနေပြီး ဘာသာစကားနဲ့ ယဉ်ကျေးမှုလေ့လာခွင့်ရနေတာ အံ့ဩစရာပေ့ါ။ ဒါပေမဲ့ တစ်ဖက်ကတော့ ဒီတိုင်းပြည်ဟာ လူဦးရေထူထပ်လွန်းပြီး မြန်မြန်ကြီး စက်မှုနိုင်ငံဖြစ်လာတဲ့ တခြားနိုင်ငံတွေလိုပဲ ပြဿနာတွေအများကြီးရှိပါတယ်။ နိုင်ငံခြားသတင်းသမားတစ်ဦးအနေနဲ့တော့ ဒါတွေဟာ ကျွန်မအပေါ် ကျရောက်နေတဲ့ နိုင်ငံရေးဖိအားတွေပဲပေ့ါ။ ဒါတွေက တခြားလုပ်ငန်းလုပ်သူတွေဆီမှာ မရှိကြဘူးလေ။ တစ်ခါတလေတော့ နိုင်ငံခြားသတင်းသမားတွေရဲ့ ကလေးတွေကို ရဲကမေးမြန်းတာတွေလုပ်နိုင်ကြတယ်။ အဲဒါကတော့ ကျွန်မကိုသိပ်ပြီး စိတ်မသက်မသာဖြစ်စေရတာလေးပေ့ါ။

**တရုတ်နိုင်ငံက လူတွေကရောခင်ဗျားနဲ့ ပွင့်ပွင့်လင်းလင်းစကားပြောဖို့ ဘယ်လောက်ဆန္ဒရှိကြသလဲ။**

တရုတ်ပြည်ဟာ နိုင်ငံရေးသတင်းတွေရေးပို့ဖို့ ခက်ခဲတဲ့နေရာပါ။ သမ္မတကို အင်တာဗျူးလုပ်လို့မရနိုင်ဘူး။ ဟူကျင်တောင်ဟာ အိုဘားမားလိုမျိုး အင်တာဗျူးတွေပေးမလုပ်ဘူး။ ကိုယ်လုပ်နိုင်သမျှအားလုံးကတော့ ခေါင်းဆောင်မှုအသိုင်းအဝိုင်းနဲ့ ချိတ်ဆက်မှုရှိတယ်လို့ထင်တဲ့သူတွေမွေးထားဖို့ပဲ။ ဒါပေမဲ့ အဲလိုဆိုရင်လည်း ရှင်ဟာသူတို့ရဲ့ နိုင်ငံရေးအချိတ်အဆက်ထဲမှာ ဓားစာခံဖြစ်နိုင်ပါတယ်။ သူတို့ဟာ ဇာတ်လမ်းတစ်ခုကို ထွင်နေသလား။ သူတို့အမှန်ကိုပြောနေသလားပေ့ါ။ တိုင်းမ်အတွက်ကျွန်မရဲ့ ဆောင်းပါးမှာတော့အများစု ကျွန်မနဲ့ ပြောခဲ့ကြတာတွေက ပညာတတ်တွေပါ။

သူတို့က တိုင်းမ်ကို တစ်ခုခုပြောလိုက်ရင် သူတို့ဘာဖြစ်သွားနိုင်တယ်ဆိုတာ သိကြတယ်။ ဥပမာအားဖြင့် လယ်သမားတစ်ယောက်နဲ့ပြောရင်တော့ ကွာခြားသွားပြီ။ သူတို့ကတော့ သိပ်ပြီးမီးပွားထတောက်နိုင်တဲ့ ကိစ္စမျိုးလည်းပြောချင်ပြောနိုင်တယ်။ အနောက်တိုင်းစာနယ်ဇင်းတစ်စောင်မှာ ကိုယ့်စကားကောက်နုတ်ချက်တစ်ခုပါသွားတာ ဘာဆိုလိုလဲဆိုတာကို တကယ်နားမလည်ကြဘူးလေ။ ဒီလိုကိစ္စမျိုးမှာပေ့ါ။ သူတို့ကို ဖုံးကွယ်ပေးရပါမယ်။ ကာကွယ်ဖို့နည်းလမ်းတွေ ရှာရပါမယ်။

**တရုတ်မှာ အာဏာအများဆုံးကိုင်ထားတဲ့ ကွန်မြူနစ်ပါတီရဲ့ နိုင်ငံရေးဦးဆောင်ကော်မတီ ပေါ်လစ်ဗြူရိုဟာ သူရဲ့အဖွဲ့ဝင်ကိုးဦးစာရင်းမှာ ပထမဆုံးသော အမျိုးသမီးအဖွဲ့ဝင်လျှူယန်တုံကိုလူအပြောင်းအလဲလုပ်တဲ့အခါ ထည့်သွင်းနိုင်ပါသလား။ ဘာ့ကြောင့် အခုမှ (ကော်မတီမှာ) အမျိုးသမီးတစ်ဦးကို ပါဝင်စေဖို့ သူတို့ဆုံးဖြတ်ချက်ချခဲ့တာပါလဲ။**

မော် (ဥက္ကဋ္ဌကြီးမော်စီတုန်း) ကပြောဖူးတယ်။ အမျိုးသမီးတွေဟာ ကောင်းကင်တစ်ခြမ်းကို ထမ်းထားနိုင်တယ်တဲ့။ ဒ့ါကြောင့် မကြာသေးမီအချိန်အထိကတော့ အစိုးရနေရာတွေထဲမှာ ဒေသခံအာဏာပိုင်တွေရဲ့ အရေအတွက် တချို့ဟာ မိန်းမတွေအတွက် ခွဲဝေထားခဲ့ပါတယ်။ ကွန်မြူနစ်အမြင်သာတူညီမျှမှုကို အနည်းဆုံးတော့ လိင်ကွဲပြားမှုကိစ္စမှာ အသုံးပြုခဲ့ကြပါတယ်။ အခုတော့ ဒီကိစ္စဟာ ပုဂ္ဂလိကကဏ္ဍမှာ အချိုးကျနှုန်းကျဆင်းသွားခဲ့ပါပြီ။ ဒီတော့လျူယန်တုန်ပေါ်လစ်ဗြူရိုကော်မတီထဲပါဖို့ကိစ္စဟာ သိပ်မဖြစ်နိုင်သလိုပါပဲ။ သူမက ထူးခြားတဲ့သူပါ။ တရုတ်မှာ အရင်းရှင်စနစ်နဲ့ပတ်သက်လို့အဆိုးဆုံးအရာတွေထဲက တစ်ခုကတော့ မိန်းမတွေဟာ သူတို့ရဲ့ အစဉ်အလာအခန်းကဏ္ဍနေရာတွေကိုပဲ ပြန်ရောက်နေကြတာပဲ။ အမြှောင်မယားဖြစ်ခြင်းနဲ့ ပြည့်တန်ဆာလုပ်ငန်းတို့ဟာ လက်စားချေတဲ့အနေနဲ့ ပြန်လာနေကြတယ်။ သတင်းစာတွေထဲမှာရုပ်ချောတဲ့ အတွင်းရေးမှူးတစ်ယောက်ကို ရှာဖွေခေါ်ယူနေတဲ့ ကြော်ငြာတွေ တွေ့ရပါလိမ့်မယ်။

စာမျက်နှာ ၄၅ သို့

7 DAY NEWS JOURNAL

# Entertainment

Vol.11, No.36 • NOVEMBER 15 , 2012

## အိတ်ချ်အိုင်ဗီ ရန်ပုံငွေ ဖျော်ဖြေပွဲတွင် သီဆိုပေးရန် ဇေယျာသော်ကို ကမ်းလှမ်း

**ကြူကြူဟန်**

**ရန်ကုန်၊**

**နိုဝင်ဘာ - ၁၀**

ဟစ်ဟော့ပ်လောကတွင်အအောင်မြင်ခဲ့ဆုံးအဖွဲ့၏'Acid' အဖွဲ့သားတစ်ဦးဖြစ်သလို နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့်ဇေယျာသော်ကို ဒီဇင်ဘာလတွင် ကန်တော်ကြီးမျှော်စင်ကျွန်း၌ ပြုလုပ်မည့်ဂီတဖျော်ဖြေပွဲတွင်ပါဝင်သီဆိုရန်ကမ်းလှမ်းခံထားရကြောင်း ဇေယျာသော်က ပြောသည်။

"ကျွန်တော့်ဆီကို ဆက်သွယ်တာရန်ရန်ချန်းဆီကမှ တစ်ဆင့်ဆက်သွယ်တာပါ။ ကျွန်တော့်အနေနဲ့လည်း ငွေကြေးတစ်စုံတစ်ရာရယူသီဆိုတဲ့ ရှိုးမျိုးဆို မဆိုချင်ဘူးဆိုတာ အစောကြီးတည်းက ကိုရန်ရန်ချန်းတို့၊ အနဂ္ဂတို့ အားလုံးကို ပြောထားပြီးသားပါ။ ဒီပွဲလေးကလည်း HIV ရှိုးဖြစ်တဲ့အတွက်ကြောင့်မို့ဗျာ။ အဲဒါ့ကြောင့်ရန်ရန်ချန်းတို့ကလည်း အကြောင်းတိုက်ဆိုင်ရင် ဆိုပေးစေချင်တယ်လို့ ပြောထားတာပါ" ဟုဇေယျာသော်က ပြောသည်။

HIV ဝေဒနာခံစားနေရသူများအတွက်ရည်ရွယ်ပြုလုပ်သောရန်ပုံငွေဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဇေယျာသော်သီဆိုဖြစ်ပါက ဒီဇင်ဘာ ၂ ရက်တွင် သီဆိုမည်ဖြစ်သည်။

ဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖြစ်၊ မဖြစ်နှင့် ပတ်သက်၍ မေးမြန်းရာ "နံပါတ် (၁) အချက်အနေနဲ့ အဲဒီအချိန်မှာ ပဋ္ဌမအကြိမ်လွှတ်တော်ပြီး၊ မပြီးဆိုတာ ကျွန်တော်တိတိကျကျ မသိပါဘူး။ နံပါတ် (၂) အချက်အနေနဲ့ လွှတ်တော်ပြီးသည့်တိုင်အောင် အခြားအခြားသော အရေးကြီးကိစ္စတွေ ပေါ်လာမလား၊ မပေါ်လာဖူးလား ဆိုတာတိတိကျကျ မသိနိုင်ပါဘူး။ ကျွန်တော့်အနေနဲ့ပါဝင်ဖို့က ပြောဖို့ခက်ပါတယ်" ဟုဇင်းကပြောသည်။

ယခုပွဲတွင် သီဆိုဖြစ်ပါက လွှတော်ကိုယ်စားလှယ်ဖြစ်ပြီးနောက် ဒုတိယအကြိမ် သီဆိုခြင်းဖြစ်သည်။




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

Rဇာနည်တစ်ကိုယ်တော်ဖျော်ဖြေပွဲတွင်တွေ့ရသည့် ဇေယျာသော်



ဓာတ်ပုံ-ကျော်မောင်မောင်(အမရပူရ)

## စီးပွားရေးအလုပ်လုပ်တယ်ဆိုတာက အနုပညာအလုပ်ဘက်မှာ ကိုယ်လုပ်ချင်တာ၊ ကိုယ်ရွေးချယ်ချင်တာကို ရွေးချယ်လို့ရအောင် တစ်ဖက်က ထောက်ကူလိုက်တဲ့သဘောပါ

**စိုးမြတ်နန္ဒာနှင့်တွေ့ဆုံခြင်း** **အေးသူစံ**

အနုပညာအလုပ်ကို မိသားစုက တိုက်တွန်းလို့လုပ်ခဲ့ပေမယ့် အနုပညာသက်တမ်း ၁၅ နှစ်နီးပါးကြာတဲ့အထိ အကယ်ဒမီထူးချွန်ဆုနှစ်ဆုကို ပိုင်ဆိုင်ထားတဲ့ သရုပ်ဆောင်မင်းသမီးက အများက ချစ်စနိုးနဲ့ ဒါဒါလို့ခေါ်ကြတဲ့ စိုးမြတ်နန္ဒာဖြစ်ပါတယ်။ စတားကိုလာကြော်ငြာထဲက ဒါဒါရဲ့ဆံပင်စတိုင်လ်နဲ့အင်္ကျီက မြန်မာပြည် မြို့ ရွာ၊ ကျေးလက်မကျန် နှစ်ထပ်အင်္ကျီ၊ ဒါဒါ့ဆံပင်လို့ ခေတ်စားသွားတဲ့အထိ ဖက်ရှင်ထွင်ခဲ့သူလည်းဖြစ်ပြီး ခုချိန်မှာတော့ မင်းသမီးကိုကြည့်လိုက်ရင် ပေါ့ပေါ့ပါးပါးနဲ့ ဘဝကိုအေးအေးဆေးဆေး ဖြတ်သန်းနေတဲ့ မိခင်တစ်ဦးအဖြစ်ကို မြင်တွေ့ရပါလိမ့်မယ်။ သားတစ်ယောက်ရဲ့မိခင်ဘဝနဲ့ အနုပညာသက်တမ်း ဆယ်စုနှစ်တစ်ခုအကျော်မှာ အာရုံဝင်စားတဲ့ အနုပညာအလုပ်တွေကိုပဲ ရွေးချယ်လုပ်ကိုင်နိုင်ဖို့ သူငယ်ချင်းနှစ်ဦးနဲ့အတူ Karat ပိုးထည်ဆိုင်ကို ဖွင့်လှစ်လိုက်ပြီး စီးပွားရေးလောကထဲကို ခြေတစ်လှမ်းစလှမ်းဖြစ်ခဲ့တဲ့ စိုးမြတ်နန္ဒာနဲ့ ဒီတစ်ပတ်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ရဲ့အတွေ့အကြုံက ဘယ်လိုရှိလဲ။**

စီးပွားရေးလုပ်ငန်းလုပ်တာခေါင်းစားတယ်။ ဒါဒါတို့ မင်းသမီးလုပ်တဲ့အလုပ်နဲ့တော့ မတူဘူး။ တစ်ခါမှမလုပ်ဖူးတော့ အခက်အခဲတော့ရှိတယ်။ ဈေးလည်းမရောင်းတတ်ဘူး။ ဆိုင်မှာ ဈေးလာဝယ်လို့ လျှော့ပေးပါပြောရင် ဘယ်လိုလုပ်ရမလဲမသိဘူး။ ကိုယ့်သဘောသာဆို လျှော့ပေးလိုက်မှာ။ ဒါကြောင့် ရောင်းတာကို ဒါဒါမလုပ်ဘူး။ ဒါဒါ့သူငယ်ချင်းတွေက လုပ်ကြတယ်။ ကိုယ့်အနုပညာအသိုင်းအဝိုင်းက ဆိုင်မှာရိုက်ချင်တယ်ဆိုရင် နည်းနည်းကူညီပေးတာတော့ရှိတယ်။

**ဒီအလုပ်အတွက် မဒါ ဒီဇိုင်းပညာ လေ့လာနေတယ်လို့လည်း သိရပါတယ်။ ဒီဇိုင်နာလုပ်ဖို့ ရောအစီအစဉ်ရှိလားရှင့်။**

ဒါဒါကတော့ ကိုယ်ဒီဇိုင်နာလုပ်မယ်ဆိုတာထက် ဒီအလုပ်ကို လုပ်တဲ့အချိန်မှာ သူများကိုပြောပြရမှာဆိုတော့ အလုပ်ရဲ့အခြေခံကိုမှမသိရင် ပြောပြလို့မရဘူးလေ။ ဒါဒါတို့လည်း တစ်သက်လုံး အင်္ကျီဝတ်လာတာပဲ။ ဒါပေမဲ့ အင်္ကျီဘယ်နားမှာ ဘာရှိတယ်။ ဘယ်လိုဆိုတာ ကိုယ်က သိပ်မသိဘူး။ ဒါပေမဲ့ အခု Pattern တွေကို သင်လိုက်တော့ ကိုယ်ကပြောနိုင်သွားတာပေါ့။ ဘယ်နားလေး ဘာလိုတယ်ဆိုတာလောက် သိရဖို့အတွက် ဒါဒါသင်တာပါ။ ကိုယ်တိုင်ဒီဇိုင်းချပေးဖို့ ဆိုတာကတော့ နှစ်နဲ့ချီပြီးသင်ရမယ့်အလုပ်လေ။ ပုံသေနည်းအတိုင်းလည်း မဟုတ်ဘူး။ သူ့စိတ်ကူးအတိုင်းပဲ သွားတာဆိုတော့ ခုကောက်သင် ခုအင်္ကျီချုပ်လို့တော့ မရဘူးပေါ့။

**စာ(၄၉)သို့**

## ဖျော်ဖြေပွဲဝင်ငွေများကို ခုနစ်နေရာတွင် လှူမည့် ထွန်းအိန္ဒြာဗို

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ - ၉**

ထွန်းအိန္ဒြာဗို၏ 'Charity Live' တစ်ကိုယ်တော်ဖျော်ဖြေပွဲကို အမျိုးသားကဇာတ်ရုံတွင် ကျင်းပမည်ဖြစ်ပြီး ရရှိသည့်အကျိုးအမြတ်များအား ပရဟိတလုပ်ငန်း ခုနစ်နေရာသို့ခွဲဝေလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခုနစ်နေရာမှာ ကချင်ပြည်နယ်ရှိ ဒုက္ခသည်များ၊ ရခိုင်ပြည်နယ်ရှိဒုက္ခသည်များ၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး၊ ဒေါ်အောင်ဆန်းစုကြည်၏ ပညာရေးကွန်ရက်၊ ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့နှင့် ဒဂုံမြို့သစ်တောင်ပိုင်းရှိ ဒေါ်ဖြူဖြူသင်း၏ HIV စင်တာသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း ထွန်းအိန္ဒြာဗိုကပြောသည်။

အဆိုပါလှူဒါန်းမှုတွင် အများပြည်သူအနေဖြင့်ထည့်ဝင်လှူဒါန်းနိုင်ရန် အရေးကြီးဖုန်းနံပါတ်နှစ်ခုကို တရားဝင်ထုတ်ပြန်လိုက်ပြီး အဆိုပါဖုန်းနံပါတ်များမှာ ၀၉၇ ၃၂၄၉၄၉၄ နှင့် ၀၉၈၆ ၂၄၂၄ တို့ဖြစ်ပြီး ပွဲမကျင်းပမီ ယနေ့မှစ၍ ပွဲကျင်းပမည့် နိုဝင်ဘာ ၂၈ရက်အထိဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဦးကိုကိုလွင်ကပြောသည်။

**စာ(၄၉)သို့**



ဓာတ်ပုံ-ထက်ဝင်းဖြိုး(ရဝဓ)

## နှင်းခဲပျော်ချိန်တွင် အဓိကသရုပ်ဆောင်အဖြစ် မြင်ရမည့်ချမ်းချမ်း

**ကြူကြူဟန်**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၀**

သိပ်ချစ်တယ်၊အရမ်းမုန်းတယ်စီးရီးဖြင့် ပရိသတ်ထပ်မံရရှိထားသည့် အဆိုတော် ချမ်းချမ်းက "နှင်းခဲပျော်ချိန်" ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"အရှေ့မှာ ၃-၄ ကားလောက်ကိုနေတိုးတို့က အကူညီတောင်းတာနဲ့ ဒါရိုက်တာနဲ့သိတာကြောင့် ရိုက်ဖူးတယ်။ ထိထိရောက်ရောက် ပုံစံတစ်ခုတော့ မရဘူးပေါ့နော်။ အဲဒီတုန်းက အစ်မက အားနာနာနဲ့ ရိုက်ပေးခဲ့တာများတယ်။ အခုချိန်ကျတော့ ကိုယ့်အတွက် နေရာလေးရမယ့်ပုံစံမျိုးဆိုတော့ ဘက်



မျှတယ်။ အစ်မအတွက် ဘက်မျှမှ အဆင်ပြေမှာလေ။ role တစ်ခုတည်းအရလည်း ပါဝင်တဲ့သူနဲ့ တန်းတူသရုပ်ဆောင်မှဖြစ်မှာလေ။ အစ်မ အဲဒါကြောင့် ရွေးဖြစ်သွားတာပါ" ဟု ချမ်းချမ်းက ပြောသည်။

ဇာတ်လမ်း၏ ဇာတ်ညွှန်းကို ဘုဏ်းသိုက်က ရေးသားထားပြီး ဒါရိုက်တာ ကိုပေါက်က ရိုက်ကူးမည်ဖြစ်ပြီး လူငယ်နှစ်ဦး၏ အချစ်အကြောင်းနှင့် အိမ်ထောင်ရေးဖောက်ပြန်သော ဇာတ်လမ်းကို ကျောရိုးယူထားသည့် "နှင်းခဲပျော်ချိန်" တွင် ဘုဏ်းသိုက်နှင့် ချမ်းချမ်းတို့က ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

"အစ်မတို့ကျတော့ အမြဲတမ်း ရိုက်နေတဲ့သူမဟုတ်တော့ ရိုက်ကူးရေးလုပ်ရတာ တကယ့်ကို အလေးနက်ထားပြီး လုပ်ရတယ်။ အမြဲရိုက်နေတဲ့ သူတွေကျတော့ မှဒ်သွင်းရတာလွယ်တယ်။ အစ်မတို့ကျတော့ အမြဲတမ်းရိုက်နေတာမဟုတ်တော့ ဇာတ်လမ်းကာရိုက်တာ ကို ဝင်အောင် စိတ်သွင်းရတာပေါ့" ဇာတ်ကားရိုက်ကူးမှု အခက်ခဲကို ချမ်းချမ်းကပြောသည်။

## ကိုရီးယားရုပ်ရှင်ပွဲတော် စိတ်ဝင်စားသူ နည်းပါး

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ - ၉**

ယခုနှစ်ကိုရီးယား ရုပ်ရှင်ပွဲတော်သို့တက်ရောက်လာသော သရုပ်ဆောင်နှစ်ဦးမှာ ယခင်သရုပ်ဆောင်များကဲ့သို့ မြန်မာပရိသတ်၏ စိတ်ဝင်စားမှုကို များစွာရရှိထားသည့် သရုပ်ဆောင်များ မဟုတ်ခဲ့ခြင်းကြောင့် ရုပ်ရှင်ပွဲတော်အားစိတ်ပါဝင်စားစွာ တက်ရောက်သူနည်းပါးခဲ့သည်ကို တွေ့ရသည်။

နိုဝင်ဘာ ၉ ရက် ညနေက သမ္မတရုပ်ရှင်ရုံတွင် ပြုလုပ်သည့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည့် မင်းသား Kyoung က "ကိုရီးယားဇာတ်လမ်းတွဲတွေ၊ ကိုရီးယားမင်းသားမင်းသမီးတွေကို ချစ်ခင်အားပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ထပ်အခွင့်အရေးရရင် အရမ်းကောင်းတဲ့ဇာတ်လမ်းတွဲတွေနဲ့ ပရိသတ်ရှေ့မှော်က်တင်ဆက်ချင်ပါတယ်" ဟုပြောကြားခဲ့ပြီး မင်းသမီး Chae Jung An "မြန်မာနိုင်ငံကို ပထမဆုံးရောက်ရှိလာပေမယ့် ရုပ်ရှင်ပွဲတော်ကိုတစ်ဆင့်ခံပြီးရောက်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ကိုရီးယားရုပ်ရှင်တွေကိုဒီထက်မက အားပေးပါ။ ဆက်ပြီးကြိုးစားပါ့မယ်" ဟုပြောကြားခဲ့သည်။ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲပြီး



**ကိုရီးယားရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသော ကိုရီးယားသရုပ်ဆောင်နှစ်ဦးနှင့်တာဝန်ရှိသူများ** ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

နောက် အဆိုပါမင်းသားနှင့်မင်းသမီးတို့အားသံရုံးမှ ကြိုဆိုတည့်ခင်းညှော်ခံသော ထရိတ်ဒါးဟိုတယ် ပါတီပွဲတွင် တက်ရောက်လာသော ပရိသတ်များအား အမှတ်တရ လက်မှတ်ရေးထိုးပေးသည့် အစီအစဉ်မင်းသမီး Chae Jung An အားကမ္ဘာတွင် ခေတ်စားနေသည့် အိုဂန်းနမ်စတိုင် သီချင်းနှင့် ပတ်သက်ပြီး မည်သည့် အဖြေမှ မပေးခဲ့ပေ။ မင်းသားနှင့်မင်းသမီးတို့သည် နိုဝင်ဘာ ၁၀ရက်၊ နေ့လယ် ၃ နာရီခွဲတွင် Market Palace City Mart တွင် ပြုလုပ်သည့်ကိုရီးယားအစားအသောက်ရောင်းချပွဲသို့ သွားရောက်ပြီး ကိုရီးယားအစားအစာအချို့ကို ပရိသတ်များအားဖန်တီးပြုလုပ်ပြခဲ့ပြီး ယင်းနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ကိုရီးယားသံရုံးမှ ကုန်စည်ပြပွဲ၊ အားကစားပြိုင်ပွဲများ အပါအဝင် Korea Week ဟူသော ခေါင်းစဉ်အောက်တွင် ရုပ်ရှင်ပွဲတော်ကိုပါ ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်သည်။ ယမန်နှစ်များက ကျင်းပသည့်ကိုရီးယား ရုပ်ရှင်ပွဲတော်များသို့မြန်မာပရိသတ်များကြားရေပန်းစားအောင်မြင်မှု ရရှိထားသည့် ကိုရီးယားသရုပ်ဆောင် ဂျူမုံ၊ ချယ်လင်း၊ ဒယ်ဂျိုယောင်းစသည့်သရုပ်ဆောင်များတက်ရောက်ခဲ့သော်လည်း ယခုနှစ်တွင်မူ မြန်မာပရိသတ်များနှင့် အနည်းငယ်သာ ရင်းနှီးမှုရှိသော ကိုရီးယားသရုပ်ဆောင်များကြောင့် မြန်မာပရိသတ်များ စိတ်ဝင်စားမှု နည်းပါးသည့် ရုပ်ရှင်ပွဲတော်ဖြစ်ခဲ့ကြောင်း သိရသည်။






Vol.11, No.36 • NOVEMBER 15 , 2012

## စိုးမြတ်နန္ဒာနှင့်အင်တာဗျူး မှ

**ဒီရက်ပိုင်းမှာ မဒါ အလှူတွေ ဆက်တိုက်လုပ်ဖြစ်နေတာ တွေ့ရပါတယ်။ လှူဖို့အကြောင်းအရာကို ဘယ်လိုရွေးချယ်ပါသလဲ။**

ဒီရက်ပိုင်းကလည်း လှူတဲ့ ရာသီဖြစ်နေတာကိုး။ သားကို ကိုရင်ဝတ်ပေးတာကတော့ ပထမတုန်းက ရှင် ၁၈ ပါးကို လှူဖို့သွားတာ။ ဟိုရောက်တော့ သူလည်း ဝတ်ချင်တယ်ဆိုတာနဲ့ စတိပေးဝတ်လိုက်တာပါ။ ကိုလူချောတို့အဖွဲ့ကို ဆန်အိတ် ၁၀၀ ညီအစ်မလေးယောက်စုပြီး လှူဖြစ်တာက မကြီး(စိုးမြတ်သူဇာ) စီစဉ်တာပါ။ နောက်ပိုင်းတော့ ညီအစ်မလေးယောက်စုပြီး တစ်ခုခု လုပ်ဖို့ သူ့မှာစိတ်ကူးရှိပါတယ်။

**မဒါရဲ့ပိုးထည်ဆိုင်ကို ညီအစ်မလေးယောက်နဲ့ ကြော်ငြာရိုက်ထားတာ ပရိသတ်တွေ အတော်လေးကြိုက်ကြတယ်နော်။ အဲဒီစိတ်ကူးက ဘယ်လိုရတာပါလဲ။**

အဲဒါ မကြီးအိုင်ဒီယာပါ။ နဂိုတည်းက သူက ညီအစ်မလေးယောက် ရိုက်ဖို့စိတ်ကူးရှိပေမယ့် ချိန်းလို့မရဘူး။ ခုကျတော့ ဒါဒို့ဆိုင်ဆိုတော့ နည်းနည်းပြောလို့ရတာပေါ့။

**အစ်မရဲ့ဆိုင်ကို မကြီးစိုးက ဘာများအကြံဉာဏ်ပေးဖြစ်ပါသလဲ။**

မကြီးလည်း ကူညီပါတယ်။ ဒါပေမဲ့ ဆိုင်ကိုတစ်ခေါက်လား နှစ်ခေါက်လားပဲ ရောက်သေးတယ်။ အိမ်မှာပဲ ဘယ်လိုမျိုးလုပ်၊ ဘယ်လိုဒီဇိုင်းလုပ်ဆိုပြီး အကြံပေးတာတော့ရှိပါတယ်။

**စီးပွားရေးတစ်ဖက်နဲ့ဆိုတော့ တစ်ဖက်မှာကိုယ်လုပ်ချင်တဲ့ရိုက်ချင်တဲ့ ဇာတ်ကားတွေကို လက်လွှတ်လိုက်ရသေးလား။**

အဲဒီဘက်တော့နည်းနည်း လျှော့တာပေါ့နော်။ လျှော့တယ်ဆိုတာ ကိုယ့်စိတ်က အဲဒီဘက်ကို သိပ်မရောက်တော့ဘူး။ ဆိုင်ဘက်ကိုပဲ လုပ်ဖြစ်ခဲ့တယ်။ ခုကျတော့ နည်းနည်းသွေးအေးသွားပြီဆိုတော့ ဒီ ၉ ရက်မှာ ပြန်ရိုက်တော့မယ်။

**မဒါက အနုပညာအလုပ်ဘက်မှာဆို သိပ်ပြီးလောဘမရှိသလိုပဲ။ ပရိသတ်တွေကလည်း မချင့်မရဲဖြစ်ကြတော့ ကိုယ်တိုင်ရော ဒါကို ဘယ်လိုပြန်သုံးသပ်ဖြစ်လဲ။**

စိတ်ကတော့အရင်ကတည်းက ဒီတိုင်းပဲ။ ဒါပေမဲ့ အရင်ကတော့ ဝါသနာမပါဘဲလုပ်တယ်။ နောက်တော့ ဒီအလုပ်တစ်ခုပဲ လုပ်တတ်လို့ဆက်လုပ်တယ်ပေါ့။ အဲဒီလိုလုပ်ရာကနေ ဒီအလုပ်ပေါ်မှာသံယောဇဉ်ဖြစ်လာတယ်။ ခုဆိုလုပ်လာတာလည်း ၁၄ နှစ်၊ ၁၅ နှစ်လောက်ရှိပြီဆိုတော့နည်းနည်းတော့ငြီးငွေ့တယ်။ အမှန်အတိုင်းပြောရရင် သိပ်စိတ်မပါဘဲ ရိုက်ရတဲ့ကားတွေရှိတယ်။ ကိုယ်မရိုက်ချင်ဘဲရိုက်ရတဲ့ကားတွေရှိသလို အရမ်းရိုက်ချင်လို့မှဒ်ဝင်ပြီး ရိုက်တဲ့ကားတွေလည်းရှိပါတယ်။ စီးပွားရေးအလုပ်လုပ်တယ် ဆိုတာက အနုပညာအလုပ်ဘက်မှာ ကိုယ်လုပ်ချင်တာ၊ ကိုယ်ရွေးချယ်ချင်တာကို ရွေးချယ်လို့ရအောင် လုပ်လို့ရအောင်လို့ တစ်ဖက်က ထောက်ကူလိုက်တဲ့သဘောပါ။

**မဒါနဲ့မဒါရဲ့သားတို့ဘဝမှာကိုယ်တစ်ယောက်တည်း ဦးဆောင်နေရတော့ မဒါရဲ့အရင်းနှီးဆုံး တိုင်ပင်ဖော်တိုင်ပင်ဖက်က ဘယ်သူများလဲ။**

မိသားစုပါပဲ။ ကိုယ်ဘာဖြစ်ဖြစ် ဒီအဖေ၊ အမေတို့၊ အစ်မတို့ရှိနေတော့ ခုချိန်ထိလည်း လိမ်ဖည်လိမ်ဖည်နဲ့တော့ သွားနေတာပဲ။ တစ်ခုခုဆို အမေတို့၊ အစ်မတို့နဲ့ အမြဲတိုင်ပင်တယ်။

**သားအတွက်ကိုရော မဒါက တာဝန်ကျေတဲ့မိခင်ဖြစ်အောင် အစ်မ စိတ်ဓာတ်ခွန်အားတွေ၊ လုပ်အားတွေကို ဘယ်လိုတည်ဆောက်လဲ။**

ကိုယ်ကသူ့ကိုမွေးထားတော့ ကျွေးရမွေးရမယ့်တာဝန် ကိုယ့်မှာရှိတယ်လေ။ တတ်နိုင်သလောက်ကို လုပ်ပေးမှာပါ။ ကိုယ်လုပ်နိုင်တဲ့ အတိုင်းအတာနဲ့ သူ့ကိုထားနိုင်မယ့်အဆင့်နဲ့ ညီအောင်တော့ ချင့်ချိန်ရတာပေါ့။

**သူကမိခင်အပေါ် ဒီအရွယ်လေးနဲ့ ဘယ်လိုနားလည်မှုမျိုး ပေးတတ်နေပြီလဲ။**

သူကတော့ တော်တော်လေး နားလည်ပါတယ်။ အင်္ဂလိပ်ကျောင်းတက်တယ်ဆိုတော့ Control တော့ လုပ်ရတာပေါ့လေ။ ယဉ်ကျေးမှုနဲ့သိပ်မဝေးအောင် ပြောပြဆုံးမရတာပေါ့။ လိမ္မာဖို့ဆိုတာလည်း ဒါနဲ့ပဲ လိမ္မာအောင် လုပ်ရတာပဲလေ။ တစ်ခုခုဆို ဘုန်းကြီးနဲ့တိုင်မယ်တို့ ဘာတို့ ပြောရတာပေါ့။ အဲဒါမျိုးဆိုရင်တော့ သူကကြောက်တယ်။ အရမ်းဆိုးပြီး ဂျီတအားကျတဲ့အထဲမှာတော့ သားကမပါဘူး။

**အကယ်ဒမီအတွက် ဘာများကြိုတင်ပြင်ဆင်နေပါပြီလဲ။**

ဘာမှကိုမပြင်ရသေးဘူး။ ကိုယ်ဝတ်ဖို့အတွက်လည်း မပြင်ရသေးဘူး။ ဒါပေမဲ့ ဆိုင်ကတော့ ဝတ်မယ့် အနုပညာရှင်တွေအတွက် ရက်ကန်းကိုကြိုပြောထားတာတော့ရှိတယ်။ ခုလောလောဆယ်တော့ အနုပညာရှင်တွေကို by name နဲ့ ဘယ်သူတွေဆိုတာတော့ မသေချာသေးတော့ မပြောချင်ပါဘူး။

**လက်ရှိ မဒါရိုက်ချင်နေတဲ့ ကာရိုက်တာဆိုရင်. . .**

ခုချိန်မှာတော့ ဒါဒါက ဒရာမာပိုင်းကိုပဲ အငြိမ်ရိုက်ချင်တယ်။ ဒါဒို့အသက်အရွယ်နဲ့ဆို လိုက်ဖက်မယ့်ပုံစံပဲ ရိုက်ချင်ပါတယ်။

**ရုပ်ရှင်ကရတဲ့ပိုက်ဆံနဲ့ ရုပ်ရှင်ထဲကို ပြန်ပြီးစီးဝင်တာနည်းတယ်။ ရုပ်ရှင်သမားတွေက တခြားလုပ်ငန်းတွေပဲ လုပ်ကြတယ်။ ရုပ်ရှင်လောက ကျဆင်းတဲ့အပိုင်းမှာ ဒါလည်းအချက်တစ်ချက်လို့ ပြောကြတဲ့အပေါ် အပြင်စီးပွားရေးလုပ်နေတဲ့ မဒါက ဘာများပြောလိုပါသလဲ။**

ရုပ်ရှင်ကျတော့ Operation အရမ်းများတယ်။ ကိုယ်တိုင်ဆို ဒါမျိုးကိုလုပ်ဖို့ စိတ်ကူးကိုမရှိဘူး။ ကိုယ့်ဆိုင်အတွက် ကြော်ငြာရိုက်တာတောင်မှ မင်းသား၊ မင်းသမီးတွေချိန်းရတာ အရမ်းပင်ပန်းတယ်။ လုပ်ငန်းစဉ်ကိုလည်း သိနေပေမယ့် မကျွမ်းကျင်ဘူး။ လူအများကြီးနဲ့လုပ်ရမှာ။ မန်နေဂျာတွေလည်းထားရမှာ။ ဒါတွေကြောင့် မလုပ်ဖြစ်တာပါ။

**မဒါကို ပရိသတ်အများစုက နောက်ထပ်အိမ်ထောင်မပြုဖို့ အကြံပြုကြတယ်။ အချစ်နဲ့ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ မဒါရဲ့သဘောထားက ဘယ်လိုရှိပါသလဲ။**

(ရယ်လျက်) နောက်အိမ်ထောင်တော့ မပြုပါဘူး။ ခုခေတ်ကြီးမှာ နောက်အိမ်ထောင်ပြုဖို့ လိုမှမလိုတာ။ ဒါဒို့ဘဝက သားရှိတယ်။ သားကြီးလာမယ်။ သားနဲ့ ဒါဒါနဲ့ ဘဝပဲပေါ့။

**သမဝါယမဘဏ်လီမိတက်(ရုံးချုပ်)**

**အမှတ်(၃၃၄-၃၃၆)၊ ကမ်းနားလမ်းနှင့် ၂၃လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**

**Vacancy Announcement**

1. **Manager (HR/Admin Division)** M / F (15) Post
ဘွဲ့(၁)ခုရရှိရမည်။ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။ အင်တာနက်အသုံးပြုနိုင်ရမည်။ HR လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိပြီး ဌာနတစ်ခုလုံးအား စီမံခန့်ခွဲနိုင်ရမည်။ လုပ်ငန်းအခြေအနေအရ အချိန်မရွေးလာရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
2. **Assistant Manager (Store)** M (3) Posts
ဘွဲ့(၁)ခုရရှိရမည်။ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။ ဘဏ်လုပ်ငန်းသုံး ပစ္စည်းများနှင့် ပတ်သက်၍ ကျွမ်းကျင်နားလည်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
3. **Assistant Manager (Work Space)** M (3) Posts
A.G.T.I (Civil) ရရှိသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ မိမိလုပ်ငန်းကို ဦးဆောင်နိုင်ရမည်။ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိရမည်။ လုပ်ငန်းအခြေအနေအရ အချိန်မရွေး လာရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
4. **Assistant Manager (Assets Management)** M (3) Posts
B.Com, CPA ဘွဲ့ရရှိရမည်။ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။ စီမံဌာန၏ အသုံးစရိတ်စာရင်းများကို ဘတ်ဂျက်စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၀)နှစ် အတွင်း ဖြစ်ရမည်။
5. **Supervisor** M / F (15) Posts
ဘွဲ့ရဖြစ်ရမည်။ အင်္ဂလိပ်စာနှင့်ကွန်ပျူတာကျွမ်းကျင်စွာ တတ်မြောက်အသုံးချနိုင်ရမည်။ ၄င်းရာထူးတွင် စီမံခန့်ခွဲမှု အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
6. **Manager (Maintenance & Office Equipment Dept:)** M (3) Posts
B.E (Mechanical), B.E (Electrical) ဘွဲ့ရရှိသူဖြစ်ရမည်။ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။ အင်တာနက်အသုံးပြုနိုင်ရမည်။ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။ မိမိလုပ်ငန်းကို ဦးဆောင်နိုင်ရမည်။ ပူးပေါင်း ဆောင်ရွက်နိုင်စွမ်းရှိရမည်။ လုပ်ငန်းအခြေအနေအရ အချိန်မရွေး လာရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
7. **Assistant Manager (Maintenance & Office Equipment Dept:)** M (3) Posts
A.G.T.I (Mechanical) ရရှိသူဖြစ်ရမည်။ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ မိမိလုပ်ငန်းကို ဦးဆောင် နိုင်ရမည်။ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိရမည်။ လုပ်ငန်းအခြေအနေအရ အချိန်မရွေး လာရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
8. **Assistant Manager (Maintenance & Office Equipment Dept:)** M (3) Posts
T.H.S (Civil/ Electrical) ရရှိသူဖြစ်ရမည်။ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ မိမိလုပ်ငန်းကို ဦးဆောင်နိုင်ရမည်။ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိရမည်။ လုပ်ငန်းအခြေအနေအရ အချိန်မရွေး လာရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
9. **Manager (ဘဏ်ခွဲဖွင့်လှစ်ရေးဌာန)** M (3) Posts
B.E (Civil), B.E (Electrical) ဘွဲ့ရရှိသူဖြစ်ရမည်။ ဆောက်လုပ်ရေး လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။ အင်တာနက်အသုံးပြုနိုင်ရမည်။ မိမိလုပ်ငန်းကို ဦးဆောင်နိုင်ရမည်။ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိရမည်။ လုပ်ငန်းအခြေအနေအရ အချိန်မရွေး လာရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
10. **Assistant Manager (ဘဏ်ခွဲဖွင့်လှစ်ရေးဌာန)** M (3) Posts
A.G.T.I (Civil), A.G.T.I (Electrical) ဘွဲ့ရရှိသူဖြစ်ရမည်။ ဆောက်လုပ်ရေး လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။ အင်္ဂလိပ်စာနှင့် ကွန်ပျူတာ ကျွမ်းကျင်ရမည်။ အင်တာနက်အသုံးပြုနိုင်ရမည်။ မိမိလုပ်ငန်းကို ဦးဆောင်နိုင်ရမည်။ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိရမည်။ လုပ်ငန်းအခြေအနေအရ အချိန်မရွေး လာရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်(CV)၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ (လေဘာ)၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်း၊ ဓါတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူများနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

## စာ–၄၇၊ ဖျော်ဖြေပွဲဝင်ငွေများကို ခုနစ်နေရာတွင် လှူမည့် ထွန်းအိန္ဒြာဗို မှ

“ရတဲ့အလှူငွေတွေကို ပွဲလုပ်နေတဲ့အချိန်မှာပဲ Live လှူမယ်။ မခိုင်လို ပရိသတ်ရှိတဲ့သူ၊ တစ်ကိုယ်တော်လည်း လုပ်နိုင်တဲ့ သူ၊ လှူချင်စိတ်လည်း ရှိတဲ့သူမျိုး ဖြစ်လို့ ဒီလိုပွဲမျိုးလုပ်ရတာ အရမ်းဂုဏ်ယူပါတယ်” ဟုဦးကိုကိုလွင်ကပြောသည်။

“ဒီခုနစ်နေရာအပြင် အများကြီးလှူဒါန်းခွင့် ရချင်ပါတယ်။ လုပ်နေကျ ရှိုးပွဲတွေရဲ့ အရည်အသွေးကို မထိခိုက်စေဘဲ စရိတ်လည်း အသေးဆုံးဖြစ်အောင် စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်း အကူအညီတောင်းထားပါတယ်” ဟု ထွန်းအိန္ဒြာဗိုကပြောသည်။

ယခုဖျော်ဖြေပွဲအတွက် လက်မှတ်များကို ကျပ် ၂၅,၀၀၀၊ ၂၀,၀၀၀၊ ၁၀,၀၀၀ နှင့် ၇,၀၀၀တို့သတ်မှတ်ထားပြီး ဖျော်ဖြေပွဲအတွက်Alpine သောက်ရေသန့်မှ ပံ့ပိုးကူညီပြီး အသံပိုင်းဆိုင်ရာအတွက် ဦးတေဇက ကူညီပေးထားကြောင်း ထွန်းအိန္ဒြာဗိုထံမှ သိရသည်။

ထွန်းအိန္ဒြာဗိုသည် ၂၀၀၂ ခုနှစ်တွင်ဒိုင်ယာရီ၊ ၂၀၀၅ ခုနှစ်တွင် Live 2005၊ ၂၀၀၉ ခုနှစ်တွင် Live & Request စသည့်တစ်ကိုယ်တော် ဖျော်ဖြေပွဲများကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး မန္တလေးမြို့တွင် တစ်ကိုယ်တော်ဖျော်ဖြေပွဲနှစ်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Sports

7 DAY NEWS JOURNAL

Vol.11, No.36 • NOVEMBER 15 , 2012

# မြန်မာဘောလုံးအသင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၂၈ ဆင့် ခုန်တက်

### အာဆီယံတွင် အဆင့် ၄ ရောက်ရှိကာ ယခုနှစ်ပိုင်းအတွင်း အမြင့်ဆုံးရပ်တည်မှုဖြစ်



ဓာတ်ပုံ - ကိုဇေ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊နိုဝင်ဘာ-၇**

ဆူဇူကီးဖလားခြေစစ်ပွဲ ရလဒ်ကောင်းကြောင့် မြန်မာဘောလုံးအသင်းသည် ဖီဖာ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ယခင်လကထက် အဆင့် ၂၈ နေရာ ကျော်တက်ကာ ကမ္ဘာ့အဆင့် ၁၅၆ သို့ ရောက်ရှိလာသည်။

နိုဝင်ဘာ ၇ ရက်က ထုတ်ပြန်ခဲ့သော ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်မြန်မာအသင်းသည် ရမှတ် ၁၄၉ မှတ်ဖြင့် ယခင်လအဆင့်ရပ်တည်ချက် ၁၈၄ ထက် အဆင့်နှစ်ဆယ်ကျော် ခုန်တက်ကာ အဆင့် ၁၅၆ သို့ရောက်ရှိလာသည်။ အရှေ့တောင်အာရှတွင် အဆင့်လေးနေရာ၌ ရပ်တည်လာခဲ့ကာ ယခုနှစ်ပိုင်းအတွင်း အမြင့်ဆုံးရပ်တည်မှုဖြစ်သည်။

ဒေသတွင်းနိုင်ငံများ၌ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့် ၁၃၈၊ ဖိလစ်ပိုင်အသင်း ၁၄၃၊ ထိုင်းအသင်း ၁၄၆၊ မလေးရှားအသင်း ၁၆၃၊ စင်ကာပူအသင်း ၁၆၃၊ အင်ဒိုနီးရှားအသင်း ၁၆၅၊ လာအိုအသင်း ၁၇၉၊ ဘရူနိုင်းအသင်း ၁၈၇၊ တီမောအသင်း ၁၈၇၊ ကမ္ဘောဒီးယားအသင်း အဆင့် ၁၉၁ တို့တွင် အသီးသီး ရပ်တည်လျက်ရှိသည်။

ဆူဇူကီးဖလားခြေစစ်ပွဲဝင် အသင်းများအနက် ကမ္ဘောဒီးယားအသင်းတစ်သင်းသာ ယခင်လထက် နှစ်ဆင့်လျော့ကျသွားပြီး အရှေ့တောင်အာရှနိုင်ငံများတွင် နောက်ဆုံးအဆင့်သို့ ရောက်ရှိသွားသည်။ လာအို၊ ဘရူနိုင်း၊ တီမောအသင်းများသည်လည်း ယခင်လထက် အဆင့်တစ်ဆယ်ကျော် မြင့်တက်လာသည်။ ထို့ကြောင့်မြန်မာဘောလုံးအသင်း၏ အဆင့်နှစ်ဆယ်ကျော် မြင့်တက်မှုမှာ ယခုလအတွင်း ဒေသတွင်းနိုင်ငံများထဲ၌ အမြင့်ဆုံးဖြစ်သည်။

လာမည့် ဆူဇူကီးဖလား နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် ရလဒ်များကောင်းမွန်ပါက ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ ယခုထက် ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိသည်။ ကမ္ဘာ့နိုင်ငံများတွင်မူ စပိန်အသင်းက ကမ္ဘာ့အဆင့် ၁ နေရာတွင် ဆက်လက်ရပ်တည်နေပြီး ၎င်း၏နောက်တွင် ဂျာမနီ၊ အာဂျင်တီးနား၊ ပေါ်တူဂီ၊ အီတလီ၊ အင်္ဂလန်၊ နယ်သာလန်၊ ကိုလံဘီယာ၊ ရုရှား၊ ခရိုအေးရှားအသင်းများက အစဉ်လိုက် ရပ်တည်နေသည်။

နာမည်ကြီး ဘရာဇီးအသင်းမှာ ကမ္ဘာ့အဆင့် ၁၃ တွင် ရပ်တည်နေပြီး ဂျပန်အသင်းက ကမ္ဘာ့အဆင့် ၂၄ ဖြင့် အာရှနိုင်ငံများတွင် ထိပ်ဆုံးမှဦးဆောင်ထားသည်။

# ယူ - ၁၆ အမျိုးသမီး ဘောလုံးအသင်း အာရှအဆင့် ခြေစစ်ပွဲမှထွက်ရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၁**

အာရှယူ-၁၆ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု (ဂ) နောက်ဆုံးပွဲစဉ်တွင် မြန်မာလူငယ်အမျိုးသမီးအသင်းသည် ထိုင်း အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ခြေစစ်ပွဲအဆင့်မှ ထွက်ခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သော အဆိုပါပွဲစဉ်များတွင် မြန်မာအသင်းသည် ပွဲဦးထွက်တွင် အိမ်ရှင် ဖိလစ်ပိုင်အသင်းကို (၂-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး၊ ဒုတိယပွဲစဉ်တွင်ဩစတြေးလျအသင်းအား (၅-၀)ဖြင့် ရှုံးနိမ့်ခဲ့သည်။ ထိုင်းအသင်းမှာ ဖိလစ်ပိုင် အသင်းကို (၆-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဩစတြေးလျအသင်းကို (၅-၁)ဂိုးဖြင့် ရှုံးနိမ်ထားခဲ့သည့်အတွက် အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့်မြန်မာ-ထိုင်းပွဲစဉ်သည် ခြေစစ်ပွဲအောင်တစ်နေရာအတွက် အဆုံးအဖြတ်ဖြစ်လာခဲ့သည်။

နိုဝင်ဘာလ ၁၁ ရက်က ကျင်းပခဲ့သည့် အဆိုပါပွဲစဉ်တွင် ထိုင်းအသင်းက မြန်မာအသင်းကို (၃-၂)ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ခြေစစ်ပွဲအောင်မြင်သွားခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျအသင်းမှာ သုံးပွဲနိုင် ရမှတ် ကိုးမှတ်ဖြင့် အုပ်စုပထမနေရာနှင့် ထိုင်းအသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယနေရာမှ ခြေစစ်ပွဲ အောင်မြင်သွားသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည်ခြေစစ်ပွဲဝင်အသင်း၁၅သင်းကို အုပ်စုလေးစုခွဲခြားကာ အုပ်စုတစ်စုစီမှ ထိပ်ဆုံးရပ်တည်မှုအသင်း နှစ်သင်းစီ (စုစုပေါင်း ရှစ်သင်း)သည် နောက်ဆုံးအဆင့်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အိုကာရာမာနှင့် ခြေစမ်းပွဲ Channel7 မှ ထုတ်လွှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊နိုဝင်ဘာ-၁၂**

ဆူဇူကီးဖလားမတိုင်ခင် နောက်ဆုံးခြေစမ်းမည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ဂျေလိဂ်-၂ ကလပ် အိုကာရာမအသင်းတို့၏ ခြေစမ်းပွဲနှစ်ပွဲကို Channel 7 ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ခြေစမ်းပွဲများကို နိုဝင်ဘာ ၁၅၊ ၁၇ ရက်များတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ်တစ်ထောင်နှင့် ရိုးရိုးတန်း ကျပ်ငါးရာသတ်မှတ်ထားကြောင်း ဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

ပွဲစဉ်များကို ညနေ ၅ နာရီခွဲအချိန်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အဆိုပါခြေစမ်းပွဲသည် ဆူဇူကီးဖလား နောက်ဆုံးအဆင့်မတိုင်မီ မြန်မာ့လက်ရွေးစင်အသင်း၏ နောက်ဆုံးခြေစမ်းပွဲဖြစ်သည်။ လက်ရှိရွေးချယ်ထားသော မြန်မာ့လက်ရွေးစင်ပဏာမကစားသမား ၂၅ ဦးထဲမှ နောက်ဆုံးအပြီးသတ် ၂၂ ဦးအား အဆိုပါ ခြေစမ်းပွဲများအပြီးတွင် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

အိုကာရာမာအသင်းနှင့်မြန်မာလက်ရွေးစင်အသင်းတို့သည် ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက ဂျပန်နိုင်ငံ၌ ခြေစမ်းကစားခဲ့ရာ ဂျပန်ကလပ်က (၆-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လက်ရှိဂျေလိဂ် ၂ တွင် ပါဝင်ကစားနေသည့် အိုကာရာမာအသင်းသည် ၂၀၁၂ ဂျေလိဂ်-၂ ပြိုင်ပွဲတွင် အဆင့်ရှစ်နေရာ၌ရပ်တည်နေသောအသင်းဖြစ်ပြီး ဘရာဇီးကစားသမားနှစ်ဦး၊ တောင်ကိုရီးယားနှင့် မလေးရှားကစားသမားတစ်ဦးစီပါဝင်ကစားနေသော အသင်းဖြစ်သည်။

# ရန်ကုန်ယူနိုက်တက် လူငယ်ရှုံးထွက်ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၁**

မြန်မာနေရှင်နယ်လိဂ်လူငယ် ရှုံးထွက် ဘောလုံးပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များတွင် လူငယ်အမှတ်ပေးချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းသည် နေပြည်တော်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။

နိုဝင်ဘာလ (၉၊၁၀) ရက်များက ကျင်းပခဲ့သည့် အဆိုပါပွဲစဉ်များတွင် နေပြည်တော်အသင်းက ရန်ကုန်ယူနိုက်တက်ကို (၁-၀)ဂိုး၊ ဟံသာဝတီအသင်းက ဇွဲကပင်အသင်းကို (၂-၁)ဂိုး၊ ချင်းယူနိုက်တက်အသင်းက ရောဝတီအသင်းကို (၂-၁)ဂိုး၊ မကွေးအသင်းက မနောမြေအသင်းကို (၁-၀)ဂိုး၊ ရတနာပုံအသင်းက ကမ္ဘောဇအသင်းကို (၁-၀)ဂိုး၊ ဇေယာရွှေမြေအသင်းက ရခိုင်ယူနိုက်တက်အသင်းကို ပယ်နယ်တီ အဆုံးအဖြတ် (၆-၅)ဂိုးတို့ဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြသည်။

မြန်မာနေရှင်နယ်လိဂ် ၁၄ သင်း ပါဝင်ယှဉ်ပြိုင်သည့် ၎င်းပြိုင်ပွဲတွင် ဆောက်သမ်းမြန်မာအသင်းနှင့် မောရဝတီအသင်းတို့မှာ ဘိုင်ရရှိသည့်အတွက် ကွာတားအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားပွဲစဉ်များကို နိုဝင်ဘာ (၁၆၊၁၇) ရက်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာနေရှင်နယ်လိဂ် လူငယ်အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်က စတင်ကျင်းပခဲ့သော်လည်း လူငယ်ရှုံးထွက်ပြိုင်ပွဲကိုမူ ယခုနှစ်တွင် စတင်ကျင်းပခြင်းဖြစ်သည်။



# မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းဂျာစီသစ် ထိုင်းတွင် ရောင်းချရန်စီစဉ်



ပဏာမလက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်

ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊နိုဝင်ဘာ-၉**

မြန်မာ့လက်ရွေးစင်အသင်း ဂျာစီသစ်များကို ဆူဇူကီးဖလားနောက်ဆုံးအဆင့် ကျင်းပမည့် ထိုင်းနိုင်ငံတွင် ပရိသတ်များအတွက် ရောင်းချရန် မလေးရှားအခြေစိုက်ကုမ္ပဏီ bumibola နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အီတလီနိုင်ငံထုတ် Lotto အမှတ်တံဆိပ်၏ အာရှကိုယ်စားလှယ်ဖြစ်သော အထက်ပါကုမ္ပဏီတို့သည် ပြီးခဲ့သည့်အောက်တိုဘာလဆန်းက မြန်မာအသင်းဝတ်စုံအတွက် စာချုပ်ချုပ်ဆိုခဲ့ကြသည်။

“ဆူဇူကီးဖလား နောက်ဆုံးအဆင့် မြန်မာအသင်း သွားရောက်ယှဉ်ပြိုင်မယ့် ထိုင်းနိုင်ငံမှာ မြန်မာအသင်းဂျာစီတွေကို ပရိသတ်တွေအတွက် ရောင်းချနိုင်ဖို့အတွက် bumibola ကုမ္ပဏီနဲ့ ညှိနှိုင်းနေပါတယ်။ ပရိသတ်တွေအတွက် သင့်တင့်တဲ့ဈေးနှုန်းနဲ့ ရောင်းချသွားနိုင်ဖို့ စီစဉ်သွားမှာပါ”ဟု ဘောလုံးအဖွဲ့ချုပ် ဈေးကွက်ရှာဖွေရေးဒါရိုက်တာ ဦးဆူးအောင်ကပြောသည်။

Lotto အမှတ်တံဆိပ်ဂျာစီသစ်များကို ပြီးခဲ့သည့် ဆူဇူကီးဖလားခြေစစ်ပွဲတွင် မြန်မာအသင်းစတင်ဝတ်ဆင်ယှဉ်ပြိုင်ခဲ့ပြီး ပရိသတ်များအတွက်လည်း တစ်ထည်လျှင် ကန်ဒေါ်လာ ၂၀(ကျပ် ၁၇၅၀၀)ဖြင့် ရောင်းချပေးခဲ့သည်။ ဆူဇူကီးဖလားနောက်ဆုံးအဆင့် အုပ်စု(က)ပွဲစဉ်များကို နိုဝင်ဘာ ၂၄ ရက်တွင် ထိုင်းနိုင်ငံ၌ စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# ဖူဆယ်လိဂ် ပထမအကျော့ ACE အသင်း ဦးဆောင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ - ၉**

၂၀၁၂ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်ပရီလိဂ် MFF AYA Fustal League 2012 ပြိုင်ပွဲ ပထမအကျော့အပြီးတွင် လက်ရှိချန်ပီယံ ACE အသင်းက အမှတ်ပေးဇယားထိပ်ဆုံးကို ဦးဆောင်ထားကြောင်း သတင်းရရှိသည်။

အသင်းရှစ်သင်းပါဝင်ယှဉ်ပြိုင်နေသည့် အဆိုပါပြိုင်ပွဲ ပထမအကျော့အပြီး အသင်းအားလုံး ခုနစ်ပွဲစီကစားပြီးချိန်၌ ACE အသင်းက ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ ၁၉ မှတ်ဖြင့် ဦးဆောင်ထားခြင်းဖြစ်သည်။ နိုဝင်ဘာလ ၈ရက်က ယှဉ်ပြိုင်ခဲ့သော ပထမအကျော့နောက်ဆုံးပွဲစဉ်များတွင် ACE အသင်းက လင်းစဒေါင်းလူငယ်အသင်းကို (၆-၂)ဂိုး၊ ရန်ကုန်စီးတီးအသင်းက MIC အသင်းကို (၁၂-၁) ဂိုး၊ Royal Land အသင်းက UPT အသင်းကို (၆-၄)ဂိုး၊ ဖြိုးမေနအသင်းက သဇင် FC ကို(၄-၂)ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

UPT အသင်းက ရမှတ် ၁၅ မှတ်ဖြင့် ဒုတိယ၊ ရန်ကုန်စီးတီးအသင်းက ရမှတ် ၁၄ မှတ်ဖြင့် တတိယနေရာတို့တွင် အသီးသီးရပ်တည်နေသည်။ Royal Land အသင်းသည် ရမှတ် ၁၄ မှတ်ရရှိထားသော်လည်း ဂိုးကွာခြားချက်အရ အဆင့် ၄ နေရာ၌ ရပ်တည်နေသည်။

ဒုတိယအကျော့ပွဲစဉ်များကို နိုဝင်ဘာလ ၂၀ ရက်တွင်ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ကိုင်တွယ်မည့် အီရန်နည်းပြဆရာသည် အဆိုပါပွဲစဉ်များကို ကြည့်ရှုကာ ပဏာမလက်ရွေးစင် ၄၅ ဦးအားရွေးချယ်ထားကြောင်း သတင်းရရှိသည်။









7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# အာဆင်နယ်-စပါး၊ ဂျူဗင်တပ်-လာဇီယို ဘာစီလိုနာ-ဇာရာဂိုဇာ ပွဲစဉ်များနှင့် ဥရောပလိဂ်ပွဲစဉ်အချို့ ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲမှာ အာဆင်နယ်-စပါး လန်ဒန်ဒါဘီ၊ အဝေးကွင်းမှာ ကစားရမယ့် ချယ်လ်ဆီး၊ မန်ယူတို့ရဲ့ အဝေးကွင်းပွဲတွေကို ရှုစားရမှာပါ။ စီးရီးအေပွဲစဉ်တွေထဲမှာတော့ ဇယားထိပ်က ဂျူဗင်တပ်-လာဇီယို၊ နာပိုလီနဲ့ အဝေးကွင်းရင်ဆိုင်ရမယ့် မီလန်တို့ရဲ့ ပွဲတွေရှိနေပြီး လာလီဂါမှာတော့ ဘာစီလိုနာ-ဇာရာဂိုဇာ၊ ရီးရဲလ်-အသလက်တစ် ကလပ်တို့ရဲ့ ပွဲတွေကို ကြည့်ရှုရပါမယ်။






**ပရီးမီးယားလိဂ်**

**နိုဝင်ဘာ ၁၇၊ စနေ**

**အာဆင်နယ် - စပါး**

(ည ၇း၁၅ နာရီ)
ယမန်နှစ်ရလဒ် ၅-၂

ယမန်နှစ်ကတော့ အာဆင်နယ်တို့ ဂိုးမိုးရွာခဲ့တယ်။ ဒါပေမဲ့ ဒီနှစ်တော့ စပါးကို သတိထားရနိုင်ပါတယ်။ အာဆင်နယ်တို့ အိမ်ကွင်းနိုင်ပွဲနည်းနေတာရယ်၊ ဂီရော့၊ ကာဇိုလာတို့ကို စပါးထိန်းချုပ်သွားနိုင်တာရယ်ကြောင့် ကပ်နိုင်ဖို့ပဲ ရှိပါတယ်။ ဂိုးနည်းမယ့်ပွဲပါ။

**မန်စီးတီး - ဗီလာ**

(ည ၉း၃၀ နာရီ)
ယမန်နှစ်ရလဒ် ၄-၁

မန်စီးတီးတို့ အိမ်ကွင်းအကောင်းဆုံး အနေအထားရှိသလို အိမ်ကွင်းရှုံးပွဲလုံးဝမရှိသေးတဲ့ အနေအထားကလည်း ဗီလာကိုခြိမ်းခြောက်မှာပါ။ ဗီလာတို့နောက်ဆုံးငါးပွဲမှာ တစ်ပွဲပဲနိုင်ထားတယ်။ မန်စီးတီးနှစ်ဂိုးလောက် ရနိုင်ပါတယ်။

**ဝက်စ်ဘရွန်း - ချယ်လ်ဆီး**

(ည ၉း၃၀ နာရီ)
ယမန်နှစ်ရလဒ် ၁-၀

ဝက်စ်ဘရွန်းတို့ မနှစ်ကလို ဒုက္ခပေးဖို့ မလွယ်ပါ။ ဒါပေမဲ့ ချယ်လ်ဆီးတို့နိုင်လိုစိတ်ပြင်းထန်ဖို့လိုနေဆဲဖြစ်ပါတယ်။ ချယ်လ်ဆီး တစ်ဂိုးအသာနဲ့လောက်ပဲ ရမယ့်ပွဲလို့ မှန်းချင်ပါတယ်။

**နိုဝင်ဘာ ၁၈၊ တနင်္ဂနွေ**

**နော်ဝစ်ချ် - မန်ယူ**

(နံနက် ၀၀း၀၀ နာရီ)
ယမန်နှစ်ရလဒ် ၁-၂

မန်ယူတို့ တိုက်စစ်အားကောင်းမှုကြောင့် အဝေးကွင်းနိုင်ပွဲရမှာပါ။ မန်ယူတို့ ချယ်ပီယံလိဂ်မှာ ရွှန်နေး၊ ဗန်ပါစီတိုက်စစ်နဲ့ အလုပ်ဖြစ်ခဲ့သလို ဒီပွဲမှာလည်း နှစ်ဂိုးလောက်ရနိုင်တယ်။

**စီးရီးအေ**

**နိုဝင်ဘာ ၁၇၊ စနေ။**

**ဂျူဗင်တပ်-လာဇီယို**

(ည ၁၁း၃၀ နာရီ)
ယမန်နှစ်ရလဒ် ၂-၁

ဂျူဗီတို့အိမ်ကွင်းမှာ လာဇီယိုကိုမရှုံးတာကြာနေပါပြီ။ ဒါပေမဲ့ လာဇီယိုတို့မထင်မှတ်ဘဲ ခံကစားသွားနိုင်ပါတယ်။ ဂျူဗင်တပ်ဂိုးအနည်းနဲ့ ကပ်နိုင်ဖို့ရှိပြီး သရေလည်း ဖြစ်သွားနိုင်တယ်။

**နိုဝင်ဘာ ၁၈၊ တနင်္ဂနွေ**

**နာပိုလီ - မီလန်**

(နံနက် ၂း၁၅ နာရီ)
ယမန်နှစ်ရလဒ် ၃-၁

မီလန်တို့ အဝေးကွင်းမှာ ခက်ခဲတဲ့ပွဲဖြစ်ပါတယ်။ နာပိုလီ အိမ်ကွင်းမှာ အနိုင်ရဖို့ကြိုးစားမှာဖြစ်ပြီး အိမ်ကွင်းရှုံးပွဲမရှိသေးတာ မို့စံချိန်ဆက်ထိန်းနိုင်ဖွယ်ရှိတယ်။ နာပိုလီသရေ(သို့မဟုတ်)ကပ်နိုင်သွားနိုင်ပါတယ်။

**အင်တာမီလန် - ကက်ဂလီယာရီ**

(ည ၈း၃၀ နာရီ)
ယမန်နှစ်ရလဒ် ၂-၁

အကြိတ်အနယ်ကန်မယ့် နောက်ထပ်ပွဲတစ်ပွဲပါ။ အင်တာတို့အိမ်ကွင်းမှာ ကာဆာနို၊ လီဗာဂျာ၊ ကမ်ဘီယာဆိုတို့နဲ့ ချန်ပီယံလိဂ်မှာ ပါတီဇန်ကို ကစားသလို ကစားနိုင်ခဲ့ရင် မျှော်လင့်ချက်ရှိပါတယ်။ အင်တာအပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်မှာပါ။

**လာလီဂါ**

**နိုဝင်ဘာ ၁၇၊ စနေ**

**အိုဆာဆူနာ - မာလာဂါ**

(ည ၉း၃၀ နာရီ)
ယမန်နှစ်ရလဒ် ၁-၁

မနှစ်က နှစ်ကျော့စလုံး သရေကျထားတဲ့ နှစ်သင်းဖြစ်တယ်။ အိုဆာဆူနာ အဝေးကွင်းရော အိမ်ကွင်းပါတောက်လျှောက် ခြေကျနေပါတယ်။ မာလာဂါတို့ ဆာဗီယိုလာ၊ ဆန်တာခရုဇ်တို့ရဲ့ တိုက်စစ်နဲ့ ကပ်နိုင်ခြေရှိတယ်။

**နိုဝင်ဘာ ၁၈၊ တနင်္ဂနွေ**

**ဘာစီလိုနာ - ရီးရဲလ်ဇာရာဂိုဇာ**

(နံနက် ၁း၃၀ နာရီ)
ယမန်နှစ်ရလဒ် ၄-၀

ဘာစီလိုနာအိမ်ကွင်းမှာရော အဝေးကွင်းမှာပါ ရှုံးပွဲမရှိ စံချိန်ရနေတာအံ့ဩစရာမဟုတ်ပါဘူး။ ဒီပွဲမှာလည်း မက်ဆီ၊ ပက်ဒရို၊ ဆန်းချက်ဇ်တို့ရဲ့ တိုက်စစ်နဲ့ နှစ်ဂိုးလောက်ရနိုင်ပါတယ်။ သရေကျဖို့မရှိပါ။

**ရီးရဲလ်မက်ဒရစ် - အသလက်တစ်**

(နံနက် ၃း၃၀ နာရီ)

ရီးရဲလ်တို့ နောက်ဆုံးငါးပွဲဆက်တိုက် အခြေအနေကောင်းခဲ့သလို အိမ်ကွင်းခြေစွမ်းလည်း အကောင်းဆုံးဖြစ်နေဆဲပါ။ ဒေ့ါမွန်နဲ့ ချန်ပီယံလိဂ်အိမ်ကွင်း သရေကျခဲ့ပေမယ့် ဒီပွဲမှာ ရီးရဲလ်နှစ်ဂိုးလောက်တော့ရပါမယ်။ ဂိုးများမယ့်ပွဲပါ။

7DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012





Photo - Getty Images

## အမေရိကန်ထိပ်တန်း တရားရုံးက လူနည်းစုများ၏ မဲပေးပိုင်ခွင့် အခွင့်အရေးကိစ္စကို ကြားနာမည်

**ဝါရှင်တန်၊ နိုဝင်ဘာ - ၁၀**

အမေရိကန်သမ္မတ ရွေးကောက်ပွဲပြီးဆုံး၍ သုံးရက်သာ ကြာမြင့်ချိန်မှာပင် မဲပေးရာတွင် ခွဲခြားဆက်ဆံခံရသည့် လူနည်းစုများကိစ္စကိုကိုင်တွယ်ရန် အမေရိကန်တရားရုံးချုပ်က ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ပြည်နယ်ကိုးပြည်နယ်၌ ဆန္ဒမဲပေးခြင်းစနစ်တွင် အပြောင်းအလဲများပြုလုပ်မည်ဆိုပါက ဖက်ဒရယ်အစိုးရ၏ အတည်ပြုချက်ရယူရေးပြဋ္ဌာန်းထားသည့် မဲပေးခြင်းဆိုင်ရာ အခွင့်အရေးများ ဥပဒေအား ဥပဒေအရ စိန်ခေါ်ခြင်းကိုပြန်လည်သုံးသပ်ရန် အဖွဲ့ဝင်ကိုးဦးပါဝင်သည့် ခုံရုံးအဖွဲ့က သဘောတူညီလိုက်သည်။

၁၉၆၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့်ဥပဒေအခန်း(၅)တွင် ယင်းသို့ခွဲခြားဆက်ဆံမှု အစဉ်အလာရှိသည့် တောင်ပိုင်းပြည်နယ် ကိုးပြည်နယ်အား အပြောင်းအလဲများအတွက် ဖက်ဒရယ် အစိုးရအတည်ပြုချက်ယူရေး ပြဋ္ဌာန်းထားသည်။

တရားရုံးချုပ်က ယခုကိုင်တွယ်မည့်ကိစ္စ၌လူဦးရေ၂၀၀,၀၀၀ ရှိပြီး လူဖြူ ၈၃ ရာခိုင်နှုန်းနေထိုင်ရာ အယ်လာဘာမာ ပြည်နယ်က ယခုအခြေအနေအတိုင်းပင်အခန်း(၅)ကိုဖြုတ်ပေးရေး အယူခံဝင်ထားခြင်းကို အမေရိကန်တရားရုံးချုပ်က ကြားနာမည်ဖြစ်သည်။ သမ္မတအိုဘားမားအစိုးရသည် အခန်း(၅)ကျင့်သုံးမှုကို ယခင်ကာလများထက် ပိုမိုတင်းကျပ်စွာ အကာအကွယ်ပေးနေသည်ဟု အဆိုပါအမှုတွဲတွင်တင်ပြလျှောက်လဲထားသည်။

*—Ref: AFP*

# အမေရိကန် သမ္မတရွေးကောက်ပွဲ စိတ်ဝင်စားဖွယ် အချက်အလက်များ

**ဝါရှင်တန်၊ နိုဝင်ဘာ - ၁၀**

အမေရိကန် သမ္မတရွေးကောက်ပွဲနှင့်ပတ်သက်သော သတင်းများ နည်းပါးလာသော်လည်း ၂၀၁၂ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှနေ၍ စိတ်ဝင်စားစရာ၊ မှတ်သားစရာအချက်များ ပေါ်ထွက်ခဲ့သည်။ ယင်းအချက်များကိုစုစည်းဖော်ပြထားပါသည်။

**၁။ ရွေးကောက်ပွဲနှစ်ကြိမ် ဆက်တိုက်နိုင်သည့် သမ္မတသုံးဦး**

အမေရိကန်နိုင်ငံ၏ နောက်ဆုံးသမ္မတသုံးဦးဖြစ်သော ဘီလ်ကလင်တန်၊ ဂျော့ချ်ဒဗလျူဘုရှ်နှင့် အိုဘားမားတို့သည် သက်တမ်းနှစ်ကြိမ်ဆက်တိုက်အနိုင်ရရှိခဲ့ပြီး ယင်းသို့ဖြစ်ခဲ့သည့် နောက်ဆုံးအချိန်မှာ ၁၈၀၁ ခုနှစ်တွင် တတိယမြောက်သမ္မတဖြစ်လာသည့် သောမတ်စ်ဂျက်ဖာဆန်၊ စတုတ္ထ ဂျိမ်းစ်မယ်ဒီဆန်နှင့် ပဉ္စမဂျိမ်းစ်မွန်ရိုးတို့လက်ထက်က ဖြစ်သည်။


Photo - Getty Images

**(၂) စံချိန်တင်ကုန်ကျစရိတ်**

၂၀၁၂ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာကန်ဒေါ်လာ ခြောက်ဘီလီယံခန့်ကုန်ကျခဲ့ပြီး ၂၀၀၈ ခုနှစ်ရွေးကောက်ပွဲထက် ကန်ဒေါ်လာသန်း ၇၀၀ ပိုမိုကုန်ကျခဲ့သည်။

**(၃) ဆန်းသစ်သောနည်းလမ်းများ**

သမ္မတအိုဘားမား မဲဆွယ်စည်းရုံးရေးအဖွဲ့သည် ထူးခြားဆန်းသစ်သော နည်းလမ်းများ၊ ယခင်ကအသုံးမပြုဖူးသော နည်းလမ်းများ အသုံးချ၍ အင်တာနက်ကို တွင်ကျယ်စွာအသုံးပြု၍ မဲဆန္ဒရှင်များ၊ အလှူရှင်များ၊ လုပ်အားပေးများ ဆက်သွယ်စည်းရုံးခဲ့သည်။

**(၄) မှန်မှန်ကန်ကန် ဟောကိန်း ထုတ်သူများ**

FiveThirtyEight.com နှင့်နယူးယောက်တိုင်းမ် သတင်းစာတို့သည် ၂၀၀၈ ခုနှစ်ဟောကိန်းများတွင် ပြည်နယ်တစ်ခုစီ လွဲချော်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင်မူ ပြည်နယ်တစ်ခုချင်းစီအား မှန်ကန်စွာ ဟောကိန်းထုတ်နိုင်ခဲ့သည်။ နိုင်ငံရေးမှာ အနုပညာမဆန်လှဘဲ သိပ္ပံဆန်လှသည်။

**(၅) နည်းပညာများ ပိုကောင်းလာ၍ ရွေးကောက်ပွဲကို ပိုမိုနားလည်လာ**


ကျွန်ုပ်တို့အနေဖြင့် မိမိကိုယ်ကိုနှိမ့်ချပြီး မသိနားမလည်သော အရာများအများအပြားရှိသေးကြောင်း သဘောပေါက်မည်ဖြစ်သော်လည်း တိုးတက်လာသော နည်းပညာများကြောင့် လူဆိုသည်မှာ နိုင်ငံရေးသတ္တဝါဖြစ်ကြောင်း သိရှိလာရန် နည်းပညာများက အထောက်အကူပြုလာသည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

## မာလီနိုင်ငံမြောက်ပိုင်းသို့ တပ်ဖွဲ့များ စေလွှတ်ရေး အာဖရိကခေါင်းဆောင်များ သဘောတူ


Photo - AFP

**လားဂို့စ်၊နိုဝင်ဘာ-၁၂**
မာလီနိုင်ငံတွင် တည်ငြိမ်မှုရှိစေရေးအတွက် တပ်ဖွဲ့ဝင်ပေါင်း ၃,၀၀၀ စေလွှတ်ရန်အနောက်အာဖရိကနိုင်ငံများက သဘောတူညီလိုက်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံတော် ရုပ်သံကပြောကြားသည်။

နိုင်ဂျီးယားနိုင်ငံ လားဂို့စ်မြို့၌ အနောက်အာဖရိကနိုင်ငံများအုပ်စု (ECOWAS) အရေးပေါ် အစည်းအဝေးပွဲတစ်ရပ် ကျင်းပအပြီး ယခု ဆုံးဖြတ်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ကုလသမဂ္ဂ၊ ဥရောပ၊ အာဖရိကသမဂ္ဂနှင့် ECOWAS အုပ်စုမှ စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူများသည် မာလီနိုင်ငံမြောက်ပိုင်းကို စစ်သွေးကြွများလက်မှ ပြန်လည်သိမ်းပိုက်ရေး စီမံကိန်းတစ်ရပ် ရေးဆွဲထားကြသည်။ သို့သော်လည်းယင်းအစီအစဉ်ကိုအကောင်အထည်မဖော်မီကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂတို့၏အတည်ပြုချက်ကို ရယူရမည်ဖြစ်သည်။

လွန်ခဲ့သော ခုနစ်လကျော်က မာလီတပ်တွင်း ပုန်ကန်ထကြွခဲ့သော စစ်သားများက ဦးဆောင်၍ မာလီနိုင်ငံ၏ သမ္မတအားဖြုတ်ချခဲ့သည်။ ယင်းကာလအတွင်း အာဏာလစ်လပ်မှု ဖြစ်ပေါ်ခဲ့ရာ အစ္စလာမ်မစ်များက နိုင်ငံမြောက်ပိုင်းအား သိမ်းပိုက်ခဲ့သည်။

လုံခြုံရေးကျွမ်းကျင်သူများနှင့် သံတမန်များကမူ တပ်ဖွဲ့ဝင်များ ချထားရေးကိစ္စအား ကုလသမဂ္ဂက အတည်ပြုခဲ့လျှင်ပင် ယင်းကိစ္စအကောင်အထည်ဖော်ရေးမှာ လပေါင်းများစွာ ကြာမြင့်နိုင်သည်ဟု ပြောကြားကြသည်။

—*Ref: AP*

## ဂျပန်ဝန်ကြီးချုပ် ရွေးကောက်ပွဲ ရှေ့လတွင် ကျင်းပဖွယ်ရှိ

**တိုကျို၊နိုဝင်ဘာ-၁၂**
မကြာသေးမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပေးရန် အတိုက်အခံဘက်မှ ဖိအားပေးမှုကို လက်ခံသောအားဖြင့် ဂျပန်ဝန်ကြီးချုပ် ယိုရှိဟီကိုနိုဒါသည်လာမည့်လအစောပိုင်းတွင် ရွေးကောက်ပွဲကျင်းပဖွယ်ရှိကြောင်း သိရသည်။ ဝန်ကြီးချုပ်နိုဒါသည် ရွေးကောက်ပွဲတွင် ထောက်ခံမှုရရှိရေးအတွက် အမေရိကန်ဦးဆောင်သည့် ပစိဖိတ်သမုဒ္ဒရာဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု (TPP)ကုန်သွယ်ရေး စာချုပ်ကို လက်မှတ်ရေးထိုးဖြစ်အောင်ကြိုးစားသွားမည်ဟုလည်း သိရသည်။ နိုဒါက သတင်းထောက်များနှင့် တွေ့ဆုံရာတွင် "ကျွန်တော်တို့ဟာ TPP နဲ့ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားတို့ကြား လွတ်လပ်တဲ့ကုန်သွယ်ရေးသဘောတူညီချက်တွေရအောင် ကြိုးစားသွားမှာပါ။ ဒီကိစ္စဟာ ကျွန်တော်တို့ရဲ့ ကြေညာစာတမ်းမှာလည်း ပါဝင်ပါတယ်"ဟု ပြောသည်။ သို့သော် နိုဒါ၏ ယခုအစီအစဉ်ကို ပါတီတွင်းမှ အမတ်များက ဂျပန်နိုင်ငံတွင် နိုင်ငံရေးအရ အင်အားကောင်းသော လယ်သမားများ၏ တုံ့ပြန်မှုနှင့် ရင်ဆိုင်ရမည်စိုး၍ ဆန့်ကျင်နေသည်။ လယ်သမားများက ကုန်သွယ်ရေးစာချုပ်ကြောင့် ဈေးပေါသောပြည်ပမှ စိုက်ပျိုးရေးသွင်းကုန်များက ၎င်းတို့၏ လုပ်ငန်းငယ်များကို ပျက်စီးစေမည်ဟု ပြောဆိုနေသည်။ အဓိက အတိုက်အခံပါတီဖြစ်သော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP)ကလည်း TPP စာချုပ်ကို ဆန့်ကျင်နေသည်။ ယခင်အမျိုးသားမဟာဗျူဟာရေးရာဝန်ကြီးဟောင်း မိုတိုရှီဆာဖူရူကာဝါကမူ ရွေးကောက်ပွဲသည် ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပနိုင်ကြောင်း ထင်ကြေးပေးထားသည်။ ဂျပန်စီးပွားရေးလုပ်ငန်းရှင်ကြီးများကမူ PTT စာချုပ်လက်မှတ်ရေးထိုးရန် အစိုးရကို ထောက်ခံနေပြီး စာချုပ်တွင် မပါဝင်ပါက ဒေသတွင်းပြိုင်ဘက် တရုတ်နှင့် တောင်ကိုရီးယားတို့နောက်၌ ကျန်နေနိုင်ကြောင်းဆိုသည်။ နိုဒါသည် ၂၀၀၆ ခုနှစ်အထိ ဂျပန်နိုင်ငံရေးကို အုပ်စိုးခဲ့သည့် အယ်လ်ဒီပီ ပါတီအပေါ် ဒီမိုကရက်များက အနိုင်ရပြီးနောက် ဝန်ကြီးချုပ်ဖြစ်လာသည့် တတိယမြောက် ဒီမိုကရက်တစ်ခေါင်းဆောင်လည်း ဖြစ်သည်။

—*Ref: AFP*

နောက်ကျောဖုံး မှ

### ဂရိနိုင်ငံတွင် ဘတ်ဂျက် အတည်ပြုပြီးနောက် နိုင်ငံတကာအကူအညီရမည်ဟု မျှော်လင့်

ချေးငွေများ ရရှိတော့မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်ဆာမာရက်စ်က ပြောကြားသည်။ ယူရိုဇုန်ဘဏ္ဍာရေးဝန်ကြီးများသည် နိုဝင်ဘာ ၁၄ ရက်တွင် ဘရပ်ဆဲလ်မြို့၌ တွေ့ဆုံဆွေးနွေးရန် ရှိသော်လည်း ဘဏ္ဍာရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်မည်ဟု မျှော်လင့်မထားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဘတ်ဂျက်မဲခွဲမှုအပြီး စကားပြောကြားရာ၌ ဂရိဝန်ကြီးချုပ်ဆာမာရက်စ်က ၂၀၁၃ ခုနှစ်ဘတ်ဂျက်ကို အတည်ပြုနိုင်ခဲ့၍ ဂရိနိုင်ငံအနေဖြင့် အချိုးအကွေ့တစ်ရပ်ကို ကျော်လွှားနိုင်ခဲ့ပြီဟု ပြောသည်။

—*Ref: Reuters*


Photo - AFP

နောက်ကျောဖုံး မှ

### ဇင်ဘာဘွေသမ္မတနှင့် အပေါင်းပါများ ဒေါ်လာ နှစ်ဘီလီယံတန်ဖိုးရှိ နိုင်ငံပိုင်စိန်များ ခိုးယူခဲ့ဟုဆို

ကမ္ဘာ့အကြီးဆုံးစိန်တွင်းများအနက် တစ်ခုဖြစ်သော ဇင်ဘာဘွေအရှေ့ပိုင်း မာရိန့်ချ်စိန်လုပ်ကွက်ကို ၂၀၀၆ မှစ၍ တူးဖော်လုပ်ကိုင်ခဲ့ပြီး ယင်းမှရရှိသော ဝင်ငွေများမှာ ဇင်ဘာဘွေ၏ စီးပွားရေးကို ပြောင်းလဲစေခဲ့သည်ဆိုသည်။ သို့သော် စိန်တွင်းမှ ထွက်ရှိသော စိန်များရောင်းရငွေကိုနိုင်ငံတော်ဘဏ္ဍာတွင် ပြသခြင်းမရှိဘဲ ဒေါ်လာသန်းပေါင်းများစွာမှာ မူဂါဘီ၏ လက်ဝေခံ ခရိုနီများထံသို့ရောက်ရှိခဲ့သည်ဟုဆိုသည်။

Partnership Africa Canada အဖွဲ့၏ အစီရင်ခံစာ၌ မူဂါဘီအစိုးရ၏ မာရိန့်ချ်စိန်တွင်းများအား ထိန်းချုပ်ထားမှုကို ရှုတ်ချခဲ့ပြီး စိန်များ ရောင်းချရမှုမှ ဇင်ဘာဘွေနိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှုမှာ ဒေါ်လာ နှစ်ဘီလီယံခန့်ရှိသည်ဟု တွက်ချက်ဖော်ပြခဲ့သည်။ အစီရင်ခံစာ ၂၀၁၀ ၌ ဘယ်လ်ဂျီယမ်မှ နိုင်ငံမှစိန်ကျွမ်းကျင်ပညာရှင် ဖိလစ်ဖန်လော်ရီ၏ ခန့်မှန်းမှုအရ ဇင်ဘာဘွေနိုင်ငံတွင် တစ်နှစ်လျှင် စိန်ထွက်ရှိမှု ကာရက်သန်း ၃၀ မှ ၄၀ အထိ ရှိနိုင်ကြောင်း၊ ယင်းမှာ ငွေကြေးအားဖြင့် တစ်နှစ်လျှင် ဒေါ်လာနှစ်ဘီလီယံခန့်ရှိကြောင်း ဖော်ပြထားသည်။ မှတ်တမ်းများအရ ၂၀၁၂ နှောင်းပိုင်းတွင် မာရိန့်ချ်စိန်များကို ဒူဘိုင်းသို့ အချိန် ကာရက် ၁၀ သန်း (ဒေါ်လာသန်း ၆၀၀ ဖိုး) ခန့်တင်ပို့ခဲ့ပြီး အိန္ဒိယတွင် အချောကိုင်စိန်ဖြစ်ပြီး ပြန်ရောင်းချပါက တန်ဖိုးမှာ ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံအထိရှိကြောင်း သိရသည်။

အစီရင်ခံစာတွင် ဇင်ဘာဘွေသတ္တုတွင်းဝန်ကြီး အိုဘတ်အမ်ပိုဖူက အနောက်တိုင်း၏ စီးပွားရေး ပိတ်ဆို့မှုများကြောင့် ဇင်ဘာဘွေစိန်များ ဈေးကောင်းမရခဲ့ကြောင်း ပြောကြားချက်နှင့် စိန်ရောင်းချရမှုများမှ ရသော ဝင်ငွေအတိအကျကို ၎င်းဘက်မှ ဖော်ပြရန် အကြိမ်ကြိမ်ငြင်းဆန်ခဲ့မှုတို့ကိုလည်း ထောက်ပြထားသည်။


Photo - AFP

အစီရင်ခံစာက ၂၀၀၉ မှစ၍ သတ္တုတွင်းဝန်ကြီးဖြစ်လာသည့် မူဂါဘီ၏ သစ္စာခံ ဝန်ကြီးအမ်ပိုဖူ အပါအဝင် မူဂါဘီ၏ စစ်တပ်အရာရှိများနှင့် အာဏာပိုင်များသည် ၎င်းတို့လခထက် အဆမတန်မြင့်မားသော ကိုယ်ပိုင်စံအိမ်ကြီးများ၊ ဇိမ်ခံကားများဖြင့် နေထိုင်နေကြကြောင်း ဖော်ပြသည်။

—*Ref: AFP*







I live by my Code™
CODE 10
ယုံကြည်မှုအပြည့်နှင့်
စတိုင်လ်ကျစေဖို့...
NEW!
CODE 10
SHAMPOO
SERIES
CODE 10 Grooming For Men


Queens Oramin-F 2012
အလှစုရင်မမျာ ား၏ ကိုရီးယား အလည်အပတ်ခရီးသွားပုံရိပ်များ
Queens Oramin-F 2012
Oramin-F
နမျိုးလင်းလက်စွမ်းအင်ထက်
အမျိုးသမီးတိုင်းအတွက်
အော်ရာမင် - အက်(ဖ်)
အဆင့်မြင့်အားဆေး
DAEWON PHARM. CO., LTD.

7 DAY NEWS JOURNAL

# International

Vol.11, No.36 • NOVEMBER 15 , 2012

## ဇင်ဘာဘွေသမ္မတနှင့် အပေါင်းပါများ ဒေါ်လာ နှစ်ဘီလီယံတန်ဖိုးရှိ နိုင်ငံပိုင် စိန်များ ခိုးယူခဲ့ဟုဆို

**ဗစ်တိုးရီးယားဖောလ်စ် (ဇင်ဘာဘွေ)၊နိုဝင်ဘာ-၁၂**

ဇင်ဘာဘွေ၏ နိုင်ငံအရှေ့ပိုင်း စိန်တွင်းများမှ ထွက်ရှိခဲ့သော အနည်းဆုံးဒေါ်လာ နှစ်ဘီလီယံတန်ဖိုးရှိ စိန်များကို သမ္မတမူဂါဘီ၏ အသိုင်းအဝိုင်း၊ နိုင်ငံတကာကျော်ကြားသည့် ကုန်သည်များနှင့် ပြစ်မှုကျူးလွန်သူများက ခိုးယူကာ ကြွယ်ဝချမ်းသာခဲ့ကြကြောင်း ကမ္ဘာ့စိန်ကုန်သွယ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းအဖွဲ့ Kimberley Process ၏အဖွဲ့ဝင် Partnership Africa Canada (PAC) အဖွဲ့က စွပ်စွဲပြောကြားလိုက်သည်။

»စာမျက်နှာ(၅၄)သို့

## တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်များ ပိုင်ဆိုင်မှုကြေညာသည့် အစီအစဉ် ချမှတ်ဖွယ်ရှိ



Photo - Getty Images

**ဘေဂျင်း၊နိုဝင်ဘာ-၁၂**

ကျင်းပလျက်ရှိသော တရုတ်ကွန်မြူနစ်ပါတီကွန်ဂရက်တွင် ပါတီ၏ ထိပ်တန်းခေါင်းဆောင်များအကြား လူအများ သံသယကင်းစေရန် ပိုင်ဆိုင်မှုများကို အများပြည်သူသိအောင် ကြေညာမည့် အစီအစဉ်တစ်ရပ် ချမှတ်ဖွယ်ရှိကြောင်း သိရသည်။ တရုတ်နိုင်ငံတောင်ပိုင်းပြည်နယ် ကွမ်တုံမှ ထိပ်တန်းကွန်မြူနစ်ခေါင်းဆောင် ဝမ်ယန်နှင့် ရှန်ဟိုင်းကွန်မြူနစ်ပါတီ အကြီးအကဲ ယူကျန်းရှန်တို့က တရုတ်အာဏာပိုင်များသည် အနာဂတ်တွင် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို အသေးစိတ်ထုတ်ပြန်တော့မည်ဟု ပြောခဲ့သည်။

»စာမျက်နှာ(၄၅)သို့

## ဂရိနိုင်ငံတွင် ဘတ်ဂျက်အတည်ပြုပြီးနောက် နိုင်ငံတကာအကူအညီရမည်ဟုမျှော်လင့်

**အေသင်၊ နိုဝင်ဘာ-၁၂**

လာမည့်နှစ်အတွက် ခြိုးခြံချွေတာရေး ဘတ်ဂျက်အား ဂရိပါလီမန်က အတည်ပြုလိုက်ပြီဖြစ်ရာ ယင်းမှာ နိုင်ငံတကာမှ ဘဏ္ဍာရေးကယ်ဆယ်မှု ရရှိပြီး ဒေဝါလီခံရမည့်အရေးမှ ရှောင်လွှဲနိုင်ရန် လမ်းခင်းပေးလိုက်ခြင်းဖြစ်သည်။

ယခု ဘတ်ဂျက်ဥပဒေကို ဝန်ကြီးချုပ် အန်တိုနစ် ဆာမာရက်စ်၏ ကွန်ဆာဗေးတစ်ညွန့်ပေါင်းအဖွဲ့ ပါတီသုံးရပ်စလုံးက ထောက်ခံမှုပေးခဲ့သည်။ ယင်းမတိုင်မီ နှစ်ရက်က မဲခွဲမှုတွင်မူ လိုငွေလျှော့ချရေး အချို့အစီအစဉ်များအား ၎င်း၏ မဟာမိတ်ပါတီများက လက်သင့်မခံခဲ့ပေ။

ယင်းဥပဒေများကို ပြဋ္ဌာန်းပြီးမှသာလျှင် ဂရိနိုင်ငံအနေဖြင့် ဘတ်ဂျက်ငွေမကုန်ဆုံးမီ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဥရောပသမဂ္ဂတို့ထံမှ ချေးငွေအသစ်များ အလုံးအရင်းဖြင့် ထပ်မံရရှိနိုင်မည်ဖြစ်သည်။

»စာမျက်နှာ(၅၄)သို့

## ဘီဘီစီသတင်းဌာန အကြီးအကဲ နုတ်ထွက်

**လန်ဒန်၊နိုဝင်ဘာ-၁၂**

ဗြိတိန်နိုင်ငံရေးသမားတစ်ဦးအား ကလေးသူငယ် လိင်အကြမ်းဖက်မှု အရှုပ်အထွေးတစ်ခုနှင့် ဆက်စပ်နေကြောင်း မှားယွင်းစွာဖော်ပြထားသည့် ရုပ်သံအစီအစဉ်တစ်ခု ထုတ်လွှင့်ခဲ့ခြင်းနှင့် ပတ်သက်၍ ဗြိတိန်သျှအသံလွှင့်ကော်ပိုရေးရှင်း(ဘီဘီစီ)၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဂျော့ချ် အန့်ဝှစ်တယ် နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။



Photo - AFP

လန်ဒန်မြို့ ဘီဘီစီရုံးချုပ်ရှေ့တွင် တိုတောင်းသော ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာ၌ ၎င်းအနေဖြင့် ဂုဏ်သိက္ခာရှိသော လုပ်ရပ်ကို လုပ်ဆောင်ပြီး နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ကြောင်း မစ္စတာအန့်ဝှစ်တယ်က ပြောကြားသည်။

»စာမျက်နှာ(၄၅)သို့


## အစ္စရေး-ဆီးရီးယား တင်းမာမှုများ အရှိန်မြင့်လာနိုင်ကြောင်း ဘန်ကီမွန်း သတိပေး

**ကုလသမဂ္ဂ၊နိုဝင်ဘာ-၁၂**

ဆီးရီးယားပဋိပက္ခ ဒေသတွင်း၌ ပျံ့နှံ့လာနိုင်သည်ဟူသော သတိပေးချက်များ ရှိနေစဉ်မှာပင် ဂိုလန်ကုန်းမြေမြင့် မျက်နှာစာ၌ တင်းမာမှုများ လျှော့ပါးရေး လုပ်ဆောင်ရန် အစ္စရေးနှင့် ဆီးရီးယားနိုင်ငံတို့အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ပန်ကြားလိုက်သည်။

»စာမျက်နှာ(၄၅)သို့

### INTERVIEW



တရုတ်ခေါင်းဆောင်မှု အပြောင်းအလဲရဲ့ ရလဒ်က ကမ္ဘာတစ်ဝန်းလုံးအတွက် အရေးကြီးတယ်

တိုင်းမ်မဂ္ဂဇင်း၏ ဘေဂျင်းမြို့ရှိအကြီးအကဲ ဟန်နာဘီချ်နှင့် တွေ့ဆုံခြင်း

»စာမျက်နှာ(၄၆)သို့

### NEWS ANALYSIS

## မစ္စတာစီကျင်ပင်း တရုတ်နိုင်ငံနှင့် ကွန်မြူနစ်ပါတီ



»စာမျက်နှာ(၃၆)သို့

## အငြင်းပွားကျွန်းတစ်ခုပေါ်တွင် အခြေခံအဆောက်အအုံ ဆောက်လုပ်မှုများ တရုတ်အစိုးရ တိုးမြှင့်မည်

**ဘေဂျင်း၊နိုဝင်ဘာ-၁၂**

တရုတ်အစိုးရသည် တောင်တရုတ်ပင်လယ်အတွင်း အိမ်နီးချင်းနိုင်ငံများနှင့် အငြင်းပွားနေသော ကျွန်းတစ်ခု၌ အခြေခံအဆောက်အအုံ ဆောက်လုပ်မှုများ တိုးတက်အောင် အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒေသခံအစိုးရအဖွဲ့ အကြီးအကဲတစ်ဦးကပြောကြားလိုက်သည်။

»စာမျက်နှာ(၄၅)သို့




၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.36 • NOVEMBER 15 , 2012

# မြေမြှုပ်မိုင်းရှင်းလင်းရေး အမေရိကန် ကူညီရန်အသင့်

**မြတ်စုမွန်**

**ရန်ကုန်၊ နိုဝင်ဘာ - ၇**

မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်း ရှင်းလင်းရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လက်တွဲလုပ်ဆောင်ရန် အဆင်သင့်ရှိနေကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံ အမတ်ကြီး ဒဲရစ်မစ်ချယ်က မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲတွင် ကတိပေးပြောကြားသည်။

"မိုင်းရှင်းလင်းရေးလုပ်ငန်းတွေဟာ လူတွေအတွက် လုပ်တာဖြစ်လို့ ရှေ့တန်းတင်စဉ်းစားဖို့ လိုပါတယ်။ လယ်သမားတွေ၊ မိသားစုတွေ၊ တိုင်းရင်းသားလူနည်းစုတွေရဲ့ အသံကို အမြဲနားထောင်ပေးဖို့လိုပါတယ်။ မိုင်းတွေရှင်းဖို့အတွက် တပ်မတော်အပါအဝင် အားလုံးအဆင်သင့်ဖြစ်နေပြီဆိုရင် အမေရိကန်အနေနဲ့ ကူညီထောက်ပံ့မှုတွေ စတင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ" ဟု သူက ဆက်လက်ပြောသည်။

နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ လူမှုဝန်ထမ်းဦးစီးဌာန UNICEF နှင့် Dan Church Aid တို့ ပူးပေါင်းကာ နေပြည်တော်၌ ကျင်းပခဲ့သည့် မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း နိုင်ငံတကာ မိုင်းရှင်းလင်းရေးလုပ်ငန်းများအတွက်ကန်ဒေါ်လာနှစ်ဘီလီယံ သုံးစွဲခဲ့ပြီး ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံပေါင်း ၄၀ ကျော်တွင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်ကျန်လက်နက်များ ရှင်းလင်းရန်အတွက်လည်း ကန်ဒေါ်လာ ၁၄၁ သန်းသုံးစွဲခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒဲရစ်မစ်ချယ်က ပြောသည်။

ထို့ပြင် မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ပြည်ပအဖွဲ့အစည်းများကသာမက ပြည်တွင်းအဖွဲ့အစည်းများကလည်း လုပ်ဆောင်သင့်ကြောင်းနှင့် မြန်မာနိုင်ငံတွင် လာမည့်နှစ်များအတွင်း မိုင်းရှင်းလင်းရေး လုပ်ငန်းများ စတင်ရန် အခြေခံကောင်းများ ရှိမည်ဟု ထင်ကြောင်း သူက ဆက်လက်ပြောသည်။

နေပြည်တော်တွင် ၃ ရက်ကြာ ကျင်းပခဲ့သည့် ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတကာမှ မြေမြှုပ်မိုင်းရှင်းလင်းရေး အဖွဲ့များ တက်ရောက်ကာ ၎င်းတို့၏ အတွေ့အကြုံများကို ရှင်းလင်းခဲ့သည်။ ထို့ပြင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်လက်ကျန်ပစ္စည်းများ ဖော်ထုတ်ထိန်းသိမ်းရေး လုပ်ငန်းအတွေ့အကြုံများရှိပြီး ဒေသတွင်း နိုင်ငံတစ်ခုဖြစ်သော ကမ္ဘောဒီးယားမှ မြေမြှုပ်မိုင်းပညာရှင်များလည်း တက်ရောက်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံတွင် ယခုနှစ် ဧပြီ ၂၇ ရက်က လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီမှ အောက်တိုဘာလအထိ ရန်ကုန်၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးများ၊ ကချင်၊ ရှမ်း၊ မွန်၊ ကယားနှင့် ကရင်ပြည်နယ်များတွင် အလုပ်ရုံဆွေးနွေးပွဲ(၁၀)ကြိမ်အထိ ကျင်းပခဲ့ပြီးပြီ ဖြစ်ကြောင်း သိရသည်။

# တပ်မတော်စီမံကိန်းများကြောင့် သိမ်းဆည်းခံရသော မြေယာအရေး အမြန်ဆောင်ရွက်ပေးရန် လိုလား

**အောင်နိုင်**

**နိုဝင်ဘာ - ၁၂**

တပ်မတော်စီမံကိန်းများကြောင့် အသိမ်းခံရသော လယ်ယာမြေများကို စုံစမ်းရေးကော်မရှင်အနေဖြင့် အမြန်ဆုံးစုံစမ်းစစ်ဆေးပေးစေလိုကြောင်း လယ်သမားများက ပြောသည်။

အချို့သော ဒေသများတွင် အချိန်အခက်အခဲကြောင့် ကော်မရှင်လာရောက်သော်လည်း ကွင်းဆင်းရာတွင် အခက်အခဲရှိကြောင်း ၎င်းလယ်သမားများက ပြောသည်။

"ကျွန်တော်တို့ဆီ စုံစမ်းရေးကော်မရှင်လာပါတယ်။ ဒါပေမဲ့ အချိန်မရတော့ ဘာမှတင်ပြချိန်မရလိုက်ဘူး" ဟု ဆင်ပေါင်ဝဲမြို့နယ်မှ တပ်မတော်စီမံကိန်းများကြောင့် အသိမ်းခံရသူ လယ်သမားတစ်ဦးကဆိုသည်။

စုံစမ်းရေးကော်မရှင်အနေဖြင့် အဖွဲ့ခွဲ ၉ ခုဖြင့် ကွင်းဆင်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လုပ်ငန်းများမှာ ကျယ်ပြန့်သည့်အတွက် တချို့အခက်အခဲများရှိကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောသည်။

"သွားပြီးသား နေရာတွေကို အရင်ဖြတ်ချင်တယ်။ တချို့က ဆန္ဒရှိတယ်။ တချို့က လွှတ်တော်ရဲ့ဆောင်ရွက်ချက်ဆုံးဖြတ်ချက်ကို စောင့်မယ်ဆိုတဲ့ သဘောလည်းရှိတယ်" ဟု အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးခိုင်မောင်ရည်က ပြောသည်။

မရောက်ရှိသေးသော ဒေသများသို့ သွားရောက်ရန်နှင့် စပ်လျဉ်း၍ "လွှတ်တော်ပြီး လောက်တော့ သွားဖြစ်မှာပါ။ သက်ဆိုင်ရာဌာနတွေပါရမယ်။ ကြိုတင်ညှိနှိုင်းပြီးမှ လုပ်ရတာလေ။ လုပ်ငန်းက ကျယ်ပြန့်တော့ အခက်အခဲလေးတွေရှိတယ်" ဟု ဆက်လက်ပြောသည်။

မရောက်သေးသည့် ဒေသများသို့လွှတ်တော်ပြီးစီးသောအခါ သွားရောက်ရန် အစီအစဉ်ပြုလုပ်ထားပြီးဟု အဖွဲ့ဝင်တစ်ဦးကပြောသည်။

"လွှတ်တော်ပြီးတာနဲ့သွားမယ်။ အရင်တစ်ခေါက်ရေကြီးလို့ မရောက်တဲ့ နှစ်နေရာအပြင် ရှစ်နေရာကျန်သေးတယ်" ဟု မကွေးတိုင်းဒေသကြီးတွင် ကွင်းဆင်းစုံစမ်းခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက ပြောသည်။

တပ်မတော်စီမံကိန်းများကြောင့် သိမ်းယူခံရသော လယ်မြေများနှင့်စပ်လျဉ်း၍ "စစ်တပ်ကသိမ်းတာက ဖြေရှင်းဖို့ လွယ်ပါတယ်။ ဖြစ်စဉ်၊ အထောက်အထား၊ ဘယ်တုန်းကသိမ်းတယ်၊ ဘာတွေလုပ်ထားတယ်ဆိုတာတွေပါရင် Report ရေးပြီး ပြည်ထောင်စု လွှတ်တော်ကို တင်ပြမယ်" ဟု ဦးခိုင်မောင်ရည်က ပြောသည်။

တပ်မတော် စီမံကိန်းများကြောင့် သိမ်းယူခြင်းသည် ဖြေရှင်းရန်လွယ်သည်ဟုဆိုသော်လည်း အချိန်မီလာရောက်စုံစမ်းစေလိုကြောင်း သန်လျင်မြို့နယ်မှ လယ်သမားတစ်ဦးက ပြောကြားသည်။ "အမြန်ဆုံးလာစေချင်တာပါပဲ။ အခုလယ်သမားတွေက အရမ်းနစ်နာနေရတာပါ" ဟု လယ်သမားကြီး ဦးလှမြင့်က ဆိုသည်။

# တရုတ်-မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းခရရှိနှုန်း အမေရိကန်၏ အမြင့်ဆုံးမြေဈေးနှုန်းနီးပါးရှိဟုဆို

**သန်းထူး**

**နေပြည်တော်၊ နိုဝင်ဘာ - ၉**



တရုတ်-မြန်မာ ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်နေရာ

ဓာတ်ပုံ-အောင်သူရ

တရုတ်နိုင်ငံက မြန်မာနိုင်ငံကိုဖြတ်သန်းပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖောက်လုပ်ရာတွင် မြန်မာနိုင်ငံကရရှိသော မြေငှားရမ်းခနှုန်းမှာ အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးမြေအမျိုးအစားငှားရမ်းခနှုန်း နီးပါးရှိကြောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက နိုဝင်ဘာ ၉ ရက်ကျင်းပသော အမျိုးသားလွှတ်တော်တွင် ပြောကြားသည်။

ပိုက်လိုင်းဖြတ်သန်းရန်အတွက် မြန်မာနိုင်ငံက တစ်ဧကငှားရမ်းခ ရရှိမှုမှာ ကန်ဒေါ်လာ ၂၁၄၁. ၂၄ ဖြစ်ပြီး အဆိုပါနှုန်းမှာ အမေရိကန်က ၂၀၀၉ ခုနှစ်အတွက် သတ်မှတ်သော အမြင့်ဆုံး ငှားရမ်းခနှုန်း ဒေါ်လာ ၂၃၀၀. ၂၆ ၏ နီးပါးရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပိုက်လိုင်းဖြတ်သန်းရာတစ်လျှောက် ဧကပေါင်း ၅၆၃၈. ၅၉၆ ဧက အသုံးပြုခွင့်ပေးထားရပြီး ယင်းအတွက် တစ်နှစ်လျှင် ကန်ဒေါ်လာ ၁၃. ၈၁ သန်းရရှိမည်ဖြစ်ကြောင်း ဦးသန်းဌေးက ပြောကြားခဲ့ခြင်း ဖြစ်သည်။ အဆိုပါမြေရိယာများမှာ ရခိုင်ပြည်နယ်တွင် ၈၇၉. ၇၅ ဧက၊ မကွေးတိုင်းဒေသကြီးတွင် ၁၁၂၁. ၄၇ ဧက၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၇၀၇. ၉၃ ဧက၊ ရှမ်းပြည်နယ်တွင် ၁၉၂၉. ၄၄ ဧကတို့ပါဝင်ကြောင်း၊ ၎င်းအပြင် ပိုက်လိုင်းဧရိယာနှင့် မလွတ်ကင်း၍ တဲ ၈၅ လုံးနှင့် အိမ် ၁၅ လုံး အတွက်ထိုက်သင့်သောလျော်ကြေးငွေများပေးခဲ့ကြောင်း၊ မြေယာနှင့် သီးနှံများအတွက် လျော်ကြေးငွေ ၂၇၆၆၂၅၈၈၁၁၉. ၆၅ကျပ်ပေးခဲ့ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အလားတူပင်ရေနံပိုက်လိုင်းမှ မြန်မာနိုင်ငံကို ဖြတ်သန်းသွားမည့် ရေနံစိမ်းဖြတ်သန်းသယ်ယူခြင်းအတွက် တစ်ဆင့်ခံသယ်ယူပို့ဆောင်ကြေးကို တွက်ရာတွင်လည်း အခြားနိုင်ငံများကို လေ့လာခဲ့ကြောင်း၊ ရေနံစိမ်းတစ်တန်လျှင်ကန်ဒေါ်လာတစ်ဒေါ်လာရရှိမည်ဖြစ်ပြီး ယင်းပိုက်လိုင်းမှတစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၂၂ သန်းထိ ပို့လွှတ်မည်ဖြစ်ရာ ရေနံစိမ်းဖြတ်သန်းခအဖြစ် မြန်မာနိုင်ငံက တစ်နှစ်လျှင်ဒေါ်လာ ၂၂ သန်းနှုန်းဖြင့် နှစ် ၃၀ အတွက် သန်း ၆၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

၎င်းအပြင် ယင်းစီမံကိန်းပြီးပါက ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်း အသုံးပြုရန်အတွက် တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၁၀၀ ရရှိမည်ဖြစ်ကြောင်း၊ ရေနံစိမ်းပိုက်လိုင်းမှလည်း ပြည်တွင်းသုံးရန်အတွက် တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန်နှစ်သန်း ဝယ်ယူရရှိနိုင်မည်ဖြစ်ကာ ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်စစ်သင်္ဘောများနှင့် ပတ်သက်၍ စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားခြင်းမရှိကြောင်း၊ အချုပ်အခြာပိုင်နိုင်ငံဖြစ်၍ နိုင်ငံတကာ ပဋိညာဉ်စာချုပ်များအတိုင်း လိုက်နာကြမည်ဖြစ်၍ တရုတ်စစ်သင်္ဘောများ မိမိနိုင်ငံတွင်းသို့ ဝင်ရောက်မည့် အခြေအနေ မရှိကြောင်း ဦးသန်းဌေးက ရှင်းလင်းပြောကြားခဲ့သည်။

# အမျိုးသမီးနိုင်ငံရေး ကျောင်းဟောင်းများအတွက် အမျိုးသမီးဘုံရိပ်သာ ဖွင့်မည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊နိုဝင်ဘာ-၁၂**

အမျိုးသမီးနိုင်ငံရေးအကျဉ်းသူဟောင်းများ ဘဝရပ်တည်ရေးအတွက် အမျိုးသမီးဘုံရိပ်သာတစ်ခု ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်းမှ သတင်းစာဆရာကြီး ဦးဝင်းတင်က ပြောသည်။

"နိုင်ငံရေးအကျဉ်းသားဟောင်းကလေးတွေဟာ နိုင်ငံရေးလုပ်ငန်းတွေ ဆောင်ရွက်ချင်တယ် (သို့မဟုတ်) ပညာရှာချင်တယ်။ အဲဒီလိုပုဂ္ဂိုလ်တွေကို ပစ်မထားချင်ဘူး"ဟု ဘုံရိပ်သာတည်ထောင်ရမည့်အကြောင်းကို ၎င်း ကရှင်းပြသည်။

ယင်းသို့အမျိုးသမီးဘုံရိပ်သာ တည်ထောင်ခြင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်တစ်ခုမဟုတ်ကြောင်း ဘုံရိပ်သာတွင် နေထိုင်မည့်သူများကိုလည်း ထိန်းချုပ်ကွပ်ကဲခြင်း မပြုဘဲ လွတ်လပ်စွာ ဘဝကို ထိန်းကျောင်းနိုင်မည်ဖြစ်ကြောင်း ဦးဝင်းတင်ကပြောသည်။

"အဲဒီရိပ်သာမှာ အမျိုးသမီး နိုင်ငံရေးအကျဉ်းသားဟောင်းတွေအတွက် ဘဝရပ်တည်နေနိုင်မယ့် သင်တန်းတွေပေးနိုင်ရင် ပိုကောင်းမယ်"ဟု လူ့အခွင့်အရေး လှုပ်ရှားသူ မစုစုနွေးကပြောသည်။

မြန်မာနိုင်ငံရှိနိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်း သားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများအား ကူညီထောက်ပံ့ရန် ဖွဲ့စည်းထားသော ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်းသည် အကူအညီလိုအပ်သူ ၇၈ဦးအား ထောက်ပံ့ငွေ ကျပ် ၂၇၇ သိန်း ထောက်ပံ့ပေးအပ်ထားကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

# Earthquake 6.8

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.36 · NOVEMBER 15 , 2012

## ငလျင်ဒဏ်သင့်ပြည်သူများ အရေးပေါ်အကူအညီ လိုအပ်ဆဲ

**မျိုးမင်းဦး၊ မောင်တာ**
**သပိတ်ကျင်း၊ နိုဝင်ဘာ - ၁၂**

မြေငလျင်ဒဏ် အဆိုးဆုံးခံခဲ့ရသော ဒေသများတွင် အရေးပေါ် အကူအညီများနှင့် နေအိမ်များ ပြန်လည်တည်ဆောက်ရန် အကူအညီလိုနေသေးကြောင်း ဒေသခံများက ပြောသည်။

ရွှေဘိုမြို့နယ်အတွင်း မြေငလျင်ဒဏ်အဆိုးဆုံးခံခဲ့ရသော မလားကျေးရွာတွင် အိမ်ခြေ၁၆၄ အိမ်ရှိရာတွင် အိမ် ၂၀ ကျော် လုံးဝပျက်စီးခဲ့ပြီး၊ အိမ်အများစုမှာလည်း ယိမ်းယိုင်သွားကြသည်။ အဆိုပါကျေးရွာတွင်နေအိမ်ပြို၍ အိမ်တွင်မနေရဲ၍ ရွာဘောလုံးကွင်းတွင် စုနေသော ငလျင်ဒုက္ခသည်များနှင့် ရွာသားအားလုံးအတွက်သောက်သုံးရေမှာ အရေးပေါ်လိုအပ်နေသည်။ ယခင်ရောဝတီမြစ်ရေကို အသုံးပြုသော်လည်း ငလျင်ဒဏ်ကြောင့် မြစ်ရေများနောက်ကျိနေသလို သောက်ရေထည့်သောရေအိုးများအားလုံး ကွဲသွား၍ နိုဝင်ဘာ ၁၂ ရက်အထိ သောက်သုံးရေ လိုအပ်နေဆဲဖြစ်သည်။ အစိုးရနှင့် အဖွဲ့အစည်းများက အကူအညီပေးနေသော်လည်း စားဝတ်နေရေးအတွက် အကူအညီများ လိုနေဆဲဖြစ်သည်။ ပြိုကျသွားသောအိမ်နှင့် ယိုင်နဲ့နေသော အိမ်များပြန်လည်တည်ဆောက်ပြုပြင်ရန် လည်း အကူအညီလိုနေကြောင်း ဒေသခံများကပြောသည်။ နွယ်ငြိမ်းကျေးရွာတွင်လည်း အလားတူဖြစ်သည်။

သပိတ်ကျင်းမြို့နှင့် ထိုမြို့နယ်ရှိ အောက်ပုဏ္ဏားကျေးရွာတွင်လည်း စားသုံးရန် ရိက္ခာ၊ သောက်သုံးရေတို့မှာလည်း အရေးပေါ်လိုအပ်နေသည်။ သပိတ်ကျင်းမြို့ပေါ်တွင် လျှပ်စစ်မီးဖြင့် ဧရာဝတီမြစ်ထဲမှရေကို စုပ်ယူ၍ ဖြန့်ဖြူးသုံးစွဲရာတွင်၊ ငလျင်လှုပ်ပြီး မီးမလာတော့၍ သောက်ရေအပြင် သုံးရေပါ ရှားပါးနေသည်။ အလားတူ နေအိမ်များ တည်ဆောက်ရန်လည်း အကူအညီများလိုနေကြောင်း ဒေသခံများကပြောသည်။ အဆိုပါမြို့နယ်ရှိ မလယ်ရွာ၊ တွင်းငယ်ကျေးရွာတို့တွင်လည်း အပျက်အစီးများဖြင့် အလားတူအကူအညီများ လိုအပ်နေသည်။

## ရွှေဘိုငလျင် အရေးပေါ်ကယ်ဆယ်ကူညီပေးခဲ့သော ဒေသခံပြည်သူများကို သမ္မတကျေးဇူးတင်

**ရန်ကုန်၊**
**နိုဝင်ဘာ-၁၃**

ပြင်းအား ၆ဒသမ ၈ ရစ်ချ်တာ စကေးရှိသောငလျင်လှုပ်ခတ်အပြီး အရေးပေါ် အခြေအနေတွင် ချက်ချင်း ကယ်ဆယ်ရေးနှင့် အကူအညီများပေးခဲ့ကြသောဒေသခံပြည်သူများကိုကျေးဇူးတင်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကာပြောကြားလိုက်သည်။

နိုင်ငံတော်သမ္မတရုံးက နိုဝင်ဘာ ၁၂ရက် နေ့စွဲဖြင့် ထုတ်ပြန်သောငလျင်နှင့်ပတ်သက်သည့် ထုတ်ပြန်ချက်တွင် နိုင်ငံတော်သမ္မတအနေနှင့် ငလျင်ဒဏ်ကြောင့်ထိခိုက်သေဆုံးပျက်စီးဆုံးရှုံးမှုများကြုံတွေ့ခဲ့ရသောပြည်သူများနှင့် ထပ်တူဝမ်းနည်းကြေကွဲကြောင်းဖော်ပြထားသည်။

သတင်းထုတ်ပြန်ချက်တွင် မန္တလေးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးနှစ်ခုအတွင်းရှိမြို့နယ် ကိုးမြို့နယ်တို့တွင်ငလျင်ကြောင့်ပျက်စီးဆုံးရှုံးမှုများ များပြားခဲ့ပြီး ငလျင်လှုပ်ခတ်ပြီးပြီးချင်း သမ္မတအနေနှင့်ငလျင်လှုပ်ခဲ့သည့်ဒေသသို့ ကိုယ်တိုင်သွားရောက်ရန်အခြေအနေမပေးသည့်အတွက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့အား စေလွှတ်ကာ အရေးပေါ်ကယ်ဆယ်ရေးနှင့်အကူအညီပေးနိုင်ရန် ချက်ချင်းစေလွှတ်တာဝန်ပေးခဲ့ကြောင်း ပြောကြားထားသည်။

ငလျင်ဘေးဒဏ်ခံစားရသူများပြန်လည်ထူထောင်ရေးကို ပြည်တွင်းလူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အသိပေးကြေညာထားသည်။

မြန်မာနိုင်ငံတွင် အကြီးမားဆုံးကြုံတွေ့ခဲ့ရသော ဘေးအန္တရာယ်များဖြစ်သည့် ၂၀၀၈ ခုနှစ်တွင်တိုက်ခတ်ခဲ့သောနာဂစ်မုန်တိုင်း၊ ၂၀၁၁ခုနှစ်တွင်လှုပ်ခတ်ခဲ့သောတာလေငလျင်တို့နှင့်ပတ်သက်၍ ထိုအချိန်က အစိုးရအနေနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ခြင်းကို ဝေဖန်မှုများ ရှိခဲ့သည်။

ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ဖြစ်ပြီးပြီးချင်း နိုင်ငံတော်အကြီးဆုံးတာဝန်ထမ်းဆောင်နေသူများအနက် တစ်ဦးဖြစ်သော ဒုတိယသမ္မတအနေဖြင့် ငလျင်လှုပ်ရာဒေသများသို့ ချက်ချင်းရောက်ရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်စေခြင်းကို လူအများက အသိအမှတ်ပြုလျက်ရှိကြသည်။



**NEWS PHOTO** ရွှေဘိုငလျင်လှုပ်ပြီးနောက် မင်းကွန်းပုထိုးတော်ကြီးကို နိုဝင်ဘာ၁၂ရက်မှစတင်၍ တက်ရောက်ခွင့်ပိတ်ပင်ထားလိုက်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဒုဝန်ကြီးဒေါ်စန္ဒာခင်က ဧည့်သည်များအားလုံးအတွက် အန္တရာယ်ကင်းရန်နှင့် ပုထိုးတော်ကြီးကိုလည်း ရေရှည်တည်တံ့ရန် ပိတ်ထားခြင်းဖြစ်ကြောင်းပြောသည်။ နိုဝင်ဘာ ၁၃ရက်က ပုထိုးတော်အနီး ကမ္ဘာလှည့်ခရီးသွားများကိုတွေ့ရစဉ်

သတင်းဓာတ်ပုံ-ညီညီဇော်

## မျက်နှာဖုံး-ရွှေဘိုငလျင် နမူနာယူ၍ ကြိုတင်ကာကွယ်ရန် ပညာရှင်များ တိုက်တွန်းမှ

ရွှေဘိုငလျင်ကဲ့သို့ အင်အားပြင်းငလျင်မျိုး စစ်ကိုင်းနှင့်မန္တလေးအနီးဖြစ်စေ၊ ပဲခူးအနီးဖြစ်စေ လှုပ်ခတ်ခဲ့ပါက ပျက်စီးဆုံးရှုံးမှုမှာ ယခုထက် အဆပေါင်းများစွာ များနိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထို့ကြောင့် အနာဂတ်တွင် မြေငလျင်အန္တရာယ်နှင့်ပတ်သက်၍ပိုမိုသတိရှိပြီး ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန် ပညာရှင်များက တိုက်တွန်းကြသည်။

"အခုငလျင်က ကျွန်တော့်အမြင်က တစ်နည်းအားဖြင့် ပြောရရင် ကျွန်တော်တို့ကံကောင်းတယ်ဗျ။ ကံကောင်းတယ်ဆိုတာက လူနေနည်းတဲ့ဒေသမှာလှုပ်လို့။ အားလုံးကို ခြုံလိုက်ရင်မန္တလေးနဲ့နီးရင်သော်လည်းကောင်း၊စစ်ကိုင်းနဲ့နီးရင်သော်လည်းကောင်း မြို့ကြီးကြီးနဲ့နီးရင် ပျက်စီးဆုံးရှုံးမှုပိုများမယ်။ လူလည်းသေတာပိုများမယ်။" ဟုစစ်ကိုင်း ငလျင်ကြောကိုတွေ့ရှိပြီး ဖော်ထုတ်နိုင်ခဲ့သော ဘူမိဗေဒပညာရှင် ဒေါက်တာဝင်းဆွေကပြောသည်။

"အခုသာ ရန်ကုန် ပဲခူးကို ဗဟိုပြုပြီး လှုပ်ရင် ပျက်စီးဆုံးရှုံးမှုက ဒီထက်များနိုင်တယ်" ဟု မြန်မာနိုင်ငံမြေငလျင်ကော်မတီ အတွင်းရေးမှူး ဦးစိုးသူရထွန်းကလည်းပြောသည်။

ထို့ကြောင့် ရွှေဘိုမြေငလျင်မှာမြန်မာနိုင်ငံအတွင်း မြေငလျင်အန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများ မဖြစ်မနေပြုလုပ်ရတော့မည်ကို သတိပေးလိုက်ခြင်းပင် ဖြစ်ကြောင်း မြေငလျင်ပညာရှင်များကပြောသည်။

မြန်မာနိုင်ငံ၏ လူနေထိုင်မှုအရ စစ်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက် မြောက်ပိုင်းဒေသများတွင် လူနေထိုင်မှုကျဲပြီး အဆောက်အအုံကြီးများ အနည်းငယ်သာရှိသည်။ သို့သော် တောင်ပိုင်းသို့ ရောက်လာသည်နှင့်အမျှ လူနေပိုမိုထူထပ်လာပြီး အဆောက်အအုံကြီးများမှာ ပိုမိုများပြားလာသည်။

ထို့ကြောင့် စစ်ကိုင်းငလျင်ကြောပေါ်တွင် နှစ်ပေါင်း ၅၆ နှစ်အတွင်း အင်အားအပြင်းဆုံး မြေငလျင်လှုပ်ခဲ့သော်လည်း ယခု အကြိမ် လူသေဆုံးထိခိုက် ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုမှာ ငလျင်ပမာဏနှင့်စာလျှင် လျော့နည်းသက်သာခဲ့ခြင်းသာဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ခြင်းဖြစ်သည်။

စစ်ကိုင်းသက်ရှိပြတ်ရွေ့ကြောပေါ်တွင် နောက်ဆုံးလှုပ်ခဲ့သော အင်အားပြင်းငလျင်မှာ ၁၉၅၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် စစ်ကိုင်းမြို့အနီးကိုဗဟိုပြု၍ ရစ်ချ်တာစကေး ၇ရှိ ငလျင်ကြီးဖြစ်သည်။ ထိုစဉ်ကပင်အဆိုပါငလျင်ကြောင့်လူ၄၀မှ၅၀အတွင်းသေဆုံးခဲ့ရသည်။

"ဒီငလျင်က ငလျင်ကြီးပါ။ ငလျင်ကြီးမှာမှ ဒီလောက်ဘဲ အသေအပျောက်ဆိုတာ။ အချက်အလက်ရတာ စောသေးလို့လို့ အစကထင်တယ်။ အခုချိန်အထိသေတာ ၁၃ ယောက်လောက်၊ ပျောက်ဆုံးနေတဲ့သူတွေနဲ့ ပေါင်းရင် လူ ၂၀၊ ၂၅ လောက်ဖြစ်မယ်ထင်တယ်။ ဒီလောက် ငလျင်ကြီး၊ လူနေထူထပ်တဲ့နေရာတွေမှာဖြစ်သွားတယ်ဆိုတဲ့ဟာမှာ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေက မဆိုးဘူးလို့ ပြောလို့ရမယ်။ ဆောက်လုပ်ရေးလုပ်ငန်းကြီးတွေ စဆောက်ဖို့ တာစူနေတုန်းအချိန်မှာ ဒီလောက် ထိန်းသိမ်းနိုင်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ မဆိုးဘူးလို့ထင်ပါတယ်။" ဟုမြန်မာနိုင်ငံမြေငလျင်ကော်မတီမှ အတွင်းရေးမှူးတစ်ဦးဖြစ်သော ဦးစောထွေးဇော်ကလည်းသုံးသပ်သည်။

ရွှေဘိုမြို့မြောက်ဘက် ၄၅ မိုင်အကွာ မြေငလျင်ပညာရှင်များက မကြာခဏ သတိပေးခဲ့သော စစ်ကိုင်းမြေငလျင်ကြောပေါ်တွင်ပင် ဗဟိုပြု၍ ရစ်ချ်တာစကေး ၆ ဒသမ ၈ အ ဆင့်ရှိ အင်အားပြင်းငလျင်မှာ နိုဝင်ဘာ ၁၁ ရက် နံနက် ၇ နာရီ ၄၂ မိနစ်တွင် လှုပ်ခတ်ခဲ့သည်။

ရွှေဘို၊ သပိတ်ကျင်း၊ ကျောက်မြောင်း၊ စဥ့်ကူး စသောမြို့များအပါအဝင် မြို့နယ်ပေါင်းဆယ်မြို့နယ်ကျော်မှာ မြေငလျင်ဒဏ်ခံခဲ့ရသည်။ သပိတ်ကျင်း၊ ကျောက်မြောင်း၊ ရွှေဘိုမြို့နယ်များမှာ ငလျင်ဒဏ်ကို အဆိုးဆုံးခံခဲ့ရသည်။ မြေငလျင်နှင့် ဘူမိဗေဒပညာရှင်များက စစ်ကိုင်းငလျင်ကြောတစ်လျှောက်ရှိဒေသများကို မြေငလျင်အန္တရာယ်ကို အထူးသတိပြုရန် မကြာခဏ သတိပေးခဲ့သော်လည်း လက်တွေ့မြေငလျင်လှုပ်လာသောအခါပြည်သူအများစုမှာ ဘေးအန္တရာယ်လျော့ပါးအောင် မည်သို့နေထိုင်ပြုမူရမည်ကိုမသိရှိကြောင်းဒေသခံများကပြောသည်။

ထို့ပြင် မြေငလျင်ကြီးများ ဆက်လှုပ်ဦးမည်ဟူသော ကောလဟလများကြောင့် ဒေသခံများစွာ စိုးရိမ်နေကြဆဲဖြစ်သည်။

မြေငလျင်ကြီးများ၏ ထုံးစံအတိုင်း နောက်ဆက်တွဲ မြေငလျင်ငယ်များလည်း လှုပ်ခဲ့ပြီး နိုဝင်ဘာ ၁၃ ရက်ထိ နောက်ဆက်တွဲမြေငလျင် ၄ ကြိမ်လှုပ်ခဲ့ပြီး အင်အား ၅ အထက်ရှိသော အင်အားအသင့်အတင့်ရှိ မြေငလျင်များဖြစ်သည်။ မိုးဇလက နောက်ဆက်တွဲငလျင်များမှ အင်အား ၅ မကျော်ပါက မှတ်တမ်းတင်သော်လည်း သတင်းမထုတ်ပြန်ပေ။ နိုဝင်ဘာ၁၃ နံနက် ၈နာရီကျော်တွင် နေပြည်တော်တောင်ဘက် ၃၅မိုင်၊ ဆွာမြို့အနောက်ဘက် ၁၄မိုင်ဗဟိုပြု၍ ၄ဒသမ၈အင်အားရှိနောက်ဆက်တွဲငလျင်လှုပ်ခဲ့သည်။ ထို့ကြောင့် မြေငလျင်ပညာရှင်များက နောက်ဆက်တွဲမြေငလျင်ငယ်များကိုလည်း သတိထားရန်နှင့် နိုဝင်ဘာ ၁၁ ရက် ငလျင်ကြီး လှုပ်ပြီးနောက် ယိုင်နဲ့နေပြီး ပြုတ်ကျနိုင်သော အိမ်နှင့်အဆောက်အအုံများအောက်တွင် မနေထိုင်ကြရန် အကြံပြုပြောကြားသည်။

ထို့ပြင် စစ်ကိုင်းငလျင်ကြောပေါ်တွင် ၁၉၂၉ ခုနှစ်က ရစ်ချ်တာစကေး ၇ ဝန်းကျင်ရှိ အင်အားကြီးငလျင် လှုပ်ခဲ့ပြီးနောက် လအနည်းငယ်ခြား၍ ပြတ်ရွေ့ကြောတစ်လျှောက်ရှိ အခြားအပိုင်းများဖြစ်သော ဖြူး၊ ပဲခူး၊ တောင်ငူစသော ဒေသတို့တွင် အင်အားကြီးငလျင်များ လှုပ်ခတ်ခဲ့ဖူးသည်။ ထိုအတွေ့အကြုံအရ ငလျင်ကြောတစ်လျှောက်ရှိ အခြားဒေသများမှာလည်း မြေငလျင်အန္တရာယ်ကို အထူးသတိပြုရမည်ဖြစ်သည်။ ကီလိုမီတာ ၁,၀၀၀ ခန့်ရှည်သော ကမ္ဘာ့အကြီးဆုံးသက်ရှိ ပြတ်ရွေ့များတွင် ပါဝင်သော စစ်ကိုင်းပြတ်ရွေ့တလျှောက်တွင် ဧရိယာအလိုက် ပြတ်ရွေ့အပိုင်း ၁၀ ပိုင်းဝန်းကျင်ရှိကြောင်းလည်း ဦးစိုးသူရထွန်းကပြောသည်။

"စစ်ကိုင်းငလျင် ပြတ်ရွေ့ကြောမှာ နှစ်တစ်ရာအတွင်းမှာ တစ်ကြိမ်ရစ်ချ်တာစကေး၇ကနေ ၇ဒသမ၅လောက် လှုပ်နိုင်တယ်။ ၁၉၅၆ ကနေ စတွက်ရင် အခု နှစ်ပေါင်း ၆၀ လောက်မှာ ၆ဒသမ၈ လောက်နဲ့ပြန်လှုပ်တာ ၁၉၃၀ မှာ ၇ဒသမ၃နဲ့ပဲခူးမှာလှုပ်တယ်။ပဲခူးမှာ လူငါးရာလောက်သေတယ်။ ရန်ကုန်မှာ ၅၀ လောက်သေတယ်။ အခုလူဦးရေက အဆမတန်များလာပြီ။" ဟု ဦးစိုးသူရထွန်းက ဆက်လက်ပြောသည်။

အဆောက်အအုံများကို ခိုင်ခံ့အောင် ဆောက်လုပ်ရန်နှင့် အဆောက်အအုံများ အရည်အသွေးမီ၊မမီနှင့်ပတ်သက်၍ အရည်အသွေးစစ်ဆေးသော လွတ်လပ်ပြီး အမှီအခိုကင်းသော ကြားခံအဖွဲ့အစည်းများကို ဖွဲ့စည်းကာ စစ်ဆေးကြပ်မတ်သင့်ပြီဖြစ်ကြောင်း ဘူမိဗေဒပညာရှင် ဦးအေးကိုကလည်း အကြံပြုသည်။

"အဓိကကတော့အဆောက်အအုံတွေကို ခံနိုင်ရည်ရှိအောင်ဆောက်ရမယ်။ ဆောက်ပြီးသားတွေလည်း စစ်ဆေးပြီး ပြင်ဆင်သင့်တာပြင်ရမယ်။ လူတွေကလည်း ငလျင်နဲ့ပတ်သက်ပြီး ဗဟုသုတရှိရမယ်။ ဖြစ်လာရင် ဘယ်လိုလုပ်ရမလဲဆိုတာတွေ သိထားသင့်တယ်။" ဟု ဦးစိုးသူရထွန်းက အကြံပြုသည်။ အဆောက်အအုံများခိုင်ခံ့အောင် ဆောက်လုပ်ရာတွင် အခြေခံအုတ်မြစ်၊ ထုတ်နှင့်တန်းများ၊ ဂျိုင့်များကို ခိုင်ခံ့အောင် ဆောက်ရန် ဦးစောထွေးဇော်က အကြံပြုသည်။

မြေအောက်ရေတူးပါက ပေအနည်းငယ်နှင့် ထွက်သော ရေလျှံဒေသများတွင် မြေငလျင်လှုပ်ပါကငလျင်ဒဏ်အပြင်ရေလျှံသည့်ဒဏ်ကိုပါ ခံရတတ်၍ သတိပြုရန်လိုကြောင်းလည်း ဒေါက်တာဝင်းဆွေကသတိပေးသည်။ ထို့ပြင် ရေကန်နှင့်မြစ်ချောင်းများပေါ်တွင် မြေဖို့၍ အဆောက်အအုံများ ဆောက်လုပ်နေထိုင်ခြင်းကို ရှောင်ကြဉ်ရန်လည်း ၎င်းက အကြံပြုသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် မြေငလျင်လှုပ်လာလျှင် မည်သို့ပြုမူဆောင်ရွက်သင့်သည်ကို ကြိုတင်သိရှိရန် လေ့လာထားရန်၊ ဖြစ်နိုင်ပါက ကြိုတင်လေ့ကျင့်ထားရန် ပညာရှင်များက အကြံပြုသည်။ (မြေငလျင်မလှုပ်မီနှင့် မြေငလျင်လှုပ်စဉ် ဆောင်ရွက်သင့်သည်များကို အချပ်ပို G တွင် အသေးစိတ် ဖော်ပြပေးထားပါသည်။)

**အားမာန်၊ ခိုင်ထွန်း၊ အောင်ခိုင်**



## News Photo

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာလ ၁၂ ရက် ညဦးပိုင်းက အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားပြီး ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ ဒုတိယ သမ္မတတို့နှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံ လွှတ်တော်သို့လည်း သွားရောက်လည်ပတ်မည်ဖြစ်ပြီး လေဒီရှရိရမ်ကောလိပ်တွင် မြန်မာအသိုင်းအဝိုင်းနှင့်တွေ့ဆုံသွားမည်ဖြစ်ကြောင်း ဒီချုပ်ကသတင်းထုတ်ပြန်သည်။ အိန္ဒိယ၏ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းကို လေ့လာမည်ဖြစ်ပြီး အိန္ဒိယသိပ္ပံအင်စတီကျုဒ်ကို သွားရောက်ကာ နိုဝင်ဘာ ၁၈ ရက်နေ့တွင်ရန်ကုန်မြို့သို့ ပြန်ရောက်မည်ဖြစ်သည်။ ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

# တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ တာဝန်နှင့်လုပ်ပိုင်ခွင့်ပိုရမည့်ဥပဒေ ရေးဆွဲမည်

**မင်းဟိန်းကျော်**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၁**

တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အခြေခံဥပဒေ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဖက်ဒရယ်မူနှင့် တန်းတူညီမျှမှုရှိသော ဥပဒေတစ်ရပ် ရေးဆွဲရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ညွှန်ကြားထားကြောင်း ၎င်းဥပဒေပေါ်ထွက်လာရန်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုက ပြောသည်။

"အခုက ပြည်နယ်နဲ့ တိုင်းဒေသကြီးက ဝန်ကြီးတွေမှာ လုပ်ပိုင်ခွင့်ရယ်လို့ မည်မည်ရရမရှိဘူး။ အဲဒါကိုတိတိကျကျပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ပေါ်ပေါက်လာဖို့ ကျွန်မကအဆိုတင်တယ်။ အဲဒါကို ဇယား ၂ ပါအချက်တွေနဲ့အညီ အခြေခံဥပဒေကို မပြင်ဘဲ ဖက်ဒရယ်နဲ့ညီအောင် ရေးဆွဲဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးက ညွှန်ကြားပါတယ်"ဟု ၎င်းကပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိတိကျကျပြဋ္ဌာန်းရန်အတွက် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့ပြီး ရှေ့နေချုပ်ရုံးမှ ၎င်းဥပဒေကို ရေးဆွဲခဲ့ကြောင်း၊ သို့သော် မိမိတင်သွင်းခဲ့သော အဆို၏ ဆိုလိုရင်းမဟုတ်ဘဲ ခြုံငုံသုံးသပ်၍သာ ရေးဆွဲထားသော ဥပဒေတစ်ရပ်ဖြစ်နေသဖြင့် ဖက်ဒရယ်မူနှင့်အညီ ရေးဆွဲရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"တို့ဆိုလိုရင်းက တာဝန်နဲ့လုပ်ပိုင်ခွင့်ကို တိတိကျကျပြဋ္ဌာန်းထားတာကို လိုချင်တာလေ။ ရှေ့နေချုပ်ရုံးက ရေးထားတဲ့ ဥပဒေက အဲလိုမဟုတ်ဘူးဖြစ်နေတယ်။ အဲဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌက အဆိုနဲ့ညီ၊ မညီ စစ်ဆေးဖို့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ကိုတာဝန်ပေးထားတယ်"ဒေါ်နန်းဝါနုက ပြောသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်များကို အခြေခံဥပဒေပုဒ်မ ၂၅၆၊ ၂၅၇၊ ၂၅၈ တို့တွင် ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂၅၉ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရသည် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်ဟု ဖော်ပြထားသော်လည်း တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိတိကျကျ သတ်မှတ်ထားခြင်း မရှိပေ။

"ဒီလိုဥပဒေတွေ ပြဋ္ဌာန်းမယ့်ကိစ္စတွေကို ကြားတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာတစ်ရပ်ပါ။ ဖက်ဒရယ်ကိုသွားဖို့ ခြေလှမ်းအစလို့လည်းပြောနိုင်ပါတယ်"ဟူ၍ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ အတွင်းရေးမှူး ဦးဦးလှစောကပြောသည်။

တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို တိကျစွာ သတ်မှတ်၍ဖြစ်စေ၊ နည်းဥပဒေမူကြမ်းအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာ တင်သွင်းရေးနှင့် စပ်လျဉ်းသည့်အဆိုကို ဩဂုတ်လ ၁၄ ရက်ကကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင်ဒေါ်နန်းဝါနုကတင်သွင်းခဲ့ခြင်းဖြစ်သည်။

# ရခိုင်ပြည်နယ်တွင် နေထိုင်သူများကို ၁၉၈၂ နိုင်ငံသားဥပဒေနှင့် ညီ၊ မညီစစ်ဆေး

**အောင်နိုင်**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

ရခိုင်ပြည်နယ်တွင် တရားမဝင်ဝင်ရောက်နေထိုင်သူများကို ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စစ်ဆေးနေပြီဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သတင်းရရှိသည်။

နိုဝင်ဘာ ၆ ရက်မှ စတင်၍ ပေါက်တောမြို့နယ် စစ်ကဲပြင်၊ ဆင်တပ်မော်၊ အနောက်ရဲကျေးရွာအုပ်စုတို့တွင် စစ်ဆေးခဲ့ပြီး ကျောက်ဖြူနှင့် မြေပုံမြို့နယ်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြည်နယ်အစိုးရအဖွဲ့ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းပြုစုရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝင်းမြိုင်က ပြောကြားသည်။

အချို့သော ကျေးရွာများသို့ သွားရောက်ရာတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သော ကိုယ်စားလှယ်များက ပြောသည်။ "စစ်ကဲပြင်မှာ သူတို့လူမျိုးနေရာမှာ ရိုဟင်ဂျာလို့ရေးမပေးရင် တစ်ချက်မှာ လက်မှတ်မထိုးပေးနိုင်ဘူးလို့ ပြောကြတယ်"ဟု စစ်ဆေးရေးအဖွဲ့တွင်ပါဝင်သော မြို့မိမြို့ဖ ကိုယ်စားလှယ်ဦးသန်းထွန်းက ပြောသည်။

စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့တွင် တပ်မတော်မှ သုံးဦး၊ ရဲတပ်ဖွဲ့ဝင်သုံးဦး၊ နစကနှင့် လဝကမှ ခြောက်ဦး၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်နှစ်ဦး၊ ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်နှစ်ဦး၊ အစ္စလာမ်ဘာသာဝင် ကိုယ်စားလှယ်နှစ်ဦး စုစုပေါင်း ၁၈ ဦးပါဝင်သည်။ လက်ရှိတွင်အဖွဲ့ ၁၅ ဖွဲ့ဖြင့် ဆောင်ရွက်နေပြီး လိုအပ်သလို ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၉၈၂ ခုနှစ်မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားသူသည် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားပြစ်မှုအက်ဥပဒေနှင့် ညီညွတ်မှုရှိရမည်ဖြစ်သည်။

၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားပြစ်မှုအက်ဥပဒေပုဒ်မ ၁၁ အရ ၁၉၄၈ ခုနှစ်မတိုင်မီ အနည်းဆုံး ရှစ်နှစ်ဆက်တိုက် နိုင်ငံအတွင်း နေထိုင်သူ တတိယမျိုးဆက်သည် ၁၉၈၂ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၄၂ အရ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သူက ၁၉၄၀ နဲ့မတိုင်မီကာလက နေထိုင်သူဖြစ်ရပါမယ်" ဟု စစ်တွေမြို့မိမြို့ဖအထက်တန်းရှေ့နေဟောင်း ဦးသာပွင့်ကပြောသည်။

၁၉၈၂ မြန်မာနိုင်ငံသားဥပဒေကို ပယ်ဖျက်ပြီး အသစ်ရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း အဆိုကို ဆွေးနွေးသည့် ကိုယ်စားလှယ်အားလုံးနီးပါးက ကန့်ကွက်ခဲ့သည့်အတွက်မှတ်တမ်းအဖြစ်သာ ထားထားရှိရန် နိုဝင်ဘာ ၆ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဥက္ကဋ္ဌဦးခင်အောင်မြင့်က ပြောကြားခဲ့သည်။

၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနှင့် စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ "၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေမှု မရှိတဲ့ဥပဒေတွေကို ထောက်ခံလို့မရဘူး။ ခေတ်နဲ့မညီတဲ့ဥပဒေတွေကို ပြင်ဖို့လိုပါတယ်"ဟု အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးမိုဟာမက်စလင်းက ဆိုသည်။

ကွင်းဆေးစစ်ဆေးခြင်းကို နိုဝင်ဘာ ၁၃ ရက်အထိ ပေါက်တောမြို့နယ်တွင်ဆောင်ရွက်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ စစ်တွေမြို့တွင် စစ်ဆေးမည်ဟုဦးသန်းထွန်းက ပြောသည်။

# အရန်ဆန်အတွက် မိုးစပါးကို တင်ဒါစနစ်ဖြင့် ဝယ်ယူမည်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၃**

နိုင်ငံတော်အရန်ဆန်ကို ယခုနှစ်မိုးစပါးအတွက် ဝယ်ယူရာတွင် အာမခံစနစ်ဖြင့် မဝယ်တော့ဘဲ ဈေးကွက်အတွင်းမှဆန်ကိုသာ တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း နိုင်ငံတော် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီမှ သတင်းရရှိသည်။

ယခင်နှစ် မိုးစပါးကဲ့သို့ အာမခံစနစ်ဖြင့် တောင်သူလယ်သမားဆီမှတိုက်ရိုက် စနစ်ဖြင့် ဝယ်ယူရန် ကော်မတီအနေဖြင့် ဘတ်ဂျက်လိုအပ်ချက်ကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း အဆိုပါကော်မတီမှ အထွေထွေ အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဦးက ပြောသည်။

ထို့အပြင် တင်ဒါစနစ်ဖြင့် ဝယ်ယူရခြင်းမှာ တရုတ်နိုင်ငံမှ အဝယ်များပြီး အခြားနိုင်ငံများကလည်း ဝယ်ယူနေသဖြင့် ယခင်နှစ်ကဲ့သို့ ဈေးနှုန်းကျဆင်းမှုမရှိခြင်း၊ စပါးသစ်များပေါ်ချိန်တွင် ပြည်တွင်းစပါးဈေးမှာ တင်းတစ်ရာကို ကျပ်သုံးသိန်းသုံးသောင်းဝန်းကျင် ရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

"ဝန်ကြီးအနေနဲ့ တန်ချိန်ဒီထက်ပိုဝယ်နိုင်ဖို့ အစိုးရကို ကျပ်ဘီလီယံ ၅၀ လောက် ပေးဖို့တင်ပြဖို့ရှိတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြံပေး ဒေါက်တာ မောင်အောင်က ပြောကြားသည်။

နိုင်ငံတော်အရန်ဆန် ဝယ်ယူမှုတွင် ကော်မတီ၌ လက်ရှိကျပ်ငွေသန်းပေါင်း ဘီလီယံ ၁၄ ဒသမ ၅ သန်းဝန်းကျင်ရှိပြီး ယခုလမှ စတင်၍ အရန်ဆန် တန်ချိန် ၅၀၀၀၀ ကိုဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။ "တင်ဒါစနစ်နဲ့ဝယ်လို့ ဈေးကျရင်မနှစ်ကလိုပဲ။ နယ်တချို့ကို ဆင်းပြီး ဝယ်ပေးမယ်" ဟု ဦးအောင်သန်းဦးကဆိုသည်။

## ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်မည်

**ဘန်ကောက်၊ နိုဝင်ဘာ-၁၂**

ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဒေါ်လာ ၅၀ ဘီလီယံကုန်ကျမည့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းအတွက် မြန်မာနှင့်ထိုင်းတို့ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီမှုရခဲ့ပြီးနောက် အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းမှ ရင်းနှီးမြှုပ်နှံမှုများကို စီမံကိန်းများအတွက် ဖိတ်ခေါ်သွားမည်ဟု ထိုင်းဘဏ္ဍာရေးဝန်ကြီး ကစ်တီရတ်နာနာနောင်က ပြောကြားသည်။ ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာနမှ ငွေကြေးပေါ်လစီရေးရာရုံးအကြီးအကဲ ဆုမ်ချိုင်းဆာဂျာပွန်က ထားဝယ်စီမံကိန်းအတွက် ပထမအဆင့်ကို လာမည့် သုံးလေးလအတွင်း ဆုံးဖြတ်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ၂၀၁၃ ဧပြီထက် နောက်မကျဘဲ မြန်မာနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆိုသည်။ ထိုင်းသတင်းရင်းမြစ်အချို့အဆိုအရမူ ဘန်ကောက်ဘဏ်၊ ဆိုင်းယန်းကော်မာရှယ်ဘဏ်ကဲ့သို့ ထိုင်းဘဏ်များသည် ထားဝယ်စီမံကိန်းအတွက် ဂျပန်ဘဏ်မှ ချေးငွေဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ မရခင်စပ်ကြားတွင် ကာလတိုချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ်ရှိကြောင်း သိရသည်။ သို့သော်မြန်မာနှင့် ထိုင်းတို့ ဘက်ကမှ စီမံကိန်းတွင် ပါဝင်မြှုပ်နှံရန် တတိယနိုင်ငံတစ်ခုနှင့် ဆွေးနွေးရခြင်း မရှိသေးကြောင်းဆိုသည်။

ထိုင်းသည် ထားဝယ်ရေနက်ဆိပ်ကမ်းအား ၎င်း၏အကြီးစားစက်မှုလုပ်ငန်းများအတွက် ကုန်ကျစရိတ်နည်းနည်းဖြင့် ကုန်ကြမ်းသယ်ယူပို့ဆောင်ရာ အခြေစိုက်စခန်းအဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်သည်။ ထိုင်းအစိုးရသည် မေလက ထားဝယ်စီမံကိန်းနှင့် ဆက်နွှယ်သော ထိုင်းဘက်အခြမ်းရှိ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် ဘတ်ဂျက်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကိုအတည်ပြုပေးပြီးဖြစ်သည်။ ယင်းတွင် ထိုင်းမှ မြန်မာသို့ ဆက်သွယ်မည့် အဝေးပြေးလမ်းမတစ်ခုနှင့် နယ်စပ်၌ အလုပ်လုပ်မည့် ထိုင်းလုပ်သား ဝန်ထမ်းများအတွက် အိမ်ရာများ၊ အစိုးရရုံးများ ဆောက်လုပ်ရေးတို့လည်း ပါဝင်သည်။

*-Ref: Legal business online/Reuters*

■ငလျင်ဒဏ်ကြောင့် ဒဏ်ရာရရှိသူများမှ မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက်ရှိသော လူနာဆယ်ဦးနှင့် မန္တလေးအရိုးအထူးကုဆေးရုံကြီးတွင် ခြောက်ဦးရှိပြီး ၎င်းတို့အခြေအနေမှာ ပိုမိုကောင်းမွန်လာကြောင်း သတင်းရရှိသည်။ သို့သော် လူနာအများစုမှာ ငွေကြေးမပြည့်စုံသူများဖြစ်၍ ဆေး ကုသစရိတ်နှင့် ဆေးဖိုးဝါးခ အကူအညီလိုအပ်နေသည်။

**ပြင်ဆင်ဖတ်ရှုပါရန်-**

7Day News ဂျာနယ် အတွဲ(၁၁)၊ အမှတ်(၃၅)"ဆောက်လုပ်ဆဲကန်ထရိုက်တိုက်နှင့် မလွတ်ကင်းသည့်ဓာတ်ကြိုးများ ရပ်ကွက်ကို အသိမပေးဘဲ ရွှေ့ပြောင်းမှု လူ၂၀၀၀ခန့် စုဝေးကန့်ကွက်"အစား "ဆောက်လုပ်ဆဲတိုက်နှင့် မလွတ်သည့်ဓာတ်ကြိုးများ ရပ်ကွက်ကို အသိမပေးဘဲရွှေ့ပြောင်းမှု လူရာနှင့်ချီစုဝေးကန့်ကွက်"ဟုပြင်ဆင်ဖတ်ရှုပါရန်။

**အယ်ဒီတာ**

7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012

# ထိုင်းကုမ္ပဏီတစ်ခု ရာဘာသစ်တန်ချိန် ငါးသောင်းဝယ်ယူတင်ပို့ရန် လိုင်စင်လျှောက်

**ပြည့်သိမ်း၊ သိမ့်သိမ့်စိုး**
**ရန်ကုန်၊ နိုဝင်ဘာ-၉**

ထိုင်းနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုက ထားဝယ်မြို့နယ်ကျေးရွာလေးရွာဝန်းကျင်ရှိ စိုက်ခင်းဖျက်ရာမှ ရာဘာပင်အို (ရာဘာသစ်) တန်ချိန် ငါးသောင်းဝယ်ယူရန် ပို့ကုန်လိုင်စင်လျှောက်ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

လိုင်စင်လျှောက်သည့် ရောဝတီဘက်စုံကုန်သွယ်ရေးကုမ္ပဏီမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့က ထောက်ခံပေးခဲ့သဖြင့် စီးပွားကူးသန်းဝန်ကြီးဌာနမှာအခက်ခဲဖြစ်လာကြောင်း အဆိုပါဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ရှင်းပြသည်။

"လုပ်ထုံးလုပ်နည်းနဲ့ ညီတယ်ဆိုပါက အိတ်စပို့လုပ်ဖို့ကန့်ကွက်ဖို့မရှိဘူးလို့ပဲ ထောက်ခံခဲ့တာ"ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဌာနအနေဖြင့် ဘယ်ကုမ္ပဏီကိုမှ ပမာဏဘယ်လောက်ထုတ်ပါလို့ ညွှန်ကြားမှုမျိုးမရှိကြောင်း၊ သီးနှံအလိုက် တင်ပို့မှုလိုင်စင်လျှောက်တဲ့အခါ ရာဘာရောင်းချခြင်းအတွက် ကန့်ကွက်ရန် မရှိကြောင်းထောက်ခံပေးခြင်းဖြစ်သည်ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

"ကျွန်တော်တို့က ဒီကုမ္ပဏီကို လိုင်စင်ထုတ်ပေးရင် မြေပြင်မှာစစ်ဆေးရေးအဖွဲ့က အကောက်ခွန်ဌာန တစ်ခုပဲ ရှိတော့ စိုးရိမ်တယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်အတွင်းရှိ ပကာရီကျေးရွာနှင့် ကမြောကင်းကျေးရွာတို့မှ ရာဘာပင်အိုတန်ချိန် ၅၀၀၀၀ ကို ထိုင်းနိုင်ငံ၊ ကန်ချနာဘူရီပြည်နယ်၊ ဘန်ဖူနန်ရွှန်ရို (ထီးမီး) နယ်စပ်ဂိတ်မှ တစ်ဆင့်တင်ပို့ရန် ရောဝတီဘက်စုံကုန်သွယ်ရေးကုမ္ပဏီလီမိတက်က စီးပွားကူးသန်း ဝန်ကြီးဌာနတွင် ထုတ်ကုန်လိုင်စင်လျှောက်ထားခြင်းဖြစ်သည်။

ရာဘာသစ်ပို့ရန် လိုင်စင်လျှောက်ထားသော ကုမ္ပဏီသို့ 7 Day News ဂျာနယ်က ဆက်သွယ်မေးမြန်းရာတွင် လိုင်စင်လျှောက်ထားမှုမှာ မှန်ကန်ပြီး အသေးစိတ်အချက်အလက်များ ပြောရန်မှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ရုံးတွင်သာ ပြောရေးဆိုခွင့်ရှိသူရှိပြီး ရန်ကုန်ရုံးတွင် မရှိကြောင်း ဖုန်းကိုင်သူက ပြန်လည်ဖြေကြားသည်။

"ဒီဒေသမှာ ရာဘာပင်အိုက ဒီလောက်မရှိဘူး။ စိုက်ခင်းတွေတော့ရှိတယ်"ဟု မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးနိုင်မြင့်က ပြောကြားသည်။

ရာဘာပင်ဟောင်းများထုတ်ယူမည့်ဒေသမှာ တနင်္သာရီဒေသမိုးသစ်တောအများဆုံးရှိသည့် တနင်္သာရီရိုးမအနီးတွင် ဖြစ်သည်။ အဆိုပါတနင်္သာရီဒေသမှ မိုးသစ်တောမှာကမ္ဘာပေါ်တွင်ဒုတိယအကြီးဆုံး သစ်တောကြီးဖြစ်သည်။ ပထမအကြီးဆုံးသစ်တောမှာ ဘရာဇီးနိုင်ငံတွင် ရှိသည်။

"ရာဘာသစ်က ခုတ်ပြီးတာနဲ့ စက်ရုံပို့ရတယ်။ အခုစက်ရုံကိုရိုးမတောထဲမှာ ဆောက်မယ်လို့ သိထားတယ်။ ဒါဟာ အရမ်းစိုးရိမ်စရာပဲ"ဟု စက်ရုံတည်ဆောက်ရေး ဒေသခံတစ်ဦးက ပြောကြားသည်။

ရာဘာပင်အိုများကို ဒေသခံများထံမှ တန်ရာတန်ကြေးပေးဝယ်သဖြင့် အဆင်ပြေသော်လည်း တနင်္သာရီသစ်တောအတွက် စိုးရိမ်ရမည့် အခြေအနေဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

တနင်္သာရီတစ်တိုင်းလုံးတွင် ရာဘာစိုက်ကေမှာနှစ်သိန်းခြောက်သောင်းကျော် ဝန်းကျင် ရှိသော်လည်း ရာဘာပင်အို တန်ချိန်ငါးသောင်း မထွက်နိုင်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နှစ်ရှည်ပင်လုပ်ငန်းတွင် လုပ်ကိုင်နေသော အကြံပေးတစ်ဦးက ပြောကြားသည်။

"ဒီရွာလေးရွာမှာ ဘယ်လိုမှ ဒီပမာဏကို မထုတ်လုပ်နိုင်ဘူး။ ကျွန်တော့်အနေနဲ့တော့ လက်မခံဘူး"ဟု အထက်ပါ ပုဂ္ဂိုလ်က ဆိုသည်။

ရာဘာသစ်တန်ချိန်ငါးသောင်းအတွက် ကုန်ပစ္စည်း၏ တန်ဖိုးမှာ ကန်ဒေါ်လာ ၂၆၅၀,၀၀၀ ဖြစ်သည်။ ထို့အပြင် အဆိုပါရော်ဘာသစ်များရောင်းချ၍ ရသောအမြတ်ငွေကို မော်လမြိုင်မှ ကော့ကရိတ်၊ သံဖြူဇရပ်မှ ဘုရားသုံးဆူနှင့် မြိတ်မှ မောင်တောထိ ကတ္တရာခင်းကျောက်လမ်းမကြီးများ ဖောက်လုပ်ပေးပြီး တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ရောဝတီဘက်စုံ ကုန်သွယ်ရေးကုမ္ပဏီလီမိတက်တို့ကသဘောတူထားကြောင်း သတင်းရရှိသည်။

# ကချင်အမျိုးသားဒီမိုကရေစီကွန်ဂရက်ပါတီ မှတ်ပုံပြန်တင်မည်

**ရန်မျိုးနိုင်**
**ရန်ကုန်၊**
**နိုဝင်ဘာ-၁၀**

၁၉၉၀ ရွေးကောက်ပွဲတွင် ကချင်ပြည်နယ်၌ သုံးနေရာအနိုင်ရရှိခဲ့သော ကချင်အမျိုးသားဒီမိုကရေစီ ကွန်ဂရက်ပါတီ (KNCP) ကို ပြန်လည်မှတ်ပုံတင်မည်ဖြစ်ကြောင်း ၎င်းပါတီဒုတိယဥက္ကဋ္ဌ ဦးဂမ်အောင်က ပြောသည်။

ယခင်က ပါတီပြန်လည်မှတ်ပုံတင်ရန်အတွက် အစီအစဉ်ရှိသော်လည်း နိုဝင်ဘာ ၁၀ ရက်၌ ကျင်းပခဲ့သော ပါတီဝင်များအစည်းအဝေးကသာ မှတ်ပုံတင်ရန်အတွက် အတည်ပြုခဲ့ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ကချင်အမျိုးသားဒီမိုကရေစီ ကွန်ဂရက်ပါတီ (KNCP)သည် ကချင်ပြည်နယ်၌ မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်၊ ချီဖွေမြို့နယ်များတွင် အနိုင်ရရှိခဲ့သည်။

ပါတီကိုပြန်လည်မှတ်ပုံတင်လျှောက်ထားရန်အတွက် အဖွဲ့ဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ကချင်ပြည်နယ်၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပါတီတွဲဖက်အတွင်းရေးမှူး ဦးနော်ဂျာက ပြောသည်။

ကချင်အမျိုးသားဒီမိုကရေစီကွန်ဂရက်ပါတီ (KNCP) သည်ညီညွတ်သော တိုင်းရင်းသား မဟာမိတ်ပါတီများ (UNF) တွင် ပါဝင်သော ပါတီတစ်ခုဖြစ်ပြီး အခြားအဖွဲ့ဝင်ပါတီများ ဖြစ်ကြသော ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်ဒီမိုကရေစီပါတီ၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တို့သည် ပါတီမှတ်ပုံတင်ရရှိထားပြီးဖြစ်သည်။

# ရန်ကုန်တွင် ကျူးကျော်နေထိုင်သူ ၁ ဒသမ ၂ သန်း ရှိဟုဆို

## ကျူးကျော်နေထိုင်သူများအတွက် မြို့ပြင်မြေကွက်ရိုက် နေရာချပေးရန် အဆိုတင်သွင်း

**သန်းဌေး**
**ရန်ကုန်၊**
**နိုဝင်ဘာ-၁၀**



**ရန်ကုန်မြို့ ဧရိယာအတွင်းမြင်ရသော ကျူးကျော်တဲအချို့**
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဌာနဆိုင်ရာမြေများပေါ်ရှိ ကျူးကျော်တဲများအား မြို့ပြင်တွင် အကွက်ရိုက်ကာ နေရာပြန်ချထားပေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေပြုရေးကော်မတီထံ တင်ပြထားကြောင်း တာမွေမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးသိန်းက ပြောသည်။

ရန်ကုန်မြို့တွင်းရှိ ကိုကိုးကျွန်းမှအပ ကျန်မြို့နယ် ၄၄ မြို့နယ်တိုင်းတွင် ကျူးကျော်နေထိုင်သူဟု သတ်မှတ်ခံထားရသူ ပမာဏမှာ မြို့နေလူဦးရေ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ၁၂ သိန်းခန့်ရှိကြောင်း ၎င်းကဆိုသည်။

"စည်ပင်မြေ၊ အိုးအိမ်မြေ၊ ပလပ်မြေ၊ မီးရထားပိုင်မြေ၊ စားကျက်မြေနဲ့ တပ်မြေ ဧရိယာအတွင်းမှာရှိတဲ့ မြေပေါ်နေတာ နှစ်ပေါင်း ဘယ်လောက်ကြာကြာ သူတို့မှာ မြေချပါမစ်၊ ဂရန်မရှိရင် ဘိုးဘွားပိုင်မြေပေါ်မှာ နေတာမဟုတ်ရင် အကုန်ကျူးကျော်တွေပဲ"ဟု ဦးအေးသိန်းက ပြောသည်။

လူဦးရေတစ်သန်းကျော်ဆိုသည်မှာ ၎င်းကခန့်မှန်းထားခြင်းဖြစ်ပြီး ကျူးကျော်များအတွက် မြို့ပြင်တွင် နေရာချထားပေးရန် မြေဧက မည်မျှလိုအပ်နိုင်သည်ကိုလည်း မခန့်မှန်းနိုင်သေးကြောင်း 7Day News ၏ မေးမြန်းမှုကို ဦးအေးသိန်းကဖြေကြားသည်။

၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၉ ရက်က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုကော်မတီ အစည်းအဝေးတွင် ဒေါပုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းစိန်က ကျူးကျော်ဆောက်လုပ်နေထိုင်သော တဲအိမ်များအား ပြဿနာဖြေရှင်းနိုင်ရေးအတွက် ဥပဒေတစ်ရပ်ရေးဆွဲပေးရန်အဆိုတင်သွင်းခဲ့သည်။

"ကျွန်တော်တို့လယ်မြေတွေကို အိုးအိမ်နဲ့ ဌာနဆိုင်ရာတွေက လျော်ကြေးမပေးဘဲ သိမ်းတယ်။ ဘာမှမလုပ်ဘဲ ဒီအတိုင်းထားတယ်။ ကျွန်တော်တို့က စပါးဝင်စိုက်တော့ ကျူးကျော်တွေဆိုပြီး တရားစွဲတာခံရတယ်"ဟု ရွှေပြည်သာမြို့နယ်မှ လယ်သမားတစ်ဦးကပြောသည်။

အထက်ပါကဲ့သို့သော ပြဿနာများအား မဖြေရှင်းနိုင်သေးမီတွင် ရန်ကုန်မြို့နေ လူဦးရေ ၁၂ သိန်းအတွက် အိမ်အကွက်ချပေးသောအခါ လမ်း၊ ရေမီးများ စီစဉ်ပေးမည်ဖြစ်၍ ကျူးကျော်များက ကော်မတီများဖွဲ့ကာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အလျင်အမြန်တင်ပြနိုင်ကြောင်း သတင်းရရှိသည်။

အကယ်၍ ကျူးကျော်ဖြစ်နေလျက်ဖယ်မပေးပါက စည်ပင်၏ ကျူးကျော်ဥပဒေအရတရားစွဲခံရမည်ဖြစ်ကြောင်း ဦးအေးသိန်းကပြောသည်။

"ကျွန်တော်တို့ဥပဒေပြုရေးကော်မတီဆီကိုတော့ တင်ပြထားပါတယ်။ အစိုးရအဖွဲ့ဆီကို ဆက်တင်မှာပါ။ အစိုးရအဖွဲ့က ဆုံးဖြတ်ချက်ချပြီးရင် စည်ပင်ကို ဘတ်ဂျက်ချပေးရမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ဥပဒေပြုရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းနိုင်ကပြောသည်။

နိုဝင်ဘာ ၇ ရက်က ကျင်းပသော ပထမအကြိမ်ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အိမ်ဂရန်များ ထုတ်ပေးမှုအကြောင်း မေးခွန်းမေးခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲချုပ်ကျော်ကျော်က မြေဧရိယာတစ်ဧကအထိကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးများက အိမ်မြေဂရန်အသစ်များကို ခွင့်ပြုချက်ထုတ်ပေးလျက်ရှိကြောင်း ဖြေကြားခဲ့သည်ဟု နိုဝင်ဘာ ၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

# နိုင်ငံတကာမယ်မြန်မာပြိုင်ပွဲအတွက် လျှောက်လွှာများ ဖိတ်ခေါ်

**ကြူကြူဟန်**
**နေပြည်တော်၊ နိုဝင်ဘာ - ၁၃**

၂၀၁၃ နိုင်ငံတကာမယ်ပြိုင်ပွဲ (Miss International 2013) ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည့် Miss Myanmar Internatioal 2013 ပြိုင်ပွဲကိုဖေဖော်ဝါရီလတွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာများခေါ်ယူနေကြောင်း သတင်းရရှိသည်။

ပြိုင်ပွဲဝင်များသည် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း အရပ် ၅ ပေ ၅ လက်မနှင့်အထက် ရှိရမည်ဖြစ်ပြီး အင်္ဂလိပ်စကားပြောဆိုနိုင်သူဖြစ်ရမည်။ လျှောက်လွှာများကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးပေးပို့လျှောက်ထားရမည်ဖြစ်သည်။

လျှောက်လွှာများကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ရုံး၊ Myanmar Tourism Services ရုံးတို့တွင် လူကိုယ်တိုင်သော်လည်းကောင်း၊ Miss Myanmar International Facebook Page တွင် Downloadလုပ်၍လည်းကောင်း ရယူနိုင်ပြီး လျှောက်လွှာတစ်စောင်လျှင် ကျပ် ၅၀၀၀ ပေးသွင်းရမည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012




ကျောက်မြောင်းမြို့နယ် မလားကျေးရွာတွင် ငလျင်ဒဏ်ကြောင့် ပြိုပျက်နေသောနေအိမ်


ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော
သပိတ်ကျဉ်းမြို့ အောင်မြင်သာဘုန်းကြီးကျောင်း




စဥ့်ကူမြို့ ကျည်တောက်ပေါက်တိုက်နယ်ဆေးရုံ





## ငလျင်ကြောင့် လဲပြိုနေအိမ်များကို တိုင်းဒေသကြီးအစိုးရ ပြန်ဆောက်ပေးမည်

ညီညီဇော်

**မန္တလေး၊နိုဝင်ဘာ-၁၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ခံခဲ့ရသည့်ဒေသများရှိပျက်စီးသွားသော နေအိမ်များအား အမြန်ဆုံးပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း မန္တ လေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီးဦးဖုန်းဇော်ဟန်ကပြောသည်။ **အချပ်ပို(F)သို့**

---

## ရတနာသိဃ်တံတားပြန်လည်တည်ဆောက်မည်

ထွန်းခိုင်

**ရန်ကုန်၊နိုဝင်ဘာ-၁၂**

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆောက်လုပ်ဆဲ ဧရာဝတီတံတား (ရတနာသိဃ်)ကို ပြန်လည်ဆောက်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိများကို ကိုးကားပြီး နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်လွှင့်သွားသည်။

ရတနာသိဃ်တံတား သံပေါင်အပျက်အစီးများကို ပြန်လည်ဖြုတ်ပြီး ပြုပြင်မရသော သံပေါင်အပိုင်းများအား စစ်ဆေးရွေးချယ်ခြင်း၊ သံပေါင်များ ထပ်မံမှာယူပြီး အစားထိုးတပ်ဆင်ခြင်းများဆောင်ရွက်မှုနှင့်အတူ စဥ့်ကူးဘက်ရှိတံတားအပိုင်းမှ လုပ်ငန်းစတင်ဆောင်ရွက်ခြင်းကို ပြင်ပပညာရှင်များနှင့်ပူးပေါင်း၍ တစ်ပြိုင်တည်း ဆောက်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က အဆိုပါနေရာသို့လာရောက်စစ်ဆေးသည့်ဒုတိယသမ္မတကို ရှင်းလင်းတင်ပြရာတွင် ပြောကြားခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။

နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဆိုပါတံတားတည်နေရာသို့ နိုဝင်ဘာ ၁၂ ရက်က လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ယင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ ဝန်ထမ်းတစ်ဦး သေဆုံးကာ ငါးဦးပျောက်ဆုံးလျက်ရှိပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရ၏ တရားဝင်ထုတ်ပြန်သည့် စာရင်းများအရသိရသည်။

ထို့အပြင် တံတားတိုင်အမှတ် RP-1 နှင့် RP-3 အကြား တပ်ဆင်ဆဲ ၂၀၈မီတာအရှည်ရှိသော တံတားသံပေါင်သည် စဥ့်ကူးဘက်ခြမ်း (တိုင်အမှတ် RP- 3)ဘက်သို့ လျောကျပျက်စီးခဲ့ခြင်း၊ သံပေါင်ပေါ်ရှိ Erection Tower နှင့် Erection Crane တို့ပြုတ်ကျခဲ့မှုကြောင့် Barge တစ်စီးနှင့် Z-craft တစ်စီးတို့ ဧရာဝတီမြစ်အတွင်း နစ်မြုပ်ခဲ့ခြင်းတို့လည်း ဖြစ်ပွားခဲ့သည်။

# Earthquake 6.8

Vol.11, No.36 • NOVEMBER 15 , 2012

## ငလျင်ကြောင့် လဲပြိုနေအိမ်များကို တိုင်းဒေသကြီးအစိုးရပြန်ဆောက်ပေးမည် မှ

“အပျက်အစီး စာရင်းတွေ တွက်ချက်နေပါတယ်။ အမြန်ဆုံး လုပ်ပေးသွားမှာပါ”ဟု ဝန်ကြီးက နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီတွင်မန္တလေးမြို့အမျိုးသားကဇာတ်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ငလျင်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လူနေအိမ်များပြန်လည်ထူထောင်ပေးခြင်း၊ ပျက်စီးသွားသော စာသင်ကျောင်းဆောင်များကို အထူးဦးစားပေး ဆောင်ရွက်သွားမည်ဟု သိရသည်။ ပျက်စီးသွားသော နံကပ်တိုက်ဆိုလျှင် နံကပ်၊ ပျဉ်ထောင်ဆိုလျှင် ပျဉ်ထောင် ပြန်တည်ဆောက်ပေးနိုင်မည် မဟုတ်သော်လည်း နေထိုင်ရန် သင့်လျော်သည့် အိမ်ရာများ တစ်ပြေးညီ တည်ဆောက်ပေးနိုင်ရန် ခန့်မှန်းထားကြောင်း ဝန်ကြီးကပြောသည်။

ပျက်စီးသွားသည့် ဘုရားပုထိုးစေတီများအတွက် အလှူရှင်များကို ပြန်လည်နှိုးဆော်ထားပြီး ၎င်းတို့လှူဒါန်းမှုများဖြင့် ပြန်လည်မွမ်းမံပြုပြင်မည်ဖြစ်ကြောင်း သိရသည်။



ငလျင်ဒဏ်ကြောင့် မြေ၌ ပြားပြားဝပ်ပြိုကျသွားသော နေအိမ်တစ်လုံး

## မင်းကွန်းပုထိုးတော်ကြီးပေါ်သို့ တက်ခွင့်မပြုတော့

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၁၂**

ငလျင်လှုပ်ခတ်ပြီးသည့် နိုဝင်ဘာ ၁၂ ရက်မှစ၍ မင်းကွန်းပုထိုးတော်ကြီးပေါ်သို့ပြည်တွင်းပြည်ပခရီးသွားများ တက်ရောက်ခွင့်မပြုတော့ကြောင်း မန္တလေးဒေသခံ ဧည့်လမ်းညွှန်များကပြောသည်။

“ဘုရားကြီးက ကြံ့ခိုင်ရေးမကောင်းတော့လို့ ဧည့်သည်တွေ မတက်သင့်ဘူးလို့ သက်ဆိုင်ရာကို မနှစ်ကတည်းက စာတင်ထားတာ” ဟု မန္တလေးဧည့်လမ်းညွှန်အသင်း ဗဟိုအလုပ်အမှုဆောင် ကိုဝင်းအောင်ဦးကပြောသည်။

ထို့အပြင် အဆိုပါပုထိုးတော်ကြီးပေါ်မှ နှစ်စဉ်ဧည့်သည် နှစ်ဦး၊ သုံးဦး ပြုတ်ကျလေ့ရှိကြောင်း ကိုဝင်းအောင်ဦးက ဆိုသည်။

အဆိုပါပုထိုးတော်ကြီးသည် ၁၈၃၉ ခုနှစ် ငလျင်လှုပ်ခတ်စဉ်က အက်ကွဲသွားခဲ့ပြီး ကြံ့ခိုင်ရေးအားနည်းနေခဲ့သည်။

ယခုနိုဝင်ဘာ၁၁ရက်ကလှုပ်ခတ်ခဲ့သော ငလျင်ကြောင့် မင်းကွန်းပုထိုးတော်ကြီးမှာ ပျက်စီးမှုမရှိသော်လည်း မင်းကွန်းခေါင်းလောင်းကြီးမှာ အနည်းငယ်နေရာရွေ့သွားခဲ့သည်။

## ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကျပ်သိန်းတစ်ရာ ဒီချုပ် လှူဒါန်းမည်

**ရန်ကုန်၊ နိုဝင်ဘာ - ၁၂**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ ငလျင်ဒဏ်သင့်ဒေသခံ ပြည်သူများအတွက် ငွေကျပ်သိန်းတစ်ရာ လှူဒါန်းမည်ဖြစ်ကြောင်း NLD သတင်းနှင့် ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သူဦးကြည်တိုးက ဆိုသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကလည်း အကူအညီများပေးအပ်သွားမည်ဖြစ်သော်လည်း ပမာဏအတိအကျကိုမသိရှိသေးကြောင်း ပါတီဗဟိုအတွင်းရေးမှူး သူရဦးအောင်ကို ပြောသည်။ “ကျွန်တော်တို့ ခုထိတော့ အစီအစဉ်မရှိသေးဘူး။ အစည်းအဝေးလည်းမခေါ်ရသေးဘူး”ဟု ငလျင်ဒဏ်သင့်ဒေသများသို့ ကူညီပေးရေးနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ပြောသည်။

၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ကမူ ငလျင်ဘေးဒဏ်ခံရသောဒေသများ၏ အခြေအနေကို အချက်အလက်ကောက်ယူပြီး ရရှိလာသောအချက်အလက်ပေါ် မူတည်၍ ကူညီမှုများပြုလုပ်မည်ဖြစ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားကိုဂျင်မီကပြောသည်။ အလားတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီတို့မှလည်း အကူအညီများပေးရန်စီစဉ်နေကြောင်း 7 Day News ၏မေးမြန်းမှုကို ဖြေကြားသည်။

# ပဲခူးလှုပ်ရင် တော်တော်လေးစိုးရိမ်ရတယ်

### စစ်ကိုင်းငလျင်ကြောကို ပထမဆုံးတွေ့ရှိ ဖော်ထုတ်နိုင်ခဲ့သူ ဘူမိဗေဒပညာရှင် ဒေါက်တာဝင်းဆွေနှင့် တွေ့ဆုံခြင်း

အားမာန်



ကမ္ဘာပေါ်တွင် အကြီးဆုံးသက်ရှိမြေငလျင်ပြတ်ရွေ့ကြောများထဲမှ တစ်ခုအပါအဝင်ဖြစ်သော ကီလိုမီတာ ၁,၀၀၀ ခန့်ရှည်သော စစ်ကိုင်းငလျင်ကြောကို ဘူမိဗေဒပညာရှင်ဒေါက်တာဝင်းဆွေက ၁၉၆၉ ခုနှစ်တွင်စတင်တွေ့ရှိပြီး ဖော်ထုတ်နိုင်ခဲ့သည်။စစ်ကိုင်းငလျင်ကြောပေါ်တွင် လှုပ်ခဲ့သောပြင်းအား၆ဒသမ၈ ရှိငလျင်နှင့်ပတ်သက်၍ ဒေါက်တာဝင်းဆွေကိုတွေ့ဆုံမေးမြန်းထားသည်များမှကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အခုရွှေဘိုငလျင်နဲ့ပတ်သက်ပြီး အဘရဲ့အမြင်ကို သိလိုပါတယ်။**

အခုငလျင်က ကျွန်တော့်အမြင်က တစ်နည်းအားဖြင့် ပြောရရင် ကျွန်တော်တို့ ကံကောင်းတယ်ဗျ။ ကံကောင်းတယ်ဆိုတာက လူနေနည်းတဲ့ဒေသမှာ လှုပ်လို့။ နောက်ပြီး ဒီမြေငလျင်က သိပ်ပြီးရှယ်လိုး(မြေအတိမ်)ဖြစ်တယ်လေ။ မြေငလျင် ဗဟိုချက်က တိမ်ရင် ပိုပြီးအန္တရာယ်များတယ်။ ဒီထက်ကြီးတဲ့ငလျင်တွေ စစ်ကိုင်းမြေငလျင်ကြောမှာ အရင်တုန်းက လှုပ်ခဲ့တယ်။ ဒီငလျင်က အဲဒီအဆင့်တွေတော့ မမီဘူး။ ဒါပေမဲ့ သူများနိုင်ငံမှာဆိုရင် ဒီလောက်အင်အားဆိုရင် တော်တော်လေး ခံရတယ်။ အခု ငလျင်က ပုဂံမှာလှုပ်တဲ့ငလျင်နဲ့ ပမာဏ မတိမ်းမယိမ်းပဲ။ သပိတ်ကျင်းမြို့က မြေငလျင်ကြော တည့်တည့်ဖြတ်သွားတဲ့နေရာ။ တိုက်တိုက်ဆိုင်ဆိုင် ဒီနားမှာလာပြီးလှုပ်တော့ သပိတ်ကျင်းဆို မြေငလျင်ကြော တစ်လျှောက်မှာ ရွေ့တဲ့ဒဏ်လည်းခံရတယ်။ ငလျင်လှိုင်းက ထွက်လာတဲ့လှုပ်တဲ့ဒဏ်ကိုလည်း ခံရတယ်။ ရတနာသိဃ်တံတားဆိုရင်လည်း အရှေ့ဘက်မှာ အဓိက ငလျင်ကြောရှိတယ်။ ငလျင်ကြောနဲ့ သိပ်ပြီးတော့နီးတယ်။ ငလျင်ကြောက တောင်နဲ့မြောက်နဲ့ဖြတ်တာ။ ငလျင်လှုပ်တာလည်း တောင်မြောက်ဘေးတိုက် လှုပ်တာမှာ တံတားက အရှေ့အနောက် ကန့်လန့်ဖြတ်ကြီးဆိုတော့ ပိုပြီးတော့ အခြေအနေ ဆိုးတယ်။ အပြိုင်ဆိုရင်တော့ သက်သာမယ်။ အားလုံးကိုခြုံလိုက်ရင် မန္တလေးနဲ့နီးရင်သော်လည်းကောင်း၊ စစ်ကိုင်းနဲ့နီးရင်သော်လည်းကောင်း မြို့ကြီးကြီးနဲ့နီးရင် ပျက်စီးဆုံးရှုံးမှု ပိုများမယ်။ လူလည်း သေတာပိုများမယ်။ နောက်ဆက်တွဲငလျင်တွေကတော့ တောင်ဘက်ကို လိုက်လာတယ်။ မြောက်ဘက်ကိုလည်း သွားတယ်။ ဘေးတိုက် တောင်ဘက်ကိုရော မြောက်ဘက်ကိုရော ရွေ့တဲ့သဘောရှိတယ်။ အဲ့ဒီလို နောက်ဆက်တွဲ မြေငလျင်ငယ်တွေကတော့ လာနိုင်သေးတယ်။ မူလ မြေငလျင်ဗဟိုချက်နားကို ဟုတ်ချင်မှဟုတ်မယ်။ တောင်ဘက်ဖြစ်ချင်ဖြစ်မယ်။ မြောက်ဘက် ဖြစ်ချင်ဖြစ်မယ်။ ဒီငလျင်က စစ်ကိုင်းနားမှာလှုပ်ရင် မန္တလေးမသက်သာဘူး။ စစ်ကိုင်း၊ မန္တလေးအောက်ဆိုရင် လူနေက ပိုသိပ်သည်းလာတာလေ။

**မြေငလျင်ပညာရှင်တွေ ပူပန်နေတဲ့ ပဲခူးအနီးတစ်ဝိုက်နဲ့ အောက်ပိုင်းမှာ ဒီလောက်အင်အားရှိတဲ့ ငလျင်လှုပ်ခဲ့ရင် ဘယ်လိုဖြစ်မယ်ထင်လဲ။**

ပဲခူးလှုပ်ရင် တော်တော်လေး စိုးရိမ်ရတယ်။ အရင် ပဲခူးမှာလှုပ်တာ 7.3 ပေါ့ဗျာ။ သူများ နိုင်ငံမှာလည်း အဲဒီလောက်ဆို တော်တော်လေး ခံနေရပြီ။ ဘာလို့လဲဆိုတော့ မြေငလျင်ဗဟုသုတသိပ်မရှိဘဲနဲ့ ဆောက်

7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012



# စေတီပုထိုးတည်ရာတွင် မြေငလျင်ဒဏ်ခံနိုင်ရန် နည်းပညာများ အသုံးချရန်လိုအပ်လာ

**ပြည်သိမ်း၊အိဖြူမွန်**
**ရန်ကုန်၊နိုဝင်ဘာ-၁၂**

စေတီပုထိုးများကို အသစ်တည်သည်ဖြစ်စေ၊ မူလစေတီငုံ၍ တည်သည့်ဖြစ်စေ ငလျင်ဒဏ်ခံနိုင်ရန် နည်းပညာများ အသုံးပြုရန်လိုအပ်လာပြီဖြစ်ကြောင်း အင်ဂျင်နီယာများက ပြောသည်။

ဘုရားစေတီများကို တည်ရာတွင် ကျောက်ကိုအသုံးပြုသည်ဖြစ်စေ၊ အုတ်နှင့် သစ် အသုံးပြုသည်ဖြစ်စေခိုင်ခံ့ရန် သံကူကွန်ကရစ်ဖြင့် တည်ဆောက်ရန် လိုအပ်ကြောင်း ရှေးဟောင်းသုတေသနဌာန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ပြုပြင်ရေးပိုင်း တာဝန်ယူထားသည့် အကြီးတန်းတာဝန်ရှိသူတစ်ဦးကလည်း ပြောသည်။ ယင်းသို့ သံကူကွန်ကရစ်(အာစီစနစ်)မှာ ပိုမိုခိုင်ခံ့သော်လည်း သံနှင့် ပြုလုပ်ပါက ကွေးလွယ်သဖြင့် စတီးလ်ပိုက်တိုင်များ ထည့်သုံးလျှင် ပိုမိုကောင်းကြောင်း အထက်ပါ ပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ရွှေဘိုမြို့ မြောက်ဘက် ၄၅ မိုင်အကွာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခဲ့သည်။ ယင်းငလျင်လှုပ်ခတ်မှုကြောင့် အမရပူရ၊ ရွှေဘို၊ မြစ်သား၊ မုံရွာ၊ မိုးကုတ် စသည့်မြို့များမှ စေတီပုထိုးများ ထီးတော်ပြုတ်ကျခြင်း ထီးတော်ယိုင်လဲခြင်း၊ စေတီတော်များ အက်ကွဲခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ စေတီပုထိုးများသည် နှစ်ပေါင်း ၁၀၀ မှ ၂၅၀ ကြားစေတီများဖြစ်ပြီး ကုန်းဘောင်ခေတ်က တည်ထားသည့် စေတီများဖြစ်ကြောင်း ရှေးဟောင်းသုတေသနဌာန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယခု ငလျင်အတွေ့အကြုံ၊ အတိတ်က ငလျင်များ၏ အတွေ့အကြုံအရ ငလျင်လှုပ်လျှင် စေတီပုထိုးများစွာ ပြိုပျက်လေ့ရှိပြီး မြန်မာနိုင်ငံတွင် ငလျင်ကြောများစွာရှိ၍ အနာဂတ်တွင်တည်မည့် စေတီပုထိုးများ ငလျင်ဒဏ်ခံနိုင်ရန် သမားရိုးကျ စေတီများကို တည်ရာတွင် ပိုမိုခိုင်ခံ့မှုရှိစေရန် ငှက်ပျောဖူး၊ အလယ်က သံတိုင်ကိုတစ်တိုင်ပဲ ထားသည်ထက် များများထည့်ပြီး ငှက်ပျောဖူးအောက်တစ်လက်မခွဲမှ အာစီကိုထည့်ပြီး ကွန်ကရစ်လောင်းလျှင် ပိုပြီးငလျင်ဒဏ်ခံနိုင်ကြောင်း ဘူမိဗေဒပညာရှင် ဦးအေးကိုကပြောကြားသည်။

ဘုရားစေတီပုထိုးများမှာ အောက်ခြေကြီးပြီး အပေါ်ပိုင်းတွင် သေးသွားသဖြင့် ငလျင်လှုပ်သည်နှင့် ထီးတော်ပြိုလဲခြင်း၊ ယိုင်လဲခြင်းတို့ဖြစ်ရသည်။ ၎င်းကဲ့သို့ ဖြစ်ရခြင်းမှာ မြေဆွဲအား၏ သဘောအရ စေတီ၏ တည်ဆောက်မှုတွင် အောက်ခြေမှာ ၁၀၀ ရာခိုင်နှုန်းရှိသော်လည်း ထိပ်ဖျားတွင် သုညရာခိုင်နှုန်းကြောင့် ထိခိုက်ရခြင်းဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်ကပြောကြားသည်။

# ငလျင်ဘေးအန္တရယ်လျော့နည်းစေရန် လုပ်ဆောင်သင့်သော အချက်များ

**ငလျင်မလှုပ်မီ ဆောင်ရွက်ရန်**

- အခန်းတွင် ခိုင်ခံ့သော စားပွဲခုံ၊ အတွင်းနံရံ(သို့မဟုတ်)တိုင်တံခါးပေါင်အောက် စသောလုံခြုံသော နေရာများကို သိအောင် လုပ်ထားရန်
- ယင်းနေရာများအောက်သို့အမြန်ဝင်၍ အကာအကွယ်ယူ၊ ဆွဲကိုင်ရန် လေ့ကျင့်ထားရန်
- ပြတင်းပေါက်များ၊ မှန်များ၊ တွဲလောင်းချိတ်ထားသော ပစ္စည်းများ၊ ယိုင်လဲသော ပရိဘောဂများ စသည့် ပြိုလဲပျက်စီးနိုင်သော နေရာများကို သိထားရန်
- အိမ်ပြင်ပတွင် သစ်ပင်များ၊ တံတားများ၊ အဆောက်အအုံများ၊ ဓာတ်တိုင်များစသော ပြိုကျပျက်စီးနိုင်သောအရာများနှင့်ဝေးသော ကွက်လပ်၊ ကွင်းများကို သိအောင် လုပ်ထားရန်
- ထွက်ပြေးရန်နှင့် အရန်ထွက်လမ်းကြောင်းများကို သိထားရန်
- ရေ၊ ဓာတ်ငွေ့၊ လျှပ်စစ်မီးတို့ကို အရေးပေါ် ဖြတ်တောက်နိုင်အောင် လေ့ကျင့်လုပ်ကိုင်ထားရန်
- ရှေးဦးသူနာပြုစုနည်းများကို လေ့လာထားရန်

မိမိနေအိမ်ကို လုံခြုံအောင် ဆောင်ရွက်ရန်

- နံရံတွင် ကပ်ထားသော လေးလံသည့် ဗီရို၊ သေတ္တာစသည့် ပရိဘောဂများကို ယိုင်လဲပြီး မပြိုလဲစေရန်၊ နံရံနှင့် တွဲကပ်ထားရန်။
- ကြီးမားလေးလံသော ပစ္စည်းနှင့် ကွဲတတ်သော ပစ္စည်းများကို အမြင့်တွင်မထားဘဲ အနိမ့်တွင် သာထားရန်
- လောင်ကျွမ်းတတ်သော အရည်များကို အိမ်အပြင်ဝေးရာတွင် လုံခြုံစွာထားရန် (ငလျင်ကြောင့် မီးလောင်ခြင်း၊ ပေါက်ကွဲခြင်းများ ဖြစ်တတ်သည်)။
- ပန်းချီကား၊ မှန်များစသော လေးလံကွဲရှတတ်သောအရာများကို အိပ်ရာ၊ ထိုင်ခုံရှည်စသော လူလဲလျောင်းရာနေရာနှင့် ဝေးဝေးထားရန်
- မီးလုံး၊ မီးဆိုင်းများကို ငလျင်လှုပ်လျှင် ပြုတ်မကျစေရန် ခိုင်ခံ့စွာထားရန်

**ငလျင်လှုပ်စဉ် လုပ်ဆောင်ရန်များ**

- အေးဆေးတည်ငြိမ်စွာ နေရန်၊ အဆောက်အအုံ ထဲတွင်ဖြစ်က အထဲတွင်သာ နေရန်၊ ပြင်ပတွင် ဖြစ်က ပြင်ပတွင်သာ နေရန်(ထိခိုက်မှုအများစုသည် ငလျင်လှုပ်စဉ် အဆောက်အအုံတွင်းမှ ထွက်ပြေးခြင်း၊ အတွင်းသို့ပြေးဝင်ခြင်းတို့ကြောင့် အဖြစ်များသည်)။
- ပြတင်းပေါက်၊ တံခါး၊ ဗီရိုအမြင့်များ၊ ကွဲနိုင်၊ ပြုတ်ကျနိုင်သော ပစ္စည်းများနှင့် ဝေးဝေးနေရန်
- ခိုင်ခံ့သည့် စားပွဲခုံ၊ တံခါးပေါင်အောက်၊ အတွင်းနံရံစသည့်တို့ အောက်တွင် ဝပ်နေရန်၊ အကာအကွယ်ယူရန်
- အဆောက်အအုံအတွင်းမှ ထွက်ခွာမည်ဆိုပါက အလောတကြီး ထွက်ပြေးခြင်းမပြုဘဲ စနစ်တကျ ထွက်ခွာပါ။ ဓာတ်လှေကားများကို အသုံးမပြုပါရန်
- အဆောက်အအုံပြင်ပတွင်ဖြစ်ပါက သစ်ပင်များ၊ဆိုင်းဘုတ်များ၊ အဆောက်အအုံများ၊ ဓာတ်ကြိုးများနှင့်ဝေးသော ကွင်းပြင်၊ ကွက်လပ်နေရာများသို့သွားနေပါ။ငလျင်လှုပ်ပြီးသည်အထိ ခေါင်းငုံ့၍ကာကွယ်ထားရန်
- ကားအတွင်းဖြစ်ပါက စက်ရပ်ပြီး ငလျင်လှုပ်ပြီးသည်အထိ ကားအတွင်းနေရန်၊ အဆောက်အအုံများ၊ ခုံးကျော်တံတားများ၊ ဓာတ်တိုင်များနှင့် မြေပြိုမှုဖြစ်နိုင်သော နေရာများအနီးရှိလမ်းကို ရှောင်ရန်၊ လမ်းပျက်စီးမှုများကို သတိပြုရန်။

*(မှတ်ချက် - အာရှသဘာဝဘေးအန္တရာယ်လျော့ပါးရေးကော်မတီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းတို့ ပူးပေါင်းထုတ်ဝေသော ငလျင်များနှင့်နေထိုင်ခြင်း စာအုပ်ပါ အချက်အလက်များကို မှီငြမ်းသည်)*




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

တာတွေကလည်း အများကြီး။ ငလျင်မလှုပ်တာကြာလို့ အိုနေတဲ့ အဆောက်အအုံတွေကလည်း ရှိသေးတယ်ဗျ။

**ဒီငလျင်လှုပ်ပြီးတဲ့နောက်မှာ ပြည်သူကို သတိပေးချင်တာ ပူပန်တာမျိုးကောရှိလား။**

သပိတ်ကျင်းဒေသဘက်မှာရှိတဲ့ ရွှေတူးတာတွေနဲ့ ပတ်သက်လို့တော့ စိုးရိမ်တယ်။ မြေအောက်မှာ လုံလုံခြုံခြုံ မဟုတ်လို့ရှိရင် အန္တရာယ်များတယ်။ နိုင်ငံခြားမှာတော့ မြေအောက်ကို တူးပြီဆိုရင် ကျကျနန ခိုင်ခိုင်ခံ့ခံ့လုပ်တယ်။ ဒီမှာကတော့ မြေငလျင်က နေ့တိုင်းလှုပ်တာမဟုတ်တော့ မေ့မေ့လျော့လျော့လုပ်ကြလိမ့်မယ်လို့ ထင်တယ်။ မြေငလျင်အတွေ့အကြုံ သိပ်မရှိကြတော့ ဖြစ်ကတတ်ဆန်း လုပ်ကြလိမ့်မယ်လို့ ထင်တယ်။ သပိတ်ကျင်း ဟိုဘက်က ရွှေတူးတာများလို့ အဲဒါလေးပဲ ကျွန်တော်စိုးရိမ်တယ်။

**အဘက စစ်ကိုင်းငလျင်ကြောကို ပထမဆုံးတွေ့ရှိခဲ့တာဖြစ်တယ်။ ဒီငလျင်ကြောနဲ့ ပတ်သက်ပြီး အများကြီးလည်း လေ့လာခဲ့ဖူးတော့ အခုငလျင်ကြီးတစ်ခုလှုပ်ပြီးသွားပြီ။ စစ်ကိုင်းငလျင်ကြောမှာ အရင်က ငလျင်ကြီးတစ်ခု လှုပ်ပြီးလျှင် နောက်ထပ်ငလျင်ကြီးတစ်ခု နှစ်အနည်းငယ်အတွင်းမှာ လှုပ်ဖူးလား။**

ငလျင်အကြီးကြီး လှုပ်မယ်ဆိုရင် အင်အားအများကြီးစုရတယ်ဆိုတော့ အကြာကြီးစုရတဲ့ သဘောရှိတယ်။ တစ်ခါတလေကျတော့လည်း အကြီးကြီးမဟုတ်ဘဲ အလတ်စားတစ်ခုလောက်ဖြစ်ပြီးတော့ လှုပ်တာမျိုးလည်း ရှိတတ်တယ်။ တစ်ခါတည်းတော့ တစ်ခါလှုပ်ဖူးရင် နောက်ပြန်လှုပ်မလားဆိုတာ မြေငလျင်ပညာရှင်တွေ ဘူမိပညာရှင်တွေ တိုင်းတာတွက်ချက် လေ့လာနေကြတုန်း။ တချို့ဟာတွေကျတော့ နှစ်ထောင်နဲ့ချီတယ်။ တချို့ဟာတွေကျတော့ နှစ်ရာနဲ့ချီတယ်။ အတိုင်းအတာ အများကြီး ကွာကြတယ်။

အရေးကြီးတာက ကြိုတင်ပြင်ဆင်မှုပဲ။ ဂျပန်မှာလို ငလျင်ဒဏ်ခံနိုင်အောင် အဆောက်အအုံတွေကိုဆောက်ဖို့နောက်ငလျင်လှုပ်ရင် ငလျင်ဒဏ်ခံနိုင်တဲ့အခန်းကို သိပြီးအမြန်သွားနိုင်ဖို့ ပြင်ဆင်တာမျိုးတွေလိုတယ်။ ခုနောက်ပိုင်း လူနေသိပ်သည်းလာတယ်။ အဆောက်အအုံတွေကလည်းအများကြီးများလာတယ်။ မြို့ကြီးပြကြီးတွေဆိုရင် မြေငလျင်လှုပ်ရင် ဝါယာရှော့ခ်တွေ ဘာတွေဖြစ်၊ ဓာတ်ငွေ့လိုင်းတွေ ဘာတွေပိတ်ပြီးတော့ မီးလောင်တတ်တယ်။ ငလျင်လှုပ်လို့ပျက်စီးတာထက် မီးလောင်လို့ ပျက်စီးတာက ပိုဆိုးရွားတယ်။ ငလျင်လှုပ်ပြီးရင် မီးလောင်တာ နောက်ဆက်တွဲပါစမြဲပဲ။ အခု ဘယ်မှာ မီးမှမတောက်ဘူးဗျ။ အဲ့ဒါလူနေနေသည်းလို့။ လူတွေကတော့ ပြောတယ်။ ဒီလောက်ပျက်စီးတာ တစ်ခါမှ မမြင်ဖူးဘူးလို့။ ကျွန်တော့်အမြင်က ပြောရရင် ကံတော်တော်ကောင်းတယ်ထင်တယ်။ လူနေနည်းလို့။ ဘာကြောင့်လဲဆိုတော့ ဒီမြေငလျင်ကြောတစ်လျှောက်ကတော့ ဖြစ်မှာပဲ။ ဘယ်တော့ဖြစ်မယ်သာ မပြောနိုင်တာ။ အရမ်းဖြစ်ခဲ့ဖူးတယ်ဗျာ။ ဖြူးကို လှုပ်ခဲ့ဖူးတယ်ဗျာ။ ဆွာမှာ လှုပ်ခဲ့ဖူးတယ်ဗျာ။ပဲခူးဆိုအကြိမ်ကြိမ်လှုပ်ခဲ့ဖူးတယ်ဗျာ။

**လူတွေက မြေငလျင်ကြီးနဲ့ နဖူးတွေ့ဒူးတွေ့ကြုံပြီးတဲ့နောက်မှာ မြေငလျင်အန္တရာယ်ကို တော်တော်ကြောက်လာတယ်။ မြေငလျင်နဲ့ပတ်သက်ပြီး ပြည်သူတွေကို ဘာများ အကြံပြုချင်ပါသလဲ။**

အကြီးကြီးတစ်ခုလှုပ်ပြီးရင် သူ့လောက်တော့မကြီးတော့ဘဲနဲ့ နောက်ဆက်တွဲငလျင်တွေတော့ လှုပ်တတ်တယ်။ ဒါကြောင့် ဒီငလျင်သည် အဓိက ငလျင်ဆိုရင် နောက်ဟာတွေက သူ့ထက်နည်းသွားဖို့ပဲရှိတယ်။ အခုလှုပ်တဲ့ ငလျင်သည်ပရင်စီပယ်ရှော့(အဓိကငလျင်)လို့ပဲထင်တယ်။နောက်ဆက်တွဲ ငလျင်တွေတော့ လာတော့လာမယ်၊ပထမဟာလောက်တော့ကြီးစရာ အကြောင်းမရှိဘူး။ အခြားသော အလားတူနည်းမျိုးနဲ့ တွက်မယ်ဆိုရင် ဒီငလျင်က ရှေ့ပြေးငလျင်ပဲဆိုရင် သူ့ထက်ကြီးတဲ့ကောင်က လာရဦးမယ်ပေါ့။ ကျွန်တော့် အနေနဲ့တော့ ထင်ပါတယ်။ ဒီလို ငလျင်မျိုး မလာတာကြာပြီဆိုတော့ ဒါသည် အကြီးဆုံးဖြစ်ပြီးတော့ နောက် သေးတာလေးတွေ လောက်ပဲ ဒုက္ခမပေးနိုင်တာတွေပဲ လာလိမ့်မယ်လို့ ထင်တယ်။ နင်လားငါလား စိုးရိမ်ရင် စိုးရိမ်စရာတော့ မရှိဘူး။ လုံးဝစိုးရိမ်စရာ မရှိဘူးလည်း မဟုတ်ဘူး။ နောက်ဆက်တွဲ မြေငလျင်ဆိုပေမယ့် ပထမလှုပ်တဲ့ဒဏ်ကြောင့် ပျက်ထားတဲ့အိမ်က အပေါ်မှာတင်နေတာမျိုးဆိုရင် နောက်ထပ် နည်းနည်းလေးလှုပ်လိုက်ရင် သူက ပြုတ်ကျဦးမှာပဲလေ။ အဲဒီလို အပေါ်ကနေ ပြုတ်ကျနိုင်တဲ့ အရာတွေရှိနိုင်တဲ့ နေရာမျိုးတော့ ရှောင်ပေါ့ဗျာ။ အပေါ်က ပြုတ်ကျစရာမရှိတဲ့နေရာမှာ လောလောဆယ် သွားနေလိုက်ရင် ဘာမှမဖြစ်နိုင်တော့ဘူး။

**ဒီငလျင်အတွေ့အကြုံကနေ အစိုးရကို ဘာများအကြံပြုချင်ပါသလဲ။**

သဘာဝဘေးအန္တရာယ်တစ်ခုကျရောက်လာပြီဆိုရင် အဲဒါကို သိပ္ပံနည်းကျ စုံစမ်းစစ်ဆေးရေး လုပ်ဖို့လိုတယ်။ နည်းပညာအရရော၊ လူမှုရေးအရဆိုလည်း နောင်ဒီလိုမျိုးတွေဖြစ်လာရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ပညာပေးနိုင်ဖို့၊ သင်ခန်းစာယူနိုင်ဖို့၊ အချက်အလက်တွေကောက်ဖို့တော့ လိုတာပေါ့ဗျာ။ ဒီလိုမြေငလျင်မျိုးဆိုတာ လူက လှုပ်လို့ရတာမျိုး မဟုတ်ဘူး။ လှုပ်တုန်းလေးကို သွားကြည့်ပြီးတော့ သိပ္ပံနည်းကျ အချက်အလက် ကောက်ယူတာရော၊ လူမှုသိပ္ပံနည်းကျ အချက်အလက်တွေ ကောက်ယူတာမျိုးတွေ၊ နောင်ဖြစ်လာရင် ဘယ်လို စီမံခန့်ခွဲရမယ်ဆိုတာ အိုင်ဒီယာတွေရလာအောင် သေသေချာချာ လေ့လာသင့်တာ အမှန်ပဲ။ အခုလည်း အစိုးရက ဖြစ်ပြီးပြီးချင်း ဒုတိယသမ္မတ ချက်ချင်းဆင်းသွားပြီးကြည့်တာမျိုး ကြားတော့ ဝမ်းသာပါတယ်။ အင်ဒိုနီးရှားတုန်းကဆိုရင် ငလျင်လှုပ်ပြီးတော့ တစ်ကမ္ဘာလုံးက ဝိုင်းလာကြတာ။ လေ့လာချင်လို့။ တာလေတုန်းကလည်း မြေငလျင်အသင်းကသွားတော့ သိပ္ပံနည်းကျ အချက်အလက်တွေရတယ်။ နောင်အတွက် အများကြီး အသုံးဝင်တယ်။

**ကျေးဇူးတင်ပါတယ်။** ။


လွယ်ဟိန်းကုမ္ပဏီလီမိတက်မှထုတ်လုပ်သော-
BLUE MOUNTAIN®
Refreshing Soft Drink
အချိုရည်၏ ကျပ်သိန်းပေါင်း သုံးသောင်း
အဖုံးတွင်းကံစမ်းမဲအစီအစဉ်
၁၂-၁၁-၂၀၁၂ နေ့မှ စ၍ (၁) နှစ်အတွင်း ဝယ်ယူသောက်သုံးသူတိုင်း-
တစ်လလျှင်ကား(၂)စီးနှုန်း+အပိုဆု(၆)စီး
တစ်နှစ်အတွင်းကားသစ်အစီးပေါင်း (၃၀)
နေ့စဉ်မော်တော်ဆိုင်ကယ်(၁)စီးနှုန်းနှင့်
တစ်နှစ်အတွင်း(၃၆၅)စီး
နေ့စဉ် GSM Sim Card များ
နေ့စဉ်၁သိန်းတန် ရွှေဆွဲကြိုးများနှင့်
ငွေသားဆုမဲပေါင်းများစွာ ကံစမ်းနိုင်ပါပြီ
(၁) သိန်းတန်နှင့်အထက် ဆုမဲများကို
LOI HEIN CO., LTD.တွင် ထုတ်ယူနိုင်ပါသည်။
ကျပ်(၁)သိန်းအောက်ငွေသားဆုမဲများကို
နီးစပ်ရာဆိုင်များတွင် လဲလှယ်ထုတ်ယူနိုင်ပါသည်။
(ဆုမဲများလဲလှယ်ပေးသော လက္ကားကိုယ်စားလှယ်ကြီးများအား
ကံစမ်းမဲဆုငွေတန်ဖိုး၏ 10% အကျိုးခံစားခွင့်ပေးပါမည်။)
Yangon Hotlines:
09-420221825,09-420221826,09-420221827
09-420221828,09-420221829
Mandalay Hotlines:
02-39126,02-39127, 09-2033403,09-91029691

7 DAY NEWS JOURNAL
Vol.11, No.36 ▪ NOVEMBER 15 , 2012



# အလုံသင်္ဘောကျင်း တိုင်းရင်းသားကျေးရွာအနီး ပဲခူးမြစ်သို့ ပြောင်းရွှေ့မည်

**မိုးညို|**

**ရန်ကုန်၊ နိုဝင်ဘာ-၈**

သက်တမ်း ၁၀၀ ကျော်ရှိပြီဖြစ်သော အလုံသင်္ဘောကျင်းအား လာမည့်နှစ်ဆန်းပိုင်းတွင် တိုင်းရင်းသားကျေးရွာအနီး ပဲခူးမြစ်ပေါ်မှ ဒဂုံသင်္ဘောကျင်းအသစ်သို့စတင်ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက ပြောသည်။

အဆိုပါ သင်္ဘောကျင်းမှာ ၁၉၀၄ ခုနှစ်မှ စတင်၍လုပ်ငန်းများ လုပ်ကိုင်ခဲ့သော သက်တမ်းရင့်သင်္ဘောကျင်းကြီး တစ်ခုဖြစ်ပြီး အခြားသင်္ဘောကျင်းများမှ လိုအပ်သည့် ဆောက်လုပ်ရေးသုံး ပစ္စည်းများနှင့် ရေကြောင်းသုံး ပစ္စည်းများကိုထိန်းသိမ်း၍ အဓိကဖြန့်ဖြူးပေးနေသည့်အဓိကသင်္ဘောကျင်းကြီး တစ်ခုလည်းဖြစ်သည်။

အလုံ သင်္ဘောကျင်းအား စတင်ပြောင်းရွှေ့ရန် နေရာနှစ်ခုရွေးချယ်ရာတွင် သန်လျင်နှင့် တိုင်းရင်းသား ကျေးရွာအနီး မြေနေရာနှစ်ခုကို ပဏာမအဆင့်ရွေးချယ်ခဲ့ပြီး နောက်ဆုံးအဆင့်၌ သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာအနီး ပဲခူးမြစ်ပေါ်ရှိ မြေနေရာကိုရွေးချယ်ခဲ့ကြောင်းသတင်းရရှိသည်။

ယခု သင်္ဘောကျင်းအသစ်၌ တန် ၁၀၀ အထက် ရေယာဉ် ၂၄ စီး၊ တန် ၁၅၀၀ တွဲရေယာဉ် ၁၀ စီးတို့အား စတင်၍ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြောင်းရွှေ့မည့် အလုံသင်္ဘောကျင်း၏ မြေဧက ၄၄ ဒသမ ၅၆၇ ကို မြန်မာ့စက်မှုဆိပ်ကမ်းသို့ အပြီးတိုင်လွှဲပြောင်းပေးရတော့မည်ဖြစ်ပြီး ယင်းမတိုင်မီက ကမ်းနားလမ်းသစ် စီမံကိန်းအတွက် ဝန်ထမ်းအိမ်ရာအချို့နှင့် မြေဧကအချို့တို့ကိုလည်း ပေးအပ်ခဲ့ရပြီဖြစ်သည်။ လက်ရှိ သင်္ဘောကျင်းဟောင်းနေရာတွင် မြန်မာ့စက်မှုဆိပ်ကမ်းမှ ဆိပ်ခံတံတားနှင့် ကုန်သေတ္တာလွင်ပြင်များကို အဓိကတည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာ့စက်မှုဆိပ်ကမ်းဥက္ကဋ္ဌ ဦးကိုကိုထူးက ပြောသည်။


**အလုံသင်္ဘောကျင်းတွင်ဝန်ထမ်းများ လုပ်ငန်းခွင်ဝင်နေစဉ်**

ဓာတ်ပုံ-ကျော်ဇင်သန်း

မြန်မာနိုင်ငံတွင်ဒလသင်္ဘောကျင်း၊ အလုံသင်္ဘောကျင်း၊ မန္တလေးသင်္ဘော၊ စစ်တွေသင်္ဘောကျင်း၊ ချင်းတွင်းသင်္ဘောကျင်းနှင့် သံလွင်သင်္ဘောကျင်း ဟူ၍ သင်္ဘောကျင်း ခြောက်ကျင်းရှိပြီး နောက်ပိုင်းတွင် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်း၍ သင်္ဘောပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် အစီအစဉ်များရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူးက ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့်ပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

# ဓာတ်အားလိုင်းစနစ်ချို့ယွင်းမှုကြောင့် မီးမကြာခဏပျက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၈**

ရန်ကုန်မြို့တွင် လျှပ်စစ်မီးများ မကြာခဏ ပြတ်တောက်နေခြင်းသည် ဓာတ်အားထုတ်လုပ်မှုမနိုင်ခြင်းကြောင့် ပြတ်တောက်ရခြင်း မဟုတ်ဘဲ ဓာတ်အားလိုင်းစနစ် ချို့ယွင်းမှုကြောင့်သာဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာနမှ အင်ဂျင်နီယာဦးသန့်ဇင်ကပြောသည်။

"ဓာတ်အားထုတ်လုပ်မှုမနိုင်လို့မီးပျက်တာ မရှိဘူး။ ဓာတ်အားလိုင်း အပြစ်ဖြစ်တာတွေကြောင့်ပဲ မီးပျက်တာ။ ဓာတ်အားမနိုင်လို့ လျှော့ပေးရတာ မရှိပါဘူး"ဟု ၎င်းကပြောသည်။

လတ်တလောတွင် ရွှေတောင်နှင့် မြောင်းတကာ၌ရှိသော ၂၃ ကေဗီ ဓာတ်အားလိုင်းစနစ် ချို့ယွင်းနေခြင်းကြောင့်လည်း လျှပ်စစ်မီးပြတ်တောက်မှုများနေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"မီးပျက်တာက ခဏခဏကို ဖြစ်နေတာ။ လှမ်းမေးရင်လည်း ဓာတ်အားမနိုင်လို့ ဖြုတ်ချတာတို့၊ ပြုပြင်မှုတွေလုပ်နေလို့ မီးပျက်တာတို့ ပြောတဲ့အခါတွေလည်းရှိတယ်။ ဒါပေမဲ့ နွေရာသီတောင် မရောက်သေးဘူး။ မီးက တောက်လျှောက်လို ခဏခဏဖြစ်နေတော့ အဆင်မပြေဘူး"ဟု တောင်ဥက္ကလာ ဇီဇဝါအိမ်ရာတွင် နေထိုင်သူတစ်ဦးကပြောသည်။

ဓာတ်အားလိုင်း စနစ်များပြတ်တောက်ရခြင်းမှာ ဝန်အားတိုးလာပြီး ကြိုးအဆက် နေရာများတွင် အပူထွက်၍ မီးပိတ်ပြုပြင်ရခြင်း၊ ဟောင်းနွမ်းနေပြီဖြစ်သော မြေအောက်ကြိုးများကို ပြုပြင်ရခြင်း၊ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ခုတ်လှဲသည့်အခါ မီးပြတ်တောက်ရခြင်းနှင့် ဓာတ်အားလိုင်းများပေါ်တွင် ငှက်များနားသဖြင့် ပျက်စီးသွားသော ကြိုးများကို ပြုပြင်ရခြင်းကြောင့်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးဝေရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် စနေ၊ တနင်္ဂနွေနေ့များတွင် ဓာတ်အားပြတ်တောက်ရခြင်းသည် ထိန်းသိမ်းခြင်း လုပ်ငန်းများကို လုပ်ဆောင်နေခြင်းကြောင့်ဖြစ်သည်ဟု ဦးသန့်ဇင်ကပြောသည်။

"ထိန်းသိမ်းခြင်းလုပ်ငန်းတွေလုပ်တဲ့အခါ နိုင်ငံခြားတိုင်းပြည်တွေမှာတော့ တခြားလိုင်းတွေနဲ့ မီးမပျက်အောင် အစားထိုးလုပ်ဆောင်နိုင်တော့ မသိသာဘူး။ ဒီမှာတော့ အစားထိုးလုပ်နိုင်တာက နည်းနည်းပဲရှိတယ်။ မီးဖြတ်ခြင်း လုပ်ရတာတွေကြောင့်လည်း မီးပျက်တာများနေတာပါ" ဟု ဦးသန့်ဇင်ကပြောသည်။



# ရန်ကုန်မဟာစီမံကိန်းနှင့်ဆိပ်ကမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းတို့ကြား ကွဲလွဲမှုမရှိဟုဆို

**အိဖြူလွင်**

**ရန်ကုန်၊ နိုဝင်ဘာ - ၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မဟာစီမံကိန်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်နေသောဆိပ်ကမ်းပြုပြင်ရေးစီမံကိန်းများကြားတွင် ကွဲလွဲမှုများမရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူးဦးကျော်စိုးက ပြောသည်။

ရန်ကုန်မြို့တော်မဟာစီမံကိန်းတွင် ဒလ-ရန်ကုန် တံတားအပါအဝင် မြေအောက်လမ်းများ၊ မိုးပျံရထားလမ်းများ စသည်တို့ ပါဝင်လာနိုင်မည်ဖြစ်၍ ဆိပ်ကမ်းနှင့်ဆိပ်ကမ်းအဆောက်အအုံများ ဆောက်လုပ်ရာတွင် စီမံကိန်းများ အချင်းချင်းကွဲလွဲမှု မရှိစေရန် ပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော် မတီတို့ အပြန်အလှန်ညှိနှိုင်းဆွေးနွေးပြီးနောက် မြို့တော်စည်ပင်မှ တာဝန်ရှိသူက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အဆောက်အအုံများဆောက်လုပ်သောအခါ သတ်မှတ်အမြင့်ပေများမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုမှုဖြင့်သာ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့ရှိ အထပ်မြင့်အဆောက်အအုံများ အားလုံးကို ဆောက်လုပ်ခွင့်ပေးရာတွင် ရွှေတိဂုံစေတီတော်၏ ဉာဏ်တော်အမြင့်ကိုလမ်းမှမြင်ရသည့်အနေအထား မကွယ်သည့်အမြင့်ဖြင့်သာ ခွင့်ပြုပေးမည်ဟု မြို့တော်ဝန် ဦးလှမြင့်ကပြောသည်။ ထို့ပြင် ရေပေါ်ဟိုတယ်ဇုန် အပါအဝင် ထပ်မံတိုးချဲ့လာသည့် အဆောက်အအုံများအတွက် ရေလိုအပ်ချက်နှင့် ရေသန့်စင်စနစ် များအတွက် ယခုလောလောဆယ်အခြေအနေတွင် မြို့တော်စည်ပင်မှ ထပ်မံဖြည့်တင်းဆောင်ရွက်ပေးနိုင်သည့် အခြေအနေမရှိသေးဟုလည်း မြို့တော်ဝန်က ပြောကြားခဲ့ သည်။

ရန်ကုန်မြို့တွင် ယာဉ်စီးရေများပြားလာမှုကြောင့် အဆောက်အအုံများအတွက် ကားပါကင်ကို လုံလောက်စွာထည့်သွင်းတည်ဆောက်ရန်နှင့် ကမ်းနားလမ်းတစ်လျှောက်တွင်ရှိသော အဆောက်အအုံများမှာ ရှေးဟောင်းအဆောက်အအုံများဖြစ်၍ အဆိုပါ အဆောက် အအုံများကို မကွယ်မိစေရန်လည်း ညှိနှိုင်းဆောက်လုပ်ရမည်ဖြစ်ကြောင်း မြို့တော်စည်ပင်မှတာဝန်ရှိပုဂ္ဂိုလ်ပြောကြားသည်။

ဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဗိုလ်တထောင်နယ်မြေ၌ ရေပေါ်ဟိုတယ်ဇုန်နှင့် ရှော့ပင်းမောလ်များ၊ နန်းသီတာနယ်မြေ၌ စီးပွားရေးစင်တာနှင့် ရှော့ပင်းစင်တာများ စသဖြင့် ပါဝင်လာမည်ဟု တာဝန်ရှိသူများက ဆိုသည်။

မြို့တော်စည်ပင်ကလည်း ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး မဟာစီမံကိန်းကို ရေးဆွဲပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီးဖြစ်ကြောင်း သတင်းရရှိသည်။








C B BANK (ရုံးချုပ်)
Tel: (95-1) 371848 , 372 646, 372 655 Fax: (95-1) 371 851, 377 027, 389 594
E-mail : contact@cbbankmm.com
Website : www.cbbankmm.com
Facebook : www.facebook.com/CBBankmyanmar
CB BANK
ပုဇွန်တောင်ဘဏ်ခွဲ ၊ သင်္ဃန်းကျွန်းဘဏ်ခွဲ ၊ ပြင်ဦးလွင်ဘဏ်ခွဲ ဖွင့်လှစ်ခြင်း
ဘဏ်လုပ်ငန်းကိစ္စအရပ်ရပ် နှင့် ပြည်တွင်းငွေလွှဲလုပ်ငန်းများကို
ပုဇွန်တောင်ဘဏ်ခွဲ
Tower (A) Ground Floor ၊ အခန်းအမှတ်- ၀၀၂ နှင့် ပထမထပ် (၁၀၂)၊ လိပ်ကန်အိမ်ရာ၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01-201 969 , 9000 269 , 9000 273 , 9000 274 , 9000 275
Fax : 01-9000 271 , 9000 272
သင်္ဃန်းကျွန်းဘဏ်ခွဲ
M-4 မေခအိမ်ယာ/ အမှတ်-၁၂၄ လေးထောင့်ကန်လမ်း၊ (ဆ-က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
Phone : 01-8551 282 , 8551 276
Fax : 01-569 532 , 8551 279 , 8551 280
ပြင်ဦးလွင်ဘဏ်ခွဲ
အမှတ် - ၁၃၅၊ ဦးပိုင် (၄၄) မန္တလေး-လားရှိုးလမ်းမကြီး ၊ ရပ်ကွက်ကြီး (၃)၊ ပြင်ဦးလွင်မြို့။
Phone : 085-284 05 , 284 04
Fax : 085-284 07 , 284 08 , 284 09 တို့တွင်ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။
သမဝါယမဘဏ်လီမိတက်
"သင်တန်ဖိုးထားဆုံးအရာ ကျွန်တော်တို့အတွက်အဓိကပါ။"
"We value what you value most"


UTCC
International College
วิทยาลัยนานาชาติ มหาวิทยาลัยหอการค้าไทย
"Join a leading business community of Myanmar and ASEAN"
Thawda Tun
Managing Director & CEO
Marlarmyaing Co.,Ltd.
Hnin Wai Lwin
Chief Technology Officer
Galaxy Software Services Co.,Ltd.
Dr. Win Si Thu
Managing Director
Medi Myanmar Group Ltd.
Dr. Ni Tun Oo
Managing Director
NTO Trading Co.,Ltd.
Dr. Saw Lwin
Chief Executive Officer & Director
Myanmar Flora & Biotech Co.,Ltd.
Myint Zaw
Managing Director
Aung Si Linn Int'l. Ltd.
Myat Htoo
President & CEO
Make IT Happen Int'l Co.,Ltd.
Aye Thida Aung
Director
Super One Pte. Ltd.
First & Finest "Global MBA" in Yangon, Myanmar
with Asia's Leading University in Business - University of the Thai Chamber of Commerce (UTCC) in partnership with UMFCCI.
Apply now for 2nd Batch!
from November 1st - 30th, 2012.
UMFCCI
No. 29, Min Ye Kyaw Swar Road, Lanmadaw Tsp, Yangon, Myanmar.
Tel: 95-1-217480,95-9-73097447


"Meet & Greet DOOSAN"
Inya Lake Hotel 17th November, 2012 (Saturday) Time : (17:00~20:00)
DOOSAN
EXCLUSIVE DISTRIBUTOR
A C T AUNG CHANTHA TRADING CO.,LTD.
No. 54 A, Kaba Aye Pagoda Road,
Near Nawaday intersection,
Mayangone Township, Yangon, Myanmar.
Tel +95 1 657066, 657067 Ph : 09 8302673, 09 8631039, 09 428222666
Fax +95 1 661548
E-mail acttrading@act.com.mm
DOOSAN Doosan Infracore


DM by Dennis Martin
DM နာရီတစ်လုံးဝယ်ယူတိုင်း ဆုကြီးများကံထူးနိုင်မည့်
Sony Camera
GalaxyHandset
GSM Simcard
32" LGLCDTV
Dennis Martin 1st July 2012 31st Oct 2012 Customer Honda Fit Car Model Show Dancer
Junction Square Shopping Mall (Promotion Area)
23rd Nov 2012 (Friday)
1:00 pm to 6:00 pm
DM
DENNIS MARTIN WATCH GROUP,NFC.LTD
Hotline:(01)256494,373022,09-73022249,02-64514


Ovaltine ကို နေ့စဉ် မှန်မှန် သောက်လျှင် ...
Ovaltine
"အကောင်းဆုံးမေမေ" များရဲ့ အကြံပြုချက်
Ovaltine

7 DAY NEWS JOURNAL
Vol.11, No.36 • NOVEMBER 15 , 2012



တူရကီနိုင်ငံအတွင်း ခိုလှုံရန်ပြင်ဆင်နေသည့် ဆီးရီးယားဒုက္ခသည်များ Photo - AFP

## ၂၄ နာရီအတွင်း ဆီးရီးယားဒုက္ခသည် ၁၀,၀၀၀ ကျော် ထွက်ပြေး

**အမ္မန်၊ နိုဝင်ဘာ - ၁၁**

၂၄ နာရီအတွင်း ဆီးရီးယားနိုင်ငံမှ ဒုက္ခသည်ပေါင်း ၁,၁၀၀၀ အထိ ထွက်ပြေးလာခဲ့ပြီး ယင်းမှာ လပေါင်း ၂၀ ကြာမြင့်လာခဲ့ပြီဖြစ်သောပဋိပက္ခတွင်တစ်ရက်အတွင်း ဒုက္ခသည်အများဆုံးအစုလိုက်အပြုံလိုက် ထွက်ပြေးမှုဖြစ်သည်။

ဒုက္ခသည်များမှာ တူရကီနှင့် ဆီးရီးယားနယ်စပ်ရှိ Ras al Ain မြို့၌ အစိုးရတပ်ဖွဲ့နှင့် သူပုန်များအကြား ဖြစ်ပေါ်သည့် ပြင်းထန်သောတိုက်ပွဲများမှနေ၍ တိမ်းရှောင်လာကြခြင်းဖြစ်သည်။ ယခုကဲ့သို့ လူများအုံလိုက်ကျင်းလိုက် ထွက်ပြေးခြင်းက လူပေါင်း ၃၆,၀၀၀ သေဆုံးခဲ့သည့် ပဋိပက္ခ ပိုမိုဆိုးရွားပြင်းထန်လာခြင်းကို ပြသနေသည်။

ယခုအချိန်တွင် ဆီးရီးယားနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်နေသူ ၂ ဒသမ ၅ သန်းရှိပြီး ဆောင်းရာသီဝင်ရောက်လာချိန်၌ ယင်းအရေအတွက်မှာ ၄ သန်းအထိရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။

ယခုနောက်ဆုံး ဒုက္ခသည်များထဲမှ လူပေါင်း ၉,၀၀၀ မှာ တူရကီနိုင်ငံသို့ ဝင်ရောက်လာပြီး ဂျော်ဒန်နှင့် လက်ဘနွန်ဘက်သို့ ထွက်ပြေးတိမ်းရှောင်သူ ၁,၀၀၀ စီရှိကြောင်း ကုလသမဂ္ဂအရာရှိများ၏ ပြောကြားချက်အရသိရသည်။

*—Ref: Sky News*






Photo - AFP

## အခွန်အကောက်များ တိုးမြှင့်ရမည်ဟု အိုဘားမား အခိုင်အမာပြောကြား

**ဝါရှင်တန်၊ နိုဝင်ဘာ - ၁၁**

သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရချိန်အောင်ပွဲခံမိန့်ခွန်း ပြောကြားပြီးနောက်ပိုင်း ပထမဆုံးပြည်သူလူထုသို့ စကားပြောကြားရာတွင် အမေရိကန်သမ္မတအိုဘားမားက နိုင်ငံ၏ ဘတ်ဂျက်လိုငွေကို လျှော့ချရန်အတွက် အခွန်အကောက်များ တိုးမြှင့်ရမည်ဟု အခိုင်အမာပြောကြားလိုက်သည်။

ယင်းမှာအောက်လွှတ်တော် ရီပက်ဘလေကန် အမတ်များနှင့် ပြုလုပ်ရမည့် ဆွေးနွေးပွဲအတွက် စကားဦးသန်းလိုက်ခြင်းလည်း ဖြစ်သည်။

ကွန်ဂရက်အနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် ကြွေးမြီလျှော့ချရေးနှင့် ပတ်သက်၍ သဘောတူညီချက် ရရှိရမည်ဖြစ်သည်။ သို့မှ သာ ဆင်းရဲသားများအပေါ် အခွန်ကောက်ခံမှုအလိုအလျောက် ပြန်လည် မြင့်တက်သွားခြင်းနှင့် ကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံ အသုံးစရိတ် ဖြတ်တောက်ခြင်းများကို တားဆီးနိုင်မည်ဖြစ်သည်။


နိုဝင်ဘာ ၁၀ ရက်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံ၏ စီးပွားရေးပြဿနာများအား မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို သမ္မတအိုဘားမားက အတိအကျ မပြောခဲ့သော်လည်း အချမ်းသာဆုံးအမေရိကန်နိုင်ငံသားများအပေါ် သမ္မတကလင်တန်လက်ထက် အခွန်နှုန်းအထိ ပြန်လည်တိုးမြှင့်ကောက်ခံရေးမှာ မည်သည့်သဘောတူညီချက်တွင်မဆို ပါဝင်ရမည်ဟု ရှင်းရှင်းလင်းလင်းပြောကြားသည်။

ချမ်းသာသော အမေရိကန်များအပေါ် အခွန်တိုးမြှင့်မှု မရှိသည့် မည်သည့်နည်းလမ်းကို မဆိုလက်ခံမည်မဟုတ်ဟု အိုဘားမားက ပြောသည်။

*—Ref: Sky News*


WINNER
ANNUAL
SALE UP TO
40%*
Today - 31 December 2012
THE BEST SALE EVER... IS NOW ON!
WINNER
FURNITURE BY
MK
YANGON : EXCEL TREASURE TOWER NO.520 CORNER OF KABARAYE PAGODA ROAD AND SHWE GONE DAING ROAD, BAHAN TOWNSHIP,
PHONE : 01-559377 (EXT-6133-5), 09-73245270
MANDALAY : NO.(101),83RD STREET (BETWEEN 22NDX23RD STREET) WEST PYIGYI KYAT THAYAE, AUNG MYAY THARZAN TOWNSHIP.
PHONE : 02-65749, 02-69560


သက်ရှည် ကျန်းမာစေဖို့ . . .
အကောင်းဆုံး ဝါကျွတ်လက်ဆောင်
microlife
အဆင့်မြင့်သွေးပေါင်ချိန်တိုင်းစက်


Cobra
ENERGY DRINK
သန်စွမ်းကြံ့ခိုင်ခြင်း
စိတ်ကြည်လန်းဆန်းခြင်း
Taurine နှင့် Inositol
တကယ့်အားဟန်
CITRUS BLAST
MDG


နိုင်ငံတော်မှ "ပထမဦးဆုံး" တရားဝင် ဖွင့်လှစ်ခွင့်ရရှိထားသော
DIAMOND AUTO Showroom
1st ANNIVERSARY
Sale Event
Nov-13 to Nov-30
Diamond Auto Showroom တွင်
ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနေသော
ကားကောင်း၊ ကားသန့်များကို ထပ်မံ၍ . . .
ကျပ် (၁၀)သိန်း၊ ကျပ် (၂၀)သိန်း၊ ကျပ် (၃၀)သိန်း
စသည်ဖြင့် ဈေးနှုန်းများကို လျှော့ချ၍ ရောင်းချ ပေးသွားပါမည် . . .
"ဘဏ်တိုးများ၊ ဝန်ဆောင်ခများ၊ အခြားကုန်ကျစရိတ်များ ပေးရန်မလိုပဲ"
ကုက္ကိုင်းမီးပွိုင့်ထောင့်
ပထမ အကြိမ် အရစ်ကျ ပေးသွင်းရုံဖြင့် ကားတစ်စီး လက်ဝယ်ပိုင်ဆိုင် နိုင်ပြီ၊ . . . ကျန်ငွေကို နောက်ထပ် (၁၀)ကြိမ် ပေးသွင်းရမည်။
No. (150-B), New University Avenue Road, Bahan Township, Yangon, Myanmar.
Office Phone : 01-401590, 01-401591 Fax : 95-01-401590, 01-401591 Website : www.diamondauto-myanmar.com